မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၃)
အမှတ် (၁၀၉)

၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၁၇ ရက်၊ သောကြာနေ့။

နိုင်ငံ့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

သမဝါယမလုပ်ငန်းများဖြစ်ထွန်းပြီး စီးပွားရေးတွင် အောင်မြင်သောနိုင်ငံများကို စံနမူနာယူ မိမိနိုင်ငံတွင် အောင်မြင်ဖြစ်ထွန်းအောင် ရိုးသားကြိုးစားပြီး ဝိုင်းဝန်းအကောင်အထည်ဖော်

နေပြည်တော် ဇန်နဝါရီ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် မကွေးမြို့၌ ကျင်းပသည့် မကွေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားနှင့် မကွေးမြို့ မြေလတ်သား အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ နှမ်းအခွံချွတ်နှင့် နှမ်းလှော်ဆီမွှေးစက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် နံနက် ၈နာရီတွင် မကွေးမြို့သို့ အထူးလေယာဉ်ဖြင့်ရောက်ရှိရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများက မကွေးလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မကွေးမြို့တော်ခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးအခမ်းအနားသို့ တက်ရောက်ကြသည့် ဒေသခံများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

နိုင်ငံတကာအဆင့်မီ မန်းမြန်မာ ၂၅ ထပ် ကွန်ဒိုမီနီယံဖွင့်

မန္တလေး ဇန်နဝါရီ ၁၆

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြန်မာ-မန္တလေးကုမ္ပဏီလီမိတက်တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခဲ့သည့် မန်းမြန်မာ ၂၅ ထပ် ကွန်ဒိုမီနီယံ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ် ၈၄ လမ်းနှင့် ၂၈ လမ်းထောင့် အဆင့်မြင့်ဈေးချိုတော်ဧရိယာရှိ မန်းမြန်မာ ၂၅ ထပ် ကွန်ဒိုမီနီယံ အဆောက်အအုံတည်ရှိရာ မန်းမြန်မာပလာဇာ အပေါ်ထပ် ငါးလွှာ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးရဲမြင့် တက်ရောက်အားပေးချီးမြှင့်ပြီး ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ အဖွဲ့အစည်းဝင်များ၊ လွှတ်တော်အဆင့်ဆင့်မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ အရာရှိများ၊ မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ အကြံပေးအဖွဲ့ဝင်များ၊ ဌာနမှူးများ၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မန္တလေးမြို့ပေါ်ရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများ၊ ဘင်ခရာအဖွဲ့နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ-မန္တလေး ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသန်းဝင်းက မန်းမြန်မာ ၂၅ ထပ် ကွန်ဒိုမီနီယံ တည်ဆောက်ခြင်းဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး မန္တလေးမြို့တော်ဝန် ဦးအောင်မောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အကြံပေးအဖွဲ့ခေါင်းဆောင် ဦးပိုမြင့်နှင့် မြန်မာ-မန္တလေး ကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးသန်းဝင်းတို့က ၂၅ ထပ် ကွန်ဒိုမီနီယံကို

စာမျက်နှာ ၁၁ ကော်လံ ၁ ●

ကမ္ဘာကျော်ကိုရီးယားကျင်ဆင်းကိုရရန် (၆)နှစ်စောင့်ရပါသည်၊
မြန်မာ့ရေတာမှာ ဈေးပေါက်ခင်သနပ်ခါးကိုရရန် အနည်းဆုံး(၇)နှစ်ကြာပါသည်၊

ရွှေပြည်နန်းနဲ့တွေ့တော့မှပဲ ကျွန်မအတွက် တစ်မျိုးတည်းလိမ်းရုံနဲ့ ပြီးပြည့်စုံတဲ့အလှကို ရသွားတဲ့အတွက်ကြောင့် ရွှေပြည်နန်းသနပ်ခါးက ကျွန်မအတွက်တော့ တကယ့်မဟာမိတ်ဆွေတော်ကြီးပါပဲရှင်၊ ညအိပ်ယာဝင်တိုင်းလည်း ရွှေပြည်နန်းသဘာဝအသားဖြူသနပ်ခါးကို လူးပြီးမှအိပ်တော့ အသားအရေက တစ်နေ့တခြား စိုပြေပြီး ဖြူဖွေးဝင်းမွတ်လာလို့ သူငယ်ချင်းတွေတောင် အားကျပြီး လိုက်လူးကုန်ကြပြီရှင်၊ ဆောင်းတွင်းမှာ သနပ်ခါးလူးရင် အသားပတ်မယ်ထင်ထားတာ ရွှေပြည်နန်းသနပ်ခါးက ကျွန်မအတွက်တော့ တကယ့်ထူးခြားချက်ပါပဲ၊

မင်းမေသူ(မဟာသိပ္ပံ-ပထမနှစ်)၊ အမှတ်(၁၄)ရေဝေရပ်ကွက်၊ (၇)အိမ်တန်းထိပ်၊ သာယာဝတီမြို့
ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ဒေါ်လှလှဌေး မူလတန်းပြ(အ.လ.က)၊ သာယာဝတီကွက်သစ် (၂)လမ်း၊ သာယာဝတီမြို့

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စေတနာမှန်ကန်စွာ လုပ်ကိုင်ဆောင်ရွက်

အသီးများနှင့်ဝေဆာနေသော သရက်ပင်ကြီးများကို တွေ့ဖူးကြပေလိမ့်မည်။ အများပိုင်သရက်ပင်ဆိုပါက သရက်သီးများကို ခူးဆွတ်ရယူလိုခြင်းကြောင့် တုတ်၊ ခဲ၊ လေးခွ အစရှိသည်တို့နှင့် ပစ်သူပစ်၊ တံချူတံများနှင့် ချူယူသူများကချူ၊ အပင်ပေါ်တက်သူကတက်ဖြင့် သရက်ပင်မှာ ကျိုးပဲ့ပျက်စီးခြင်းသို့ ရောက်ရသည်ကိုလည်း တွေ့ရတတ်လေသည်။ ဤသို့ဖြင့် သရက်သီးများကို ရသူရ၊ မရသူမရ မမျှမတဖြစ်ကြရသည်။ လက်လှမ်းမီသူကရ၊ လက်လှမ်းမမီသူကမရ ဖြစ်ကြရသည်။

အကယ်၍ သစ္စာရှိသောစွမ်းဆောင်နိုင်သူတစ်ဦးဦးက တာဝန်ယူ လျက်သရက်သီးများကို ခူးယူကာ အညီအမျှ ခွဲဝေပေးလိုက်မည်ဆိုချေက သူလည်းမသာ၊ ကိုယ်လည်းမနည်း အားလုံးမျှမျှတတ ရရှိနိုင်မည်ဖြစ်ပါသည်။ သရက်သီးများကို လက်လှမ်းမီသူလည်း ရမည်၊ လက်လှမ်းမမီသူလည်းရမည်။ အားလုံးအညီအမျှရ၍ ဝမ်းမြောက်ဝမ်းသာဖြင့် ရရှိကြမည်ဖြစ်ပါသည်။ သရက်ပင်ကြီးမှာလည်း အကိုင်းအခက်တို့ ကျိုးကျေပျက်စီးမှုနည်းမည်သာဖြစ်ပါသည်။

ကျွန်ုပ်တို့၏ လူ့ဘောင်လောကတွင်လည်း ထိုဥပမာကဲ့သို့ပင် နေရာတစ်ခုခု၌ အခွင့်အရေးတစ်ရပ် ပေါ်ပေါက်လာပြီဆိုလျှင် ထိုအခွင့်အရေးကို ရရှိခံစားလိုခြင်းငှာ သူ့ထက်ငါ ဦးအောင် နည်းမျိုးစုံဖြင့် ရယူရန်ကြိုးစားကြကုန်၏။ ငွေကြေးဓနအားကိုအသုံးချသူက အသုံးချတတ်ကြသည်။ အချို့သော အခွင့်အာဏာရှိသူများကလည်း အခွင့်အာဏာကို အသုံးပြုပြီး အခွင့်အရေးကို ရအောင်ကြိုးစားကြသည်။ ဤသို့ဖြင့် ငွေကြေးအာဏာမရှိ၍ လက်လှမ်းမမီသူတွေက မရဘဲဖြစ်ကြကုန်သည်။ မမျှမတဖြစ်ကြရသည်။

အမှန်စင်စစ် ရိုးသားဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်တတ်သူတစ်ဦးဦးက ကျောသားရင်သားမခွဲခြား၊ ဆင်းရဲချမ်းသာမရွေး၊ သမာသမတ်ကျစွာ အခွင့်အရေးအားလုံး ခွဲဝေပေးလိုက်မည်ဆိုပါက အားလုံးစိတ်အေးကြည်သာပျော်ရွှင် နိုင်ကြမည်ဖြစ်ပါသည်။ ထိုသူ လုပ်ကိုင်ဆောင်ရွက်သူများကိုလည်း မည်သူတစ်ဦး တစ်ယောက်ကမျှ ဝေဖန်အပြစ် ဆိုကြလိမ့်မည်မဟုတ်ပေ၊ သို့သော် ရပ်ကွက်ထဲ စတုဒိသာကျွေးသည်မှအစ အလွမ်းသင့်သူကို အိုးသူကြီးက ဟင်းဖတ်များများ ထည့်ပေးနေသည်မျိုးမှာမူ စိတ်ချမ်းမြေ့ဖွယ် မရှိလှ။ အရာရာ တန်းတူအခွင့်အရေးရှိသင့်ပြီး တက်ညီလက်ညီ ကြိုးပမ်းကြရသည့် ခေတ်ကြီးတွင် အချို့အချို့သောနေရာများ၌ ထိုကဲ့သို့အပြုအမူများ တွေ့နေရဆဲဖြစ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံသည် ဒီမိုကရေစီစနစ်ဆီသို့ ဦးတည်လျှောက်လှမ်းနေပါသည်။ ဒီမိုကရေစီစနစ်သည် မျှတမှုကို အခြေခံရပါသည်။ အားကြီးသူတို့ကသာ ရှင်သန်ရပ်တည်နိုင်ပြီး အားနည်းသူတို့ တိမ်မြုပ်ပျောက်ကွယ်ရသော စနစ်မျိုးမဟုတ်ပါ။ ဆင်းရဲသား၊ လူချမ်းသာအားလုံးသည် တန်းတူအခွင့်အရေးရှိပါသည်။ ပွင့်လင်းမြင်သာခြင်း၊ တာဝန်ယူခြင်း၊ တာဝန်ခံခြင်း၊ စေတနာ မှန်ကန်စွာ လုပ်ကိုင်ဆောင်ရွက်ခြင်းတို့ဖြင့် ဒီမိုကရေစီ လူ့အဖွဲ့အစည်း၏ ယဉ်ကျေးမှုထွန်းကားလာရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သင့်ပါကြောင်း။ ။

ပြည်တွင်းသတင်း

မြန်မာ-အိန္ဒိယ မူးယစ်ဆေးဝါးပူးပေါင်းတားဆီးနှိမ်နင်းရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

မြန်မာ-အိန္ဒိယ မူးယစ်ဆေးဝါး ပူးပေါင်းတားဆီးနှိမ်နင်းရေး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီခွဲက ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ် လသာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံဘက်မှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ အတွင်းရေးမှူး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်၊ ရဲချုပ်ဇော်ဝင်း ဦးဆောင်သည့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ အကောက်ခွန်ဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနတို့မှ အရာရှိကြီးများနှင့် အိန္ဒိယနိုင်ငံ မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဗျူရိုမှ ညွှန်ကြားရေးမှူးချုပ် Mr.Shri Rajiv Mehta ခေါင်းဆောင်သည့် မြန်မာ-အိန္ဒိယနယ်စပ်ဒေသများတွင် တာဝန်ထမ်းဆောင်သော တားဆီးနှိမ်နင်းရေးအရာရှိများပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ပြီး နှစ်နိုင်ငံခေါင်းဆောင်များက မိန့်ခွန်းပြောကြားကြသည်။

အစည်းအဝေးတွင် မြန်မာ-အိန္ဒိယနယ်စပ်တရားမဝင် ဝင်/ထွက်ပေါက်များမှတစ်ဆင့် စိတ်ကြွရူးသွပ်ဆေးပြားထုတ်လုပ်ရာတွင် အသုံးပြုသော အဓိကကုန်ကြမ်းပစ္စည်းဖြစ်သည့် ဆူဒိုအက်ဖီဒရင်းပါဝင်သော အအေးမိ နှာစေးပျောက်ဆေးများ ပူးပေါင်းထိန်းချုပ်ရေး၊ သတင်းဖလှယ်ရေး၊ မြန်မာတားဆီးနှိမ်နင်းရေး အရာရှိများအတွက် သင်တန်းပြုလုပ်ရေး၊ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများအား ပူးပေါင်းတားဆီးနှိမ်နင်းရေးတို့ ဆွေးနွေးခြင်းဖြစ်ပြီး ထိုသို့ပူးပေါင်းထိန်းချုပ်နိုင်ရန် BLO ရုံးများဖွင့်လှစ်ခြင်း၊ ဆက်ဆံရေးအရာရှိများသတ်မှတ်ခြင်း၊ ဆက်သွယ်မှုနည်းစနစ်များ ဖလှယ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကားပါကင်ကို လမ်းဘေးဈေးရောင်းသူက နေရာယူ

ရန်ကုန်မြို့တွင် ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုကို ဖြေလျှော့ပေးနိုင်ရေးအတွက် သက်ဆိုင်ရာမှ နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်ရာတွင် ခုံးကျော်တံတားများ တည်ဆောက်ပေးခြင်း၊ ကြာမြင့်စွာ ယာဉ်ရပ်နားခြင်းမပြုရသည့်လမ်းများ လုံးဝယာဉ်ရပ်နားခွင့်မပြုသော လမ်းများနှင့် နေရာများဟု ခွဲခြားသတ်မှတ်ပြဋ္ဌာန်းပေးခြင်းများပြုလုပ်ခဲ့သည်။ သတင်းမီဒီယာများကလည်း ရေးသားဖော်ပြပေးခဲ့ကြသည်။ ထို့အပြင် မြို့တွင်း ခုနစ်မြို့နယ်တွင်လည်း လူသွားစင်္ကြံလမ်းပလက်ဖောင်းများ၏အကျယ်ကို လျှော့၍ ကားများရပ်နားနိုင်ရန် ကားပါကင်များကို ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်း၊ ကုန်သည်လမ်း၊ ကမ်းနားလမ်းနှင့် တောင်နှင့် မြောက်ဖြတ်လမ်းကျယ်များကိုပါ တိုးချဲ့တည်ဆောက်ပေးခဲ့သဖြင့် ကားများ ရပ်နားနိုင်ခဲ့ပြီဖြစ်သည်။ ယခင်ကကဲ့သို့ ကားလမ်းပေါ် ရပ်နားစရာမလိုတော့သဖြင့် ယာဉ်မောင်းသူများ စိတ်လက်ချမ်းသာခဲ့ရသည်။ ယာဉ်ထိန်းတပ်ဖွဲ့ဝင်အင်အားတိုးချဲ့ချထားပေးသဖြင့် စည်းကမ်းလိုက်နာသူများအတွက် ဝန်ဆောင်မှုပေးသကဲ့သို့ စည်းကမ်းမလိုက်နာသော ယာဉ်များကိုမူ ကရိန်းကားဖြင့် သယ်မပြီး ပြစ်ဒဏ်သတ်မှတ်ပေးခြင်းဖြင့်လည်း အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့သော် လမ်းဘေးဈေးရောင်းသူအချို့က ယာဉ်များရပ်နားရန်အတွက် ကားပါကင် တည်ဆောက်ပေးထားသောနေရာများကို ဈေးဆိုင်များခင်းကျင်းရောင်းချနေမှုကြောင့် ယာဉ်များရပ်နားရန် အခက်ကြုံရတော့သည်။ ဇန်နဝါရီ ၁၄ ရက် ညနေ ၄ နာရီ ၁၀ မိနစ်က ကျောက်တံတားမြို့နယ် အနော်ရထာလမ်းပေါ် ပန်းခြံလမ်းထောင့် ယာဉ်အသွားအလာများပြားနေချိန်တွင် ယာဉ်သုံးစီးစာလောက် ရပ်တန့်နိုင်သော ကားပါကင်နေရာကို ဈေးရောင်းရန်အတွက် ဈေးဆိုင်ခုံများချကာ ကြိုတင်နေရာယူထားသည်ကို ပုံပါအတိုင်းတွေ့မြင်ရသည်။ စာရေးသူ ဓာတ်ပုံရိုက်နေသည်ကို သဘောပေါက်ဟန်တူသော ယာဉ်မောင်းတစ်ဦးက အနီးကပ်လာပြီး "ဘယ်ဂျာနယ်ကလည်း ဒီတစ်နေရာတည်းမဟုတ်ဘူး။ နေရာတွေအများကြီးရှိတယ်။ လိုက်ပြပေးမယ်" ဟု သတင်းကုန်ကြမ်း ပေးသွားခဲ့ပါသည်။

အောင်သန်း(တောင်ညွန့်)

ထင်သာမြင်သာ ပြုပြင်စရာ

ပြည်တွင်းသတင်း

သွင်းကုန်များများသွင်းပြီး ထုတ်ကုန်များများ ထုတ်လုပ်ရောင်းချပေး ပြည်တွင်းသာမက ပြည်ပသို့တင်ပို့ရောင်းချနိုင်သည်အထိ ရည်မှန်းချက်ထားလုပ်ဆောင်

နေပြည်တော် ဇန်နဝါရီ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီးအတွင်းရှိ အကြီးစားစက်ရုံများ၊ စက်မှုသင်တန်းကျောင်းနှင့် ဧရာဝတီတံတား(မလွန်)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတသည် မကွေးစက်မှုနယ်မြေရှိ အမှတ်(၁၃) အကြီးစားစက်ရုံ(မကွေး)သို့ ရောက်ရှိရာ စက်ရုံအစည်းအဝေးခန်းမ၌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က စက်ရုံတည်ဆောက်ခဲ့မှု၊ စက်ရုံ၏ ထုတ်ကုန်ပစ္စည်းများနှင့် ထုတ်လုပ်နိုင်မှုအရေအတွက်၊ ဈေးကွက် တင်ပို့ရောင်းချမှုအခြေအနေနှင့် ထုတ်ကုန်တန်ဖိုးလျှော့ချနိုင်ရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်နှင့် ဦးစိုးသိန်းတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ဆွေးနွေးမှာကြားရာတွင် မော်တော်ယာဉ်များထုတ်လုပ်ရာ၌ ပြည်ပမှတင်သွင်းရောင်းချသည့် ဈေးနှုန်းထက် ဈေးနှုန်းသက်သာစေရန်လိုအပ်ကြောင်း၊ သွင်းကုန်များများသွင်းပြီး ထုတ်ကုန်များများ ထုတ်လုပ်ရောင်းချပေးရန်နှင့် ပြည်တွင်းသာမက ပြည်ပသို့တင်ပို့ရောင်းချနိုင်သည်အထိ ရည်မှန်းချက်ထားလုပ်ဆောင်သွားရန် လိုအပ်ကြောင်း၊ အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဇုန်ဖြစ်လာပါက အခြားအာဆီယံနိုင်ငံများက ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများထက် အရည်အသွေးကောင်းမွန်ပြီး ဈေးနှုန်းသက်သာအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိထုတ်ကုန်ပစ္စည်းများကို သုံးစွဲသူများက ကြိုက်နှစ်သက်ပြီး ဝယ်ယူသုံးစွဲမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် အကြီးစားကုန်တင်ယာဉ်ထုတ်လုပ်မှုအလုပ်ရုံအတွင်း လှည့်လည်ကြည့်ရှုသည်။

အဆိုပါစက်ရုံကို ၂၀၀၈ ခုနှစ်တွင် အိန္ဒိယနိုင်ငံ TA TA Motors Ltd. ၏ နည်းပညာပူးပေါင်းဆောင်ရွက်မှုဖြင့် တည်ဆောက်ခဲ့ပြီး ၂၀၁၀ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် ဖွင့်လှစ်ခဲ့သည်။ စက်ရုံတွင် အကြီးစားကုန်တင်ယာဉ်ထုတ်လုပ်မှု အလုပ်ရုံနှင့် ထရန်စမစ်ရှင်းဂီယာအလုပ်ရုံတို့ပါဝင်ပြီး LPT 2116 Truck၊ LPT 2123 Truck၊ LPK 2523 Dump Truck၊ 29 Seater Bus နှင့် ဂီယာဘောက်စ်များကို ထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံတော်သမ္မတသည် ထိုမှတစ်ဆင့် စက်မှုသင်တန်းကျောင်း (မကွေး) သို့ရောက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ဝန်ကြီးဌာနအောက်တွင် စက်မှုသင်တန်းကျောင်းများဖွင့်လှစ်ထားမှု အခြေအနေနှင့် စက်မှုသင်တန်းကျောင်း (မကွေး) ဖွင့်လှစ်သင်ကြားနေမှုကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များဖြည့်ဆည်းမှာကြားပြီး သင်တန်းကျောင်းအတွင်း သင်တန်းသားများလက်တွေ့သင်ကြားလေ့ကျင့်နေမှုကို လှည့်လည်ကြည့်ရှုကာ သင်တန်းသားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

စက်မှုဝန်ကြီးဌာနအနေဖြင့် ဆင်တဲ၊ မန္တလေး၊ သာဂရ၊ ပခုက္ကူ၊ မကွေးနှင့်မြင်းခြံတို့၌ စက်မှုသင်တန်းကျောင်းများဖွင့်လှစ်ထားပြီး ယင်းသင်တန်းကျောင်း ခြောက်ကျောင်းမှ နှစ်စဉ်သင်တန်းသား ၁၀၀၀ ကျော်ကို မွေးထုတ်ပေးလျက်ရှိသည်။ စက်မှုသင်တန်းကျောင်း(မကွေး)ကို မကွေးစက်မှုနယ်မြေ၌ ၂၀၁၁ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ သင်တန်းကျောင်းအား ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) က နည်းပညာနှင့် စက်ပစ္စည်းများထောက်ပံ့ပြီး မော်တော်ယာဉ်အင်ဂျင်ပြုပြင်ထိန်းသိမ်းခြင်း၊ မော်တော်ယာဉ်လျှပ်စစ်နှင့်အီလက်ထရွန်နစ်ဘာသာရပ်၊ ထရန်စမစ်ရှင်းနှင့်ယာဉ်အောက်ပိုင်း ပြုပြင်ထိန်းသိမ်းခြင်း၊ မော်တော်ယာဉ်ဘော်ဒီပြုပြင်ခြင်းနှင့် ဆေးမှုတ်ခြင်း၊ ကွန်ပျူတာသုံးဒီဇိုင်းရေးဆွဲခြင်းနှင့် ထုတ်လုပ်မှုဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည်။သင်တန်းကာလမှာတစ်နှစ်ဖြစ်ပြီး သင်တန်းဆင်းများအနေဖြင့် ဝန်ကြီးဌာနများနှင့် ပြင်ပပုဂ္ဂလိကစက်ရုံများတွင် အလုပ်အကိုင်များ ရရှိလျက်ရှိကြောင်း သိရှိရသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန် အကြီးစားကုန်တင်ယာဉ်ထုတ်လုပ်မှုအလုပ်ရုံအတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် မင်းလှမြို့နယ် မလွန်မြို့ရှိ အမှတ် (၁၇)အကြီးစားစက်ရုံ(မလွန်) သို့ရောက်ရှိရာ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင်က စက်ရုံတည်ထောင်ခဲ့မှုနှင့် ဖွဲလယ်ထွန်စက်များအပါအဝင် ယာဉ်နှင့်စက်အမျိုးမျိုးထုတ်လုပ်နေမှု၊ ဈေးကွက်လိုအပ်ချက်အပေါ်မူတည်၍ ထုတ်လုပ်ရောင်းချမည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးများက ထုတ်လုပ်မှုတိုးတက်ရေးအတွက် ဖြည့်စွက် ရှင်းလင်းတင်ပြကြသည်။

နိုင်ငံတော်သမ္မတက ရှင်းလင်းတင်ပြမှုများအပေါ် မှာကြားရာတွင် စက်ရုံအနေဖြင့် အရည်အသွေးကောင်း စက်ပစ္စည်းများကို ထုတ်လုပ်ရန်လိုအပ်ကြောင်း၊ လမ်းကြိတ်စက်များကို ဆောက်လုပ်ရေးလုပ်ငန်းများတွင် တွင်ကျယ်စွာသုံးစွဲနိုင်ရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားရန် လိုအပ်သကဲ့သို့ ဆန်စက်ငယ်များကို တောင်သူများ တွင်ကျယ်စွာ အသုံးပြုနိုင်ရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ဆက်သွယ်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ စက်ရုံကိုခေတ်မီတိုးတက်အောင် အဆင့်မြှင့်တင်သွားရန်နှင့် သုံးစွဲသူများ ကြိုက်နှစ်သက်အောင် ထုတ်လုပ်သွားရန်မှာကြားပြီး စက်ရုံမှ ထုတ်လုပ်သည့် စက်နှင့်ယာဉ်များ၊ အလုပ်ရုံများအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုသည်။

အဆိုပါစက်ရုံကို ၁၉၆၆ ခုနှစ်တွင် ယခင်ချက်ကိုစလိုဗက်ကီးယားနိုင်ငံ မိုတိုကော့(ဖ်)ကုမ္ပဏီနှင့် ပူးပေါင်း၍ စတင်တည်ထောင်ခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် စတင်ကုန်ထုတ်လုပ်ခဲ့သည်။ စက်ရုံမှမြင်းကောင်ရေ ၅၀၊ ၈၀ နှင့် ၉၀ ရှိ ဖွဲလယ်ထွန်စက်များ၊ ၂ တန်နှင့် ၄ တန် လက်တွန်းထွန်စက်နောက်တွဲယာဉ်များ၊ ၁၀ တန်နှင့် ၂၅ တန် သုံးဘီးလမ်းကြိတ်စက်များ၊ ဆန်စက်ငယ်အမျိုးမျိုး၊ စပါးခြွေလှေ့စက်နှင့် သုံးဘီးမော်တော်ဆိုင်ကယ်များကို ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်သမ္မတသည် ညနေပိုင်းတွင် ဧရာဝတီတံတား(မလွန်)ကို ဖြတ်သန်းကြည့်ရှုသည်။ ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးကျော်လွင်က ဧရာဝတီတံတား (မလွန်)တည်ဆောက်ဖွင့်လှစ်ခဲ့မှု၊ တံတားနှင့်ဆက်စပ်နေသောလမ်းများ အခြေအနေ၊ ယခုဘဏ္ဍာနှစ်တွင် တည်ဆောက်ဆဲတံတားကြီးများ၏ လုပ်ငန်းတိုးတက်မှုနှင့် လာမည့်ဘဏ္ဍာနှစ်တွင် တည်ဆောက်မည့် ပေ ၁၈၀ နှင့်အထက် တံတားများစာရင်းကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ဝေလွင်က တံတားများအတွက် သံပေါင်များထုတ်လုပ်ပေးနေမှုကို ရှင်းလင်းတင်ပြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် မကွေးမြို့မှ တစ်ဆင့် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

ဧရာဝတီတံတား (မလွန်)ကို ၂၀၁၃ ခုနှစ် မေလ ၁၁ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး တံတားအရှည်မှာ ၃၂၁၅ ပေရှိသည်။ တံတားကြီးတွင် ကားလမ်းနှစ်လမ်းနှင့် ရထားလမ်းတစ်လမ်း ပါဝင်သည်။

ယခုဘဏ္ဍာနှစ်တွင်နိုင်ငံတစ်ဝန်း တည်ဆောက်လျက်ရှိသော တံတားကြီးများမှာ ၂၃ စင်းရှိပြီး လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင်တည်ဆောက်မည့် ပေ ၁၈၀နှင့်အထက် တံတားပေါင်း ၂၁ စင်းရှိကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားကော်မတီစည်းဝေး

နေပြည်တော် ဇန်နဝါရီ ၁၆

အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ အစည်းအဝေးသို့ အနည်းဆုံး အခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားကော်မတီဝင် အစိုးရဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးများ၊ Myanmar Development Resource Institute (MDRI) မှ သုတေသန ပညာရှင်များ၊ Myanmar Human Resource (MHR) နှင့် Myanmar Marketing Research and Development (MMRD) မှ သုတေသနပညာရှင်များ၊ ရန်ကုန်မြို့ရှိ ILO ဆက်သွယ်ရေးအရာရှိနှင့်အလုပ်သမားကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများ၊ အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ နည်းပညာလုပ်ငန်းကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားကော်မတီဥက္ကဋ္ဌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားရာ၌ ၂၀၁၃ ခုနှစ် အနည်းဆုံးအခကြေးငွေ ဥပဒေကို ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၇) အဖြစ် ၂၀၁၃ ခုနှစ် မတ်လ ၂၂ ရက်နေ့တွင် ထုတ်ပြန်ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ အနည်းဆုံးအခကြေးငွေ နည်းဥပဒေများကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ အမျိုးသားကော်မတီဖွဲ့စည်းခြင်းနှင့် ပြင်ဆင်ဖွဲ့စည်းခြင်းတို့ ပြုလုပ်နိုင်ရန် သက်ဆိုင်ရာ အစိုးရဌာနများမှ ကိုယ်စားလှယ်များ၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းအဖွဲ့အစည်းများမှ အလုပ်သမားကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် အခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ လုပ်ငန်းကျွမ်းကျင်သူများ စသည်ဖြင့် အဖွဲ့ဝင်စုစုပေါင်း ၂၇ ဦး ပါဝင်သည့် အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကိုလည်း သတ်မှတ်ပေးထားပြီးဖြစ်ပါကြောင်း။

ထုတ်ပြန်ပြီးဖြစ်သည့် ဥပဒေနှင့် နည်းဥပဒေများအရ အနည်းဆုံး အခကြေးငွေသတ်မှတ်နိုင်ရေးအတွက် လုပ်ငန်းစဉ် (၅)ရပ်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း။

အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် ဆွေးနွေးပွဲများ၊ အစည်းအဝေးများကျင်းပခြင်းနဲ့ မေးခွန်းလွှာများဖြန့်ဝေပြီး စာရင်းကောက်ယူခြင်းကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ သုတေသနလုပ်ငန်းများကရလာသည့် ရလဒ်များနှင့် အချက်အလက်များအပေါ် အခြေခံပြီး အလုပ်သမားများလက်ရှိရနေကြသည့် လုပ်ခလစာကိုနှိုင်းယှဉ်ပြီး အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ဖို့ အဓိကကျသည့် နေထိုင်စားသောက်မှုစရိတ် (Living Cost) ကို တွက်ချက်နိုင်ရန် ဆွေးနွေးဆောင်ရွက်သွားမှာဖြစ်ပါကြောင်း၊ မိမိတို့၏အိမ်နီးချင်း အာဆီယံနိုင်ငံများတွင် ကျင့်သုံးနေသည့် သတ်မှတ်ချက်များနှင့် ချိန်ထိုးနှိုင်းယှဉ်ပြီး မည်ကဲ့သို့သတ်မှတ်သင့်သည်ကို အစည်းအဝေးတက်ရောက်လာသူများအနေနဲ့ အကြံပြုပေးကြဖို့ ပြောကြားလိုကြောင်း။

အစည်းအဝေး၌ တက်ရောက်လာကြသူများအနေဖြင့် အနည်းဆုံး အခကြေးငွေသတ်မှတ်ရာတွင် လုပ်ငန်းအားလုံးသတ်မှတ်ရန် လိုအပ်မှုရှိ/မရှိနှင့် အခြေအနေအရပ်ရပ်ပေါ် မူတည်ပြီး တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးအတွက် လိုအပ်ချက်များကို ဘက်စုံထောင့်စုံက ထည့်သွင်းဆွေးနွေးပေးစေလိုပါကြောင်း၊ အနည်းဆုံး အခကြေးငွေ သတ်မှတ်ပေးရေးကိစ္စသည် အလုပ်သမားရော အလုပ်ရှင်အတွက်ပါ Win- Win Situation ရနိုင်မည့် နှုန်းထားမျိုးဖြစ်ဖို့လိုပါကြောင်း၊ အနိမ့်ဆုံးလုပ်ခကို နေရာဒေသအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက် သတ်မှတ်ပေးရာမှာ အလုပ်သမားများ၏လုပ်ခလစာနှင့် ၎င်းတို့၏ မိသားစုစားဝတ်နေရေး အဆင်ပြေအောင်လည်း ထည့်သွင်းစဉ်းစားပေးဖို့လိုမှာဖြစ်သလို အလုပ်ရှင်များဘက်ကပေးနိုင်မည့်နှုန်းထားမျိုးဖြစ်ဖို့လည်း လိုအပ်မှာ ဖြစ်ပါကြောင်း၊ နိုင်ငံတကာမှာ ကျင့်သုံးနေသည့် နမူနာများထဲက မိမိနိုင်ငံအတွက် အသင့်တော်ဆုံးဖြစ်မည့် နမူနာပုံစံများကိုလည်း ဆွေးနွေးအကြံပြုကြရန် မေတ္တာရပ်ခံအပ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် အနည်းဆုံးအခကြေးငွေသတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားကော်မတီဒုတိယဥက္ကဋ္ဌ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ ကိစ္စရပ်များကို သုံးသပ်ဆွေးနွေးတင်ပြပြီး Myanmar Development Resource Institute (MDRI) မှ ဒေါက်တာဇော်ဦးက အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ စစ်တမ်းကောက်ယူခြင်း အပိုင်းကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးသည်။ ဆက်လက်၍ အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းဆိုင်ရာ အမျိုးသားကော်မတီ အတွင်းရေးမှူး၊ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ အလုပ်သမား ကိုယ်စားလှယ်နှင့် အလုပ်ရှင် ကိုယ်စားလှယ်များက အနည်းဆုံးအခကြေးငွေသတ်မှတ်နိုင်ရေးအတွက် မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဝိုင်းဝန်းဆွေးနွေးအကြံပြုကြပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား သတ်မှတ်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ဥပဒေကြမ်း

၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း

၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်း

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၅ ခုနှစ်၊ လ ရက်

(၂၀၁၄ ခုနှစ်၊-------လ၊ ------- ရက်)

နိဒါန်း

နိုင်ငံတော်တွင် စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကဏ္ဍစုံဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားရေးနယ်ပယ်အသီးသီးဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းအင်းကိန်းဂဏန်းများ အရည်အသွေးပြည့်ဝရေး စသည့် စီးပွားရေးမူဝါဒ (၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ ဆင်းရဲချမ်းသာကွာဟမှု လျော့နည်းရေး၊ ပြည်သူလူထု၏ လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်ရေး၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်ရေး စသည့်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး မျှော်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပထမငါးနှစ် စီမံကိန်း၏ စတုတ္ထနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အမျိုးသားစီမံကိန်း** ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ငါးနှစ်ကာလတိုစီမံကိန်း၊ အဆိုပါစီမံကိန်းများကို နှစ်စဉ် အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်ပါသည်။ အမျိုးသားစီမံကိန်းတွင် ကဏ္ဍအလိုက်ဖြစ်စေ၊တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ၊ ဝိသေသပြု ရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊ လုပ်ငန်းစီမံကိန်းများ၊ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များနှင့် မြို့ပြစီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေး စီမံကိန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများစသည့် စီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဃ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ဈေးနှုန်းဖြစ်သည်။

(င) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ** ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည့် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များကို ဆိုသည်။

အခန်း(၂)

စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ် စီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ပုံမှန်ဈေးနှုန်းများအရ ၉ ဒသမ ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(ခ) ပုံမှန်ဈေးနှုန်းများအရ-

(၁) လယ်ယာကဏ္ဍတွင် ၂ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၈ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိသဖြင့် သစ်တောကဏ္ဍတွင် ၂၉ ဒသမ ၄ ရာခိုင်နှုန်း လျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၁၃ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၈ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၉ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၁ ဒသမ ၆ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁၄ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၆၈ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၂၃ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၂၁ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့် အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၁ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၅ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်ဈေးနှုန်းများအရ -

(၁) ကချင်ပြည်နယ်တွင် ၂ ဒသမ ၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၁၀ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) ကရင်ပြည်နယ်တွင် ၁၅ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၂၆ ဒသမ ၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၉ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၉ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် ၈ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) မကွေးတိုင်းဒေသကြီးတွင် ၈ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) မန္တလေးတိုင်းဒေသကြီးတွင် ၁၂ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) မွန်ပြည်နယ်တွင် ၁၀ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ရခိုင်ပြည်နယ်တွင် ၅ ဒသမ ၇ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၉ ဒသမ ၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၃) ရှမ်းပြည်နယ်တွင် ၅ ဒသမ ၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၆ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၂၈ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဃ) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၉ ဒသမ ၉ ရာခိုင်နှုန်း မှ ၂၈ ဒသမ ၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၃ ဒသမ ၈ ရာခိုင်နှုန်းမှ ၃၅ ဒသမ ၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၆ ဒသမ ၃ ရာခိုင်နှုန်းမှ ၃၆ ဒသမ ၄ ရာခိုင်နှုန်းသို့ လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊

(င) နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၄၈၈၀၉ ဒသမ ၇ ဘီလီယံဖြစ်ပေါ်ရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၉ ဒသမ ၄ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀ ဒသမ ၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၀ ဒသမ ၆ ရာခိုင်နှုန်းရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက်ဈေးနှုန်းများအရ ပြည်ပပို့ကုန်ကို ကျပ် ၁၂၄၄၆ဒသမ ၀ ဘီလီယံတင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၁၂၇၄၀ ဒသမ ၀ ဘီလီယံတင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per capita GDP)မှာ နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၉၆၂၂၄၀ မှ ကျပ် ၁၀၆၅၂၇၇ သို့ ဖြစ်ပေါ်လာရန်၊

(ဆက်လက်ဖော်ပြပါမည်)

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေကြမ်း

ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေကြမ်း

(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် /၂၀၁၄)

(၁၃၇၅ ခုနှစ်၊ လ ရက်)

(၂၀၁၄ ခုနှစ်၊-------လ၊ ------- ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်၊ စီရင်ပိုင်ခွင့်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေအရ အရေးယူနိုင်သော ပြစ်မှုတစ်ရပ်ရပ်ကို မည်သူမဆို ပြည်တွင်းတွင်ဖြစ်စေ၊ မြန်မာနိုင်ငံ၏တည်ဆဲဥပဒေအရ မှတ်ပုံတင်ထားသော ရေယာဉ်၊ လေယာဉ်နှင့်စက်တပ်ယာဉ်တစ်ခုခုပေါ်တွင်ဖြစ်စေ ကျူးလွန်လျှင်လည်းကောင်း၊ မြန်မာနိုင်ငံသား သို့မဟုတ် နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရသူက ပြည်ပတွင်ကျူးလွန်လျှင်လည်းကောင်း ဤဥပဒေအရ စီရင်ပိုင်ခွင့်ရှိစေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော စကားရပ်များသည် အောက်ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဗဟိုအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသည့် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဗဟိုအဖွဲ့ကိုဆိုသည်။

(ခ) **ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးတပ်ဖွဲ့** ဆိုသည်မှာ ဤဥပဒေအခန်း(၅)အရ ဖွဲ့စည်းထားသောဌာန သို့မဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဂ) **စိစစ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအခန်း(၆)အရ ဖွဲ့စည်း တာဝန်ပေးအပ်သော အဖွဲ့ကိုဖြစ်စေ၊ အဖွဲ့အစည်းကိုဖြစ်စေဆိုသည်။

(ဃ) **စုံစမ်းစစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအခန်း(၇)အရ ဖွဲ့စည်းတာဝန်ပေးအပ်သောအဖွဲ့ကို ဆိုသည်။

(င) **သတင်းပို့အဖွဲ့အစည်း** ဆိုသည်မှာ ဤဥပဒေကသတင်းပို့ရန် သတ်မှတ်ထားသည့်ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် ကျွမ်းကျင်မှုဆိုင်ရာ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအပါအဝင် ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဤဥပဒေအရ သတင်းပို့ရန် အခါအားလျော်စွာ သတ်မှတ်တာဝန်ပေးအပ်ခြင်းခံရသည့် အဖွဲ့အစည်းကို ဆိုသည်။

(စ) **စည်းမျဉ်းထိန်းသိမ်းကြီးကြပ်သည့် အာဏာပိုင်** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်းများ သို့မဟုတ် သတင်းပို့ရန်သတ်မှတ်ထားသည့် ငွေရေးကြေးရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း ပညာရှင်များအနေဖြင့် ဤဥပဒေအရ လိုက်နာဆောင်ရွက်ရန် လိုအပ်ချက်များအပေါ် တိကျစွာလိုက်နာဆောင်ရွက်ကြစေရေးအတွက် ကြီးကြပ်ရန် တာဝန်ရှိကြောင်း ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာထုတ်ပြန်လျက် တာဝန်ပေးအပ်ခြင်းခံရသူကို ခေါ်သည်။

(ဆ) **ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ နိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် အခြားသက်ဆိုင်သော ဥပဒေများအရ တည်ထောင်ထားသောဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ဖောက်သည်တစ်ဦးဦးအတွက်ဖြစ်စေ သို့မဟုတ် ၎င်း၏ကိုယ်စား အောက်ပါဆောင်ရွက်မှုတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော ဆောင်ရွက်မှုများကိုဖြစ်စေ စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ဆောင်ရွက်သည့် ကူးသန်းရောင်းဝယ်ရေးဘဏ် သို့မဟုတ် ဖွံ့ဖြိုးရေးဘဏ်၊ ငွေစုငွေချေးအသင်း၊ ငွေရေးကြေးရေးကုမ္ပဏီ၊ ငွေချေးသက်သေခံလက်မှတ်ရောင်းဝယ်ရေးကုမ္ပဏီ၊ နိုင်ငံခြားငွေ ဝယ်ယူရောင်းချလဲလှယ်ရေးကောင်တာ၊ အသေးစား ငွေရေးကြေးရေးလုပ်ငန်းအဖွဲ့အစည်း၊ အာမခံကုမ္ပဏီနှင့် အခြားအဖွဲ့အစည်းများကို ဆိုသည်-

(၁) ပုဂ္ဂလိကတစ်ဦးချင်းအတွက် ဘဏ်လုပ်ငန်း ဆောင်ရွက်ပေးခြင်း၊ ပြည်သူများထံမှ အပ်ငွေများနှင့် ပြန်လည်ပေးအပ်ရမည့် ရန်ပုံငွေများ လက်ခံခြင်း၊

(၂) ပစ္စည်းသိမ်းဆည်းခြင်းအပါအဝင် ကူးသန်းရောင်းဝယ်ရေး ဆောင်ရွက်ချက်များအတွက် ငွေကြေးဖြည့်ဆည်းပေးခြင်း၊ စားသုံးသူ ချေးငွေ၊ အပေါင်ဖြင့် ချေးငွေများအပါအဝင် ငွေထုတ်ချေးခြင်း၊

(၃) စားသုံးသူဆိုင်ရာ ဆောင်ရွက်ချက်များနှင့်သက်ဆိုင်သည့် အစီအစဉ်များမှတစ်ပါးငွေရေးကြေးရေး အငှားချထားခြင်း လုပ်ငန်းဆောင်ရွက်ခြင်း၊

(၄) ငွေကြေး သို့မဟုတ် တန်ဖိုးတစ်ရပ်ရပ်ကို လွှဲပြောင်းပေးခြင်း၊

(၅) အကြွေးဝယ်ကတ်နှင့် မြီစားကတ်များ၊ ခရီးသွားချက်လက်မှတ်၊ ငွေပေးအမိန့်များ၊ ဘဏ်ငွေလွှဲလက်မှတ်၊ အီလက်ထရွန်နစ်၊ ငွေကြေးများနှင့် ပေးချေမှုနည်းလမ်းများ ထုတ်ဝေခြင်းနှင့် စီမံခန့်ခွဲခြင်း၊

(၆) ငွေရေးကြေးရေးဆိုင်ရာ အာမခံနှင့် ကတိစာချုပ်များ ထုတ်ဝေခြင်း၊

(၇) အောက်ပါငွေရေးကြေးရေးစာချုပ်စာတမ်းများ ရောင်းဝယ်ခြင်း-

(ကက) ချက်လက်မှတ်များ၊ ဘီလ်များ၊ အပ်ငွေလက်မှတ်များနှင့် ဆင့်ပွားစာချုပ်စာတမ်းများ၊ နိုင်ငံခြားသုံးငွေ၊ အတိုးနှုန်းနှင့် ဈေးနှုန်းညွှန်းကိန်း စာချုပ်စာတမ်းများ၊ လွှဲပြောင်းနိုင်သော ငွေချေးသက်သေခံလက်မှတ်များ အပါအဝင် ငွေကြေးဈေးကွက် စာချုပ်စာတမ်းများအား ရောင်းဝယ်ခြင်း၊

(ခခ) ကုန်စည်များကို အနာဂတ်ကာလအတွက် မျှော်မှန်းရောင်းဝယ်ခြင်း၊

(ဆက်လက်ဖော်ပြပါမည်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကော်မတီ ကော်မရှင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိခန်းမဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကော်မတီ၊ ကော်မရှင်များ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဖွင့်အမှာစကား ပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများက ယခင်အပတ် အစည်းအဝေး ဆုံးဖြတ်ချက်များအား ရှင်းလင်းတင်ပြကာ ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများက ကော်မတီအလိုက် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်များမှ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသူများက အထွေထွေဆွေးနွေး တင်ပြကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော် ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဥပဒေကြမ်းနှင့်ပြည်တွင်းသတင်း

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီ (Delivery Unit) သို့ မေးမြန်းအကြံပြုချက်များအပေါ် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာခြင်း

ရန်ကုန်-မန္တလေး အမြန်လမ်းမပေါ်တွင် တိုးဂိတ်များရှိ ကတ္တားများသည် ဂိတ်တစ်ခုနှင့်တစ်ခုတူညီမှုမရှိပါသဖြင့် ကတ္တားချိန်တွယ်ရာတွင် တစ်ဂိတ်တစ်မျိုး ဖြစ်နေကြောင်း၊ ယာဉ်များသွားလာရာ၌ ဒဏ်ကြေးပေးဆောင်ရမှုများ ရှိနေပါသဖြင့် ဂိတ်အသီးသီးရှိ ကတ္တားလမ်းကို မှန်ကန်မှုရှိစေရေး ဆောင်ရွက်ပေးပါရန် တင်ပြချက်နှင့်ပတ်သက်၍ ရန်ကုန်-မန္တလေး (အမြန်လမ်း) လမ်းမကြီးပေါ်ရှိ တိုးဂိတ်ကြီးများတွင် တပ်ဆင်ထားသော ကတ္တားများသည် အကျယ် ၁၂ ပေ၊ အလျား ၅၇ ပေရှည်၍ တန်ချိန် ၁၀၀ အထိ ချိန်တွယ်နိုင်သော ကတ္တားကြီးများ ဖြစ်ကြောင်း၊ အမြန်လမ်းတွင် ကုန်တင်ယာဉ်များ ဖြတ်သန်းမောင်းနှင်ခွင့်မပြုဘဲ ကတ္တားချိန်တွယ်ရသော ယာဉ်များသည်လည်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သီးခြားခွင့်ပြုရသည့်ဌာနဆိုင်ရာ ယာဉ်များသာဖြစ်ပြီး တန်ပိုယာဉ်များ ဖြတ်သန်းခွင့်မပြုသဖြင့် သတ်မှတ်တန်ချိန်အတိုင်း တင်ဆောင်ဖြတ်သန်းစေလျက်ရှိကြောင်း၊ ကတ္တားချိန်တွယ်သည့် ယာဉ်များကိုလည်း ခရီးအစတိုးဂိတ်တွင်သာ တစ်ကြိမ်ချိန်တွယ်ပြီး လမ်း ခရီးဂိတ်များသည် ခရီးအစတွင် ချိန်တွယ်သော ဖြတ်ပိုင်းအတိုင်း စေလွှတ်ပေးလျက် ရှိပါကြောင်းနှင့် လက်ရှိကတ္တားများသည် ကောင်းမွန်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါသည်။

ပို့ဆောင်ဆက်သွယ်ရေးနှင့်
ဆောက်လုပ်ရေးဆပ်ကော်မတီ

ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲဗဟိုကော်မတီသုံးသပ်အစည်းအဝေးကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၆

မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်း အသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ ဗဟိုကော်မတီ သုံးသပ်အစည်းအဝေးကို ဇန်နဝါရီ ၁၅ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမ၌ကျင်းပရာ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင် တက်ရောက်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်း အသားကျောက်များ မြန်မာ့ကျပ်ငွေဖြင့် ရောင်းချပွဲဆိုင်ရာ လုပ်ငန်းများတွင် ညီညီညွတ်ညွတ်ဖြင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ခြင်း၊ ယခင်ကကျင်းပခဲ့သည့် ကျောက်မျက်ရတနာပြပွဲများ၏ အတွေ့အကြုံများအပေါ် အားသာချက်၊ အားနည်းချက်များ ပြန်လည်သုံးသပ်ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် အောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြစ်ပါကြောင်း၊ ရောင်းချပွဲအောင်မြင်စွာ ကျင်းပနိုင်ခြင်းဖြင့် မြန်မာ ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေခြင်း၊ One Stop Service Center မှ ကျောက်စိမ်း အခွန်ထည် တင်ပို့ခြင်းလုပ်ငန်း တိုးတက်စေခြင်း၊ ပြည်တွင်းကျောက်မျက်ရတနာလုပ်ငန်းရှင်များ လုပ်ငန်းသုံး ငွေကြေးလည်ပတ်စေခြင်းနှင့် နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါကြောင်း။

နောင်ကျင်းပမည့် ကျောက်မျက်ရတနာပြပွဲများတွင်လည်း အောင်မြင်မှုများ ဆက်လက်ရရှိနိုင်ရန် ဗဟိုကော်မတီဝင်များနှင့် သက်ဆိုင်ရာ လုပ်ငန်းကော်မတီအသီးသီးရှိ တာဝန်ရှိသူများက ရောင်းချပွဲလုပ်ငန်းဆိုင်ရာ ဆောင်ရွက်ချက်များ၊ အားသာချက်၊ အားနည်းချက်များကို ဝိုင်းဝန်းသုံးသပ်ဆွေးနွေးတင်ပြကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီအသီးသီးမှ တာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ ဗဟိုကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ဖြည့်စွက်ရှင်းလင်းပြီး ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်နှင့် ဒုတိယဝန်ကြီး ဦးသန်းထွန်းအောင်တို့သည် မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များအား တွေ့ဆုံပြီး ကချင်ပြည်နယ်ရှိ မိုးကောင်း-ကာမိုင်း-ဖားကန့်လမ်း ၅၉ မိုင် လေးဖာလုံကို ရာသီမရွေးသွားလာနိုင်ရေးအတွက် လမ်းအဆင့်မြှင့်တင်ရေးလုပ်ငန်းများ ညှိနှိုင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

ပြည်ကြီးမဏ္ဍိုင်
ခိုင်မာဖို့
အခွန်တာဝန်
ကျေပွန်စို့

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်း

အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကြမ်း
(၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်   ။)
၁၃၇၅ ခုနှစ်၊   လ   ရက်
(၂၀၁၄ ခုနှစ်၊   လ   ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အခန်း(၁)

အမည်၊ စီရင်ပိုင်ခွင့်နှင့်အဓိပ္ပာယ်ဖော်ပြချက်များ

၁။ ဤဥပဒေကို **အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် အောက်ဖော်ပြပါ အကြမ်းဖက်မှု သို့မဟုတ် ပြစ်မှုတစ်ခုခုကျူးလွန်ရန် အားထုတ်သူ၊ အားပေးကူညီသူ၊ လှုံ့ဆော်သူ၊ ကြံရာပါအဖြစ် ဆောင်ရွက်သူများအပေါ် စီရင်ပိုင်ခွင့်ရှိစေရမည်-

(က) နိုင်ငံတော်အတွင်း မည်သူမဆို ကျူးလွန်သည့် အကြမ်းဖက်မှု သို့မဟုတ် ကျူးလွန်ခံရသည့်အကြမ်းဖက်မှု၊

(ခ) အများပြည်သူ၏ လုံခြုံရေးကိုဖြစ်စေ၊ အသက်အိုးအိမ်စည်းစိမ်ကိုဖြစ်စေ၊ အများပြည်သူ သို့မဟုတ် ပုဂ္ဂလိကအတွက် အရေးကြီးသော အခြေခံအဆောက်အအုံဆိုင်ရာ အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ၊ နိုင်ငံတော် သို့မဟုတ် နိုင်ငံတော်အစိုးရ အဆောက်အအုံနှင့် အသုံးအဆောင်ပစ္စည်းများကိုဖြစ်စေ ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေရန် ပြုလုပ်မှုများ၊

(ဂ) အကြမ်းဖက်မှုကို ကျူးလွန်သော သို့မဟုတ် ကျူးလွန်မည်ဖြစ်သော သို့မဟုတ် ကျူးလွန်ရန်ရည်ရွယ်ချက်ရှိသော အကြမ်းဖက်သမားတစ်ဦးဦးကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခုကို ဖြစ်စေ အားပေးကူညီရာရောက်သော အကြမ်းဖက်ငွေကြေး ထောက်ပံ့မှု၊

(ဃ) ပြည်ပတွင် မြန်မာနိုင်ငံသားကဖြစ်စေ၊ နိုင်ငံတော်တွင် အမြဲတမ်းနေထိုင်ခွင့်ရသည့် နိုင်ငံခြားသားကဖြစ်စေ ကျူးလွန်သည့် အကြမ်းဖက်မှု သို့မဟုတ် ယင်းတို့တစ်ဦးဦးအပေါ်တွင် ကျူးလွန်သည့် အကြမ်းဖက်မှု၊

(င) ပြည်ပရှိ နိုင်ငံတော် သို့မဟုတ် နိုင်ငံတော်အစိုးရပိုင် အဆောက်အအုံ၊ အသုံးအဆောင်၊ ယာဉ်စက်ကိရိယာပစ္စည်းများကိုလည်းကောင်း၊ နိုင်ငံတော်၏သံရုံးနှင့် ကောင်စစ်ဝန်ရုံးအပါအဝင် သံတမန်ဆိုင်ရာရုံးများကိုလည်းကောင်း ကျူးလွန်သည့်အကြမ်းဖက်မှု၊

(စ) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မြန်မာနိုင်ငံတော်အတွင်း မှတ်ပုံတင်ထားသော ရေယာဉ် သို့မဟုတ် လေယာဉ်အပေါ်တွင် ကျူးလွန်သည့် အကြမ်းဖက်မှု၊

(ဆ) ပြည်ပမှငင်းလုံးငှားရမ်းထားသော ရေယာဉ် သို့မဟုတ် လေယာဉ် သို့မဟုတ် စက်တပ်ယာဉ်တစ်ခုခုပေါ်တွင် အမှုထမ်းပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ မြန်မာနိုင်ငံသား သို့မဟုတ် မြန်မာနိုင်ငံအတွင်း အမြဲတမ်းနေထိုင်ခွင့်ရသော နိုင်ငံခြားသား သို့မဟုတ် ယင်းတို့ပိုင် အဖွဲ့အစည်း သို့မဟုတ် အသင်းအဖွဲ့က ကျူးလွန်သည့် အကြမ်းဖက်မှု၊

(ဇ) နိုင်ငံတော်အတွင်းသို့ ရောက်ရှိနေသော အကြမ်းဖက်မှုကျူးလွန်သည်ဟု စွပ်စွဲခြင်းခံရသူအားသက်ဆိုင်ရာ ပြည်ပနိုင်ငံ သို့မဟုတ် တရားခံလွှဲပြောင်းပေးရန် တောင်းဆိုချက်အပေါ် ခွင့်မပြုသည့်အခါ ထိုသူက ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှု၊

(ဈ) နိုင်ငံတော်အတွင်း အခြေပြု၍ နိုင်ငံတော်ကိုသော်လည်းကောင်း၊ အခြားနိုင်ငံများကိုသော်လည်းကောင်း ကျူးလွန်သည့် အကြမ်းဖက်မှုများ၊

(ည) နိုင်ငံတော်၏မြေပြင်၊ ရေပြင်၊ လေပြင်၊ ပိုင်နက်နယ်မြေနှင့် ကမ်းလွန်ရေတိမ်ပိုင်းတို့တွင် ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်သည့်ပြစ်မှုများ၊

(ဋ) နိုင်ငံတော်၏ ပိုင်နက်ပင်လယ်နယ်နိမိတ်ကိုကျော်လွန်၍ ပင်လယ်ရေပြင်အတွင်းသို့ဖြစ်စေ၊ အဆိုပါရေပြင်မှဖြစ်စေ၊ အဆိုပါရေပြင်ကိုဖြတ်သန်းလျက်ဖြစ်စေ ခုတ်မောင်းသွားလာလျက်ရှိသော ရေယာဉ်များမှ သို့မဟုတ် ရေယာဉ်များအပေါ်တွင်လည်းကောင်း၊ ယင်းသို့သွားလာရန် ခရီးစဉ်သတ်မှတ်ခုတ်မောင်းလျက်ရှိသောရေယာဉ်များမှ သို့မဟုတ် ရေယာဉ်များအပေါ်တွင်လည်းကောင်း၊ ရေကြောင်းပို့ဆောင်ရေးကို ဘေးအန္တရာယ်ဖြစ်စေရန် ဥပဒေနှင့်မညီဘဲ တမင်ကျူးလွန်သော ပြစ်မှုများ၊

(ဌ) နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထိပါးသည့် ဆူပူသောင်းကျန်းမှု သို့မဟုတ် အတင်းအဓမ္မနည်းဖြင့် ဆောင်ရွက်မှုများ၊

(ဍ) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကိုဖြစ်စေ လက်နက်နှင့် ခဲယမ်းမီးကျောက်များ၊ ဇီဝ၊ ဓာတုနှင့် နျူကလီးယားလက်နက်များ၊ ပေါက်ကွဲစေတတ်သော လက်နက်ပစ္စည်းများ သို့မဟုတ် နျူကလီးယားဒြပ်ပစ္စည်းများကို ထုတ်လုပ်ပေးရန်၊ လွှဲပြောင်းပေးပို့ရန်၊ လက်ခံထိန်းသိမ်းပေးရန်၊ ထောက်ပံ့ရန် သို့မဟုတ် ထောက်ပံ့ရန် ကမ်းလှမ်းသည့်ပြုလုပ်မှုများ၊

(ဎ) သဘောသဘာဝအရ အများပြည်သူအတွင်း ထိတ်လန့်ကြောက်ရွံ့မှု ဖြစ်ပေါ်စေရန်သော်လည်းကောင်း၊ အစိုးရကို သို့မဟုတ် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းကို ဥပဒေနှင့်မညီဘဲ တစ်စုံတစ်ခုကို အတင်းအကျပ်ပြုလုပ်စေရန် သို့မဟုတ် ဥပဒေနှင့်အညီ ပြုလုပ်ရမည်ကို မပြုလုပ်ဘဲ ရှောင်ရှားစေရန်သော်လည်းကောင်း ရည်ရွယ်၍ အရပ်သားကိုဖြစ်စေ၊ လက်နက်ကိုင်ပဋိပက္ခတိုက်ပွဲဖြစ်နေသည့် အခြေအနေတွင် စစ်ပြိုင်မှု၌ ပါဝင်တိုက်ခိုက်ခြင်းမရှိသည့် အခြားသူတစ်ဦးဦးကိုဖြစ်စေ သေစေရန် သို့မဟုတ် အပြင်းအထန်နာကျင်စေရန် အခြားပြုလုပ်မှုများ၊

(ဏ) အများပြည်သူ၏ ကျန်းမာရေးကိုဖြစ်စေ၊ ဘေးကင်းရေးကိုဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်ကိုဖြစ်စေ ဆိုးရွားစွာထိခိုက်စေသည့် ပြုလုပ်မှုများ၊

(တ) အကြမ်းဖက်အုပ်စုတစ်ခုခုတွင် သို့မဟုတ် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရာတွင် သူတစ်ဦးဦးအား ပါဝင်စေခြင်းအလို့ငှာ တိုက်တွန်းရန်၊ စည်းရုံးသိမ်းသွင်းရန်၊ ဝါဒဖြန့်ရန် သို့မဟုတ် စုဆောင်း ရန်ပြုလုပ်မှုများ၊

(ထ) အကြမ်းဖက်အုပ်စုဖွဲ့စည်းရန်၊ အကြမ်းဖက်အုပ်စုတစ်ခုခုတွင် သိလျက်နှင့် ပါဝင်ဆောင်ရွက်ရန် သို့မဟုတ် တာဝန်ပေး၍ လှုပ်ရှားဆောင်ရွက်စေရန် ပြုလုပ်မှုများ၊

(ဒ) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကိုဖြစ်စေ ဖမ်းဆီး၍ အရေးယူခြင်းမပြုနိုင်စေရန် သို့မဟုတ် လွတ်မြောက်စေရန် အလို့ငှာ သိလျက်နှင့်ခိုလှုံခွင့်ပေးရန်၊ ပုန်းအောင်းခွင့်ပေးရန်၊ ယာယီတည်းခိုနေထိုင်ခွင့်ပေးရန် သို့မဟုတ် ဝှက်ထားရန် ပြုလုပ်မှုများ၊

(ဓ) အကြမ်းဖက်သမားကိုဖြစ်စေ၊ အကြမ်းဖက်အုပ်စုတစ်ခုခု၏ အဖွဲ့ဝင်ကိုဖြစ်စေ အဆောက်အအုံနှင့် နေရာတစ်ခုခုကို အသုံးပြုခွင့်၊ စုဝေးခွင့်၊ အစည်းအဝေးပြုလုပ်ခွင့်ပေးရန်၊ အကြမ်းဖက်မှု ဆိုင်ရာ လေ့ကျင့်သင်တန်းပေးရန် သို့မဟုတ် သယ်ယူပို့ဆောင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ပြုလုပ်မှုများ၊

(န) အကြမ်းဖက်မှုဟု နိုင်ငံတော်က အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ကြေညာသောပြစ်မှုများ၊

(ဆက်လက်ဖော်ပြပါမည်)

ပြည်တွင်းသတင်း

အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးတက်ရောက်မည့် နိုင်ငံခြားရေးကိုယ်စားလှယ်များရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၆

အာဆီယံအဖွဲ့ဝင် နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ယူသည့် ၂၀၁၄ ခုနှစ်တွင် ပထမဦးဆုံး ကျင်းပသည့် နိုင်ငံခြားရေးဝန်ကြီး များ၏ သီးသန့်အစည်းအဝေးသို့ တက်ရောက်ရန်အတွက် အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေး ဝန်ကြီးများနှင့် ကိုယ်စားလှယ်များ သည် ယနေ့ညနေ ၃ နာရီတွင် ပုဂံ-ညောင်ဦးလေဆိပ်သို့ လေကြောင်း ခရီးဖြင့် ရောက်ရှိကြသည်။

အဆိုပါ အာဆီယံနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့မှတာဝန်ရှိသူများ၊ အာဆီယံအစည်းအဝေးများ ကျင်းပရေးဆပ်ကော်မတီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ပုဂံရှေးဟောင်း ယဥ်ကျေးမှုနယ်မြေ၌ကျင်းပမည့် အစည်းအဝေးတွင် အာဆီယံအသင်းကြီးမှအာဆီယံ အသိုက်အဝန်းထူထောင်ရေးဆောင်ရွက်ရန်ကိစ္စရပ်များ၊ အာဆီယံ၏ ပြည်ပဆက်သွယ်မှုများ ပိုမိုကျစ်လျစ်ခိုင်မာစေရေး၊ နိုင်ငံတကာရေးရာများနှင့် ဒေသအတွင်းကိစ္စရပ်တို့တွင် အာဆီယံအနေဖြင့် စည်းလုံးညီညွတ်စွာ၊ ဘက်လိုက်မှုကင်းစွာဖြင့်ရပ်တည်နိုင်ရေး၊ အာဆီယံ၏ အနာဂတ်မျှော်မှန်းချက်များ ရေးဆွဲနိုင်ရေး၊ အာဆီယံ၏ အဖွဲ့အစည်းပိုင်းဆိုင်ရာ အရည်အသွေးမြှင့်တင်နိုင်ရေးစသည်တို့နှင့် စပ်လျဥ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

ညပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အစည်းအဝေးသို့တက်ရောက်လာကြသည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအား ရွှေနန်းတော်ဟိုတယ် Theme Hall ၌ ကြိုဆိုနှုတ်ဆက်၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ **(ယာပုံ)**

အလားတူ ယနေ့နံနက်ပိုင်းတွင် ပုဂံရွှေနန်းတော်ဟိုတယ်၌ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံအမြဲတမ်းကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် အာဆီယံဆိုင်ရာ မြန်မာ အမြဲတမ်းကိုယ်စားလှယ် ဦးမင်းလွင်က သဘာပတိအဖြစ်ဆောင်ရွက်သည့် အာဆီယံအမြဲတမ်းကိုယ်စားလှယ်များ ကော်မတီအစည်းအဝေးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းက သဘာပတိအဖြစ်ဆောင်ရွက်သည့် အာဆီယံအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့ကို သက်ဆိုင်ရာ နေရာအသီးသီးတွင် ကျင်းပခဲ့သည်။

ယနေ့ကျင်းပသည့် အစည်းအဝေးများတွင် အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေးအသိုက်အဝန်း အကောင်အထည်ဖော်ရေး ကိစ္စရပ်များ၊ အာဆီယံဥက္ကဋ္ဌ တာဝန်ယူစဥ် ဦးစားပေး အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းအတွက် မျှော်မှန်းချက်ချမှတ်နိုင်ရေးကိစ္စရပ်များနှင့် အာဆီယံပြင်ပဆက်ဆံရေးဆိုင်ရာ လမ်းညွှန်ချက်ချမှတ်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

၂၀၁၄ ခုနှစ်တွင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌရာထူး လက်ခံရယူပြီးနောက် ပထမဆုံးအကြိမ် ဝန်ကြီးအဆင့်ဖြစ်သော အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများအား ဇန်နဝါရီ ၁၅ ရက် ည ၇ နာရီတွင် ပုဂံမြို့ရှိ ရွှေနန်းတော်ဟိုတယ်၌ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဥ်)**

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၆

အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးသည် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများအနေဖြင့် အနာဂတ်အာဆီယံအတွက် ကျယ်ပြန့်ပွင့်လင်းစွာ ဆွေးနွေးနိုင်ရန် ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ ၄င်းအစည်းအဝေးတွင် ပုံမှန်အားဖြင့် တစ်နှစ်တာအတွက် ဆောင်ရွက်သွားရမည့် အစီအစဥ်များ ချမှတ်လေ့ရှိပါကြောင်းဖြင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က ယနေ့ညနေပိုင်းတွင် ပုဂံမြို့ရှိ နန်းမြင့်မျှော်စင်၌ ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် တွေ့ဆုံရာတွင် ထည့်သွင်းပြောကြားခဲ့သည်။ **(ယာပုံ)**

ထို့အပြင် ယခုအစည်းအဝေးသည် မြန်မာနိုင်ငံ၏ အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ရာ၌ ပထမဆုံးကျင်းပသည့် အာဆီယံဝန်ကြီးများအဆင့် အစည်းအဝေးဖြစ်ပါကြောင်း၊ ယခုအစည်းအဝေးတွင် (၂၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး၏ ရလဒ်များနှင့်စပ်လျဥ်း၍ နောက်ဆက်တွဲဆောင်ရွက်ရန်ရှိသည်များကို ဆောင်ရွက်သွားရန်၂၀၁၄ ခုနှစ်အတွက် ဦးစားပေး ညှိနှိုင်းဆောင်ရွက်သွားရမည့် အာဆီယံ၏လုပ်ရှားဆောင်ရွက်မှုများ၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာကိစ္စရပ်များကို ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းတည်ထောင်မှု မျှော်မှန်းချက်ဆိုင်ရာ ဘန်ဒါဆရီဘီဂါဝန်ကြေညာချက်နှင့်အညီ ၂၀၁၅ ခုနှစ်အလွန် အာဆီယံအသိုက်အဝန်းမျှော်မှန်းချက်လုပ်ငန်းဆိုင်ရာ တိုးတက်မှုစသည်တို့ကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့အားလုံး စည်းစည်းလုံးလုံးဖြင့် လုပ်ဆောင်ပါက ထူးခြားပြောင်မြောက်သည့် အောင်မြင်မှုများကို မလွဲမသွေရရှိမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပဏာမရှင်းလင်းပြောကြား၍ တက်ရောက်လာသည့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံဥက္ကဋ္ဌတာဝန် ထမ်းဆောင်ချိန်၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် ရည်မှန်းချက်များမှာ ၂၀၁၅ ခုနှစ်အလွန် အာဆီယံမျှော်မှန်းချက်ကို စုပေါင်းပြုစုရန်၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများကို အာဆီယံ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကတွန်းအားအနေဖြင့် မြှင့်တင်ဆောင်ရွက်ရန်၊ အဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် ကျဥ်းမြောင်းစေရန်၊ အာဆီယံပေါင်းစည်းဆက်နွယ်မှု မဟာစီမံကိန်းတွင် ပြင်ပမိတ်ဖက်နိုင်ငံများနှင့် ဆက်နွယ်မှုကို ထည့်သွင်းဆောင်ရွက်ရန်တို့ အပါအဝင် ရည်မှန်းချက်များချမှတ်ထားကြောင်း သိရှိရသည်။

(သတင်းစဥ်)

မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး ပြောင်းလဲခန့်အပ်ခြင်းကို သဘောတူပြီးဖြစ်

နေပြည်တော် ဇန်နဝါရီ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အင်ဒိုနီးရှားနိုင်ငံသံအမတ်ကြီး မစ္စတာ ဆီဘတ်စ်တီနတ်စ် ဆူမာဆိုနို၏နေရာတွင် ဒေါက်တာ အီတို ဆူမာဒီ အား ခန့်အပ်ရန် အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

ဒေါက်တာ အီတို ဆူမာဒီအား အင်ဒိုနီးရှားနိုင်ငံ ဘိုဂေါပြည်နယ်၌ ၁၉၅၃ ခုနှစ် ဇွန် ၁၇ ရက်တွင် မွေးဖွားခဲ့သည်။ ၄င်းသည် ရဲအတတ်သင်တက္ကသိုလ်မှ ၁၉၇၇ ခုနှစ်တွင်ဘွဲ့ရရှိခဲ့ပြီး အင်ဒိုနီးရှားရဲတပ်ဖွဲ့တွင် ရာထူးအဆင့်ဆင့်ဖြင့် ရဲချုပ်ရာထူးအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ဒေါက်တာ အီတို ဆူမာဒီသည် စီးပွားရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ မဟာဝိဇ္ဇာဘွဲ့များကို ၁၉၉၆ ခုနှစ်နှင့် ၁၉၉၇ ခုနှစ်နှင့် မှုခင်းဆိုင်ရာ ဥပဒေဘာသာရပ် မဟာဝိဇ္ဇာဘွဲ့နှင့် ပါရဂူဘွဲ့တို့ကို ၂၀၀၄ ခုနှစ်နှင့် ၂၀၀၈ ခုနှစ်တို့တွင်ရရှိခဲ့သည်။

၄င်းသည် ရဲတပ်ဖွဲ့၌ တာဝန်ထမ်းဆောင်စဥ်ကာလအတွင်း ဂုဏ်ပြုဆုတံဆိပ်မြောက်မြားစွာကိုလည်း ချီးမြှင့်ခြင်းခံခဲ့ရသူဖြစ်ကာ အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးသုံးဦးရှိသည်။

(သတင်းစဥ်)

အငယ်တန်းသတင်းထောက်နှင့်စာပေလက်ထောက်(၂)ရာထူး နေရာများအတွက် ရေးဖြေစာမေးပွဲဖြေဆိုရန် အကြောင်းကြားခြင်း

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ကြေးမုံသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်နှင့်မြန်မာ့သတင်းစဥ်(နိုင်ငံခြား)တို့တွင်တာဝန်ထမ်းဆောင်ရန် အငယ်တန်းသတင်းထောက်(လစာနှုန်း ၇၉၀၀၀-၁၀၀၀-၈၄၀၀၀)ရာထူး (၁၀)နေရာနှင့်စာပေလက်ထောက်(၂) (လစာနှုန်း ၇၉၀၀၀-၁၀၀၀-၈၄၀၀၀)ရာထူး (၆) နေရာတို့အတွက် လျှောက်လွှာများ လက်ခံရရှိထားပြီး ဖြစ်ပါသည်။

အဆိုပါလျှောက်ထားသူများသည် ဇန်နဝါရီ ၂၅ ရက်(စနေနေ့)နံနက် ၉ နာရီတွင် အထက(၁၄)နေပြည်တော်နှင့်ရန်ကုန်မြို့ သိမ်ဖြူလမ်း သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)တို့၌ သတင်းစာပညာ၊ အထွေထွေဗဟုသုတ၊ အင်္ဂလိပ်စာနှင့် ကွန်ပျူတာပညာရပ်များကို ဖြေဆိုရမည်ဖြစ်ပါသည်။ဖြေဆိုခွင့်ရသူများစာရင်းနှင့် အခြားသိလိုသည်များကို နေပြည်တော်ရုံး အမှတ်(၇)သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စီမံရေးရာဌာန ဖုန်း-၀၆၇-၄၁၂၂၃၊ သတင်းဌာန ဖုန်း-၀၆၇-၄၁၂၂၅၊ ၀၁-၂၉၄၃၀၀ သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်စုံစမ်း သတင်းပေးပို့ကြရန် အကြောင်းကြားပါသည်။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုပေးသည့်လုပ်ငန်းများမှ နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများပေါ်ပေါက်ခဲ့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် နိုင်ငံခြား၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုများကို ဥပဒေနှင့်အညီ စိစစ်ခွင့်ပြုပေးလျက်ရှိရာတွင် နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေးကို ဦးစားပေးရည်မှန်းချက် တစ်ခုအနေဖြင့် ထည့်သွင်းချမှတ် အကောင်အထည်ဖော်လျက်ရှိပါသည်။

ဤသို့အကောင်အထည်ဖော်ခဲ့ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေအရလည်းကောင်း၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရလည်းကောင်း ခွင့်ပြုပေးခဲ့သည့် လုပ်ငန်းများမှ နှစ်အလိုက် အောက်ပါအတိုင်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်စေခဲ့ပါသည်-

(က) ၂၀၁၁-၂၀၁၂ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုခွင့်ပြုလုပ်ငန်း ၁၃ ခုမှ အလုပ်အကိုင် ၇၂၇၉ နေရာ၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၃၄ ခုမှ အလုပ်အကိုင် ၉၁၇၅ နေရာ ပေါင်း ၁၆၄၅၄နေရာ။

(ခ) ၂၀၁၂-၂၀၁၃ ခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၉၄ ခုမှ အလုပ်အကိုင် ၅၆၄၅၀ နေရာ၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၆၅ ခုမှ အလုပ်အကိုင် ၁၉၀၆၅ နေရာ ပေါင်း ၇၅၅၁၅ နေရာ။

(ဂ) ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၇၁ ခုမှ အလုပ်အကိုင် ၅၀၇၅၁ နေရာ၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၆၄ ခုမှ အလုပ်အကိုင် ၁၀၇၃၆ နေရာ၊ ပေါင်း ၆၁၄၈၇ နေရာ။

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် အထက်ပါကာလသုံးနှစ်အတွင်း နိုင်ငံသားများအတွက် စုစုပေါင်းအလုပ်အကိုင်အခွင့်အလမ်း ၁၅၃၄၅၆ နေရာဖန်တီးပေးနိုင်ခဲ့ကြောင်းနှင့် ဆက်လက်၍လည်း လုပ်သားအင်အားအများအပြား အသုံးပြုရသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုဝင်ရောက်လာစေရေး မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဥ်)**

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

၁၉၈၈ ခုနှစ်မှ ၃၁-၁၂-၂၀၁၃ နေ့အထိ ပြည်တွင်းလုပ်သား ၃၀၅၂၁၄ဦးအား အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်

နေပြည်တော် ဇန်နဝါရီ ၁၆

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စတင်ခွင့်ပြုခဲ့သည့် ၁၉၈၈-၈၉ ဘဏ္ဍာနှစ်မှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁ ရက်အထိ နိုင်ငံပေါင်း ၂၅ နိုင်ငံမှ စီးပွားရေးကဏ္ဍ ၁၁ ခုတွင် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းပေါင်း ၃၈၁ ခုမှ စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၄၂၀၀ ဒသမ ၀၀၂ သန်းဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်လာခဲ့ပါကြောင်းဖြင့် ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့၌ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီက ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့်၏ **နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးလုပ်ရန် မည်သည့်နိုင်ငံ၊ မည်ကဲ့သို့သော လုပ်ငန်းမျိုး၊ ရင်းနှီးမြှုပ်နှံမှုသန်းပေါင်းမည်မျှနှင့် နိုင်ငံသားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ မည်မျှရရှိပြီးသည်ကို သိလိုသည့်** မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးက ကဏ္ဍအလိုက် ရင်းနှီးမြှုပ်နှံမှု၌ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍက လုပ်ငန်း ၆၄ ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၃၆၃၀၀ ဒသမ ၁၀၂ သန်း၊ လျှပ်စစ်ကဏ္ဍကလုပ်ငန်းခြောက်ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ ဒေါ်လာ ၁၃၂၅၄ ဒသမ ၄၃၂ သန်း၊ သတ္တုကဏ္ဍက လုပ်ငန်း ၁၀ ခု၊ ရင်းနှီးမြှုပ်နှံသည့်ပမာဏ ဒေါ်လာ ၂၃၀၈ ဒသမ ၅၃၆ သန်း

ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်ခင်စန်းရီ ဖြေကြားစဉ်။
(သတင်းစဉ်)

ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ စတင်ပြဋ္ဌာန်းသည့် ၁၉၈၈ ခုနှစ်မှ ၃၁-၁၂-၂၀၁၃ နေ့အထိ ပြည်တွင်းလုပ်သား ၃၀၅၂၁၄ ဦးတို့အား အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ခဲ့ပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး၏ **နိုင်ငံတစ်ဝန်း တရားဝင်ဖွင့်လှစ်ထားသော ကျောင်းများတွင် ကျောင်းသား ကျောင်းသူများအား ဖုန်း၊ ဂိမ်းစက်၊ အင်တာနက်သုံး ကိရိယာနှင့် အခြားအီလက်ထရွန်နစ်ပစ္စည်းများ သယ်ဆောင်အသုံးပြုခြင်းကို တားဆီးထိန်းချုပ်ရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာ ဇော်မင်းအောင်က ပညာရေးဝန်ကြီးဌာန အနေဖြင့် အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများအား လက်ကိုင်ဖုန်းများသယ်ဆောင် အသုံးမပြုရန် ညွှန်ကြားထားခြင်းမရှိသော်လည်း ကျောင်းသားကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်းနှင့် အကျင့်စာရိတ္တတို့ကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်နေသည့်အတွက် ကျောင်းစာသင်ချိန်အတွင်း၌ တယ်လီဖုန်းသုံးခြင်း၊ အင်တာနက်၊ ဂိမ်း၊ ဗီဒီယိုရုပ်ရှင်စသည့် အခြားအီလက်ထရွန်နစ်ပစ္စည်းများကို လွဲမှားစွာ အသုံးမပြုကြစေရန် ကျောင်းအုပ်ကြီးများ ဦးဆောင်သော ကျောင်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ကျောင်းစည်းကမ်းသတ်မှတ်ချက်ဖြင့် ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျောင်းသား မိဘများအနေဖြင့်လည်း မိမိတို့ကလေးများ ခေတ်ပေါ် အီလက်ထရွန်နစ်ပစ္စည်းများကို လွဲမှားစွာ အသုံးမပြုစေရေး ကြပ်မတ်ထိန်းကျောင်းရန် လိုအပ်မည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး၏ **ဓာတ်မြေဩဇာများထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်က စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးအမှန်တကယ် ဆောင်ရွက်သူများ လက်ဝယ်သို့ ဈေးနှုန်းချိုသာစွာဖြင့် ရောက်ရှိရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တစ်ဆင့်လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ယူသတ်မှတ်ပေးသည့် Authorized Dealers များမှတစ်ဆင့် လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့်လည်းကောင်း၊ မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းလက်အောက်ရှိဆန်စပါးအထူးပြုကုမ္ပဏီများမှ တစ်ဆင့် လည်းကောင်း စက်ရုံများ၏ထုတ်လုပ်နိုင်မှုနှင့် လိုအပ်ချက်များအပေါ်အခြေခံ၍ အချိုးကျ ဖြန့်ဖြူးရောင်းချပေးလျက် ရှိပါကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဖြန့်ဖြူးရန် တောင်းခံသည့် ပမာဏမှာ ၈၆၁၇၃၇ တန် ဖြစ်သော်လည်း စွမ်းအင်ဝန်ကြီးဌာနက ဖြန့်ဖြူးပေးနိုင်သည့် ပမာဏမှာ ၂၀၈၆၁၄ ဒသမ ၄၅ တန် ဖြစ်သည့်အတွက် လိုအပ်

ဗိုလ်တထောင် မဲဆန္ဒနယ်မှ ဦးစိန်မြင့် မေးမြန်းစဉ်။
(သတင်းစဉ်)

ချက်၏ ၂၄ ဒသမ ၂၀ ရာခိုင်နှုန်းသာ ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း၊ သို့ရာတွင် လိုအပ်ချက်များ ပြည့်မီစေရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဓာတ်မြေဩဇာတန်ခြောက်သိန်းခန့်အား နယ်စပ်နှင့် ပုံမှန်လမ်းကြောင်းများမှ တင်သွင်းခွင့်ပြုခဲ့ပါကြောင်း။

အမှတ်(၁) ရေနံချက်စက်ရုံ (သန်လျင်)မှ ထုတ်လုပ်သော Woven Poly Propylene (WPP) အိတ်များမှာ Woven 10 x 10 နှင့် ကော်စေ့နှင့် Calcium Carbonateအချိုး (8း1) ရှိသည့်အတွက် အရည်အသွေးကောင်းမွန်သည့် အိတ်များဖြစ်ပြီး အရောင်အသွေးမှာ အနည်းငယ်နောက်သော်လည်း ပိုမိုခိုင်ခံ့ကောင်းမွန်ပါကြောင်း၊ လက်ရှိထုတ်လုပ်နေသည့် အိတ်ခွံများအား ချည်သားညီညာမှုရှိစေရန်နှင့် ချည်သားထပ်မှုမရှိစေရန် စမ်းသပ်ထုတ်လုပ်လျက်ရှိပါကြောင်း။

တောင်သူလယ်သမား တစ်ဦးချင်း တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းလိုက်သော်လည်းကောင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှတစ်ဆင့် လျှောက်ထားဝယ်ယူနိုင်ပါကြောင်း၊ သနပ်ပင်မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီမှ ဤဝန်ကြီးဌာနသို့ ယနေ့ထိ ဓာတ်မြေဩဇာ ဝယ်ယူခွင့် လျှောက်ထားလာခြင်း မရှိသေးသည်ကို စိစစ်တွေ့ရှိရပါကြောင်းနှင့် ကော်မတီအနေဖြင့် ယူရီးယားဓာတ်မြေဩဇာများကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှတစ်ဆင့် လျှောက်ထား ဝယ်ယူနိုင်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အစည်းအဝေးတွင် **ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက လေ့လာတွေ့ရှိချက်အစီရင်ခံစာ တင်သွင်းခဲ့သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

နိုင်ငံတကာဥပဒေကျင့်ထုံးများနှင့်အညီ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ(မူကြမ်း)ကို ရေးဆွဲနိုင်

နေပြည်တော် ဇန်နဝါရီ ၁၆

အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အစီအစဉ် (၁၁) ခုဖြင့် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်၏ **"SME ၏ ထုတ်ကုန်များကို ပြည်ပသို့တင်ပို့နိုင်ရန် ထောက်ပံ့ဆောင်ရွက်ပေးထားမှု ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်းက မြန်မာနိုင်ငံရှိ SME လုပ်ငန်းများသည် ၁၉၉၀ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေအရ ဆောင်ရွက်လျက်ရှိရာ ထိုဥပဒေသည် ခေတ်ကာလအခြေအနေနှင့် ကိုက်ညီမှုမရှိတော့သည့်အတွက် နိုင်ငံတကာဥပဒေကျင့်ထုံးများနှင့်အညီ SME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ (မူကြမ်း)ကို ရေးဆွဲနိုင်ခဲ့ပြီး အတည်ပြု ပြဋ္ဌာန်းနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အသေးစားနှင့် အလတ်စား လုပ်ငန်းရှင်များအား ဈေးကွက်ဆိုင်ရာတင်ဒါတင်သွင်းခြင်းကိစ္စရပ်များ ပိုမို နားလည်တတ်ကျွမ်းစေရန် တင်ဒါတင်သွင်းခြင်းဆိုင်ရာ General Procurement Training ကို အခမဲ့ သင်တန်း ၂၅ ကြိမ်ပို့ချပြီးဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများရှိ သက်ဆိုင်ရာပြပွဲများတွင် ပါဝင်လေ့လာ ဆောင်ရွက်နိုင်ရန် 2013 ASEAN Festival Calendar ကို ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများ အသင်းနှင့်စက်မှုဇုန်များသို့ ဖြန့်ဝေရန်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ၏ ထိပ်တန်းအသေးစားနှင့်အလတ်စားလုပ်ငန်း(၁၀၀)၏ စာရင်းကို ASEAN ၏ Website တွင် လွှင့်တင်နိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ထုတ်ကုန်အရည်အသွေး မမှန်သဖြင့် ပြည်ပဈေးကွက်ပျက်နေသည့် လုပ်ငန်းများအတွက် PUM Netherlands Expert အဖွဲ့မှ ပညာရှင်များဖိတ်ကြား၍ အသေးစား၊ အလတ်စားလုပ်ငန်းများတွင် ကြုံတွေ့နေရသော အခက်အခဲများကို ဝိုင်းဝန်းအဖြေရှာပေးခြင်း၊ မြန်မာ့ယဉ်ကျေးမှုကို အခြေခံသည့် ထုတ်လုပ်မှုလုပ်ငန်းများအား အပြည်ပြည်ဆိုင်ရာဈေးကွက်သို့ တိုးချဲ့ဝင်ရောက်နိုင်ရေးအတွက် အခွင့်အလမ်းများရရှိလာစေရန် အကြံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အသေးစား၊ အလတ်စား လုပ်ငန်းများအနေဖြင့် လုပ်ငန်းတူအုပ်စုများစုပေါင်း၍ ပို့ကုန်တင်ပို့နိုင်ရန် Export Consortia အသင်းဖြစ်ပေါ်ရေး၊ SME Cluster Development ဖြစ်ရေးတို့အတွက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောမော်ထွန်း၏ **"ပဲခူးမြို့နယ်အတွင်း ပဲခူးရိုးမတောင်အစပ်ရှိ ကျေးရွာများကို ဆင်များအန္တရာယ်မှကာကွယ်ပေးရန် အစီအစဉ် ရှိ/မရှိ"** မေးခွန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က တောဆင်ရိုင်းများကို ထိန်းသိမ်း ကာကွယ်စောင့်ရှောက်နိုင်ရန် ဆင်များ၏ မူလကျက်စားရာနယ်မြေများကို ဆင်ဘေးမဲ့တောများအဖြစ် ရွှေဥဒေါင်းတောရိုင်း

ဒုတိယဝန်ကြီး ဒေါ်လဲ့လဲ့သိန်း ဖြေကြားစဉ်။
(သတင်းစဉ်)

တိရစ္ဆာန်ဘေးမဲ့တော၊ ထမံသီ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော၊ အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်၊ ရခိုင်ရိုးမဆင်ဘေးမဲ့တောနှင့် ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတို့ကို သဘာဝနယ်မြေများအဖြစ် သတ်မှတ်တည်ထောင်၍ ထိန်းသိမ်းလျက် ရှိပါကြောင်းနှင့် မြောက်ဇာမရီ ဆင်ဘေးမဲ့တောကို တိုးချဲ့ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

တောဆင်ရိုင်းများ ကျက်စားရာနေရာများတွင် လူများအခြေချနေထိုင်ခြင်း၊ စိုက်ပျိုးမြေများချဲ့ထွင်ခြင်းကြောင့် ဆင်နှင့်ပဋိပက္ခများဖြစ်ပွားရခြင်းဖြစ်ပါကြောင်း၊ လူနှင့်ဆင်ပဋိပက္ခဖြစ်ပွားမှုကြောင့် အသက်၊ အိုးအိမ်၊ စည်းစိမ်ဆုံးရှုံးမှုများ လျော့နည်းစေရန် တောဆင်ရိုင်းများ ဝင်ထွက်သွားလာသည့် လမ်းကြောင်းများဖော်ထုတ်ခြင်း၊ အတားအဆီးများစီမံခြင်း၊ ကင်းစနစ်ထားရှိပြီး ကြိုတင်အသိပေးခြင်း၊ သီးနှံခင်းများနှင့် လူနေဒေသများအတွင်းသို့ တောဆင်ရိုင်းများ ဝင်ရောက်ပါက လိုက်လံမောင်းနှင်ပေးခြင်း၊ ကျုံး၊ စည်းရိုးအတားအဆီးများ ပြုလုပ်ခြင်း၊ ပညာပေးဟောပြောမှု အစီအစဉ်များဆောင်ရွက်ပေးခြင်း၊ ဆင်စားကျက်များ ပြန်လည်စိုက်ပျိုးထူထောင်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဌာနပိုင်ဆင်များနှင့် ပုဂ္ဂလိကပိုင်အိမ်မွေးဆင်များကို သက်ဆိုင်ရာဆင်စခန်းများနှင့် သစ်တောများတွင် စားကျက်သတ်မှတ် လွှတ်ကျောင်းခြင်း၊ လုံခြုံစိတ်ချရမှုရှိစေခြင်း၊ ဆင်လွှတ်ကျောင်းမှုများကို အသိပေးကြေညာစေခြင်း၊ သတင်းပို့စေခြင်း၊ ပျက်စီးမှုများအတွက် တည်ဆဲဥပဒေများအရ အရေးယူခြင်း၊ လျော်ကြေးပေးဆောင်စေခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းထားသည့် **"သစ်တောဂေဟစနစ်မျိုးစုံ (Forest Ecosystem)နှင့် ဇီဝမျိုးစုံမျိုးကွဲ (Biodiversity) ကြွယ်ဝသည့် မြန်မာနိုင်ငံ၏ အမြဲတမ်းသစ်တောနယ်မြေများ (Permanent Forest Estate-PFE)ထာဝစဉ် ဖွံ့ဖြိုးရှင်သန်နေစေရေး မြန်မာ့သစ်တောမူဝါဒကို လက်တွေ့ပဓာနကျစွာ ပုံဖော်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးတို့က ဆွေးနွေးခဲ့ကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က သစ်တောများကို ထိရောက်စွာကာကွယ်နိုင်ရန်အတွက် အမြဲတမ်းသစ်တောနယ်မြေများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ် ၃၀ ပင်မစီမံကိန်းအရ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ ဖွဲ့စည်းမည့် ရည်မှန်းချက်မှာ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ၃၀ ရာခိုင်နှုန်းနှင့် သဘာဝနယ်မြေ ၁၀ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ လက်ရှိကာလအထိ ဖွဲ့စည်းပြီးပမာဏမှာ ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တော ၂၅ ဒသမ ၀၁ ရာခိုင်နှုန်းနှင့် သဘာဝနယ်မြေ ၅ ဒသမ ၆၁ ရာခိုင်နှုန်းဖြစ်ပါကြောင်း၊ ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တော ၉၄ ခုနှင့် သဘာဝနယ်မြေနှစ်ခု တိုးချဲ့ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

၂၀၁၀ ခုနှစ် သစ်တောဖုံးလွှမ်းမှုမှာ(၄၆ ဒသမ ၉၆)ရာခိုင်နှုန်းဖြစ်ပြီး နှစ်စဉ်ပျမ်းမျှ သစ်တောပြုန်းတီးမှုမှာ (၀ ဒသမ ၅၅)ရာခိုင်နှုန်းဧက ကိုးသိန်းကျော်ဖြစ်ပါကြောင်း၊ ကမ္ဘာပေါ်ရှိနှစ်စဉ် သစ်တောဧရိယာအများဆုံးပျက်စီးသည့် ၁၀ နိုင်ငံစာရင်းတွင် မြန်မာနိုင်ငံသည် ၁၉၉၀-၂၀၀၀ ကာလအတွင်း အဆင့်(၄)နေရာမှ ၂၀၀၀-၂၀၁၀ ကာလတွင် အဆင့်(၈)သို့ လျှော့ချနိုင်ခဲ့ပါကြောင်း။

သစ်တောစိုက်ခင်းများ တည်ထောင်ပေးခြင်း၊ ပြည်သူလူထုပူးပေါင်းပါဝင်သော သစ်တောလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းတည်ထောင်ခွင့်ပြုခြင်း၊ ရွှေနှင့် သတ္တုအမျိုးမျိုး တူးဖော်ထုတ်လုပ်မှုနှင့် အခြားမြေအသုံးချမှုများကြောင့်ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်း

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည် မေးမြန်းစဉ်။
(သတင်းစဉ်)

ကျင်နှင့် လူမှုရေးထိခိုက်မှုများကို လျော့နည်းသက်သာစေရန် ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပေးခြင်း၊ မြေအသုံးချမှုဇုန်များ ခွဲခြားသတ်မှတ်ခြင်း၊ ရေဝေရေလဲဒေသများ ထိန်းသိမ်းကာကွယ်ခြင်း၊ ဒီရေတောများ ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တော ပြုန်းတီးခြင်းနှင့် သစ်အတန်းအစားကျဆင်းခြင်းမှ ကာဗွန်ထုတ်လွှတ်မှု လျှော့ချခြင်း၊ သစ်တောနယ်မြေများအတွင်း နှစ်ကာလအတန်ကြာ ကျူးကျော် ဝင်ရောက်နေထိုင်လုပ်ကိုင်သည့် ကျေးရွာ၊ လယ်၊ ယာများကို စီမံဆောင်ရွက်ပေးခြင်း၊ တရားမဝင်သစ်များ

စာမျက်နှာ ၉ သို့

ပြည်တွင်းသတင်း

❐ ရှေ့ဖုံးမှ

အလားတူ မကွေးမြို့မှ ဒေသခံပြည်သူများကလည်း မြို့အဝင်လမ်းနှင့် မြို့တွင်းလမ်းတစ်လျှောက် လှိုက်လှဲစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် မကွေးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြင့်တင်ရေးအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများမှ အသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတဦးသိန်းစိန်က အဖွင့်အမှာစကား ...

မိမိတို့၏ စားဝတ်နေရေးအတွက် ဖူလုံမှုမရှိခြင်း၊ မိမိတို့ကလေးများကို အတန်းပြီးဆုံးအောင် ကျောင်းထားမပေးနိုင်ခြင်း၊ နေထိုင်မကောင်းဖြစ်သော အခါ ဆေးဖိုးဝါးခမတတ်နိုင်၍ ဆေးဝါးကောင်းကောင်း မကုသနိုင်ခြင်းများ ရှိနေပါကြောင်း။

ဝိုင်းဝန်းကူညီဆောင်ရွက်

ထို့ကြောင့် လယ်ယာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားစိုက်နိုင်အောင် လယ်ယာလုပ်ငန်းကို မှီခိုနေကြရသော လယ်ယာအလုပ်သမားများအနေဖြင့် တစ်နှစ်ပတ်လုံး အလုပ်အကိုင်ရရှိအောင် ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ လယ်ယာလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေရရှိရေး၊ အထွက်ကောင်းမျိုးများရရှိရေး၊ သွင်းအားစုများရရှိရေး၊ ရင်းနှီးငွေရရှိရေးနှင့် သိပ္ပံနည်းကျစိုက်ပျိုးနိုင်ရေးတို့ကို တောင်သူလယ်သမားများနှင့်အတူ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအပြင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာနတို့မှ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်း၊ ယခုဆိုလျှင် သမဝါယမဝန်ကြီးဌာနအနေဖြင့် သမဝါယမအသင်းသားများ၏ လုပ်ငန်း အရင်းအနှီးရရှိစေရေးအတွက် အသေးစားချေးငွေကျပ်သန်းပေါင်း ၃၄၃၁ ဒသမ ၅၅ သန်း ထုတ်ချေးပေးသွားမည်ဖြစ်ပြီး ဝန်ထမ်းများအပါအဝင် မြို့ပြနေ အခြေခံလူတန်းစားများအတွက် ချေးငွေကျပ်သန်း ၁၁၇ ဒသမ ၅၈ သန်း တန်ဖိုးရှိသော သုံးဘီးဆိုင်ကယ်၊ မော်တော်ဆိုင်ကယ်နှင့် အပ်ချုပ်စက်တို့ကိုလည်း မိမိတို့ကြိုက်နှစ်သက်ရာ အမျိုးအစားအလိုက် အရစ်ကျငွေချေစနစ်ဖြင့် ဆောင်ရွက်ပေးသွားမည်ဟု သိရပါကြောင်း၊ ထို့အပြင် လယ်ယာသုံးစက်ကိရိယာများအတွက် ချေးငွေကျပ် ၈၈၄ ဒသမ ၉၄ သန်း တန်ဖိုးရှိသော လယ်ယာသုံးစက်ကိရိယာများကိုလည်း ပေးသွားမည်ဖြစ်ပါကြောင်း။

ဤလုပ်ငန်းသည် ငွေကြေးအရင်းအနှီးချို့တဲ့သော အသင်းသူ အသင်း...

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများသို့ ခရိုင်အလိုက် အသေးစားချေးငွေများပေးအပ်စဉ်။ (သတင်းစဉ်)

ဖြစ်ပါကြောင်း၊ အလားတူ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ကျေးလက်နေပြည်သူများအတွက် ဆောင်းသီးနှံအသေးစားချေးငွေပေါင်း ၃၇၃၆၁၅ ဒသမ ၇၇ သိန်းကိုလည်း ယခုဇန်နဝါရီလအတွင်း ဆက်လက်ထုတ်ချေးပေးသွားမည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ၂၀၁၂ ခုနှစ် အောက်တိုဘာလမှစတင်ပြီး ပြည်သူများ၏ အရင်းအနှီးအတွက် ကျပ်သန်းပေါင်း ၁၁၆၀၅၃ ဒသမ ၀၉၈ သန်းကျော် ထုတ်ချေးပေးထားပြီး တန်ဖိုးငွေကျပ်သိန်းပေါင်း ၂၆၅၀၀ ဒသမ ၉၄၂ သိန်းရှိ လယ်ယာသုံး၊ လုပ်ငန်းသုံးယာဉ်နှင့် ပစ္စည်း၊ ရေလုပ်ငန်းပစ္စည်းစုစုပေါင်းအရေအတွက် ၂၉၈၁ ခုကိုလည်း အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးပြီးဖြစ်ပါကြောင်း၊ အသေးစားချေးငွေလုပ်ငန်းကို ပြည်သူများ အတိုးကြီးပေး၍ ငွေချေးယူနေရသည့် အခြေအနေမှ လတ်တလော သက်သာလာစေရန်နှင့် နောင်လေးငါးနှစ်အတွင်းတွင် ငွေချေးယူစရာမလိုတော့ဘဲ မိမိပိုင်ငွေဖြင့် မိမိလုပ်ငန်းလုပ်နိုင်လာစေရန်၊ ထိုမှတစ်ဆင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်သည့် Sustainable Development ဖြစ်လာစေရန် ရည်မှန်းချက်ထား ဆောင်ရွက်ပေးနေခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက တိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြင့်တင်ရေးလုပ်ငန်းများအား ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာတွင် တိုင်းဒေသကြီးအတွင်းမြို့နယ်များရှိ သမဝါယမအသင်း ၄၈၉ သင်းအား ၂၀၁၂ခုနှစ် ဒီဇင်ဘာလတွင် ကနဦးမတည်ငွေကျပ် ၁၂၅၆၂ ဒသမ ၉၇သိန်း၊ ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် ဒုတိယအကြိမ်အဖြစ် သမဝါယမအသင်း ၂၁၇ သင်းအား ပံ့ပိုးငွေကျပ်သိန်း ၅၀၀၀ ပံ့ပိုးပေးခဲ့ပြီး ဖြစ်ပါကြောင်း။

... များနှင့် လုပ်ငန်းသုံးစက်ပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်သမ္မတသည် မကွေးမြို့ မြေလတ်သားအထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းလီမိတက်၏ နှမ်းအခွံချွတ်နှင့် နှမ်းလှော်ဆီမွှေးစက်ရုံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ တိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများသို့ ခရိုင်အလိုက် အသေးစားချေးငွေများပေးအပ်စဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက စက်ရုံမှ နှမ်းလှော်ဆီမွှေးကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်တင်ပို့မည့် အခြေအနေများကို ပဏာမရှင်းလင်းပြောကြားပြီး သမဝါယမအသင်းလီမိတက်မန်နေဂျင်းဒါရိုက်တာနှင့်ဒါရိုက်တာတို့က စက်ရုံတည်ဆောက်ခဲ့မှု၊ ကုန်ကြမ်းရရှိမှုနှင့် ပြည်ပသို့တင်ပို့ရောင်းချမည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် တီထွင်ကြံဆဆောင်ရွက်မှုမှာ အလွန်ဝမ်းမြောက်စရာကောင်းပါကြောင်း၊ ပြည်ပသို့ဈေးကွက်ပိုမိုချဲ့ထွင်နိုင်အောင်လည်း ကြိုးစားဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တောင်သူများ၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာရေးအတွက် အခြေခံအကျဆုံးမှာ သမဝါယမအသင်းများပင်ဖြစ်ရာ ဒေသခံတောင်သူများနှင့် ထိတွေ့ဆက်ဆံပြီး ကူညီဆောင်ရွက်ပေးကြရန် ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးရေးသာမက နေ့စဉ် ဝင်ငွေရရှိစေရန် နို့စားနွားမွေးမြူရေးလုပ်ငန်းကိုလည်း တွဲဖက်လုပ်ကိုင်လာကြစေရန် စည်းရုံးဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်အနေဖြင့်လည်း ပြည်သူများ နို့ သောက်သုံးသည့် အလေ့အကျင့်ရရှိစေရန် သမဝါယမအသင်းများသို့ နို့ ထုတ်လုပ်ရေးစက်များ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သမဝါယမအသင်းစုလီမိတက်ဥက္ကဋ္ဌ ဦးအင်းယားတို့က နှမ်းအခွံချွတ်နှင့် နှမ်းလှော်ဆီမွှေးစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး နိုင်ငံတော်သမ္မတက စက်ရုံဆိုင်းဘုတ်ကိုစက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ...

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်းနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Yang Houlan တို့ အမှတ်တရဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမြသိန်းအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr.Yang Houlan သည် ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဧည့်ခန်းမသို့လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ လုပ်ငန်းတာဝန်များ၊ ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စရပ်များ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့် တရားဥပဒေရေးရာကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ခုံရုံးအဖွဲ့ဝင်များဖြစ်ကြသော ဒေါ်လှမျိုးနွယ်၊ ဦးမြသိန်း၊ ဦးတင်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၄ ခုနှစ်၊ (၆၇) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုကြီးအတွင်း တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက် အတူတကွ ပူးပေါင်းနေထိုင်ရေး။

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

☆ ရရှိထားပြီးဖြစ်သည့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုကို ခိုင်မာအောင် တည်ဆောက်ရေး။

☆ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို နိုင်ငံသားအားလုံး အသိစိတ်ဓာတ်ဖြင့် ပါဝင်ဆောင်ရွက်ရေး။

☆ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို ပြည်သူအားလုံး လက်တွဲပူးပေါင်းတည်ဆောက်ရေး။

အစိုးရသစ်လက်ထက် အလုပ်အကိုင်ရရှိမှု တိုးတက်ဖော်ဆောင်ပေးနိုင်

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း ... အကိုင်ရရှိမှုသည် ၂၀၁၁ ခုနှစ်အတွင်း ၃၁၈၀၁၇ ဦးရှိရာမှ ၂၀၁၂ ခုနှစ် ...

... များတွင် ပြည်တွင်းအလုပ်အကိုင် ရရှိခဲ့မှုအခြေအနေမှာ ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ခုနှစ်အထိ ရှစ်နှစ်တာကာလအတွင်း ၉၄၇၀၁၅ ဦးသာ ရှိခဲ့ရာမှ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ် သုံးနှစ်တာကာလအတွင်း ၁၁၃၃၂၃၄ ဦးအထိ တိုးတက်ရရှိခဲ့ပါသည်။ နှစ်အလိုက် နှိုင်းယှဉ်ပြမည်ဆိုပါက ပြည်တွင်းအလုပ် ...

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့တွင် ကျင်းပသည့် အလုပ်အကိုင်အခွင့်အလမ်းပြပွဲတွင် လာရောက်အလုပ်လျှောက်ထားသူများအား One Stop Service ဖြင့် ဆောင်ရွက်ပေးစဉ်။ (သတင်းစဉ်)

... ၃၆၅၂၆၂၅ ဦး ရှိရာမှ ၂၀၁၂ ခုနှစ်တွင် ၄၁၉၉၈၄၀ ဦးအထိ ရှိလာသည့် အတွက် ၁၄ ဒသမ ၉၈ ရာခိုင်နှုန်း တိုးတက်လာကြောင်း တွေ့ရှိရပါသည်။

၅။ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနသည် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန လက်အောက်တွင် တိုင်းဒေသကြီး/ ပြည်နယ်ရုံး ၁၄ ရုံးနှင့် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံး ၇၇ ရုံး စုစုပေါင်း ရုံး ၉၀ ဖြင့် အလုပ်အကိုင် ရရှိရေးဆောင်ရွက်ပေးနေသည့်အပြင် သွားလာရေးခက်ခဲပြီး ရုံးဖွင့်လှစ်နိုင်ခြင်း မရှိသေးသည့်ဒေသများသို့ Mobile Team များဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ ပြည်တွင်း/ပြည်ပ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများအား တရားဝင်လိုင်စင်ထုတ်ပေး၍ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်စေခြင်း၊ ဝန်ကြီးဌာန ၏ကြီးကြပ်မှုဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများပူးပေါင်း၍ အလုပ် အကိုင်အခွင့်အလမ်းပြပွဲ (Job Fair) များ ကျင်းပ၍ One Stop Service ဖြင့် အလုပ်အကိုင်ရရှိရေးဆောင်ရွက်ပေး ခြင်းစသည်တို့ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိပါသည်။

၆။ လက်ရှိနိုင်ငံတော်၏ ကဏ္ဍစုံပြောင်းလဲတိုးတက်လာသည့် အခြေအနေများကြောင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများအတွက် ပြည်တွင်း၊ပြည်ပအလုပ်အကိုင်များ တိုးတက်ရရှိအောင် အတိုင်းအတာတစ်ရပ်အထိ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများတိုးတက်ဝင်ရောက်လာမည်ဆိုပါက စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ ပိုမိုများပြားလာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ ထပ်မံပေါ်ပေါက်လာပြီးအလုပ်ရရှိမှုများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ပါသည်။

ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရရှိမှုအခြေအနေ

စဉ်	ခုနှစ်	အလုပ်ရရှိမှု		
		ပြည်တွင်း	ပြည်ပ	စုစုပေါင်း
၁။	၂၀၁၁	၃၁၈၀၁၇	၁၈၂၈၀	၃၃၆၂၉၇
၂။	၂၀၁၂	၃၉၇၅၃၉	၆၈၄၃၉	၄၆၅၉၇၈
၃။	၂၀၁၃	၄၁၇၆၇၈	၆၆၈၄၁	၄၈၄၅၁၉
	စုစုပေါင်း	၁၁၃၃၂၃၄	၁၅၃၅၆၀	၁၂၈၆၇၉၄

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ အဆိုပြုလွှာတင်ပြသည့် လုပ်ငန်းရှင်များသိသာရန်

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုမိန့်ရရှိရေးအတွက် ဆောင်ရွက်ရသည့်လုပ်ငန်းစဉ်အဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သတ်မှတ်ထားသော အဆိုပြုလွှာပုံစံတွင် ရင်းနှီးမြှုပ်နှံသူ (သို့) ကမကထပြုသူမှ ရေးသားဖြည့်သွင်းပြီး ပြည့်စုံသော အဆိုပြုလွှာ ပြုစုရပါမည်။

(ခ) ၎င်းအဆိုပြုလွှာကို နေပြည်တော်ရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးအဖွဲ့သို့လည်းကောင်း၊ ရန်ကုန်(ရုံးခွဲ)သို့လည်းကောင်း သွားရောက်တင်ပြရပါမည်။ တင်ပြလာသော အဆိုပြုလွှာကို ကော်မရှင်ရုံးအဖွဲ့ဝန်ထမ်းများက စာရွက်စာတမ်း ပြည့်စုံမှု ရှိ၊ မရှိ စိစစ်၍ လက်ခံပါသည်။

(ဂ) ပြည့်စုံသောအဆိုပြုလွှာကို နေပြည်တော်၌ အပတ်စဉ်ကျင်းပသည့် အဆိုပြုလွှာစိစစ်ရေးအဖွဲ့ (Proposal Assessment Team) အစည်းအဝေးသို့ တင်ပြဆွေးနွေးပါသည်။

(ဃ) အဆိုပြုချက်စိစစ်ရေးအဖွဲ့ (Proposal Assessment Team) အစည်းအဝေးမှ အတည်ပြုလျှင် အဆိုပြုချက်ကို လက်ခံကြောင်း/ငြင်းပယ်ကြောင်း အဆိုပြုလွှာတင်သွင်းသူထံသို့ အကြောင်းပြန်ပါသည်။

(င) လက်ခံပြီးသည့် အဆိုပြုလွှာနှင့်ပတ်သက်၍ ကော်မရှင်ရုံးအဖွဲ့က သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့သဘောထား၊ သက်ဆိုင်ရာဝန်ကြီးဌာန သဘောထားများ တောင်းခံပါသည်။

(စ) သဘောထားမှတ်ချက်များ ပြည့်စုံပါက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးသို့ အဆိုပြုချက်ကို တင်ပြဆွေးနွေးပါသည်။ အဆိုပါအစည်းအဝေးသို့ ရင်းနှီးမြှုပ်နှံသူ (သို့) ကမကထပြုသူကို ဖိတ်ကြား၍ တက်ရောက်ဆွေးနွေးတင်ပြခွင့်ပြုပါသည်။

(ဆ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးမှ ခွင့်ပြုကြောင်း ဆုံးဖြတ်ပါက ရင်းနှီးမြှုပ်နှံသူထံ ခွင့်ပြုမိန့်ထုတ်ပေးပါသည်။

၂။ အထက်အပိုဒ် ၂ ပါ လုပ်ငန်းများဆောင်ရွက်ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၂၀(ခ)၊ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၈(ခ)တို့အရ အဆိုပြုချက်ကို လက်ခံပြီးချိန်မှ ရက်ပေါင်း ၉၀ အတွင်း ကော်မရှင်မှ ခွင့်ပြုမိန့်ထုတ်ပေးမည် ဖြစ်ပါသည်။

၃။ ရင်းနှီးမြှုပ်နှံမှုအဆိုပြုလွှာတင်ပြခြင်း၊ စိစစ်ခြင်း၊ ခွင့်ပြုမိန့်ထုတ်ပေးခြင်းတို့နှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ရင်းနှီးမြှုပ်နှံသူမှ ဝန်ဆောင်ခနှင့် အခြားအခကြေးငွေများပေးဆောင်ရန် မလိုအပ်ပါ။

၄။ အသေးစိတ်သိရှိလိုပါက အောက်ပါတယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

ညွှန်ကြားရေးမှူးချုပ်	၀၆၇-၄၀၆၁၂၂
ဒုတိယညွှန်ကြားရေးမှူးချုပ်	၀၆၇-၄၀၆၃၄၂
ညွှန်ကြားရေးမှူး (နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဌာန)	၀၆၇-၄၀၆၃၃၄
ညွှန်ကြားရေးမှူး (မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဌာန)	၀၆၇-၄၀၆၁၃၉
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့ရုံး	၀၁-၆၅၇၈၉၂

ပြည်တွင်းသတင်း

တိုင်းပြည်အတွင်း တည်ငြိမ်အေးချမ်းမှုများရရှိလာ ထာဝရငြိမ်းချမ်းရေးရရှိရေး ဆက်လက်ကြိုးပမ်းသွားမည်

နေပြည်တော် ဇန်နဝါရီ ၁၆

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှထွန်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းဖြင့် နေပြည်တော်မှ ထွက်ခွာပြီး ဟုမ္မလင်းမြို့သို့ ရောက်ရှိ၍ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးသာအေး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလွင်တို့နှင့်အတူ ဟုမ္မလင်းမြို့တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ရောက်ရှိနေသော သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် သီတဂူအဓိပတိဆရာတော် ဦးဉာဏိဿရအား သွားရောက်ဖူးမြော်ကြသည်။ မွန်းလွဲပိုင်းတွင် သီတဂူအဓိပတိဆရာတော်အား ပင့်ဆောင်လျက် တပ်မတော်ရဟတ်ယာဉ်ဖြင့် ဟုမ္မလင်းမြို့မှ ထွက်ခွာလာရာ လေရှီးမြို့တွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင် ဦးအောင်ဝင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရှိုသီး၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်မြို့မိမြို့ဖများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာများနှင့် ဒေသခံများအားတွေ့ဆုံခဲ့ရာ လေရှီးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ဒေသဆိုင်ရာအချက်အလက်များနှင့် မြို့နယ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအားလည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြို့နယ်တာဝန်ခံနှင့်စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှူးတို့က လေရှီး-ထမံသီလမ်း၊ လေရှီး-ဆွမ္မရာလမ်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ဒေသအထောက်အကူပြုကော်မတီအသီးသီးနှင့်ဒေသခံပြည်သူများက လိုအပ်ချက်များ တင်ပြခဲ့ကြရာ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပေးနေမှုအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ပေးမည့် အစီအမံများအား လည်းကောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ပတ်သက်၍လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လေရှီးမြို့နယ်အတွက် လိုအပ်သည့်ဆရာဝန်များ၊ ဓာတ်မှန်ကျွမ်းကျင်များ ဖြည့်တင်းပေးမည့်အခြေအနေများအား ရှင်းလင်းတင်ပြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဒေသဖွံ့ဖြိုးရေးအတွက် ထောက်ပံ့ငွေများအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ကျေးလက်ဒေသဖွံ့ဖြိုးရေး အထောက်အကူပြုပစ္စည်းများအားလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဆေးဝါးနှင့် လက်ဆောင်ပစ္စည်းများအားလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က Sky Net ရုပ်သံဖမ်းစက်များအားလည်းကောင်း အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းကအမှာစကားပြောကြားရာတွင် နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှ အမြဲတမ်းကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နာဂဒေသသည် ယခင်က လမ်းပန်းဆက်သွယ်ရေးခက်ခဲခဲ့သော်လည်း ယခုအခါဒေသဖွံ့ဖြိုးရေးအတွက် လမ်းများတိုးချဲ့ဖောက်လုပ်ဆောင်ရွက်နေသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ကြရာ၌ အစိုးရနှင့်ပြည်သူညီညာစွာ လက်တွဲလုပ်ဆောင်သွားရန် လိုအပ်ပါကြောင်း၊ ပြည်သူအားလုံး တူညီသောဆန္ဒမှာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှုကို လိုလားကြကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ ဦးဆောင်မှုကြောင့် မိမိတို့တိုင်းပြည်အတွင်း တည်ငြိမ်အေးချမ်းမှုများရရှိလာပြီး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရန်အတွက် မိမိတို့အစိုးရအနေဖြင့် ပြည်သူများနှင့် လက်တွဲကာ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးစသည့်ကဏ္ဍများတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်သူ့ဗဟိုပြုလုပ်ငန်းများ ဆောင်ရွက်သည့်အတွက် အဘက်ဘက်မှဖွံ့ဖြိုးတိုးတက်သောကျေးရွာများ၊ မြို့နယ်များ၊ ဒေသများ အဆင့်ဆင့် ဖြစ်ပေါ်လာဖို့အတွက် ဒေသခံတိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးစည်းလုံးညီညွတ်စွာဖြင့် အတူတကွ ဝိုင်းဝန်းလက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း စသည်ဖြင့် အကျယ်တဝင့်တိုက်တွန်း ပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများသည် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်အားပေးကာ ဒေသခံနာဂတိုင်းရင်းသားများနှင့် အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့ဝင်များသည် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော် ဦးဉာဏိဿရ ဦးဆောင်မှုဖြင့် ဘယ်လ်ဂျီယံနိုင်ငံ မျက်စိနှင့် အထွေထွေခွဲစိတ်ဆရာဝန်၊ သူနာပြုအဖွဲ့၊ သီတဂူမျက်စိအထူးကုအဖွဲ့တို့က ဆောင်ရွက်လျက်ရှိသော ဒေသခံပြည်သူများအား ဆေးကုသမှုများကိုလည်းကောင်း၊ လေရှီးမြို့ပင်မဆေးရုံသစ် ဆောက်လုပ်နေမှုအခြေအနေ၊ ဒေသတွင်း ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းတွင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း တိုးချဲ့ကျောင်းဆောင်သစ် ဖြိုးရတနာစာသင်ဆောင်နှင့် အလင်းတံခါးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနား **(အပေါ်ပုံ)**သို့ တက်ရောက်ခဲ့သည်။ အဆိုပါကျောင်းဆောင်သစ်နှင့် စာကြည့်တိုက်အား တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းငွေကျပ် ၁၂၈ သိန်းဖြင့် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းသို့ သွားရောက်၍ ဒေသခံကျေးရွာများမှ တိုင်းရင်းသူများ သင်တန်းတက်ရောက်နေမှုအခြေအနေအားစစ်ဆေးပြီး သင်တန်းနည်းပြများနှင့် သင်တန်းသူများအား ထောက်ပံ့ငွေများနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ပြီး သင်တန်းသူ အိပ်ဆောင်နှင့်စားရိပ်သာတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် ဇန်နဝါရီ ၁၆

လေသင်တုန်းဖြတ်ရောဂါခံစားရပြီး ရှစ်နှစ်ကြာသတိလစ်မေ့မြောနေခဲ့သော အစ္စရေးနိုင်ငံ၏ (၁၁) ဦးမြောက် ဝန်ကြီးချုပ် အေရီရယ်ရှာရွန်သည် ဇန်နဝါရီ ၁၁ ရက်က ကွယ်လွန်ခဲ့ရာ အမှတ်(၁၅)ခပေါင်လမ်းရှိ အစ္စရေးသံရုံးသို့ ၄င်း၏ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနလေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်က လက်မှတ်ရေးထိုးသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မန္တလေးတက္ကသိုလ် ဘောလုံးပြိုင်ပွဲဖွင့်

မန္တလေး ဇန်နဝါရီ ၁၆

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ၂၀၁၃-၂၀၁၄ ပညာသင်နှစ် မန္တလေးတက္ကသိုလ်ဘာသာရပ်ပေါင်းစုံဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် ညနေ ၃ နာရီက မန္တလေးတက္ကသိုလ်အားကစားကွင်း၌ ကျင်းပရာ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစောပြုံးနိုင်က တက်ရောက်အမှာစကားပြောကြားပြီး ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါ ပြိုင်ပွဲအဖွင့်ပွဲစဉ်တွင် သင်္ချာဘာသာရပ်အသင်းက ဥပဒေဘာသာရပ်အသင်းအား နှစ်ဂိုး-ဂိုးမရှိဖြင့် ယှဉ်ပြိုင်အနိုင်ရရှိသွားပြီး ဘောလုံးပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ဘာသာရပ်အသင်း ခြောက်သင်းပါဝင်ကာ ဇန်နဝါရီ ၁၅ ရက်မှ ၂၅ ရက်အထိ တက္ကသိုလ်အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

အများပြည်သူသို့ အသိပေးပန်ကြားခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သောသစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိသည်။

၂။ သို့ဖြစ်ပါ၍ ၁၈-၁-၂၀၁၃ ရက်နေ့တွင် ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပ၊ ဒဂုံ(ဆိပ်ကမ်း)၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ တောင်ဥက္ကလာပ၊ ရန်ကင်း၊ လှိုင်၊ မရမ်းကုန်း၊ သန်လျင်၊ သုံးခွ၊ ဒလ၊ တွံတေး၊ ဆိပ်ကြီးခနောင်တို၊ အင်းစိန်၊ လှိုင်သာယာ၊ ထောက်ကြန့်၊ မှော်ဘီ၊ ရွှေပြည်သာ၊ လှည်းကူးမြို့နယ်များ၏ ရပ်ကွက်အချို့ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉း၀၀ နာရီမှ ၁၅း၀၀ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်သည်။

၃။ ၁၉-၁-၂၀၁၄ ရက်နေ့တွင် မြောက်ဥက္ကလာပ၊ ဒဂုံ(တောင်)၊ ဗိုလ်တထောင်၊ တောင်ဥက္ကလာပ၊ ပန်းဘဲတန်း၊ အလုံ၊သန်လျင်၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ လှည်းကူးမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉း၀၀ နာရီမှ ၁၅း၀၀ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများ ရှိနိုင်မည်ဖြစ်သည်။

၄။ ယင်းသို့ ဓာတ်အားပြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွှတ်တောင်းပန်ပါကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

ရန်ကုန် – အင်းစိန်လမ်းမကြီးပေါ် ယာဉ်တိုက်မှု ဖြစ်၊ ကားဦးခေါင်းထဲတွင် ညပ်နေသည့် ယာဉ်မောင်းအား မီးသတ်တပ်ဖွဲ့ဝင်များက ကယ်ထုတ်ပေးခဲ့ရ

ရန်ကုန် ဇန်နဝါရီ ၁၆

ဇန်နဝါရီ ၁၅ ရက် ည ၁၀ နာရီခန့်က ရန်ကုန်-အင်းစိန်လမ်းမကြီးပေါ် လှိုင်မြို့နယ် (၁၃)ရပ်ကွက်အတွင်း လှိုင်ရတနာဈေးရှေ့တွင် ယာဉ်နှစ်စီးတိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ အင်းစိန်ဘက်သို့ လှိုင်မြို့နယ်နေ ယာဉ်မောင်းကိုမျိုးမင်းလှိုင် (၃၂ နှစ်) မောင်းနှင်လာသော ယာဉ်အမှတ် ၈C/-----လိုက်ထရပ်(အဖြူရောင်)သည် လှိုင်ရတနာဈေးရှေ့အရောက်တွင် တစ်ဖက်ယာဉ်ကြောသို့ ကွေ့လိုက်စဉ် အင်းစိန်ဘက်မှ ရန်ကုန်ဘက်သို့ လှိုင်မြို့နယ်နေ ယာဉ်မောင်းကိုဝင်းထိုက်အောင် (၃၆ နှစ်)မောင်းနှင်လာသော ၃G/------ကင်တာ(အဖြူရောင်)က အနောက်မှဝင်တိုက်မိခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ယာဉ်တိုက်မှုကြောင့် ကင်တာယာဉ်၏ ဦးခေါင်းပိုင်းချိုင့်ဝင်သွား၍ ယာဉ်မောင်းဖြစ်သူမှာ ခြေထောက်များညပ်နေခဲ့ပြီး လိုက်ထရပ်ယာဉ်မောင်းကိုမျိုးဝင်းလှိုင်မှာလည်း ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။

ယင်းဖြစ်စဉ်သတင်းအား အရန်မီးသတ်တပ်ဖွဲ့ဝင် တပ်ကြပ်ကြီးမင်းစိုးက မီးသတ်တပ်ဖွဲ့သို့ အကြောင်းကြားခဲ့သဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ (၁၉၁)ယာဉ်တစ်စီး၊ လှိုင်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်းမှ မီးငြိမ်းသတ်ရေးယာဉ်တစ်စီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၁၆ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့က အလျင်အမြန်သွားရောက်၍ ကယ်ဆယ်မှုများပြုလုပ်ခဲ့ရသည်။

နောက်မှတိုက်မိသော ကင်တာယာဉ်၏ ဦးခေါင်းပိုင်းပျက်စီးသွားသည်ကို တွေ့ရစဉ်။

မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးက "ကျွန်တော်တို့အနေနဲ့ နာရီဝက်နီးပါးကြိုးစားခဲ့ရတယ်။ နောက်ဆုံးရှေ့လေကာမှန်ခွဲပြီး သယ်ထုတ်ခဲ့ရပါတယ်" ဟု ဆိုသည်။

ဒဏ်ရာရယာဉ်မောင်းနှစ်ဦးအား ယာဉ်ထိန်းတပ်ဖွဲ့မှ လူနာတင်ယာဉ်ဖြင့် ယာဉ်မှုစစ် ရဲအုပ်အောင်ကိုကိုဝင်းက ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ရကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

ပြည်တွင်းနှင့်နိုင်ငံတကာသတင်း

ဆူလာဝေစီပြည်နယ်၌ ဇန်နဝါရီ ၁၅ ရက်က ရေကြီးနေမှုကို တွေ့ရစဉ်။

ဆူလာဝေစီပြည်နယ်၌ ရေကြီးမြေပြို၊ အနည်းဆုံး ၁၃ ဦး သေဆုံး

ဂျကာတာ ဇန်နဝါရီ ၁၆

အင်ဒိုနီးရှားနိုင်ငံ အရှေ့ပိုင်း ဆူလာဝေစီပြည်နယ် မြောက်ပိုင်း၌ ရေကြီးမြေပြိုမှုကြောင့် သေဆုံးသူ ၁၃ ဦးရှိသွားပြီဖြစ်ကြောင်း၊ အဆိုပါ သဘာဝဘေးကြောင့် နှစ်ဦးပျောက်ဆုံးနေပြီး ၄၀၀၀၀ ခန့် ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပြည်နယ်၏မြို့တော် မနာဒို၌မိုးဆက်တိုက်ရွာပြီး မြစ်ရေကြီး၍ တံတားလေးစင်း ကျိုးခဲ့ကြောင်း၊ ယင်းမြို့၌ ဇန်နဝါရီ ၁၅ ရက်မှ စတင်ကာ ရေလွှမ်းခဲ့ရကြောင်း၊ ကားများနှင့်အိမ်များလည်း ရေစီးတွင် မျောပါသွားခဲ့ရကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီပြောရေးဆိုခွင့်ရှိသူ ဆူတိုပိုပါဟိုနျူဂရိုဟိုကပြောကြားသည်။

မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ယင်းပြည်နယ်ရှိ ရှန်ဂီဟေးကျွန်း၌ မြေပြိုမှုဖြစ်ပွားခဲ့ရာ အိမ်အချို့ မြေအောက်ရောက်သွားခဲ့ကြောင်း ဆူတိုပိုက ပြောသည်။ ယင်းသဘာဝဘေးကြောင့် တံတားလေးစင်း ကျိုးကျသွားကြောင်းလည်း ၄င်းကပြောသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

● *ရှေ့ဖုံးမှ*

ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ ထို့နောက် မြန်မာ-မန္တလေးကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာက တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန်တို့အား ဖွင့်ပွဲအထိမ်းအမှတ်အလံများ အသီးသီးပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က ကမ္ပည်းမော်ကွန်းကြေးပြားကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီးနောက် တာဝန်ရှိသူများနှင့်အတူ ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကွန်ဒိုမီနီယံအတွင်း အလှဆင်ထားရှိမှုများကိုလည်းကောင်း၊ အမြင့်ဆုံးအလွှာမှ မန္တလေးမြို့၏ ရှုခင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်သည့် နိုင်ငံတကာအဆင့်မီ မန်းမြန်မာ ၂၅ ထပ် ကွန်ဒိုမီနီယံသည် မန္တလေးမြို့၏ အချက်အချာကျသော စီးပွားရေးဇုန်တွင် တည်ရှိကာ Tower(A) တွင် ၇၂ ခန်း၊ Tower (B) တွင် ၇၂ ခန်း စုစုပေါင်း ၁၄၄ ခန်းပါဝင်ပြီး ကွန်ဒိုတွင် နေထိုင်သူများအတွက် ၂၄ နာရီ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးတို့အတွက် ဝန်ဆောင်မှုပြီးပြည့်စုံစွာဖြင့် အကောင်းဆုံးအစီအစဉ်ထားရှိပြီး ကွန်ဒိုတစ်ခန်းလျှင် စတုရန်းပေ ၂၀၀၀ ကျယ်ဝန်းကာ ဈေးချိုခြောက်ထပ်ခေါင်မိုးပေါ်အထိ မော်တော်ယာဉ်များတက်ဆင်းရန် လမ်းပါဝင်ခြင်း၊ ကားအစီး ၃၀၀ အလုံအလောက်ရပ်နားထားနိုင်သော ကားပါကင်ပါရှိခြင်း၊ ဓာတ်လှေကားရှစ်စင်းပါဝင်ကာ အမြင့်ပေ ၃၀၀ရှိပြီး မြန်မာနိုင်ငံတွင် ပထမဆုံးတည်ဆောက်ပြီးစီးခဲ့သည့် အမြင့်ဆုံးအဆောက်အအုံဖြစ်ကြောင်းနှင့် အဆင့်မြင့်လုံခြုံရေးစနစ်များ၊ မီးဘေးကာကွယ်ရေးစနစ်များပါဝင်ကာ နိုင်ငံတကာနှင့်ဆက်သွယ်နိုင်သည့် WiFi, Internet များလည်း တပ်ဆင်ပေးထားပြီး ငလျင်ဒဏ်ရစ်ချ်တာစကေး ၈ ဒသမ ၅ အထိ ခံနိုင်ရည်ရှိအောင် တည်ဆောက်ထားခြင်းဖြစ်ပါကြောင်း သိရသည်။

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မန်းမြန်မာပလာဇာ ဒုတိယထပ်ရှိ (i) Plaza တွင် Baby Land ခေတ်မီအဆင့်မြင့်ကလေးကစားကွင်း ဖွင့်လှစ်ထားရှိမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

လူသားစားကျားမကြီး လူခုနစ်ဦးကိုက်သတ်ပြီးမှ မုဆိုးများက ဖမ်းဆီးနိုင်

နယူးဒေလီ ဇန်နဝါရီ ၁၆

အိန္ဒိယနိုင်ငံ မြောက်ပိုင်းဥတ္တရပရာဒေ့ရှ်ပြည်နယ်၌ သစ်တောဝန်ထမ်းများက လူသားစားကျားတစ်ကောင်ကို လိုက်လံဖမ်းဆီးရာ နှစ်ပတ်အတွင်း လူခုနစ်ဦးစားပြီးမှ ဖမ်းဆီးလိုက်နိုင်ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါလူသားစားကျားမကြီးသည် အင်္ဂါနေ့က နောက်ဆုံးအမျိုးသမီးတစ်ဦးကို တောနက်ကြီးအတွင်းကိုက်ဖြတ်စားလိုက်သည်ကို တွေ့ရကြောင်း သစ်တောအရာရှိ ရူပက်ဒေးက ပြောသည်။

ယင်းကျားမကြီးသည် လွန်ခဲ့သောလက ဆမ်ဟယ်ခရိုင်၌ အသက် ၆၅ နှစ်အရွယ်ရှိ အမျိုးသမီးကြီးတစ်ဦးအား ပထမဆုံးကိုက်သတ်ခဲ့ကြောင်း ဒေသသတင်းများက ရေးသားဖော်ပြကြသည်။

ယင်းကျားမကြီးသည် သားပေါက်ရန်နေရာအနီး သွားလာသူများအား လိုက်လံကိုက်သတ်နေခြင်းဖြစ်နိုင်ကြောင်း မစ္စတာဒေးက ပြောသည်။ ယင်းဒေသသည် ကျားများသောင်းကျန်းရာဒေသတစ်ခုဖြစ်ပြီး ဒေသခံများက ကျားကိုက်မည်ကို စိုးရိမ်ကြောက်လန့်နေကြကြောင်း မိုရာဒါဘတ်မြို့မှ အစိုးရတာဝန်ရှိသူ ဆလင်းလူမန်အန်ဆိုသူက ပြောသည်။

ယင်းမြို့အနီးဝန်းကျင်ရှိ သစ်တောများအတွင်းတစ်ဦးတည်းမသွားလာရန်လည်း ဒေသခံများကပြောသည်။ မုဆိုးသုံးဦးက ယင်းကျားမကိုဖမ်းရန် ကြိုးစားခဲ့ရကြောင်းလည်း ၄င်းက ပြောသည်။ သီးခြားဖြစ်ရပ်တစ်ခုမှာ တမီးလ်နာဒူးပြည်နယ် အိုတီမြို့တွင်လည်း ကျားတစ်ကောင်က လူသုံးဦးကို ကိုက်သတ်ပြီးနောက် ကျောင်းများ ပိတ်ထားရကြောင်း မီဒီယာများက ဖော်ပြသည်။

(ဘီဘီစီ)

ဘဂ္ဂဒက်၌ ဇန်နဝါရီ ၁၅ ရက်က ကားဗုံးခွဲတိုက်ခိုက်မှု ဖြစ်ပွားပြီး တွေ့ရစဉ်။

အီရတ်နိုင်ငံတစ်ဝန်းအကြမ်းဖက်တိုက်ခိုက်မှု လူ၇၀ကျော် သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၁၆

အီရတ်နိုင်ငံတစ်ဝန်း ဇန်နဝါရီ ၁၅ ရက်က အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ အနည်းဆုံးလူ ၇၀ ကျော်သေဆုံးပြီး ၁၄၇ဦးထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း၊ ယင်းတို့မှာ မြို့တော်ဘဂ္ဂဒက်နှင့်ဒီယာလာပြည်နယ်အရှေ့ပိုင်းတို့မှ ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောသည်။

ဘဂ္ဂဒက်တွင် အနည်းဆုံးကားဗုံးရှစ်လုံးနှင့် လမ်းဘေးထောင်ဗုံးနှစ်လုံး ပေါက်ကွဲခဲ့ရာ လူသွားလူလာထူထပ်ရာ မြို့တော်ဘဂ္ဂဒက်၌ ၃၉ ဦးသေဆုံးပြီး ၁၀၉ ဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း ရဲသတင်းရပ်ကွက်က ဆင်ဟွာသို့ ပြောသည်။ဘာကူဘာပြည်နယ်မြို့တော် ဒီယာလာမြို့အနီး ရွာတစ်ရွာ၌ ဇန်နဝါရီ ၁၅ ရက် နံနက် ဈာပနအခမ်းအနား၌ ဗုံးသုံးလုံးပေါက်ကွဲခဲ့ရာ အနည်းဆုံး ၁၄ ဦး သေဆုံးပြီး အခြား ၂၅ ဦးဒဏ်ရာရရှိသွားခဲ့ကြောင်း ဒေသခံရဲသတင်းရပ်ကွက်က ပြောသည်။

ဘာကူဘာမြို့အရှေ့မြောက်ဘက် ၄၀ ကီလိုမီတာအကွာ မွတ်ဒါလီယာမြို့အနီးတွင် ဇန်နဝါရီ ၁၆ ရက်နံနက်က ယာဉ်မောင်းသူနှစ်ဦးအား အမည်မသိ သေနတ်သမားများက ပြန်ပေးဆွဲခေါ်ဆောင်သွားပြီး သေနတ်ဖြင့် ပစ်ခတ်လိုက်ကြောင်း၊ ကားများကိုလည်း မီးရှို့ပစ်လိုက်ကြောင်း သတင်းတွင်ဖော်ပြသည်။ ဗုဒ္ဓဟူးနေ့က မိုဆူးလ်မြို့မြောက်ပိုင်းအနီး တံတားတစ်စင်းပေါ်၌ ဗုံးတစ်လုံးဖြင့် တိုက်ခိုက်မှုကြောင့် အီရတ်စစ်သားခြောက်ဦးထက်မနည်း သေဆုံးခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ



တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးခင်မောင်သန်း၏သမီး မသွယ်နုထွေး ၁၂/စခန(နိုင်)၀၅၅၈၅၄နှင့် မသက်ဝဒီခင်သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

မသွယ်နုထွေး(ခ)မသက်ဝဒီခင်

ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမြတ်ထက်ဦး ၁၂/အစန(နိုင်)၁၉၁၉၃၄၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၁၁၇၄၂၈**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှုထမ်းရပ်ကွက်၊ ဦးပိုင်အမှတ် (၇၀/က)၊ (ကွင်း/အကွက်)အမှတ် ၂၆၊ ကျိုက်ဖောခ်မြောက် ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ (၃/ခ)အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို သန်လျင်မြို့နယ်၊ မြို့နယ်မြေစာရင်းရုံးတွင် အမည်ပေါက်တည်ရှိသူထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သွယ့်ရည်ဝင်းမြင့် ၅/မရန(နိုင်)၀၀၀၉၇၄ထံမှ ကျွန်ုပ်တို့မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မွန်မွန်ချို	ဒေါ်အိမ့်ဖြူနိုင်	ဦးနိုင်မင်း	ဒေါ်ရတနာနွေး
LL.B	LL.B, D.B.L, D.M.L	LL.B	LL.B, D.B.L
(စဉ်-၂၃၂၉၉)	(စဉ်-၂၉၇၄၆)	(စဉ်-၃၈၀၃၀)	(စဉ်-၃၈၄၉၇)
အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ	အထက်တန်းရှေ့နေ

အာရှမြေ အိမ်၊ ခြံ၊ မြေ အကျိုးဆောင်ကုမ္ပဏီ
အမှတ် ၁၈၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၉၄၄၁၅၊ ၃၉၄၄၁၆၊ ၃၉၄၁၆၀၊ ၀၅၆-၂၃၁၉၅

ပြည်ထဲရေးဝန်ကြီးဌာန
မကွေးတိုင်းဒေသကြီး၊ အကျဉ်းဦးစီးဌာန
ရိက္ခာဆန်ဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး ဦးစီးမှူးရုံး ကွပ်ကဲမှုအောက်ရှိ အကျဉ်းထောင်/စခန်းများအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း လိုအပ်သော ရိက္ခာဆန်များအား မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်။

(က) သရက်အကျဉ်းထောင်	၄၇၃၉ အိတ်
(ခ) ပခုက္ကူအကျဉ်းထောင်	၁၆၁၁ အိတ်
(ဂ) ကိုးပင်သာစည်စခန်း	၁၂၅၁ အိတ်
စုစုပေါင်း	၇၆၀၁ အိတ်

၂။ ရိက္ခာဆန်အမျိုးအစားများမှာ အရည်အသွေးသတ်မှတ်ထားသည့် ဧည့်မထ/ငစိန် (၂၅%) ဆန်များကို ဦးစားပေးဝယ်ယူမည်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါများကို ၂၀-၁-၂၀၁၄ ရက် မွန်းတည့် ၁၂း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။
၄။ တင်ဒါဖွင့်လှစ်မည့်အချိန်မှာ ၂၀-၁-၂၀၁၄ ရက် ၁၄း၀၀ နာရီဖြစ်ပါသည်။
၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၃-၂၅၀၁၆၊ ၀၆၃-၂၃၉၃၇တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရိက္ခာဆန်ဝယ်ယူရေးအဖွဲ့
မကွေးတိုင်းဒေသကြီး၊ အကျဉ်းဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၉က/၇၉၅၈ တိုယိုတာကိုရိုလာ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မိုးခိုင် ၇/ဒဥန(နိုင်)၀၈၇၆၁၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တောင်ကြီး**

ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ရပ်ကွက်(၈)၊ နယ်မြေ(၁၄)နေ ကိုမောင်မောင် (ဘ)ဦးကျော ၁၃/လရန(နိုင်)၁၂၅၃၃၉၏ နိုင်ငံကူးလက်မှတ် ၃၅၇၃၄၈သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်ပါရန်။

မောင်မောင် ဖုန်း-၀၉-၂၅၉၀၄၁၁၀၄

ဖြူးဆရာတော်တပည့် မြိုင်ဆရာတော်တရားပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ ၁ လမ်း၊ မြိုင်မဟာစည်သာသနာ့ရိပ်သာ ပဓာနနာယက မြိုင်ဆရာတော် အရှင်ပညာဇောတ(ဓမ္မာစရိယကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်ဓမ္မကထိက) အရှင်သူမြတ်သည် ဇန်နဝါရီ ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဟုန်းလမ်းဘူတာရပ်ကွက်၊ ပန်းလှိုင်အရဏ်တော်ဝတ်အသင်း၊ ဓမ္မသဘင်နှင့် ၁၉ ရက်တွင် သာကေတမြို့နယ်၊ (၆)အနောက်ရပ်ကွက်၊ ဇမ္ဗူသီရိ ၉လမ်း ဓမ္မသဘင်တို့၌ ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)နှင့် ဆေးရုံကြီးများတွင် အသုံးပြုရန် အောက်ဖော်ပြပါ မော်တော်ယာဉ်များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) Hilux Double Cab	၁၅ စီး
(ခ) Toyota Hiace (7 Seaters)	၅ စီး
(ဂ) Townace(1.5 Ton)	၃ စီး

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၆-၁-၂၀၁၄ ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၁၄-၂-၂၀၁၄ ရက်
၄။ တင်ဒါပိတ်မည့်အချိန် - မွန်းတည့် ၁၂ နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာ၌ လာရောက် စုံစမ်း ဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ကျန်းမာရေးဦးစီးဌာန
ရုံးအမှတ်(၄)၊ နေပြည်တော်
ဖုန်း-၄၁၁၁၆၁၊ ဖက်စ်-၄၁၁၄၇၈

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

ပြည်တွင်းသတင်း

ပြည်ပဝင်ငွေသေချာစေမည့် ကညွတ်စိုက်ပျိုးထုတ်လုပ်ရန် တောင်သူများလာရောက်ဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၁၆

ယခုအချိန်အခါသည် နိုင်ငံတော်အစိုးရက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်ရေးကို ထိထိရောက်ရောက် အကျိုးရှိစွာ ဆောင်ရွက်ပေးလျက်ရှိရာ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိခရိုင်၊ ပုဗ္ဗသီရိမြို့နယ် စက်စက်ယို (ခေတုကင်းလွတ်) ဟင်းသီးဟင်းရွက် အမယ်စုံတောင်သူ ပညာပေးစိုက်ကွင်းသို့ စိတ်ဝင်တစားဖြင့် လက်တွေ့အကောင်အထည်ဖော် စိုက်ပျိုးလိုသည့် တောင်သူများ နေ့စဉ်လိုလိုလာရောက် လေ့လာဆွေးနွေးကြသည်ဟု သိရသည်။ **(အောက်ပုံ)**

ဇန်နဝါရီ ၁၄ ရက် နံနက် ၈ နာရီက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ တောင်သူများ ပြည်ပဈေးကွက် ခိုင်မာစွာရရှိထားပြီးဖြစ်သည့် ကညွတ်စိုက်ပျိုးထုတ်လုပ်ရန် နည်းပညာနှင့် သိရှိလိုသည်များကို လာရောက်ဆွေးနွေးခဲ့ကြရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက နည်းပညာ၊ သွင်းအားစုနှင့် ပြည်တွင်းပြည်ပဈေးကွက်များအကြောင်း ရှင်းလင်းဆွေးနွေးပြီး တိုင်းဦးစီးမှူးက တစ်ကွင်းတစ်စပ်တည်း စိုက်ပျိုးပါက နေ့စဉ် အအေးခန်းကားနှင့် လာရောက်သယ်ယူမည်ဖြစ်ကြောင်း၊ တစ်နေ့လျှင် တန် ၃၀ လိုအပ်လျက်ရှိပါကြောင်း၊ အရည်အသွေးပြည့်မီသည့် ဈေးကွက်ဝင်ကညွတ်အဖြစ် A.B.C အဆင့်(၃)ဆင့် သတ်မှတ်ထားပါကြောင်း၊ သက်ဆိုင်ရာ ပညာရှင်များက ညွှန်ကြားသည့်အတိုင်း စနစ်တကျလိုက်နာပြီး စိုက်ပျိုးပါက တောင်သူများ အမှန်တကယ် ဝင်ငွေတိုးစေရမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် ပုဗ္ဗသီရိမြို့နယ်မှ တောင်သူတစ်ဦးက "ကျွန်တော်တို့က နည်းပညာရယ်၊ မျိုးရယ်၊ ဈေးကွက်ရယ်ရှိမှတော့ ယုံယုံကြည်ကြည်နဲ့ တကယ်စိုက်တော့မှာပါ" ဟု ပြောကြားသည်။

အဆိုပါ ခေတုကင်းလွတ် ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်ရန်အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနနှင့် Big-Myanmar Group Service,BMG ကုမ္ပဏီတို့ ပူးပေါင်း၍ နည်းပညာများ ဖြန့်ဝေသွားမည်ဟု သိရသည်။

ကိုပေါက်(ဥက္ကာမြေ)

မြစ်ကြီးနားမြို့၌ လိမ္မော်သီးလှိုင်လှိုင်ပေါ

မြစ်ကြီးနား ဇန်နဝါရီ ၁၆

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မင်းရပ်ရပ်ကွက် ဝိုင်းမော်ကူးတို့ဆိပ်ဟောင်း ဇော်ဂျွန်းလမ်းမဘေး ဝဲ/ယာတွင် ရာသီပေါ် ဒေသထွက်လိမ္မော်သီးများ ရောင်းချလျက်ရှိကြသည်။

"ဝိုင်းမော်မြို့နယ် မှန်တောင်ကျေးရွာ၊ ချောင်းဆုံကျေးရွာရှိ လိမ္မော်ခြံများက လိမ္မော်သီး ခြံပြတ်ဝယ်ယူကြပြီး ရောင်းတယ်။ နှစ်ဇကရှိ လိမ္မော်ခြံတွင် ငွေကျပ်သိန်း ၁၈၀ နဲ့ဝယ်ယူပြီး သယ်ယူပြီးရောင်းတယ်၊ ခြံအကျယ်အဝန်း၊ လိမ္မော်သီးထွက်ရှိမှု၊ အောင်မြင်မှုအပေါ်ကြည့်ရှုပြီး ဈေးနှုန်းသတ်မှတ်ဝယ်ယူတယ်။ မြစ်ဆုံတန်ဖဲကျေးရွာက လိမ္မော်သီးလည်း ဝင်လာတယ်။ မြစ်ဆုံလိမ္မော်သီးက ပိုပြီးချိုတယ်။အရသာပိုရှိတယ်။ လိမ္မော်သီးသေး၊ လတ်၊ ကြီးခွဲခြား၍ အသေး ၁၀ လုံး ငွေကျပ် ၁၀၀၀၊ အလတ် ၁၀ လုံး ငွေကျပ် ၁၅၀၀၊ အကြီး ၁၀ လုံး ငွေကျပ် ၂၀၀၀ နဲ့ ရောင်းချပါတယ်' ဟု ရောင်းချသူ မနွယ်နွယ်ဝင်းက ပြောပြသည်။

ဆီမီးခုံ-နန်းရီ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၆-၁-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၅၆၅၀၀-၆၁၈၅၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၅၆၇၀၀-၆၁၈၀၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၅-၉၈၅	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၁-၁၃၃၉	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၆၇	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၅၇-၃၂	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၂-၁၅.၇၃	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၉	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၇၂-၂၈၂	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၂၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၇၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၅၀၀-၄၀၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၈၅၀-၃၃၅၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၄၂၀၀-၆၀၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၇၀၀-၆၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၇၀၀-၁၈၅၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၅၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၂၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၆၅၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၃၀၀၀-၂၇၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၄၈၈
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၃၅၀-၈၅၀
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၁၉၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၀၃၀-၁၀၅၀
၉။ အာလူး(ဟဲဟိုး)	တစ်ပိဿာ	၇၀၀-၈၀၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၅၀-၂၈၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၈၀၀-၅၂၀၀
၁၂။ သကြား	တစ်ပိဿာ	၈၉၀-၉၂၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ကုသိုလ်လည်းရ ဝမ်းလည်းဝ ကျသင့်အခွန် တို့ကျေပွန်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

လိုင်စင်ရ စက်သုံးဆီအရောင်းဆိုင်များကို Mobile Lab ကားများဖြင့် စစ်ဆေးမှုများပြုလုပ်သွားမည်

သတင်း-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ-မင်းထက်

ရန်ကုန် ဇန်နဝါရီ ၁၆

စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ လိုင်စင်ရစက်သုံးဆီ အရောင်းဆိုင်များကို နိုင်ငံတကာကဲ့သို့ စံချိန်စံနှုန်းမီ စက်သုံးဆီများ ရောင်းချနိုင်ရေးအတွက် ခေတ်မီ Mobile Lab ကားများဖြင့် လှည့်လည်စစ်ဆေးမှုများကို မကြာမီလုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ UMFCCI ၌ ကျင်းပသည့် စွမ်းအင်ဝန်ကြီးဌာနနှင့် စက်သုံးဆီရောင်းဝယ်ရေးလုပ်ငန်းရှင်များ အလုပ်ရုံဆွေးနွေးပွဲတွင် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်စင်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးကာလအတွင်း ဈေးကွက်စီးပွားရေးစနစ်ပြုပြင်ပြောင်းလဲသည့် အသွင်တစ်ရပ်အနေဖြင့် ယခင်နိုင်ငံတော်ပိုင် စက်သုံးဆီ အရောင်းဆိုင်များကို ပုဂ္ဂလိကပိုင် စက်သုံးဆီအရောင်းဆိုင်များအဖြစ်သို့ ၂၀၁၀ ခုနှစ် ဇွန်လ ၁၀ ရက်က ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ပေးခဲ့သည်။ ပြည်တွင်း၌ လက်ရှိဖွင့်လှစ် ရောင်းချပေးလျက်ရှိသော စက်သုံးဆီအရောင်းဆိုင်များမှာ နိုင်ငံပိုင် ၁၂ ဆိုင်နှင့် ပုဂ္ဂလိကပိုင် ၁၀၈၅ ဆိုင်တို့ဖြင့် တိုးချဲ့ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။ ထို့အပြင် ပြည်သူများ ခေတ်နှင့်အညီ စက်သုံးဆီဝယ်ယူသုံးစွဲမှု ပိုမိုအဆင်ပြေစေရန်အတွက် နောက်ထပ်ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များကို တိုးချဲ့ဖွင့်လှစ်ပေးမည်ဖြစ်ရာ လိုင်စင်ထုတ်ပေးရန် စိစစ်ဆောင်ရွက်ဆဲ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်အသစ် ၄၆၀ ကိုလည်း မကြာမီ တိုးချဲ့ဖွင့်လှစ်ပေးနိုင်တော့မည် ဖြစ်သည်။

"အခုလို ခေတ်နဲ့အညီ ကားတင်သွင်းမှုတွေ ပိုများလာတော့ ပြည်တွင်းစက်သုံးဆီ အရောင်းမြှင့်တင်ပေးမှုတွေက တစ်နေ့တစ်နေ့ တိုးချဲ့လုပ်ဆောင်နေကြတာ တွေ့ရတယ်။ ဒါပေမယ့် ပြည်တွင်းစက်သုံးဆီ အရောင်းဆိုင်တွေရဲ့ အချိန်အတွယ်ကို သေချာ စိစစ်ဆောင်ရွက်ပေးနိုင်ခဲ့ပေမယ့် အရည်အသွေးပိုင်းဆိုင်ရာတွေကိုတော့ စစ်ဆေးမှုပြုလုပ်ဖို့ အားနည်းနေပါသေးတယ်။ ဒါကြောင့် မကြာခင်မှာ ဒီပြည်တွင်း စက်သုံးဆီ အရောင်းဆိုင်တွေကို အရည်အသွေးပိုင်းဆိုင်ရာ စစ်ဆေးမှုတွေ ပြုလုပ်သွားဖို့ Mobile Lab ကားငါးစီးကို ပြည်ပမှ ဝယ်ယူသွားမှာဖြစ်ပါတယ်" ဟု စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန့်စင်က ပြောကြားခဲ့သည်။

"ကျွန်တော်တို့ ဒီနေ့ပြုလုပ်တဲ့ လုပ်ငန်းရှင်တွေနဲ့ အလုပ်ရုံဆွေးနွေးပွဲဟာ ကျွန်တော်တို့ဘက်က အတတ်နိုင်ဆုံး လုပ်ငန်းအဆင်ပြေရေးကို သူတို့တစ်တွေသိစေဖို့ပါ။ လုပ်ငန်းရှင်တွေနားမလည်တဲ့ ကိစ္စလေးတွေကို ရှင်းပြပြီး လုပ်ငန်းအဆင်ပြေချောမွေ့ဖို့ကို ရည်ရွယ်လုပ်ဆောင်ပေးခြင်းဖြစ်ပါတယ်။ ပြီးတော့ ပြည်သူတွေ အပေါ်ရောင်းတဲ့ အချိန်အတွယ်တို့၊ အရည်အသွေးပိုင်းဆိုင်ရာတို့ကအစ မှန်မှန်ကန်ကန်နဲ့ဖြစ်စေဖို့ပါ။ မှန်ကန်မှုမရှိရင်တော့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းနဲ့အညီ အရေးယူသွားမှာဖြစ်ပါတယ်"ဟု မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးမြင့်ဇော်က ပြောကြားသည်။

မြန်မာနိုင်ငံသည် ဘက်ပေါင်းစုံမှ ဖြေလျှော့မှုများပြုလုပ်လာသည့်အလျောက် ကားတင်သွင်းမှုများပိုမိုများပြားလာသဖြင့် ပြည်ပနိုင်ငံများမှ စက်သုံးဆီ တင်သွင်းမှုများမှာလည်း မြင့်တက်လာလျက်ရှိသည်။ ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များ ပြည်ပနိုင်ငံများမှ အဆင့်မြင့်ဓာတ်ဆီတင်သွင်းမှုမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း ဂါလန်သန်းပေါင်း၂၅၈၄၁၆၂၀၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်း ဂါလန် ၂၇၈၅၂၄၃၉သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ၆၆၂၇၆၆၄၈ သန်း၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဂါလန် ၄၀၆၆၆၁၈၅၂ သန်း ရှိခဲ့ပြီး ဒီဇယ်တင်သွင်းမှုပမာဏမှာ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်အတွင်း ဂါလန်သန်းပေါင်း ၃၄၆၅၅၈၈၂၉၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်အတွင်းဂါလန် ၃၃၁၄၅၄၈၉၇ သန်း၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ၂၂၈၁၆၃၄၃၉ သန်းနှင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်း ဂါလန် ၁၆၄၈၈၆၈၆၁ သန်း ဝယ်ယူခဲ့ရကြောင်း သိရသည်။ ထို့အပြင် ပြည်တွင်း၌ လေယာဉ်ဆီ ဖြန့်ဖြူးရောင်းချမှုသည်လည်း ပွင့်လင်းမြင်သာမှုရှိလာသည့်အလျောက် ခေတ်နှင့်အညီ လေယာဉ်လိုင်းသစ်များ ယခင်ထက် ပိုမိုများပြားလာသဖြင့် တစ်နှစ်ထက်တစ်နှစ် ပိုမိုတင်သွင်းမှုများပြုလုပ်ခဲ့ရသည်။ ပြည်တွင်း၌ လေယာဉ်ဆီ ဖြန့်ဖြူးရောင်းချခဲ့ရသော နှစ်စဉ်အလိုက် ဂါလန်သန်းပေါင်းမှာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်တွင် ၁၆ ဒသမ ၄၆ သန်း၊ ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်တွင် ၁၆ ဒသမ ၉၄ သန်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ၂၀ ဒသမ ၆၈ သန်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ၂၆ ဒသမ ၅၂ သန်းနှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ၂၈ ဒသမ ၅၈ သန်းတို့ ဖြန့်ဖြူးရောင်းချခဲ့ရကြောင်း သိရသည်။

ရန်ကုန်မြို့တွင်းရောင်းချပေးနေသော ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်ကို တွေ့ရစဉ်။

ကုန်သွယ်လုပ်ငန်းခွန်ထမ်းဆောင်ကြသူ အခွန်ထမ်းများ ဥပဒေအရ ပေးအပ်ထားသည့် အခွင့်အရေးများ အသိပေးချက်

- ❖ တင်သွင်းသည့် နှစ်ချုပ်ကြေညာလွှာတွင် မှားယွင်းချက်၊ ကျန်ရှိချက်ရှိလျှင် စည်းကြပ်မှုမပြုလုပ်မီ ပြင်ဆင်ခွင့်ရှိပါသည်။
- ❖ စည်းကြပ်မှုများ အယူခံမှုများနှင့်ပတ်သက်၍ အထောက်အထားစာရင်းများ တင်ပြထွက်ဆိုခွင့်ရှိပါသည်။
- ❖ စည်းကြပ်မှုများတွင် မှတ်တမ်းမှ ပေါ်လွင်ထင်ရှားသည့် မှားယွင်းချက်အားတွေ့ရှိပါက ပြန်လည်ပြင်ဆင်ပေးပါရန် တင်ပြခွင့်ရှိပါသည်။
- ❖ ဥပဒေနှင့်အညီ အယူခံပိုင်ခွင့်၊ ပြင်ဆင်မှုလျှောက်ထားခွင့်ရှိပါသည်။
- ❖ ရရန်ရှိသည့် ပြန်အမ်းငွေကို အကြောင်းကြားစာရရှိသည့်နေ့ရက်မှ တစ်နှစ်အတွင်း တောင်းဆိုခွင့်ရှိပါသည်။
- ❖ ကုန်စည်ထုတ်လုပ်ရောင်းချမှုလုပ်ငန်း၊ ဝယ်ယူရောင်းချသည့် ကုန်သွယ်မှုလုပ်ငန်းဖြစ်ပါက အခွန်ခုနှိမ်ပေးသွင်းခွင့်ရှိပါသည်။

ပရိယတ္တိသဒ္ဓမ္မပါလစာပြန်ပွဲနှင့် ရေးဖြေပွဲ သီပေါ၌ အောင်လက်မှတ်နှင့် လှူဖွယ်ဝတ္ထုများလှူဒါန်း

သီပေါ ဇန်နဝါရီ ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့တွင် (၁၁)ကြိမ်မြောက် ရှမ်းဘာသာ ပရိယတ္တိ သဒ္ဓမ္မပါလစာပြန်ပွဲနှင့် ရေးဖြေပွဲကို အောင်မင်္ဂလာဘိုးတော်ကျောင်းတိုက်၌ ဇန်နဝါရီ ၁၀ ရက် မှ ၁၅ ရက်အထိ ကျင်းပခဲ့ရာ စာပြန်ပွဲတော်ကျင်းပရေးဥက္ကဋ္ဌ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တမိလိန္ဒ (မဟာသဒ္ဓမ္မဇောတိကဓဇ) အရှင်သူမြတ်နှင့် မြို့နယ်သံဃနာယကအဖွဲ့ဆရာတော်၊ သံဃာတော်များ၊ စာထောက်၊ စာမသံဃာတော်များ ကြီးကြပ်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦး၊ မြို့နယ်သာသနာရေးဦးစီးမှူး၊ မြို့နယ်ဥပါသကာအဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာများမှ ဘာသာရေးအသင်းအဖွဲ့များ၊ ဝတ်အသင်းများနှင့် ဗုဒ္ဓဘာသာဝင်ဒေသခံ တိုင်းရင်းသားများ တက်ရောက်ကြည်ညိုကြသည်။

အဆိုပါ ပရိယတ္တိသဒ္ဓမ္မပါလစာပြန်ပွဲနှင့် ရေးဖြေပွဲတွင် ရှင်သာမဏေ အပါး ၂၅၀ ဝင်ရောက်ဖြေဆိုတော်မူကြပြီး စာအောင်ရှင်သာမဏေ ၁၆၇ ပါးတို့အား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦး၊ လက်ထောက်မြို့နယ်သာသနာရေးမှူး ဦးနော်မိန်း၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းလွန်းသာ၊ ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းစံတင့်နှင့် တာဝန်ရှိသူများက အောင်လက်မှတ်နှင့် ဂုဏ်ပြုလွှာများကို တစ်ပါးချင်းဆက်ကပ်ကြပြီး ဒေသခံဗုဒ္ဓဘာသာဝင်တိုင်းရင်းသားပြည်သူများက ဆွမ်းဆန်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို စုပေါင်းလှူဒါန်းကြသည်။

စိုင်း(သီပေါ)

တော်ဝင်မိသားစုကုမ္ပဏီအား မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်

အထက(၁)စမ်းချောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် R.O သောက်ရေသန့် စက်(၁)လုံးနှင့် ပေ ၉၃၀ရှည်သော လမ်းအား ကွန်ကရစ်လမ်းခင်းပေးခြင်းတို့အတွက် ငွေကျပ် သိန်း ၁၅၀ ကို သဒ္ဓါတရားထက်သန်စွာဖြင့် လှူဒါန်းပေးသော **ဦးကိုကိုထွေးနှင့်ဇနီး ဒေါ်အေးအေးသန်း တော်ဝင်မိသားစုကုမ္ပဏီအား** လှိုက်လှိုက်လှဲလှဲကျေးဇူးတင်ကြောင်း ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ကျောင်းအုပ်ကြီးဒေါက်တာစန္ဒာမြငြိမ်းနှင့်
ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများ
အထက(၁)စမ်းချောင်း

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၂၃လမ်း၊ အမှတ် ၈၃၈နေ ဦးမောင်မောင်၏သမီး ဒေါ်နှင်းဝေလွင် ၁၂/ဥကတ(နိုင်)၁၅၅၈၁၃နှင့် တောင်ဥက္ကလာပမြို့နယ်၊ အကွက်နံပါတ်-၁၄/၁၊ (၂)လမ်း၊ အိမ်အမှတ်(၁၈)နေ ဦးမောင်ဘို၏သား ဦးမောင်တူး ၁၂/ဥကတ(နိုင်)၁၃၇၁၆၃တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကွယ်လွန်သူ ဒေါ်ခင်ဝင်း (ဘ)ဦးမောင်ဘို၏သမီး S/OKA-၀၆၆၄၄၄၊ ကွယ်လွန်သူနှင့် ဦးမောင်သန်း၏သမီး ဒေါ်ခင်မြင့်သန်း MHA-၀၀၃၅၄၄ တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြေယာစီမံခန့်ခွဲမှုဌာနမှ မြေငှားစာချုပ်အမှတ် တဥ/၁၀/၉၃၊ အမှုတွဲအမှတ် ရကစ/မြေယာ ၀၅၆၃၈/၉၃အရ မြေတိုင်းရပ်ကွက်(၁၀)၊ လူနေရပ်ကွက် (၁၀)၊ မြေကွက်အမှတ် ၈၃၈၊ အလျားပေ ၄၀ × အနံပေ ၆၀ အကျယ်အဝန်းအား နှစ် ၆၀ မြေငှားဂရန်ဖြင့် ငှားရမ်းထားသော မြေကွက်ဖြစ်ပါသည်။

ဒေါ်ခင်ဝင်း(ကွယ်လွန်)ပိုင်ဆိုင်သော မြေကွက်အကျယ်အဝန်းမှာ မြောက်လားသော် မြေကွက်အမှတ် ၈၃၉၊ တောင်လားသော် မြေကွက်အမှတ် ၈၃၈၊ ဒေါ်ခင်မြင့်သန်း၏မြေကွက်၊ အနောက်လားသော် (၂၃)လမ်း၊ အရှေ့လားသော် နောက်ဖေးလမ်းကြားအတွင်းရှိ (၁၈'×၆၀')အကျယ်အဝန်း မြေကွက်ကို ဒေါ်ခင်ဝင်း(ကွယ်လွန်)၏ မောင်ဖြစ်သူ ဦးမောင်တူးနှင့်သမီးဖြစ်သူ ဒေါ်နှင်းဝေလွင်တို့က အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသော မြေကွက်ဖြစ်၍ ဒေါ်နှင်းဝေလွင်နှင့် ဦးမောင်တူးတို့၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့်ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အာမခံထားရှိခြင်းများမပြုလုပ်ရန် တားမြစ်လိုက်ပါသည်။

ဦးမောင်တူးနှင့်ဒေါ်နှင်းဝေလွင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမောင်တူး ဒေါ်နှင်းဝေလွင်
၁၂/ဥကတ(နိုင်)၁၃၇၁၆၃၊ ၁၂/ဥကတ(နိုင်)၁၅၅၈၁၃

ဒေါ်ယုယုဆွေ ဒေါ်အေးစောလှ
အထက်တန်းရှေ့နေ အထက်တန်းရှေ့နေ
စဉ်-၃၂၂၇၈ စဉ်-၄၁၀၆၁

တိုက် (၃)၊ အခန်း (၉)၊ ဦးဝိစာရအိမ်ရာ၊ မြို့မကျောင်းလမ်း၊ ဒဂုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၄၂၀၁၈၆၇၊ ၀၉-၃၁၅၅၀၇၄၁

ကံကောင်း

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊
VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊
သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။
(သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်

ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉
၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈

နိုင်ငံတကာအားကစားသတင်း

ပွဲစဉ် (၂၀) မှာ သုံးမှတ်အပြည့်ရဦးမယ့် ဂျူဗင်တပ်စ်

မိုးမြင့်လင်းလက်

စီးရီးအေ ပွဲစဉ် (၂၀)ကို ဇန်နဝါရီ ၁၉ ရက်မှာ ဆက်လက်ကစားတဲ့အခါ ထိပ်သီးဂျူဗင်တပ်စ်တို့ အိမ်ကွင်းမှာ ဆမ့်ဒိုးရီးယားကို လက်ခံကစားရမှာဖြစ်ပြီး နာပိုလီတို့က အဝေးကွင်းမှာ ဘိုလော့ဂ်နာနဲ့ ကစားရမှာဖြစ်လို့ အားထည့်ရဦးမှာ ဖြစ်ပါတယ်။

ဂျူဗင်တပ်စ်နှင့် ဆမ့်ဒိုးရီးယား

ဒီနှစ်ဘောလုံးရာသီမှာ အိမ်ကွင်း ရှုံးပွဲသရေပွဲမရှိဘဲ နိုင်ပွဲတွေချည်း ရယူထားနိုင်တဲ့ ဂျူဗင်တပ်စ်ဟာ ဆမ့်ဒိုးရီးယားကို ဖိအားပေးကစားပြီး နိုင်ပွဲရအောင် ကြိုးစားပါလိမ့်မယ်။ ဂျူဗင်တပ်စ်ဟာ ဒီနှစ်စီးရီးအေကို ရယူနိုင်ရေး စွမ်းဆောင်နေတာမို့ အဝေးကွင်း ရလဒ်မကောင်းတဲ့ ဆမ့်ဒိုးရီးယားကို အနိုင်ရရေး တိုက်စစ်ဖွင့် ကစားမှာသေချာပါတယ်။ ဒီပွဲမှာ အိမ်ရှင်တို့အတွက် သုံးမှတ်အပြည့် စုဆောင်းနိုင်ဦးမယ့် ပွဲပါပဲ။

ဘိုလော့ဂ်နာနှင့် နာပိုလီ

လက်ရှိ တန်းစီဇယား တတိယ နေရာကို တည်မြဲအောင်ကြိုးစားနေတဲ့ နာပိုလီဟာ တန်းဆင်းဇုန်ထဲ မကျဆင်းအောင် ရုန်းကန်မယ့် ဘိုလော့ဂ်နာကို ခက်ခဲစွာရင်ဆိုင်ရပါလိမ့်မယ်။ ဘိုလော့ဂ်နာဟာ တိုက်စစ်၊ ခံစစ်ပိုင်းတွေမှာ အားနည်းချက်ရှိတာမို့ နာပိုလီတိုက်စစ်မှူး ဟီဂူအင် ဦးဆောင်နိုင်ရင်တော့ ဘိုလော့ဂ်နာတို့ ဒီပွဲမှာအိမ်ကွင်းဆိုပေမယ့် အမှတ်ရဖို့ မလွယ်ပါဘူး။

အူဒီးနိစ်နှင့် လာဇီယို

အူဒီးနိစ်တို့က အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်တဲ့ အသင်းဖြစ်ပြီး ပြိုင်ဘက်ကို အနိုင်ရအောင်လည်း ကြိုးစားနိုင်တဲ့ စွမ်းရည်ရှိပါတယ်။ အူဒီးနိစ်ဟာ တိုက်စစ်ပိုင်း အားနည်းချက်ရှိနေတာမို့ သတိထားရမှာဖြစ်ပေမယ့် ဒီနှစ်စီးရီးအေမှာ အဝေးကွင်းနိုင်ပွဲလုံးဝမရသေးတဲ့ လာဇီယိုရဲ့ခြေစွမ်းကလည်း အားရစရာမရှိတာကြောင့် ဒီပွဲဟာ အိမ်ရှင်ရဲ့ပွဲပါပဲ။

ချီယေးဗိုနှင့် ပါးမား

ချီယေးဗိုတို့လည်း ခြေစွမ်းပုံမှန်မရတာမို့ အိမ်ကွင်းမှာ ရှုံးပွဲတွေကြုံတွေ့နေရပါတယ်။ ပါးမားတို့ကလည်း အဝေးကွင်းမှာ ခြေယိုင်နေတာမို့ အိမ်ရှင်တို့ အခွင့်အရေးယူတတ်ရင် အမှတ်ရနိုင်ပါတယ်။ ဒါပေမယ့် ပါးမားတို့ရဲ့ ခြေစွမ်းပိုင်းကိုကြည့်ရင် ခံစစ်အားတောင့်တင်းတာမို့ အိမ်ရှင်တို့ ဂိုးရဖို့ခက်ခဲမှာပါ။

ကာတာနီးယားနှင့် ဖီအိုရင်တီးနား

အဝေးကွင်းမှာ နိုင်ပွဲပျောက်ဆုံးနေပေမယ့် အိမ်ကွင်းမှာတော့ ကာတာနီးယားတို့ ရုန်းကန်အားကောင်းပါတယ်။

ဒါပေမယ့် ဧည့်သည်ဖီအိုရင်တီးနားတို့က ခြေစွမ်းကောင်းမွန်နေတာမို့ အိမ်ရှင်ပရိသတ်တွေ ပျော်ရွှင်မှုပျောက်ဆုံးနိုင်မယ့်ပွဲပါပဲ။

လာလီဂါ၊ လီဂူး ပွဲစဉ် နှင့် ဂိုးရလဒ်များ သီဟ

စပိန်လာလီဂါ ပွဲစဉ်-၂၀ ဇန်နဝါရီ၁၈

မာလာဂါ	-	ဗလင်စီယာ	နံနက် ၂း၃၀

ပြင်သစ်လီဂူး ပွဲစဉ်-၂၁ ဇန်နဝါရီ၁၈

စိန့်အက်တီယန်	-	လိုင်လီ	နံနက် ၂း၀၀

ဇန်နဝါရီ ၁၆ ဘောလုံးပွဲရလဒ်များ

မန်စီးတီး	၅-၀	ဘလက်ဘန်း
နန့်တက်စ်	၄-၃	နိုက်စ်
ထရိုင်ယက်စ်	၃-၁	အီဗီယန်
လိုင်ယွန်	၂-၁	မာဆေး
ကာတာနီးယား	၁-၄	ဆီနာ
အေစီမီလန်	၃-၁	စပီဇီယာ
နာပိုလီ	၃-၁	အတ္တလန္တာ
အက်စ်ပန်ညို	၄-၂	အယ်လ်ကော်ကွန်
ဘီလ်ဘာအို	၂-၀	ဘက်တစ်
လီဗန်တေး	၁-၀	ဗယ်လက်ကာနို
အိုဆာဆူနာ	၀-၂	ရီးရဲမက်ဒရစ်

မာလာဂါ Vs ဗလင်စီယာ

ပွဲစဉ်၁၉အပြီးတွင် ဗလင်စီယာသည် ရမှတ် ၂၃မှတ်နှင့် အဆင့်ရှစ်မှာ ရှိနေပြီး မာလာဂါမှာ ရမှတ် ၂၀နဲ့ အဆင့်၁၄မှာ ရပ်တည်နေပါတယ်။ မာလာဂါအသင်းသည် ဒီရာသီခြေစွမ်းက မနှစ်ကခြေရည်ထက်ကျဆင်းနေပြီး ဗလင်စီယာအသင်းသည်လည်း အဝေးကွင်းညံ့၍ ရှုံးပွဲတွေ ကြုံတွေ့နေရသည်။

အိမ်ကွင်း အဝေးကွင်း တွေ့ဆုံမှု နောက်ဆုံးငါးပွဲ

၁၇·၈·၂၀၁၃	ဗလင်စီယာ	၁-၀	မာလာဂါ
၂၀·၄·၂၀၁၃	ဗလင်စီယာ	၅-၁	မာလာဂါ
၂၄·၁၁·၂၀၁၂	မာလာဂါ	၄-၀	ဗလင်စီယာ
၂၉·၄·၂၀၁၂	မာလာဂါ	၁-၀	ဗလင်စီယာ
၁၈·၁၂·၂၀၁၁	ဗလင်စီယာ	၂-၀	မာလာဂါ

မာလာဂါ နောက်ဆုံးအိမ်ကွင်းငါးပွဲရလဒ်			ဗလင်စီယာ နောက်ဆုံးအဝေးကွင်းငါးပွဲရလဒ်		
မာလာဂါ	၀-၁	အက်သလက်တီကို	ဆယ်လ်တာဗီဂို	၂-၁	ဗလင်စီယာ
မာလာဂါ	၁-၀	ဂီတာဖေး	အက်သလက်တီကို	၃-၀	ဗလင်စီယာ
မာလာဂါ	၁-၂	ဘီလ်ဘာအို	အယ်လ်ချီ	၂-၁	ဗလင်စီယာ
မာလာဂါ	၃-၂	ဘက်တစ်	ဂီတာဖေး	၀-၁	ဗလင်စီယာ
မာလာဂါ	၀-၅	ဆယ်လ်တာဗီဂို	ဗီလာရီးရဲလ်	၄-၁	ဗလင်စီယာ

ချယ်လ်ဆီးက လူဟောင်းမာတစ်ကို ပေါင် ၂၁ သန်းဖြင့် စာချုပ်

ချယ်လ်ဆီးအသင်းက ဘင်ဖိကာကွင်းလယ်ကစားသမား နေမန်ဂျားမာတစ်ကို ပေါင် ၂၁ သန်းပေးပြီး ငါးနှစ်ခွဲစာချုပ်လိုက်သည်။ အသက် ၂၅ နှစ်ရှိ မာတစ်သည် ချယ်လ်ဆီးမှထွက်ပြီး လွန်ခဲ့သောသုံးနှစ်က ပေါ်တူဂီတွင် ကစားခဲ့သည်။ "ဒီအခွင့်အလမ်းအတွက် ကျွန်တော်ပျော်ပါတယ်"ဟု မာတစ်က ပြောသည်။ ဆားဘီးယားနိုင်ငံသား မာတစ်သည် ၂၀၁၁ ဇန်နဝါရီလက ပေါင်ငါးသန်းဖြင့် ပေါ်တူဂီကလပ်သို့ ပြောင်းရွှေ့သွားခဲ့သည်။ ၎င်းသည်ခြေစွမ်းတက်လာ၍ တန်ဖိုးကြီးသော ကစားသမားတစ်ဦးဖြစ်လာကြောင်း ချယ်လ်ဆီးနည်းပြမော်ရင်ဟိုက ပြောသည်။ မာတစ်သည် ၂၀၀၉ ခုနှစ်က ဆလိုဗေးနီးယား အမ်အက်ဖ်ကေကိုဆစ်ကလပ်မှ ပေါင် ၁ ဒသမ ၅ သန်းဖြင့် ချယ်လ်ဆီးက လေးနှစ်စာချုပ်ဖြင့် ခေါ်ယူခဲ့သည်။

အပူလွန်ကဲနေသည့်ကြားမှ ရှာရာပိုဗာအနိုင်ကစား

သြစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့၌ ကျင်းပလျက်ရှိသော သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် သုံးရက်ဆက်တိုက် အပူချိန် ၄၀ ဒီဂရီဆဲလ်စီးရပ်စ်အထိ ပူပြင်းနေသည့်ကြားမှ ရှာရာပိုဗာက ပြိုင်ဘက်များကိုအနိုင်ကစားပြီး တတိယအကျော့သို့ တက်ရောက်သွားသည်။

၂၀၀၈ ခုနှစ် ချန်ပီယံရှာရာပိုဗာသည် ကာရင်ကာနက်ကို အနိုင်ကစားပြီး တတိယအကျော့တက်လာသည်။ အပူလွန်ကဲနေသည့်အတွက် ပြိုင်ပွဲတွင် ကစားသမားနှစ်ဦးစလုံး အပြင်းအထန် ရုန်းကန်ကြိုးစားခဲ့ရသည်။ အသက် ၂၆ နှစ်ရှိ ရှာရာပိုဗာသည် အီတလီတင်းနစ်မယ် ကာနက်ကို ၆-၄၊ ၄-၆၊ ၁၀-၈ ဖြင့် နိုင်ခဲ့သည်။

အဂူရို ပြန်ကစားပြီ

မန်စီးတီးနှင့်ဘလက်ဘန်းတို့ အက်ဖ်အေဖလားပြန်ကန်ပွဲတွင် ငါးဂိုးပြတ်ဖြင့် မန်စီးတီးက နိုင်ခဲ့သည်။ ယင်းပွဲတွင် ဒဏ်ရာမှပြန်ကစားနိုင်သည့် အဂူရိုကလည်း မန်စီးတီးအတွက် တစ်ဂိုးသွင်းယူပေးခဲ့သည်။ အဂူရိုက ပွဲချိန် ၇၂ မိနစ်တွင် နီဂရီတို့အစားဝင်ကစားပြီး ဝင်ဝင်ချင်းတစ်မိနစ်အတွင်းမှာပင် ဂိုးသွင်းယူခဲ့သည်။

ကောင်းမြတ်သူ
စုစည်းသည်

၂၀၁၄ ခုနှစ် နှစ်သစ်အထူးအခွင့်အရေး
(အရင်းအနှီးမလို၊ နေရာရှိရုံမျှဖြင့် လုပ်ငန်းရှင်ဖြစ်နိုင်ပြီ)

၁။ အမြို့မြို့အနယ်နယ်မှ စိတ်ပါဝင်စားသူများအား ဖြန့်ဖြူးရေးကိုယ်စားလှယ်ခွဲများအဖြစ် လုပ်ဆောင်နိုင်ရန် ဖိတ်ခေါ်လိုပါသည်။

၂။ မိမိတို့ ရွှေဂန္ဓမာအင်တာနေရှင်နယ်ထရေးဒင်းလီမိတက်က မြန်မာနိုင်ငံ၏ တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ဖြူးပြီး လူမျိုးမရွေး၊ ဘာသာမရွေး စားသောက်သုံးစွဲနိုင်သော ပြည်ပမှ မှာယူတင်သွင်းသည့် အဆင့်မြင့်စားသောက်ကုန်ပစ္စည်းအမျိုးမျိုး၊ လူသုံးကုန်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများစသည့် ပစ္စည်းအမျိုးပေါင်း ၁၃၀ကျော်ကို အမြို့မြို့အနယ်နယ်တွင် ဖြန့်ဖြူးပေးမည့် ကိုယ်စားလှယ်များအလိုရှိပါသည်။

၃။ ဖြန့်ဖြူးရေးကိုယ်စားလှယ်ခွဲများအဖြစ် လုပ်ကိုင်ဆောင်ရွက်လိုသူများသည် ကုန်ပစ္စည်းတစ်ခုခုကို ဖြန့်ဖြူးရောင်းချဖူးသော လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ပါက ဦးစားပေးပါမည်။ သို့မဟုတ် မိမိရပ်ရွာဒေသအတွင်း ကုန်ပစ္စည်းလိုက်လံဖြန့်ဖြူးရောင်းချသော လုပ်ငန်းကို စိတ်အားထက်သန်သူဖြစ်ရပါမည်။

၄။ စိတ်ပါဝင်စားသူများအနေဖြင့် ရွှေဂန္ဓမာအင်တာနေရှင်နယ်ထရေးဒင်းလီမိတက်၊ ဝေဇယန္တာလမ်းနှင့် ဂန္ဓမာလမ်းထောင့်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက်၍ မိမိ၏ အခြေအနေနှင့် ဖြန့်ဖြူးမည့် နည်းလမ်းများကို အသေးစိတ်တွေ့ဆုံဆွေးနွေးညှိနှိုင်းနိုင်ပါသည်။

ဆက်သွယ်ရန် ။	**ဒုတိယမန်နေဂျင်းဒါရိုက်တာ**	**ဖုန်း-၀၁-၆၅၇၈၃၄၊ ၀၉-၅၀၅၂၅၉၀**
	လက်ထောက်အထွေထွေမန်နေဂျာ	**ဖုန်း-၀၉-၈၃၀၂၂၁၇**
	လက်ထောက်အထွေထွေမန်နေဂျာ	**ဖုန်း-၀၉-၄၅၀၉၉၃၀၁၀**
	ဖြန့်ဖြူးရေးဌာနကြီးမန်နေဂျာများ	**ဖုန်း-၆၅၇၃၁၁၊ ၆၅၇၃၁၂၊ ၆၅၇၃၂၂၊ ၆၅၇၃၁၄-၁၉ Ext: ၃၇၈/၃၇၉**

ရွှေဂန္ဓမာအင်တာနေရှင်နယ်ထရေးဒင်းလီမိတက်



ကျောင်းသင်ခန်းစာ

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအနေဖြင့် စာမေးပွဲဖြေဆိုရာတွင် မှန်ကန်တိကျသော၊ အမှတ်ပြည့်ရစေသော စနစ်တကျ တွက်ချက်ရေးသားဖြေဆိုနည်းများကို သိရှိစေရန်၊ စာမေးပွဲတွင်ရသင့်ရထိုက်သည့်အမှတ်များကို ဆုံးရှုံးနစ်နာစေသော မှားတတ်သည့်အမှားများကို သိရှိသတိမူမိကြပြီး ရှောင်ကြဉ်နိုင်ကြစေရန်၊ စာမေးပွဲဖြေဆိုရာတွင် သတိပြုသင့်သည့် အချက်အလက်များကို သိရှိကြစေရန် စသောရည်ရွယ်ချက်များဖြင့် ဤ"သင်္ချာဘာသာရပ်ဆိုင်ရာ သိကောင်းစရာများ" စာမူကို ရေးသားပြုစုထားပါသည်။

ပထမဦးစွာ သင်္ချာဘာသာရပ်ဖြေဆိုရာတွင် ရသင့်ရထိုက်သည့်အမှတ်များကို ဆုံးရှုံးနစ်နာစေသော မှားတတ်သည့်အမှားများကို ဆွေးနွေးရှင်းလင်းပါမည်။ ယေဘုယျအားဖြင့် စာမေးပွဲဖြေဆိုသူများ ပြုလုပ်တတ်သော အမှားအမျိုးအစား (၄) မျိုးရှိပါသည်။

မှားတတ်သော အမှားအမျိုးအစား(၁)

ပထမအမှားတစ်မျိုးမှာ သင်္ကေတအသုံးအနှုန်းများ မှားယွင်းခြင်းဖြစ်သည်။ သင်္ကေတ အသုံးအနှုန်း မှားယွင်းတတ်ပုံများကို သိရှိရှောင်ကြဉ်နိုင်ကြစေရန် ဥပမာအချို့ဖြင့် ရှင်းလင်းတင်ပြပါမည်။

ပထမဥပမာအနေဖြင့် function နှစ်ခု f နှင့် g ပေါင်းစပ်သောပုံသေနည်းဖြစ်သည့် $(g \circ f)(x) = g(f(x))$ ကို ရေးသားရာတွင် ညီမျှခြင်း၏ လက်ဝဲဘက်နှင့် လက်ယာဘက် နှစ်ဖက်စလုံးတွင် ကွင်းများပြည့်ပြည့်စုံစုံပါရန်နှင့် အနေအထား မှန်ကန်ရန် လိုအပ်ပါသည်။ ကွင်းတစ်ခုခု ကျန်ခဲ့လျှင် သို့မဟုတ် အနေအထားမှားယွင်းခဲ့လျှင် သင်္ကေတအသုံးအနှုန်း မမှန်ကန်သည့်အတွက် ရသင့်သောအမှတ်များ နစ်နာသွားနိုင်ပါသည်။ လက်ယာဘက်တွင် $g(f(x))$ ဟု ရေးရမည့်အစား $g \circ (f(x))$ ဟု circle သင်္ကေတ ထည့်ရေးခဲ့လျှင်လည်း အမှတ်များဆုံးရှုံးမည်ဖြစ်ပါသည်။

ဒုတိယဥပမာအနေဖြင့် $(2+3x)^5$ ဟူသော binomial ၏အကျယ်ဖြန့်ချက်မှ $(r+1)$ အကြိမ်မြောက် ကိန်းလုံးကို ရေးသားရာတွင် $(r+1)^{th}$ term of $(2+3x)^5 = {}^5C_r\, 2^{5-r}(3x)^r$ ဟူ၍ 3x ကို ကွင်းခတ်ရေးသားရပါမည်။ ကွင်းခတ်ရန် ကျန်ခဲ့လျှင် ရေးသားဖော်ပြချက် မှားယွင်းသည့်အတွက် အမှတ်များဆုံးရှုံးမည်ဖြစ်ပါသည်။ တစ်ခါတစ်ရံ $(r+1)^{th}$ term of ဟူသောစကားစုကျန်ခဲ့ပြီး

$$(2+3x)^5 = {}^5C_r\, 2^{5-r}(3x)^r$$

ဟုရေးတတ်ကြပါသည်။ ဤရေးသားချက်သည်လည်း လုံးဝမှားယွင်းသည့်အတွက် အမှတ်များ ဆုံးရှုံးမည်ဖြစ်ပါသည်။

တတိယဥပမာအနေဖြင့်

$$(x-1)(x-2) < 0$$

ဟူသော မညီမျှခြင်းကို algebraic နည်းဖြင့် ဖြေရှင်းရာတွင် and နှင့် or မှားယွင်းမရေးမိရန် ကွင်းများ ပြည့်ပြည့် စုံစုံနှင့်အနေအထားမှန်မှန်ခတ်ရန်လိုအပ်ပါသည်။ and နှင့် or မှားယွင်း ရေးခဲ့လျှင် သို့မဟုတ် ကွင်းများမပြည့်မစုံ အနေအထားမမှန်ဖြစ်ခဲ့လျှင် ရသင့်သောအမှတ်များ နစ်နာနိုင်ပါသည်။

စတုတ္ထဥပမာအနေဖြင့် calculus သင်ခန်းစာတွင် $e^x \cos x$ ၏ derivative ကို ရှာသည့်အခါ $\frac{d}{dx}(e^x \cos x)$ ဟုရေးရမည့်အစား $\frac{dy}{dx}(e^x \cos x)$ ဟူ၍ $\frac{d}{dx}$ ကို $\frac{dy}{dx}$ ဖြင့် မှားယွင်းရေးသားခဲ့လျှင် ရသင့်သောအမှတ် အချို့ဆုံးရှုံးရပါလိမ့်မည်။

သင်္ကေတအသုံးအနှုန်းနှင့်ပတ်သက်၍ function တစ်ခု f ၏ inverse သင်္ကေတ f^{-1} နှင့် derivative သင်္ကေတ f' မှားယွင်းအသုံးမပြုမိရန်၊ matrix တစ်ခု A ၏ inverse သင်္ကေတ A^{-1} နှင့် transpose သင်္ကေတ A' လွဲမှားမရေးမိရန်၊ calculus သင်ခန်းစာတွင် $\frac{dy}{dx}$ ရေးရမည့်နေရာ၌ $\frac{\delta y}{\delta x}$ ဟု မှားယွင်းမရေးမိရန်၊ vector များကို ရေးသားရာတွင် arrow များ မကျန်ရစ်စေရန်၊ ထို့ပြင် vector နှစ်ခု၏ စားလဒ်ကို အဓိပ္ပာယ် ဖွင့်ဆိုထားခြင်းမရှိသဖြင့် $\frac{a}{\vec{b}}$ ပုံစံ အရေးအသားမျိုး မရေးရန် geometry အပိုင်းတွင် သဏ္ဌာန်တူခြင်း similarity သင်္ကေတ ~ နှင့် ထပ်တူညီခြင်း congruence သင်္ကေတ ≅ တို့ကို လွဲမှားမရေးမိရန် တို့ကိုလည်းသတိပေးလိုပါသည်။

မှားတတ်သောအမှားအမျိုးအစား(၂)

ဆက်လက်တင်ပြလိုသည့် ဒုတိယအမှားအမျိုးအစားမှာ သင်္ချာသဘောတရားများနှင့် သင်္ချာသင်္ကေတများကို ပြည့်စုံတိကျစွာ မဖော်ပြသည့်အတွက် အဓိပ္ပာယ်မှားယွင်းခြင်း၊ မပြည့်စုံခြင်း၊ ရှေ့နှင့်နောက် သဘောတရား အဆက်အစပ်ပြတ်တောက်ခြင်းတို့ကို ဖြစ်ပေါ်စေသည့် အမှားမျိုးဖြစ်ပါသည်။

ပထမဥပမာအဖြစ် $f\ x = 2x^2 - 5x + k$ အတွက် x - 3 သည် factor တစ်ခုဖြစ်ခဲ့လျှင် k ကို ရှာပါဟူသော ပုစ္ဆာတွက်ရာတွင်

$$f(x) = 2x^2 - 5x + k$$
$$x - 3 \text{ is a factor of } f(x).$$
$$\therefore \quad f(3) = 0$$
$$18 - 15 + k = 0$$
$$k = -3.$$

ဟူ၍ factor သီအိုရမ်၏ အနှစ်သာရကိုဖော်ညွှန်းသော f (3) = 0 ဆိုသည့် ဖော်ပြချက်ပါအောင် ဖြေဆိုရပါမည်။ စာမေးပွဲဖြေဆိုသူအချို့သည်

$$f(x) = 2x^2 - 5x + k$$
$$f(3) = 18 - 15 + k$$
$$= 3 + k$$
$$k = -3.$$

ဟု ဖြေတတ်ကြပါသည်။ ထိုသို့ဖြေခဲ့လျှင် factor သီအိုရမ်ကို အသုံးပြုထားချက်ဖြစ်သည့် f (3) = 0 ဟူသော အဓိကအချက် မပါဝင်သည့်အတွက် အဖြေမှန်သော်လည်း အမှတ်ရမည် မဟုတ်ပါ။

ဒုတိယဥပမာအဖြစ် calculus သင်ခန်းစာတွင် $\lim_{x \to 2} \frac{x^2 - 2x}{x^2 - 4}$ ၏ တန်ဖိုးတွက်ရာ၌

$$\lim_{x \to 2} \frac{x^2 - 2x}{x^2 - 4}$$
$$= \lim_{x \to 2} \frac{x(x-2)}{(x-2)(x+2)}$$
$$= \lim_{x \to 2} \frac{x}{x+2}$$
$$= \frac{2}{2+2}$$
$$= \frac{1}{2}$$

ဟူ၍ တွက်ချက်မှုအဆင့်တစ်ခုနှင့်တစ်ခုကို အဆက်အစပ်ရှိအောင် ညီမျှခြင်း သင်္ကေတများ ပြည့်ပြည့်စုံစုံ ရေးသားပေးရပါမည်။ ညီမျှခြင်းသင်္ကေတများမပါဘဲ တွက်ခဲ့လျှင် တစ်ဆင့်နှင့်တစ်ဆင့် အဆက်အစပ်ပြတ်တောက်ကာ အဓိပ္ပာယ်ဖွင့်မရသည့်အတွက်ရသင့်သော အမှတ်များ ဆုံးရှုံးနိုင်ပါသည်။

တတိယဥပမာအဖြစ် function $y = e^x \cos x$ ၏ derivative ကို တွက်ထုတ်ရာတွင်

$$\frac{dy}{dx} = e^x \cos x + e^x(-\sin x)$$

ဟူ၍ -sin x ကို သေသေချာချာ ကွင်းခတ်ပြီးရေးရပါမည်။ -sin x ကို ကွင်းမခတ်ဘဲရေးခဲ့လျှင် အဓိပ္ပာယ်လွဲမှားသည့်အတွက် အမှတ်များဆုံးရှုံးနိုင်ပါသည်။ အလားတူစွာ တစ်ခုထက်ပိုသော ကိန်းလုံးများပါဝင်သည့် ကိန်းတန်းတစ်ခုနှင့် အခြားကိန်းတစ်ခု သို့မဟုတ် ကိန်းတန်းတစ်ခု မြှောက်သည့်အခါ ကိန်းတန်းများကို ကွင်းခတ်ပေးရန်လိုပါသည်။ ဥပမာ $2x^2 + 3y^2$ နှင့် 4x တို့၏ မြှောက်လဒ်ကို ဖော်ပြရာတွင် $(2x^2 + 3y^2)4x$ ဟူ၍ $2x^2 + 3y^2$ ကို ကွင်းခတ်လျက် ရေးရပါမည်။ $2x^2 + 3y^2$ ကို ကွင်းမခတ်ဘဲရေးခဲ့လျှင် အမှန်တကယ် ဆိုလိုချင်သည့် အဓိပ္ပာယ်မသက်ရောက်သည့်အတွက် အမှတ်များဆုံးရှုံးပါလိမ့်မည်။

မှားတတ်သော အမှားအမျိုးအစား(၃)

စာမေးပွဲဖြေဆိုသူများပြုလုပ်တတ်သည့် တတိယအမှားအမျိုးအစားမှာ အရေးကြီးသော တွက်ချက်မှုအဆင့်များ၊ အချက်အလက်များမပါဝင်ခြင်း၊ လိုအပ်သောအဖြေမရရှိသေးမီဖြေဆိုတွက်ချက်မှုကို ရပ်တန့်လိုက်ခြင်းဖြစ်ပါသည်။

ပထမဥပမာအနေဖြင့် $x * y = 3x^2 - 5xy + 3y^2$ ဟုသတ်မှတ်ပေးထားသည့် binary operation သည် commutative ဖြစ်ကြောင်း သက်သေပြရာတွင်

$$x * y = 3x^2 - 5xy + 3y^2$$
$$y * x = 3y^2 - 5yx + 3x^2$$
$$= 3x^2 - 5xy + 3y^2$$
$$\therefore \quad x * y = y * x$$
$$\therefore * \text{ is commutative.}$$

ဟူ၍ ပြည့်ပြည့်စုံစုံရေးသားတွက်ချက်ရပါမည်။ အထူးသဖြင့် $x * y = y * x$ ဟူသော commutativity ၏အဓိပ္ပာယ်ကိုဖော်ညွှန်းသည့် ရေးသားဖော်ပြချက် မဖြစ်မနေပါရန်လိုအပ်ပါသည်။ ထိုသို့မပါခဲ့လျှင် ရသင့်သောအမှတ်အချို့ ဆုံးရှုံးပါလိမ့်မည်။

ဒုတိယဥပမာအနေဖြင့် ကိန်းတန်း $f(x) = x^3 - 3x^2 + 5x - 9$ ကို x – 3 ဖြင့် စားလျှင် ရရှိမည့်အကြွင်း (remainder) ကို ရှာရာတွင်

$$f(x) = x^3 - 3x^2 + 5x - 9$$
$$f(x) \text{ is divided by x-3.}$$
$$f(3) = 27 - 27 + 15 - 9$$
$$= 6$$
$$\therefore \text{remainder} = 6.$$

ဟူ၍ ပြည့်ပြည့်စုံစုံရေးသား တွက်ချက်ရပါမည်။
စာမေးပွဲဖြေဆိုသူအချို့သည်

$$f(x) = x^3 - 3x^2 + 5x - 9$$
$$f(x) \text{ is divided by x-3.}$$
$$f(3) = 27 - 27 + 15 - 9$$
$$= 6$$

အဆင့်ဖြင့်ရပ်တန့်ထားကြပြီး remainder = 6 ဆိုသည့်အချက်ကို ရေးသားဖော်ပြခြင်း မရှိကြပါ။ ဤပုစ္ဆာတွင် remainder သည် ပုစ္ဆာ၏ သော့ချက်စကားလုံး (key word) တစ်ခုဖြစ်ပြီး မိမိတို့၏အဖြေတွင် ဤ key word မပါခဲ့ပါက ရသင့်သည့်အမှတ်အချို့ ဆုံးရှုံးနိုင်ပါသည်။

တတိယဥပမာအနေဖြင့် inequation တစ်ခု သို့မဟုတ် system of equations တစ်ခု၏ solution set ကို မေးသည့်ပုစ္ဆာတွင် solution များ အားစုစည်းလျက် set တည်ဆောက်ပေးသည့်အဆင့်အထိ တွက်ချက်ပေးရပါမည်။ စာမေးပွဲဖြေဆိုသူအချို့သည် solution set တည်ဆောက်ပေးသည့်အဆင့်ကို ချန်ထားခဲ့သဖြင့် ရသင့်သောအမှတ်များ ဆုံးရှုံးရပါသည်။

စတုတ္ထဥပမာအဖြစ် ပေးထားသောညီမျှခြင်းတစ်ခု မှန်ကန်ကြောင်း သက်သေပြရသည့် ပုစ္ဆာကိုဖြေဆိုရာတွင် ညီမျှခြင်း၏ လက်ဝဲဘက်နှင့် လက်ယာဘက်ကို သီးခြားစီ တွက်ခဲ့ပါက ပုစ္ဆာက တောင်းဆိုသော ရလဒ်ဖြစ်သည့် ညီမျှခြင်း၏ လက်ဝဲဘက်နှင့် လက်ယာဘက် ညီပါသည်ဆိုသည့် ကောက်ချက် (conclusion) ချပေးသည်အထိ ရေးသားဖြေဆိုရပါမည်။ ထိုသို့သောကောက်ချက်မပါခဲ့လျှင် ရသင့်သောအမှတ်အချို့ ဆုံးရှုံးနစ်နာနိုင်ပါသည်။

ပဉ္စမဥပမာအနေဖြင့် function သုံးခု f, g နှင့် h တို့ပေါင်းစပ်ထားသော function $f \circ (g \circ h)$ ၏ formula ရှာရာတွင်

$$(f \circ (g \circ h))(x) = f((g \circ h)(x))$$
$$= f(g(h(x)))$$

ဟူ၍ တစ်ဆင့်ချင်း ပြည့်စုံစွာရေးသားတွက်ချက်ရပါမည်။

$$(f \circ (g \circ h))(x) = f(g(h(x)))$$

ဟူ၍ အဆင့်ကျော်ပြီးရေးသားခဲ့လျှင် '∘' operation နှစ်ခုအနက် မည်သည့် operation ကို ဦးစွာဖြေရှင်းသည်ဆိုသည့်အချက် မပါဝင်၊ မပေါ်လွင်သည့်အတွက် ရသင့်သော အမှတ်များဆုံးရှုံးနိုင်ပါသည်။

မှားတတ်သောအမှားအမျိုးအစား(၄)

စာမေးပွဲဖြေဆိုသူများပြုလုပ်တတ်သည့် စတုတ္ထအမှားတစ်မျိုးမှာ ပုစ္ဆာက သတ်မှတ်ပေးထားသော တွက်နည်းမျိုးဖြင့် မတွက်ဘဲ အခြားနည်းများဖြင့်တွက်ချက်သော မှားယွင်းမှုမျိုးဖြစ်ပါသည်။ ဥပမာအားဖြင့် inequation တစ်ခု၏ solution set ရှာရသည့်ပုစ္ဆာတွင် graphical method နှင့် တွက်ပါဟု သတ်မှတ်ထားလျှင် ထိုနည်းဖြင့်သာ တွက်ပေးရမည် ဖြစ်ပါသည်။ algebraic method ဖြင့်တွက်မည်ဆိုပါက အဖြေမှန်သော်လည်း အမှတ်ရမည် မဟုတ်ပါ။ အလားတူစွာ matrix တစ်ခု၏ inverse ရှာရသည့်ပုစ္ဆာတွင် use the definition of inverse matrix ဟုကန့်သတ်ထားလျှင် inverse matrix ၏ အဓိပ္ပာယ် သတ်မှတ်ချက်သုံးပြီး တွက်ချက်မှသာ အမှတ်ရပါမည်။ function တစ်ခု၏ derivative ကို first principle သုံးပြီး ရှာပါဟုမေးခဲ့လျှင် ထိုနည်းဖြင့် တွက်ချက်မှသာ အမှတ်ရမည်ဖြစ်ပါသည်။

အထွေထွေအကြံပြုချက်များ

မှားတတ်သော အမှားပုံစံ(၄)မျိုးကို ဆွေးနွေးရှင်းလင်းပြီးသည့်နောက် စာမေးပွဲဖြေဆိုမည့်သူများအား သတိပေးလိုသော အချက်တစ်ရပ်မှာ ကိန်းဂဏန်းများ တွက်ချက်ရှင်းလင်းမှု (numerical calculation) နှင့် အက္ခရာကိန်းတန်းများ စုစည်းရှင်းလင်းမှု (algebraic manipulation) များ ပြုလုပ်ရာတွင် မမှားအောင် သတိပြုကြရန်ဖြစ်ပါသည်။ စာဖြေသူများ၏ ရသင့်ရထိုက်သောအမှတ်များကို ဆုံးရှုံးနစ်နာစေသည့် အဓိကအကြောင်းရင်းများတွင် ဤအချက်မျိုးလည်းပါဝင်နေပါသည်။

ဆက်လက်၍ သတိပေးလိုသည်မှာ ဂျီဩမေတြီပုစ္ဆာများ ဖြေရှင်းရာတွင် လိုအပ်သော ပုံများကို မှန်ကန်စွာ ဆွဲသားကြရန်၊ logarithm နှင့် trigonometry ဇယားသုံးတွက်ချက်မှုများရှိပါက ထိုဇယားသုံး တွက်ချက်မှုများကိုပါ ဖော်ပြပေးရန် ဖြစ်ပါသည်။

ကျောင်းသားကျောင်းသူများအား အကြံပြုလိုသော နောက်တစ်ချက်မှာ တက္ကသိုလ်ဝင် သင်္ချာမေးခွန်းလွှာတွင်ပါဝင်သည့် Section (A), Section (B), Section (C) အပိုင်းအသီးသီးကို ဖြေဆိုရာတွင် တစ်ပိုင်းစီအတွက် ဖြေဆိုချိန်မည်မျှယူသင့်သည်ဟူသော အချက်ဖြစ်ပါသည်။ အကြမ်းအားဖြင့် Section (A) မှ multiple choice question (၂၅)ပုဒ်ကို အများဆုံး မိနစ် (၄၀)ခန့်ဖြင့်လည်းကောင်း၊ Section (B) မှ (၃)မှတ်တန် ပုစ္ဆာ(၅)ပုဒ်ကို အများဆုံး မိနစ်(၃၀) ခန့်ဖြင့်လည်းကောင်း၊ Section (C) မှ (၁၀)မှတ်တန် ပုစ္ဆာ(၆)ပုဒ်ကို အများဆုံး မိနစ် (၉၀) ခန့်ဖြင့် လည်းကောင်း အပြီးဖြေဆိုနိုင်ရန်လိုပါသည်။ ထိုသို့ ဖြေဆိုနိုင်မည်ဆိုပါက မိမိတို့၏ ဖြေဆိုချက်များကို ပြန်လည်စစ်ဆေးရန် အချိန်အနည်းဆုံး မိနစ် (၂၀)ခန့် ရရှိမည် ဖြစ်ပါသည်။ ထိုသို့မိမိတို့၏ ရေးသားဖြေဆိုချက်များကို ပြန်လည်စစ်ဆေးရာတွင် အကြံပြုလိုသော အချက်တစ်ရပ် ရှိပါသေးသည်။ ထိုအချက်မှာ စာမေးပွဲတွင် မေးသော မေးခွန်းပုစ္ဆာအချို့အတွက် မိမိတို့၏ အဖြေများမှန်မမှန်ကို ပုစ္ဆာ၏ပေးထားချက်များနှင့် ပြန်လည်ချိန်ကိုက်စစ်ဆေးကြည့်နိုင်သည် ဟူသောအချက်ဖြစ်ပါသည်။

ဥပမာအားဖြင့် Solve the equation

ဟူသော ပုစ္ဆာကို တွက်ချက်၍ အဖြေ x = 1 or x = 2 or x = 3 ဟုရခဲ့လျှင် မိမိတို့၏အဖြေများမှန်မမှန်ကို x = 1, 2, 3 တို့အား ပေးထားသော ညီမျှခြင်း၏ လက်ဝဲဘက်တွင် အစားထိုးကြည့်ပြီး လက်ယာဘက်မှ သုညနှင့်ညီမညီ ကြည့်ခြင်းဖြင့် စစ်ဆေး၍ရပါသည်။

အလားတူစွာ The sum and product of three numbers in A.P. are 15 and 80 respectively. Find the numbers. ဟူသော ပုစ္ဆာကိုတွက်ချက်၍ ရရှိသောအဖြေမှန်မမှန် စစ်ဆေးလိုပါက မိမိရရှိထားသော ကိန်းသုံးလုံးသည် A.P. ဖြစ်မဖြစ်၊ ထိုကိန်းများကို ပေါင်းလျှင် 15 ရ မရ၊ မြှောက်လျှင် 80 ရမရဟူသော အချက်သုံးချက်ဖြင့် စစ်ဆေး၍ရပါသည်။

စာမျက်နှာ ၁၆ သို့

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

စာမျက်နှာ ၁၅မှ

ဤသို့သော ချိန်ကိုက်စစ်ဆေးမှုမျိုးသည် ထိရောက်သေချာပြီး အချိန်ကုန်လည်း သက်သာစေပါသည်။

ယခုဆွေးနွေးတင်ပြခဲ့သည့်အချက်များကို စုစည်း၍ အကျဉ်းချုပ်မှာကြားလိုသည်မှာ ကျောင်းသား ကျောင်းသူများအနေဖြင့် သင်္ချာဘာသာ ဖြေဆိုရာတွင်

(၁) ကိန်းဂဏန်းများရှင်းလင်းတွက်ချက်မှု (numerical calculation) နှင့် အက္ခရာကိန်းတန်းများ စုစည်းရှင်းလင်းမှု (algebraic manipulation)များ ပြုလုပ်ရာတွင် မမှားအောင် သေသေချာချာ ဂရုစိုက်တွက်ချက်ရပါမည်။

(၂) သင်္ချာသင်္ကေတများကို စနစ်တကျ မှန်မှန်ကန်ကန်သုံးစွဲ ရေးသားရပါမည်။

(၃) အရေးကြီးသော မပါမဖြစ်လိုအပ်သော အဆင့်များကိုမကျော်ဘဲ အသေးစိတ်ပြည့်စုံတိကျစွာ ရေးသားတွက်ချက်ရပါမည်။

(၄) မေးခွန်းကတောင်းဆိုသော အဖြေရရှိသည်အထိ တွက်ချက်ရေးသားဖြေဆိုရပါမည်။

(၅) ပုစ္ဆာကမေးထားသောသော့ချက်စကားလုံး (key word) များသည် မိမိတို့၏အဖြေတွင် ပါဝင်ရပါမည်။

(၆) ပုစ္ဆာတွင်တွက်နည်းကိုကန့်သတ်ထားပါက ကန့်သတ်ထားသော တွက်နည်းဖြင့်သာ တွက်ချက်ဖြေဆိုရပါမည်။

(၇) မိမိတို့၏စာဖြေချိန်ကို စနစ်တကျခွဲဝေအသုံးချပြီးဖြေဆိုချက်များကို ပြန်လည်စစ်ဆေးချိန် အနည်းဆုံးမိနစ် (၂၀) ခန့် ရရှိအောင်ယူကြရပါမည်။

(၈) သင်္ချာသင်ရိုးတစ်ခုလုံးတွင်ပါဝင်သည့် သီအိုရီသဘော တရားများ၊ မှန်ကန်ချက်များ၊ ပုံသေနည်းများကို ပိုင်ပိုင်နိုင်နိုင်နားလည်မှတ်မိနေအောင် လေ့ကျက်ထားကြရပါမည်။

(၉) ပုစ္ဆာများကို ကျွမ်းကျွမ်းကျင်ကျင် လျင်လျင်မြန်မြန် ဖြေရှင်းနိုင်အောင် ထပ်တလဲလဲလေ့ကျင့်ထားကြရပါမည်။

ယခုဆွေးနွေးအကြံပေးခဲ့သည့်အချက်များကို တိတိကျကျလိုက်နာကြမည်ဆိုပါက သင်္ချာဘာသာရပ်ကို ဂုဏ်ထူးမှတ်၊ ရာပြည့်မှတ်များဖြင့် အောင်မြင်ရန် သေချာပါကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

ရေးသားပြုစုသူ ဒေါက်တာဇော်ဝင်း
ပါမောက္ခ၊ ဌာနမှူး
သင်္ချာဌာန၊ ရန်ကုန်တက္ကသိုလ်

ရင်သားကင်ဆာခွဲစိတ်ပြီးနောက် နာကျင်မှုဝေဒနာခံစားရနိုင်

ရင်သားကင်ဆာခွဲစိတ်ပြီး တစ်နှစ်ကြာသည့်တိုင်အောင် အမျိုးသမီး အများစုသည် နာကျင်မှုဝေဒနာကို ဆက်လက်ခံစားနေရဆဲဖြစ်ကြောင်း လေ့လာမှုတစ်ခုအရ သိရသည်။

ခွဲစိတ်ကုသခြင်း၊ ဆေးဝါးကုထုံးများဖြင့် ကုသခြင်းနှင့်ဓာတ်ရောင်ခြည်ဖြင့်ကုသခြင်းမပြုလုပ်မီ နာတာရှည်နာကျင်ကိုက်ခဲမှုနှင့်စိတ်ကျရောဂါအပါအဝင် နာကျင်မှုများကို အမျိုးသမီးများခံစားရလေ့ရှိကြောင်း သုတေသနပညာရှင်များက ဖော်ထုတ်ခဲ့သည်။

အဆင့်မြင့်ကုသမှု မဟာဗျူဟာများရှိသော်လည်း ရင်သားကင်ဆာကုသပြီးနောက် ဆက်လက်နာကျင်နေမှုသည် ထူးခြားသောကုသမှုဆိုင်ရာပြဿနာ တစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေကြောင်း ဟယ်လ်ဆင်ကီတက္ကသိုလ်ဗဟိုဆေးရုံမှ ဒေါက်တာတောင်မိုမီရတ်တိုဂျာနှင့် လုပ်ဖော်ကိုင်ဖက်များက အစီရင်ခံစာတစ်ခုတွင် ဖော်ပြကြသည်။

ခန္ဓာကိုယ်အခြားအစိတ်အပိုင်းများကို မကူးစက်သော ရင်သားကင်ဆာကို ကုသမှုခံယူခဲ့သည့်အသက် ၇၅ နှစ်အောက် အမျိုးသမီး ၈၆၀ ကို သုတေသနပြုခဲ့ကြောင်း အမေရိကန်ဆရာဝန်များအသင်းမှ ထုတ်ဝေသောဂျာနယ်တွင် ဇန်နဝါရီ ၁ ရက်က ဖော်ပြခဲ့သည်။

အဆိုပါ အမျိုးသမီးများသည် ၂၀၀၆ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ဟယ်လ်ဆင်ကီတက္ကသိုလ်ဗဟိုဆေးရုံ၌ ကုသမှုခံယူခဲ့ကြသည်။ ၎င်းတို့ထဲမှ အမျိုးသမီးအများစုသည် ခွဲစိတ်ကုသပြီး တစ်နှစ်ကြာသည့်တိုင်အောင် နာကျင်မှုဝေဒနာကို အတိုင်းအတာတစ်ခုအထိခံစားခဲ့ရကြောင်း သုတေသနပညာရှင်များက တက္ကသိုလ်သတင်းထုတ်ပြန်မှုတွင် ဖော်ပြခဲ့ကြသည်။

ခွဲစိတ်ပြီးနောက် နာကျင်မှုဝေဒနာ ဆက်လက်ခံစားရခြင်းရှိ မရှိ ဆုံးဖြတ်နိုင်ရန်ခွဲစိတ်ပြီး ၁၂ လကြာအောင် ပြီးပြည့်စုံသော မေးခွန်းများကို သုတေသနပညာရှင်များက မေးမြန်းခဲ့ကြသည်။ ထိုသို့ မေးမြန်းခံရသော အမျိုးသမီးများသည် စိတ်သက်သာရာရမည် မဟုတ်ပေ။

လေ့လာမှုအရ ခွဲစိတ်ပြီးတစ်နှစ်အတွင်း အမျိုသမီးသုံးပုံတစ်ပုံသည် နာကျင်မှုမခံစားရကြောင်း၊ စုံစမ်းစစ်ဆေးသူများအဆိုအရ ၅၀ ရာခိုင်နှုန်းသည် အနည်းငယ်နာကျင်မှုခံစားရကြောင်း၊ ၁၂ ရာခိုင်နှုန်းသည် အတော်အသင့်နာကျင်မှုခံစားရကြောင်းနှင့် လေးရာခိုင်နှုန်းနီးပါးသည် အပြင်းအထန်နာကျင်မှုခံစားရကြောင်း သိရသည်။

ဘာသာပြန် - လပြည့်သော်တာ

ကျိုင်းတုံ၌ မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်

ကျိုင်းတုံ ဇန်နဝါရီ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ တွဲဖက်ပြည်နယ်မီးသတ်ဦးစီးဌာန၏လမ်းညွှန်မှုဖြင့် ကျိုင်းတုံခရိုင်မြန်မာ့အာမခံလုပ်ငန်းကစီစဉ်၍ မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ဇန်နဝါရီ ၁၄ ရက် ညနေ ၃ နာရီတွင် ကျိုင်းတုံခရိုင်မြန်မာ့အာမခံလုပ်ငန်းရုံးရှေ့၌ကျင်းပသည့် သရုပ်ပြလေ့ကျင့်ခြင်းကို မြန်မာ့အာမခံလုပ်ငန်း ကျိုင်းတုံခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဂေါဝိန်နှင့် ဝန်ထမ်းများ၊ မြန်မာသစ်ထုတ်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူနှင့်ဝန်ထမ်းများ တက်ရောက်ကြသည်။ ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်ငါးဦးက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ရာတွင် ဆောင်ရန်ရှောင်ရန်များနှင့် မီးငြိမ်းသတ်နည်းတို့ကို ရှင်းလင်းပြီး လက်တွေ့သရုပ်ပြခြင်းတို့ဆောင်ရွက်ကြသည်။ ထို့နောက် မြန်မာ့အာမခံလုပ်ငန်းမှ ဝန်ထမ်းများက လက်တွေ့မီးငြိမ်းသတ်ခြင်းတို့ပြုလုပ်ကြကြောင်း သိရသည်။

မောင်မောင်နိုင် (iprd)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

တီဘီရောဂါတိုက်ဖျက်ရေး ကွင်းဆင်းဆောင်ရွက်

ဇီးကုန်း ဇန်နဝါရီ ၁၆

သာယာဝတီခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့မှ ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် တီဘီရောဂါတိုက်ဖျက်ရေးကွင်းဆင်းဆောင်ရွက်ခဲ့သည်။

သာယာဝတီခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့က ဇီးကုန်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် ပူးပေါင်းကာ ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီက တီဘီရောဂါဝေဒနာရှင်များနှင့်ခေါ်ယူတွေ့ဆုံခဲ့သည်။ အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့မှ ဦးကျော်စွာဝင်းနှင့် ဇီးကုန်းမြို့နယ် သူနာပြုဆရာမကြီး ဒေါ်နွယ်နွယ်မြင့်တို့က တီဘီရောဂါအကြောင်း တီဘီဝေဒနာရှင်များအနေဖြင့် တီဘီရောဂါအကြောင်း၊ တီဘီဝေဒနာရှင်များအနေဖြင့် တီဘီဆေးကို ညွှန်ကြားသည့်အတိုင်းတိကျစွာ ဂရုတစိုက်သောက်သုံးရန် ပုံမှန်မသောက်ပါက ဆေးယဉ်ပါးခြင်းကြောင့် ကုသရန်ခက်ခဲခြင်းနှင့် တခြားသူများအား မကူးစက်စေရန် ဆင်ခြင်ပြုမူနေထိုင်ရန်များကို ဆွေးနွေးဟောပြောခဲ့သည်။ ထို့နောက်ဝေဒနာရှင်များအား အာဟာရပစ္စည်းများ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ယူနက်စကိုပညာရေးဆိုင်ရာ ပညာရှင်အဆင့်မြင့်ပညာရေးအဖွဲ့နှင့်တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် (၉)ရပ်ကွက် တက္ကသိုလ် နယ်မြေ တက္ကသိုလ်စိန်ရတုခန်းမ၌ ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက မြန်မာနိုင်ငံပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေးကော်မတီ၏ အဆင့်မြင့်ပညာရေးလုပ်ငန်းအဖွဲ့နှင့်ယူနက်စကိုပညာရေးဆိုင်ရာ ပညာရှင်က Roger Chai က နိုင်ငံတကာပညာရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ အတွေ့အကြုံများနှင့် မြန်မာနိုင်ငံပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးဆောင်ရွက်ချက်များကို ဆွေးနွေးအကြံပြုရာတွင် အဆင့်မြင့်ပညာရေးအဖွဲ့သည် ပြည်သူထံမှ လက်ခံရရှိသော အကြံပြုချက်များနှင့် ပေါင်းစပ်ညှိနှိုင်းရေးဆွဲထားသော မူဝါဒလုပ်ငန်းစဉ်များတွင် ယူနက်စကိုမှလိုအပ်သော အကြံပြုချက်များနှင့်အကူအညီများ ရယူဆောင်ရွက်သွားရန် ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်းသိရသည်။

(၀၁၅)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊မြေကွက်အမှတ် ၃၉၊ အလျားပေ ၄၀× အနံပေ ၆၀၊ အကျယ်အဝန်းရှိ ဒေါ်ခင်ကြီး ISN-၁၅၁၃၂၂ အမည်ပေါက်သည့် မြေချပါမစ် မြေကွက်ကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားကြောင်းအဆိုပြုသူ ဦးစိန်လွင် TGA- ၁၀၅၃၅၅ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက် ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်ကြောင်းစာချုပ်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဆန်နီ(ပျဉ်းမနား)၊ အထက်တန်းရှေ့နေ (စဉ်-၁၆၉၅၁)
၁၀၃၇၊ သင်းဝင်(၅)လမ်း၊ ၃၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၃၀၄၆၉၀၆၊ ၀၉-၄၃၁၃၆၁၈၉

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ စံချိန်မီအဆင့်(၂)၊ မြေကွက်အမှတ် ၈၈၅၊အမည်ပေါက်ဦးနေဝင်းနိုင်၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်သန်းသန်းအေး ၇/သနပ(နိုင်)၀၅၉၈၈၅ မှ မြေကွက်စလစ်မူရင်း၊ငွေသွင်းချလန်မူရင်းနှင့် အရောင်းအဝယ်စာချုပ် မူရင်းများတင်ပြပြီး မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂) မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁အက်ဖ်၊ မြေကွက်အမှတ် ပဥ္စမတန်းစား ၁၁၀၊ မြေကွက်တည်နေရာ အမှတ် ၁၄၉၊ ၁၀၁ လမ်း၊ ဖို့မြေရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် မချိုတီ၊ မမြင့်မြင့်နှင့် မကြူကြူအမည်ပေါက် နှစ် ၉၀ ဂရန်မြေအား အမည်ပေါက် မိခင် ဒေါ်ချိုတီ၊ ဖခင် ဦးခင်မောင်ချို ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်နှစ်ဦး (၁) ဒေါ်မြင့်မြင့်(ခ) ဒေါ်မြင့်မြင့်ချို ၁၂/မဂတ(နိုင်)၀၆၄၈၆၀နှင့် (၂) ဒေါ်ကြူကြူ(ခ)ဒေါ်ကြူကြူချို ၁၂/အလန(နိုင်)၀၁၈၀၇၅တို့က သမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

၉-၁-၂၀၁၄ ရက်စွဲပါ အထက်တန်းရှေ့နေ ဦးသက်အောင်ထူး၏ ၂၉-၁၂-၂၀၁၃ရက်စွဲပါ ဒေါ်နှင်းယုခိုင်နှင့် ဒေါ်မိုးမိုးဇင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေ ဦးထင်လင်းနိုင်၏ ကြေညာချက်အပေါ် ပြန်လည်ရှင်းလင်းကြေညာချက်ဟု ကြေညာခြင်းနှင့်ပတ်သက်၍ အဖြစ်မှန်ကို

အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း

အထက်တန်းရှေ့နေ ဦးသက်အောင်ထူး၏ ပြန်လည်ရှင်းလင်းကြေညာချက်ပါ **ဒေါ်နှင်းယုခိုင်နှင့် ဒေါ်မိုးမိုးဇင်တို့ထံမှ ဒေါ်သန်းသန်းနွယ်က ကျပ်သိန်း ၇၀ ဖြင့် အပြီးအပိုင်စာချုပ်ချုပ်ဆိုဝယ်ယူထားခဲ့ခြင်း ဖြစ်ပါသည်** ဆိုသောအချက်မှာ မှန်ကန်မှုမရှိပါ။ ၂၃-၁၂-၂၀၁၃ ရက်စွဲပါ သတင်းစာကြော်ငြာစဉ်က ယင်းအချက်ပါဝင်ခဲ့ခြင်းမရှိဘဲ ၂၉-၁၂-၂၀၁၃ရက်စွဲပါ သတင်းစာကြော်ငြာပါရှိပြီးသည့်အချိန်မှ ယခုကဲ့သို့ကြော်ငြာခြင်းဖြစ်ပြီး အဖြစ်မှန်မှာ ၂၉-၁၂-၂၀၁၃ရက်စွဲပါ သတင်းစာကြော်ငြာပါအတိုင်းသာဖြစ်ကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဒေါ်နှင်းယုခိုင်နှင့်ဒေါ်မိုးမိုးဇင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထင်လင်းနိုင် LL.B,D.B.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၁၂)
ရုံး-တိုက် (၉/၁၁)၊ အခန်းအမှတ်(005-B)၊
၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၉၃၀၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ ခနဲရိကျေးရွာ၊ ကွင်းအမှတ် ၂၄၈၊ ကြာအင်းကွင်း၊ ဦးပိုင်အမှတ် ၃၃/၁၀၊ မြေဧရိယာ ၁ဒသမ ၀၃ဧကအား အမည်ပေါက်ပိုင်ဆိုင်သူ ဦးဝင်းကို ၁၂/လမန(နိုင်)၁၀၉၀၉၄ ပိုင်ဖြစ်သော အထက်ပါမြေကွက်အား ဒေါ်အိဇင်ထွန်း ၁၀/မလမ(နိုင်)၁၂၃၁၆၁က ဝယ်ယူမည်ဖြစ်ပါသဖြင့် အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်ရန်နှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို အပြီးတိုင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

ဦးဝင်းကို ၁၂/လမန(နိုင်)၁၀၉၀၄၉
ဖုန်း-၀၉-၅၁၀၈၉၉၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ၁၂ရပ်ကွက်၊ ပေါ်ဆန်းမွှေး(၁)လမ်း၊ မြေကွက်အမှတ် ၁၀/၇၀၈-ခ/သကမ ပေ(၂၀×၆၀)ပါမစ်မြေနှင့် ပျဉ်ထောင် တစ်ထပ်အဆောက်အအုံအား လက်ရှိပိုင်ဆိုင်သူ ဒေါ်ခင်ညိုညို ၁၂/လမန(နိုင်)၀၂၀၄၃၅ထံမှ ဒေါ်အေးအေးသန်းက ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်၍ ကန့်ကွက်ရန်ရှိပါက ယနေ့မှစ၍ ၁၄ရက်အတွင်း အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးတိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်အေးအေးသန်း ၁၂/ဥကတ(နိုင်)၀၀၂၄၇၁
အမှတ်(၂၀၀)၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မင်္ဂလာဒုံစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်စက်မှုဇုန်၊ မြေကွက်အမှတ် ၂၀၀၊ ၂၀၁၊ ဧရိယာ ၄ဒသမ ၂၆၁၈ဧကရှိ စက်မှုလက်မှုလုပ်ငန်း မြေကွက်အနက် မြေကွက်အမှတ် ၂၀၁၊ ဧရိယာ ၂ဒသမ ၁၃၈ဧကခန့်ရှိ စက်မှုလက်မှုလုပ်ငန်းမြေကွက်နှင့် အကျိုးခံစားခွင့်များကို အမည်ပေါက်ပိုင်ရှင် ဦးကျော်ဘုန်းလွင် ၁၂/ကမရ(နိုင်)၀၁၁၉၄၉ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက်ရောင်းဝယ်ခြင်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆိုသည် ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားများဖြင့် ဤကြော်ငြာချက်ပါရှိသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် အဆိုပါနေ့ရက်ကုန်လွန်ပါက အရောင်းအဝယ်ကို တရားဝင်အပြီးသတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဝင်းညိန်း (B.Sc,R.L) (စဉ်-၁၆၉၇၉)
ဦးသက်မော် (B.Sc,H.G.P,R.L,D.B.L) (စဉ်-၂၀၅၈၈)
ဝယ်ယူသူ၏ရှေ့နေများ
အမှတ် ၅၀၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၄၀၉၅၆

ဆောင်းပါးနှင့်နယ်သတင်း

ရောဝတီမြစ်ဝကျွန်းပေါ်နှင့် စီးပွားရေးမြို့တော်တို့ကိုပေါင်းစည်းပေးမည့် ဟင်္သာတ-လှိုင်သာယာရထားလမ်း မေလတွင်ဖွင့်လှစ်မည်

လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ကုန်စည်စီးဆင်းမှု လွယ်ကူ မြန်ဆန်စေရေးတို့အတွက် အမျိုးသားမီးရထား ကွန်ရက်စနစ် (National Railways Network) ဖြစ်ပေါ်လာစေရန် ရထားလမ်းသစ် စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ၉၈ မိုင် အရှည်ရှိ ရန်ကုန် (လှိုင်သာယာ)-ညောင်တုန်း(စက္ကော့)-ပုသိမ် (ဘဲဂရက်)ရထားလမ်းကို ဖောက်လုပ်နေပြီး စက္ကော့မှ ဟင်္သာတသို့လည်း ရထားလမ်း ဖောက်လုပ်ထားပြီးဖြစ်သည်။ ပုသိမ်-ကြံခင်း ရထားလမ်းပိုင်းတွင်ရှိသော ဘဲဂရက်ဘူတာမှ ခွဲထွက်လာသော ရထားလမ်းသည် အိမ်မဲ-ပန်းတနော်မှ ရောဝတီတံတား(ညောင်တုန်း)ကို ဖြတ်သန်းပြီး ရန်ကုန်(လှိုင်သာယာ)သို့ ဖောက်လုပ်ထားခြင်းဖြစ်သည်။ ရန်ကုန်(လှိုင်သာယာ)မှ ရောဝတီတံတား(ညောင်တုန်း)ထိ ၄၀ ဒသမ ၃၄ မိုင်နှင့် ရောဝတီတံတား (ညောင်တုန်း)မှ ပုသိမ်(ဘဲဂရက်) ထိ ၅၇ ဒသမ ၆၆ မိုင်ဖြင့် စီမံကိန်း လုပ်ငန်းများကို နှစ်ပိုင်းခွဲ၍ ဆောင်ရွက်လျက်ရှိပြီး ၂၀ ဒသမ ၂၅ မိုင် ရှည်လျားသော ပုသိမ် (ဘဲဂရက်)- အိမ်မဲရထားလမ်းပိုင်းကို ၂၀၁၁ ခုနှစ် မတ်လ ၂၀ ရက်က ဖွင့်လှစ်ပြေးဆွဲနိုင်ခဲ့ပြီဖြစ်သည်။

ဟင်္သာတ-စက္ကော့(ညောင်တုန်း) ရထားလမ်းသည် ၄၈ မိုင်ရှည်လျားပြီး ဟင်္သာတဘူတာမှ ခွဲထွက်၍ ဇလွန်-စက္ကော့-ရှမ်းစု-ညောင်တုန်းဘူတာ သို့ ဆက်သွယ်ဖောက်လုပ်ထားရာ ဟင်္သာတ-ဇလွန် ရထားလမ်းကို ၂၀၁၀ ခုနှစ် ဇူလိုင်လ ၂၁ ရက်က ဖွင့်လှစ်နိုင်ခဲ့၍ ခရီးမိုင်မှာ ၁၆ ဒသမ ၂၅ မိုင်ဖြစ်သည်။ ဟင်္သာတ-လှိုင်သာယာရထားလမ်းတွင် ဟင်္သာတ-စက္ကော့လမ်းသည် သွားလာနိုင်ပြီဖြစ်ပြီး စက္ကော့ဘူတာမှ ရှမ်းစုဘူတာ လမ်းပိုင်းအတိုင်း ရေနက်ကွင်းကြီးကို ငွေ့ဝိုက်ဖြတ်သန်းကာ ညောင်တုန်းဘူတာကို ဖြတ်သန်း၍ လှိုင်သာယာဘူတာထိ ဖောက်လုပ်ထားခြင်းဖြစ်သည်။ ရောဝတီတံတား (ညောင်တုန်း)နှင့် ရန်ကုန် (လှိုင်သာယာ)လမ်းပိုင်းသည် ၄၀ ဒသမ ၃၄ မိုင် ရှည်လျား၍ မေလအမီ ဖွင့်လှစ်နိုင်ရန် ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ အဆိုပါ ရထားလမ်းတွင် တာပေါင်များ ရေရှည်တည်တံ့ခိုင်မာစေရန် အချိန်ယူပြုပြင်ရခြင်း၊ ရေနက်ကွင်းကို ဖြတ်သန်းဖောက်လုပ်ရခြင်း၊ မိုးများသောဒေသဖြစ်သောကြောင့် တံတားကြီး၊ ငယ် ရာကျော်တည်ဆောက်ခြင်းတို့ကြောင့် အချိန်ယူဖောက်လုပ်ခဲ့ရသည်ဟု သိရသည်။

မိုင် ၄၀ ကျော် ရှည်လျားသော လှိုင်သာယာ-ညောင်တုန်းရထားလမ်းပိုင်းတွင် သံလမ်း ဆက်လက်ခင်းကျင်းရန် ၁၅ မိုင်သာ ကျန်ရှိပြီး ၂၇ မိုင် အရှည်ရှိသော ရထားလမ်းတာပေါင်များကို ကြံ့ခိုင်မှုရှိစေရန် ပြုပြင်ခြင်း၊ ခိုင်မာငြိမ်သက်မှုရှိစေရန် တာပေါင်များမြှင့်တင်၍ သဲခင်းခြင်းတို့ ဆောင်ရွက်လျက်ရှိပြီး စမ်းသပ်ပြေးဆွဲပြီးပါက ကျောက်ခင်းလုပ်ငန်း ဆောင်ရွက်ခြင်းဖြင့် လေလွင့်ဆုံးရှုံးမှုမရှိစေရန် ဆောင်ရွက်ထားသည်ဟု ဆိုသည်။ လမ်းပိုင်းများ ကောင်းမွန်စေရန်၊ မြေသားများအသားကျစေရန်၊ ရေတိုက်စားမှုခံနိုင်ရန် အချိန်သုံးနှစ်ယူ ပြုပြင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၄ ခုနှစ် မေလတွင် ဟင်္သာတ- ဇလွန်-စက္ကော့၊ ညောင်တုန်း-လှိုင်သာယာလမ်းပိုင်းကို ဖွင့်လှစ်ပြေးဆွဲရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ညောင်တုန်း (ရောဝတီတံတား)နှင့် ပုသိမ်ကြားတွင် ရှိသော ရေနက်ကွင်းကိုဖြတ်၍ တည်ဆောက်နေသော သုံးခွချောင်း တံတားကြီးပြီးစီးလျှင် ၂၀၁၄-၂၀၁၅ ခုနှစ် ပွင့်လင်းရာသီတွင် ရန်ကုန် (လှိုင်သာယာ) ပုသိမ်မီးရထားလမ်းပိုင်းကို ဖွင့်လှစ်သွားလာနိုင်ခြင်းဖြင့် ရောဝတီမြစ်အနောက်ခြမ်းမှ ကုန်စည်များ စီးဆင်းမှုမြန်ဆန်၍ ဒေသပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

လှိုင်သာယာ-ညောင်တုန်းလမ်းပိုင်းကို တာဝန်ယူဆောက်လုပ်နေသော အင်ဂျင်နီယာမှူး (မြို့/ပြ) ဦးဇော်မင်းဦးက မြစ်ဝကျွန်းပေါ်ဒေသမှ ကုန်စည်များ ရန်ကုန်မြို့သို့ တင်ပို့ရာတွင် ကားဖြင့်သယ်ယူသွားလာရသည့်အတွက် ကုန်ကျစရိတ်များ၍ ရန်ကုန်-ဟင်္သာတရထားလမ်းပိုင်းကြီး ဖွင့်လှစ်သွားလာနိုင်ပါက ကုန်ကျစရိတ် သိသာစွာ သက်သာသွားမည်ဖြစ်ကြောင်း၊ ရောဝတီမြစ် အနောက်ဘက်ခြမ်းတွင် ပုသိမ်-ကြံခင်းလမ်းကို ဖောက်လုပ်ပြီးဖြစ်၍ မိုင် ၃၃၀ ကျော် ကြံခင်း-ပခုက္ကူလမ်းကိုလည်း ဖောက်လုပ်သွားလာနေပြီဖြစ်ပြီး ကလေးမြို့သို့ ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန် ချိတ်ဆက်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာ့မီးရထားအနေဖြင့် လမ်းဟောင်းများကို အရည်အသွေးမြှင့်တင်၍ လမ်းသစ်များကို ဖောက်လုပ်လျက်ရှိပြီး ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အစည်း (JICA)နှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း ကြံ့ခိုင်မှုရှိစေရန် သစ်သားဇလီဖားတုံးများ နေရာတွင် ကွန်ကရစ်ဇလီဖားတုံးများကို အစားထိုး ဆောင်ရွက်ခဲ့ခြင်းဖြင့် ခရီးသွားလာမှု အဆင်ပြေကောင်းမွန်လာကြောင်း၊ သက်တမ်းသုံးနှစ်သာရှိသော သစ်သားဇလီဖားတုံးများ နေရာတွင် နှစ် ၆၀ ခံသော ကွန်ကရစ်ဇလီဖားတုံးများအစားထိုး ဆောင်ရွက်ခဲ့ခြင်းဖြင့် လမ်းများအရည်အသွေး ကောင်းမွန်၍ ခေတ်စနစ်နှင့်အညီ ခရီးသွားလာ ဝန်ဆောင်မှုအပိုင်းကို မြှင့်တင်နိုင်ခဲ့ပြီဖြစ်ကြောင်း။

မြန်မာတစ်နိုင်ငံလုံးရှိ မီးရထားလမ်းမိုင်များကို တွက်ချက်၍ တစ်ရက်လျှင် ကွန်ကရစ်ဇလီဖားတုံး ၆၀၀ဖြင့် ကွန်ကရစ်ဇလီဖားတုံးထုတ်လုပ်သော စက်ရုံခုနစ်ရုံတွင် စက်ရုံခြောက်ရုံမှ ထုတ်လုပ်လျက်ရှိပြီး လိုအပ်သော လမ်းပိုင်းများ အစားထိုးဆောင်ရွက်မှုကို ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု လှိုင်သာယာ-ညောင်တုန်း ရထားလမ်းပိုင်းတွင် ၃၉ ပေရှိသော သံလမ်းတစ်ခု၌ သစ်သား ဇလီဖားတုံးခြောက်တုံးနှင့် ကွန်ကရစ်ဇလီဖားတုံး ၁၀ တုံးရော၍ အသုံးပြုထားပြီး နောက်ပိုင်းတွင် ကွန်ကရစ်ဇလီဖားတုံးများကိုသာ အသုံးပြုသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ရန်ကုန်(လှိုင်သာယာ)-ရောဝတီတံတား(ညောင်တုန်း)ကြားတွင်တံတား ၁၀၅ စင်းရှိပြီး ပေ ၁၈၀ အထက် သုံးစင်း၊ ပေ ၄၀နှင့် ပေ၁၈၀ ကြား တံတားနှစ်စင်း၊ ပေ ၄၀ အောက် တံတားအစင်း ၁၀၀ တည်ဆောက်လျက်ရှိရာ ပေ ၄၀ အောက်နှင့် ပေ ၁၈၀ ကြား သုံးစင်းသာ ကျန်ရှိပြီး ဆက်လက် တည်ဆောက်လျက်ရှိသည်။

ရန်ကုန်-ပုသိမ်ရထားလမ်းနှင့် ရန်ကုန်-ဟင်္သာတ ရထားလမ်းများကို ဖြတ်သန်းမည့် ကားလမ်းနှင့် ရထားလမ်းပူးတွဲပါရှိသည့် ရောဝတီမြစ်ကူး တံတားကြီးကို ညောင်တုန်းမြို့အနီးတွင် တည်ဆောက်ပြီးစီး၍ ရောဝတီမြစ်အနောက်ဘက်ရှိ ပုသိမ်-ဟင်္သာတ-ကြံခင်း-ပခုက္ကူ-ကလေး-မင်းဘူး- အမ်း- စစ်တွေမြို့များနှင့် မန္တလေး၊ မြစ်ကြီးနား၊ တောင်ကြီး၊ နေပြည်တော်၊ ရန်ကုန်၊ မော်လမြိုင်နှင့် ထားဝယ်မြို့များသို့ တစ်ဆက်တည်းဆက်သွယ် သွားလာနိုင်မည်ဖြစ်သည်။

လှိုင်သာယာဒဂုံ-ရောအဝေးပြေးကားဝင်းနှင့် ၆ ဖာလုံကွာဝေးပြီး ရန်ကုန်-ပုသိမ်ကားလမ်းမနှင့် မြစိမ်းရောင် စက်မှုဇုန်ကြားတွင်ရှိသော လှိုင်သာယာဘူတာကြီးတွင် ဘူတာရုံ တည်ဆောက်မှု ပြီးစီးလျက်ရှိပြီး ခရီးသည်နားနေဆောင်ကို ဆက်လက် တည်ဆောက်လျက်ရှိသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ရထားအဝင်လမ်းတစ်လမ်း၊ အထွက်လမ်းတစ်လမ်းနှင့် ရထားလက်ခံလမ်းနှစ်လမ်းထားရှိပြီး နောက်ပိုင်း ရထားပြေးဆွဲမှု တိုးတက်လာမှုနှင့်အတူ ရထားလမ်း ၁၈ လမ်းအသုံးပြုထားရှိမည်ဖြစ်သည်။

၂၀၇၅ ရှည်လျားသော ပုသိမ် (ဘဲဂရက်)- အိမ်မဲ လမ်းပိုင်းကို ၂၀၁၁ ခုနှစ် မတ်လ ၂၀ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး အိမ်မဲ-ရောဝတီတံတား (ညောင်တုန်း) ရထားလမ်းသည် ၃၆ ဒသမ ၉၁ မိုင်ရှည်၍ လှိုင်သာယာ-ပုသိမ်(ဘဲဂရက်) ရထားလမ်းသည် ၉၈ မိုင်ရှည်လျားသည်။ အဆိုပါ ပုသိမ်-လှိုင်သာယာ ဘူတာကြားတွင် ဘူတာကြီး ၁၃ ဘူတာရှိပြီး လှိုင်သာယာ -ရောဝတီတံတား (ညောင်တုန်း)ကြားတွင် ဘူတာကြီး ခြောက်ဘူတာ ထားရှိသည်။ လှိုင်သာယာဘက်ခြမ်းတွင် ၈၀ ရာခိုင်နှုန်း လုပ်ငန်းပြီးစီးနေပြီး မေလပိုင်းတွင် ဟင်္သာတ-လှိုင်သာယာ ရထားလမ်းပိုင်းကို ဖွင့်လှစ်၍ ရန်ကုန်-ပုသိမ် ရထားလမ်းကို ၂၀၁၄-၂၀၁၅ ပွင့်လင်းရာသီတွင် ဖွင့်လှစ်မည်ဖြစ်သည်။ ရန်ကုန်-ပုသိမ်ရထားလမ်းဖောက်လုပ်ခြင်း စီမံကိန်းကို ၂၀၀၉ - ၂၀၁၀ ခုနှစ် ဒီဇင်ဘာလမှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ရောဝတီမြစ်ဝကျွန်းပေါ်ဒေသ ခရီးသွားလာမှု၊ ကုန်စည်စီးဆင်းမှု ခက်ခဲသော အတိတ်သမိုင်းကြောင်းကို လွင့်ပြယ်ပျောက်ကွယ်၍ အနာဂတ်ကာလ၏ ဖွံ့ဖြိုးဝေဆာ ပြည်သာယာဟူသော ရွှေရောင်အိပ်မက်ကို လက်တွေ့ဖော်ဆောင်နေပြီဖြစ်သည်။

သံလမ်းမိုင် ၄၄ ဒသမ ၂၂ မိုင်၊ ခရီးမိုင် ၄၀ ဒသမ ၃၄ မိုင်ရှိသော လှိုင်သာယာ - ညောင်တုန်းလမ်းပိုင်းနှင့် ၄၈ မိုင်ရှိသော ဟင်္သာတ-ညောင်တုန်းရထားလမ်းတို့ကို ချိတ်ဆက်ထားသော ဟင်္သာတ-ရန်ကုန် (လှိုင်သာယာ)မီးရထားလမ်းကြီးကို မေလတွင် ဖွင့်လှစ်ပြေးဆွဲနိုင်တော့မည်ဖြစ်၍ မြစ်၊ ချောင်း၊ အင်း၊ အိုင်ပေါများသော ရောဝတီမြစ်ဝကျွန်းပေါ်ဒေသနေ ပြည်သူများ ဘူတာစခန်းများရှိရာ ပုသိမ်၊ ဟင်္သာတတို့မှ ရန်ကုန်မြို့တော်သို့ စိတ်အေးချမ်းသာစွာဖြင့် ခရီးသွားလာနိုင်ပြီဖြစ်ပြီး ပင်လယ်ထွက်ကုန်ပစ္စည်းများ ကုန်ကျစရိတ်သက်သာ စွာ ပို့ဆောင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ပါသည်။

မောင်သင်းပျံ့

အိတ်ဖွင့်လေလံခေါ်ယူခြင်း

(၁) ကျန်းမာရေးဝန်ကြီးဌာန၊ မန္တလေးမြို့ရှိ တိုင်းရင်းဆေးဝါးလုပ်ငန်း စက်ရုံမှူးနေအိမ်နှင့်ဝင်းခြံဖျက်သိမ်းရာမှ ရရှိလာသော သစ်၊ သွပ်၊ သံ၊ အုတ်၊ ပစ္စည်းများကို မျက်မြင်အခြေအနေအတိုင်း လေလံတင်ရောင်းချမည်ဖြစ်ပါ၍ ၂၇-၁-၂၀၁၄ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်လေလံခေါ်ယူအပ်ပါသည်။

(၂) **အိတ်ဖွင့်လေလံပြုလုပ်မည့်ရက်/အချိန်** - ၂၈-၁-၂၀၁၄ ရက်၊ (အင်္ဂါနေ့) ၁၃း၀၀ နာရီ

(၃) အိတ်ဖွင့်လေလံအသေးစိတ်ကို တိုင်းရင်းဆေးဝါးလုပ်ငန်းစက်ရုံ ဖုန်း-၀၂-၆၀၄၀၂၊ ၀၉-၄၀၂၆၆၂၁၈၇တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ကွန်ပျူတာတက္ကသိုလ်(မကွေး)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(မကွေး)တွင် အောက်ဖော်ပြပါ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) ဂါလန် ၈၀၀ ဆံ့ သံကန်(၂)လုံးအား ဖိုင်ဘာကန်(၂)လုံးဖြင့် လဲလှယ်တပ်ဆင်ခြင်းနှင့် ရေစင်၏ဆင့်တန်းများ လဲလှယ်ခြင်း

(ခ) Physics Lab, Hardware Lab နှင့် Store ခန်းများတွင် သံပန်းများတပ်ဆင်ခြင်း

(ဂ) ဌာနမှူး(၂)ခန်းဖွဲ့စည်းခြင်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ဤကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ်(မကွေး)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၃၀-၁-၂၀၁၄ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ကွန်ပျူတာတက္ကသိုလ်(မကွေး) ဖုန်း-၀၆၃-၂၈၅၈၈ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးလုပ်ငန်းကော်မတီ
ကွန်ပျူတာတက္ကသိုလ်(မကွေး)၊ ဖုန်း-၀၆၃-၂၈၅၈၈

စက်မှုဝန်ကြီးဌာန
အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း
အကျိုးတူရောင်းချဖြန့်ဖြူးလိုသူများအား ဖိတ်ခေါ်ခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်းမှထုတ်လုပ်သော အောက်ဖော်ပြပါ ထုတ်ကုန်ပစ္စည်းများအား ဈေးကွက်တွင် ကျယ်ပြန့်စွာ ထုတ်လုပ်ရောင်းချနိုင်ရန်အတွက် အကျိုးတူပူးပေါင်းလုပ်ကိုင်လိုသည့် ပြည်တွင်းလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်-

(၁) Transformer အမျိုးမျိုး
(၂) PVC Wire အမျိုးမျိုး
(၃) Bare Copper Wire & Enamelled Copper Wire အမျိုးမျိုး
(၄) Battery အမျိုးမျိုး (Lead Acid Battery & Maintenance Free Battery)
(၅) Diesel Engine Generator အမျိုးမျိုး

၂။ စိတ်ပါဝင်စားသူလုပ်ငန်းရှင်များကို ၃-၂-၂၀၁၄ရက်၊ ၁၂း၀၀နာရီတွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပါရမီလမ်းနှင့် မင်းဓမ္မလမ်းထောင့်ရှိ LED မီးသီးစက်ရုံခန်းမတွင် ဖိတ်ခေါ်တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်နိုင်မည့် အခြေအနေအား ရှင်းလင်းဆွေးနွေးသွားမည် ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များအား ဆက်သွယ် မေးမြန်းနိုင်ပါသည်-

အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊
ရုံးအမှတ် ၃၀၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၁၊ ၀၆၇-၄၀၅၀၅၉၊ ၀၆၇-၄၀၅၁၇၀

ဖခင်အမည်မှန်တစ်ဦးတည်းဖြစ်ပါကြောင်း

မထက်ထက်နိုင်၊ မောင်အောင်ရဲသူ အထက(၄)အလုံ Grade-9(B)မှ မောင်ကျော်ထက်တို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်အေး(ခ)ဦးအောင်သူ ၇/၀မန(နိုင်)၁၀၄၇၃၇ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဦးမြင့်အေး(ခ)အောင်သူ

မြန်မာနိုင်ငံ ဗိသုကာဘုတ်အဖွဲ့
ကြေညာချက်(၀၁/၂၀၁၄)

(၁) မြန်မာနိုင်ငံ ဗိသုကာဘုတ်အဖွဲ့ (Board of Architects Myanmar) ကို ပြည်ထောင်စုအစိုးရ အစည်းအဝေးအမှတ်စဉ် (၂၂/၂၀၁၃)၏ သဘောတူညီချက်အရ ၂၀၁၃ခုနှစ် စက်တင်ဘာ ၁၉ ရက်စွဲပါ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်(၁၇၅/၂၀၁၃)ဖြင့် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။

(၂) သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ ဗိသုကာဘုတ်အဖွဲ့မှ အကြီးတန်းလိုင်စင် ဗိသုကာမှတ်ပုံတင်လက်မှတ်များ (Senior License Architect Certificate) များကို ပထမအဆင့်အနေဖြင့် Registered Architect (RA) လက်မှတ်ရရှိပြီးသူများအား စတင်ထုတ်ပေးမည်ဖြစ်ပါ သဖြင့် အောက်ပါအချက်များနှင့် ကိုက်ညီသူများ မြန်မာနိုင်ငံ ဗိသုကာဘုတ်အဖွဲ့ရုံးခန်းတွင် လျှောက်လွှာများလာရောက်ထုတ်ယူ လျှောက်ထားနိုင်ရန် အသိပေးအပ်ပါသည်။

(က) မြန်မာနိုင်ငံဗိသုကာအသင်း အသိအမှတ်ပြု Registered Architect (RA) ဖြစ်ပြီး၊

(ခ) ဘွဲ့ရပြီးနောက် ဗိသုကာလုပ်ငန်းအတွေ့အကြုံ (၁၀)နှစ် တစ်ဆက်တစ်စပ်တည်းရှိပြီးသူ၊

(၃) လျှောက်လွှာများကို ၁၅-၁-၂၀၁၄ရက်မှ စတင်ထုတ်ယူနိုင်ပြီး ၃၁-၁-၂၀၁၄ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ဗိသုကာဘုတ်အဖွဲ့ရုံးခန်းသို့ပြန်လည်တင်ပြရန်ဖြစ်ပါသည်။အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာနှင့်ဖုန်းနံပါတ်တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာနိုင်ငံ ဗိသုကာဘုတ်အဖွဲ့ရုံးခန်းလိပ်စာ
၂၂၈-၂၃၄၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ တတိယထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၅၄၄၆၀

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကလေး-တမူးလမ်းတွင် ကားတစ်စီးတိမ်းမှောက်၍ အမျိုးသမီးတစ်ဦး ပွဲချင်းပြီးသေဆုံး

ကလေး ဇန်နဝါရီ ၁၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေး-တမူးကားလမ်း ၅၅ မိုင်ရှိ ရေကျော်ကြီးကွေ့တွင် ဇန်နဝါရီ ၁၁ ရက် မွန်းလွဲ ၁ နာရီက ကားတစ်စီးတိမ်းမှောက်ခဲ့ရာ အမျိုးသမီးတစ်ဦး ပွဲချင်းပြီးသေဆုံးကာ ခရီးသည်သုံးဦးပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ သေဆုံးသူအမျိုးသမီးမှာ ချင်းပြည်နယ် သိုင်းငင်းကျေးရွာသူဖြစ်ပြီး ၎င်းသည် ကျေးရွာ၏ ပရဟိတ လူငယ်ခေါင်းဆောင်တစ်ဦးဖြစ်ကြောင်း၊ ဒဏ်ရာရသူသုံးဦးမှာ အမျိုးသားများဖြစ်ပြီး အရေးပေါ်အတွင်းလူနာအဖြစ် ကလေးမြို့ ပြည်သူ့ဆေးရုံတွင်တင်ထားရကြောင်း ကလေးမြို့ဒေသခံတစ်ဦးထံမှ သိရသည်။

အဆိုပါ ယာဉ်တိုက်မှု ဖြစ်ပွားသော ယာဉ်မှာ Sulf ယာဉ်အမျိုးအစားဖြစ်ပြီး ကားဘီးပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသစ်ပင်ကိုတိုက်မိကာ တိမ်းမှောက်သွားခြင်းဖြစ်ကြောင်း၊ ယာဉ်တိုက်မှုဖြစ်သည့်နေရာသို့ ကလေးမြို့ကာယကံမေတ္တာလူမှုကူညီရေးအသင်းမှ ဝန်ထမ်းများ၊ စခန်းကြီးနာရေးအသင်းမှ ကားနှစ်စီးနှင့်လူနာတင်ကားများဖြင့် ရောက်ရှိလာပြီး ဒဏ်ရာရရှိသူများအား ကလေးမြို့ ပြည်သူ့ဆေးရုံကြီးသို့ အချိန်မီ ပို့ဆောင်ပေးခဲ့ကြောင်းသိရသည်။

ချင်းတွင်းသား(iprd)

မူးယစ်ကင်းစင်ရပ်ကွက် ဆိုင်းဘုတ်တင်ပွဲကျင်းပ

မော်လမြိုင် ဇန်နဝါရီ ၁၆

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်နှင့် ကျိုက်မရောမြို့နယ်သွား ကားလမ်းဘေးရှိ ဇေယျာသီရိနယ်မြေ ရဲစခန်းအပိုင် ငန်းတေးရပ်ကွက်လမ်းဆုံအနီးတွင် ငန်းတေးရပ်ကွက်သည် မူးယစ်ဆေးဝါးကင်းစင်သည့် ရပ်ကွက်ဖြစ်ကြောင်း ဆိုင်းဘုတ်စိုက်ထူပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ မော်လမြိုင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအောင်ချို၊ မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသန်းတင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်ဝင်းဌေး၊ မွန်ပြည်နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA)ဥက္ကဋ္ဌ ဦးနေဝင်း၊ အတွင်းရေးမှူး ဦးအောင်မင်း၊ မြို့နယ်ရှိ စခန်းမှူးများ၊ အထောက်အကူအဖွဲ့၊ ငန်းတေးရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်နိုင်၊ ပြည်သူ့စစ်၊ မီးသတ်တပ်ဖွဲ့၊ ရပ်မိရပ်ဖ စုစုပေါင်း ၅၀၀ ကျော်တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ မော်လမြိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးညိုလှက မူးယစ်ဆေးဝါးကင်းစင်ကြောင်း ဆိုင်းဘုတ်စိုက်ထူရခြင်း၏ ရည်ရွယ်ချက်များကို အသေးစိတ်ရှင်းလင်းတင်ပြပြီးနောက် ဆိုင်းဘုတ်စိုက်ထူခဲ့ကြသည်။

အလားတူ ဇန်နဝါရီ ၁၁ ရက်က မော်လမြိုင်မြို့နယ် ကတိုးကျေးရွာ၊ ကော့လှုကျေးရွာ၊ ကော့နှပ်ကျေးရွာများတွင်လည်း မူးယစ်ကင်းစင်သည့် ဆိုင်းဘုတ်များကို ကျေးရွာအုပ်ချုပ်ရေးမှူးရုံးများရှေ့တွင် စိုက်ထူခဲ့ကြပြီး အားကစားပစ္စည်းများကို တာဝန်ရှိသူများက ကျေးရွာအုပ်ချုပ်ရေးမှူးထံ ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ မော်လမြိုင်မြို့နယ်အတွင်းရှိ ကျန်ရှိသော ရပ်ကွက်/ကျေးရွာများတွင် ပြည်သူများနှင့်ပူးပေါင်း၍ မူးယစ်ကင်းစင်သည့်ဆိုင်းဘုတ်များ စိုက်ထူသွားရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ကျော်သန်း(မော်လမြိုင်)

ယာဉ်ကြောပိတ်ဆို့မှုကြောင့် ယာဉ်တိုက်မှုဖြစ်

ပြင်ဦးလွင် ဇန်နဝါရီ ၁၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မန္တလေး-ပြင်ဦးလွင် လမ်းပြုပြင်စဉ်တွင် အတက်လမ်းကို ခေတ္တပိတ်ထားရာ ဗဟိုဝန်ထမ်းတက္ကသိုလ်ရှေ့မှစ၍ အတက်အဆင်းနှစ်လမ်းပေါင်းထားပြီး ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၁ နာရီကစ၍ ကုန်တင်ကားများ၊ ခရီးသည်တင်ကားများ၊ မော်တော်ဆိုင်ကယ်နှင့်ယာဉ်မျိုးစုံ ၅၀၀ခန့် ပြင်ဦးလွင်မြို့အတက်လမ်း ခြောက်ထပ်ကွေ့အတက်လမ်းတွင် ပိတ်ဆို့ကျပ်တည်းလျက်ရှိသည်။

တစ်စီးနှင့်တစ်စီးနားလည်မှုဖြင့် အဆိုပါလမ်းကြောအတိုင်း မောင်းနှင်ရာတွင် ပွတ်ကာသီကာ ရှောင်တိမ်းမောင်းနှင်ကြရသဖြင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြင်စာအပိုင် ရဲတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းကူညီပေးနေသည့်ကြားမှ မိုင်တိုင်အမှတ် ၂၅/၁-၂၅/၂ကြားတွင် ယာဉ်မောင်းဦးမြတ်ကို မောင်းနှင်လာသော ယာဉ်အမှတ်၈ဇ/--- ယာဉ်မှာ ရုတ်တရက် ဂီယာမဝင်ဘဲနောက်သို့ ပြန်လိမ့်ကာ အရှိန်မထိန်းနိုင်သဖြင့် ဘေးဘက်ရှိ ကျောက်ဆောင်သို့ ကပ်စဉ်တွင် နောက်မှကပ်၍ လိုက်ပါလာသော ယာဉ်မောင်းမအေးအေးခိုင်၊ မနွယ်နွယ်မှူး စီးနင်းလာသည့် ယာဉ်အမှတ် ၁၃ယ/--- ကန်ဘို၁၂၅ အပြာရောင်ဆိုင်ကယ်အားနောက်ဘီးဖြင့် ကြိတ်မိရာ ဆိုင်ကယ်မှာ တစ်စစီကျိုးကြေ ပျက်စီးသွားပြီး ဆိုင်ကယ်ပေါ်ပါလာသူနှစ်ဦးအနက် ယာဉ်မောင်းမအေးအေးခိုင် (ပုသိမ်ကြီးမြို့နယ်၊ ရွှေစာရံရွာ) သေဆုံးခဲ့ပြီး မနွယ်နွယ်မှူးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သဖြင့် မန္တလေးဆေးရုံကြီးသို့ အရေးပေါ်ပို့ဆောင်ပေးခဲ့သည်။၎င်းနှင့်အတူ ယာဉ်အမှတ် l G/ --- (Crown)၊ 8G/--- (Light Truck) နှစ်စီးတို့အား တစ်ဆက်တည်းမှာပင် တိုက်မိသဖြင့် ၎င်းယာဉ်များ၏ ဦးခေါင်းပိုင်းများ ထိခိုက်ပျက်စီးသွားခဲ့သည်။ အဆိုပါယာဉ်မတော်တဆတိုက်မှုနှင့်စပ်လျဉ်း၍ယာဉ်မောင်းဦးမြတ်ကို (ဘန့်ဘွေးရွာ)ကို ပြင်စာအပိုင် ရဲတပ်ဖွဲ့က အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။ **(၁၄၇)**

တာချီလိတ်၌ ဘိန်းဖြူများ ဖမ်းဆီးရမိ

တာချီလိတ် ဇန်နဝါရီ ၁၆

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့တွင် ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက တာချီလိတ်မြို့ ဆန်ဆိုင်းရပ်ကွက်၌ ဘိန်းဖြူများ ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ ရဲအုပ်စိုင်းခမ်းစိုင်၊ တာချီလိတ်မြို့မရဲစခန်းမှ နယ်ထိန်းတပ်ကြပ်ကြီး ကျော်စွာအောင်ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ တာချီလိတ်မြို့ဆန်ဆိုင်း(ခ)ရပ်ကွက် ဟံသာဝတီလမ်း အမှတ်(၂/၄၄-ခ)ရှိ စိုင်းကျန်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းအားနေအိမ်ခြံဝင်းရေကန်အနီးတွင် မျက်နှာသစ်လျက် အသင့်တွေ့ရှိရပြီး ဆက်လက်ရှာဖွေရာ ၎င်း၏ဘေး၌ ချထားသော ခါးပတ်လွယ်အိတ်အဟောင်းအတွင်းမှ အနီရောင်အဖုံးပိတ်ပါ အဖြူရောင်ပလတ်စတစ်ဘူးငယ်ဖြင့်ထည့်လျက် တစ်ဘူးလျှင် ဘိန်းဖြူဟုယူဆရသော အဖြူရောင်အမှုန့်အလေးချိန် ၀ ဒသမ ၈ ဂရမ်ခန့်စီပါလေးဘူး စုစုပေါင်း ၃ ဒသမ ၂ ဂရမ်ခန့် ကာလတန်ဖိုးငွေကျပ် ၅၀၂၀၀ တန်ဖိုးခန့်ကို ရှာဖွေပုံစံဖြင့် ဖမ်းဆီးခဲ့သည်။

အဆိုပါအမှုမှ စိုင်းကျန်အားဆက်လက်စစ်ဆေးရာ ၎င်း၏ထွက်ဆိုချက်အရ ၎င်းထံမှ သိမ်းဆည်းရမိဘိန်းဖြူများအား တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက် ဝမ်မိုင်(ကွက်သစ်)တွင် နေထိုင်သူနန်းရှိန်ကျင်(ခ)နန်းဟွမ်(ခ)အေပီဆိုသူထံမှ ဝယ်ယူခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် ဘိန်းဖြူများရောင်းချပေးခဲ့သူ၏ နေအိမ်ကို မွန်းလွဲ ၁ နာရီတွင် သက်သေများနှင့်အတူ ဝင်ရောက်ရှာဖွေရာ ၎င်းအား နေအိမ်တွင် အသင့်ဖမ်းဆီးရမိခဲ့ပြီး ၎င်းနေအိမ်မှ မူးယစ်ဆေးဝါးတစ်စုံတစ်ရာ ရှာဖွေမတွေ့ရှိခဲ့ကြောင်း သိရသည်။

စစ်ဆေးဆောင်ရွက်

အဆိုပါအမှုမှ မူးယစ်ဆေးဝါးများလက်ဝယ်တွေ့ရှိသူ စိုင်းကျန် ဆန်ဆိုင်း(ခ) ရပ်ကွက် ဟံသာဝတီလမ်း အမှတ်(၂/၄၄-ခ) တာချီလိတ်မြို့နေသူနှင့် ထပ်မံဖမ်းဆီးရမိသူ နန်းရှိန်ကျင်(ခ)နန်းဟွမ်(ခ)အေပီ (၂၄နှစ်) ဆန်ဆိုင်း(ခ)ရပ်ကွက် ဝမ်မိုင်(ကွက်သစ်)နေသူတို့ကို တာချီလိတ်မြို့မရဲစခန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေဖြင့် အရေးယူဆောင်ရွက်ထားပြီး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

မြန်မာ့လေကြောင်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းမှ အသုံးမပြုတော့သည့် ရုံးသုံးစက်ပစ္စည်း ၃၁ လုံးအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်၍ အဆိုပြုတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အောက်ပါအတိုင်း တင်ဒါလျှောက်လွှာများပေးပို့ရန် ဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၇-၁-၂၀၁၄ရက်မှ ၁၉-၁-၂၀၁၄ရက်အထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာပေးပို့ရန် နောက်ဆုံးရက်နှင့်အချိန်** - ၂၀-၁-၂၀၁၄ ရက် ၁၆:၀၀ နာရီ

(ဂ) **တင်ဒါပုံစံနှင့်စည်းကမ်းချက် ရောင်းချမည့်နေရာ** - အမှတ် ၁၀၄၊ ကမ်းနားလမ်း၊ မြန်မာ့လေကြောင်း၊ ရန်ကုန်၊ ဖုန်း-၀၁-၃၇၄၅၉၅၊ ၀၉-၂၅၄၂၁၉၆၂၉

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၂၁-၁-၂၀၁၄ရက် မွန်းတည့် ၁၂:၀၀နာရီ

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အထက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါရွေးချယ်ရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းအနေဖြင့် မန္တလေး ချမ်းမြသာစည် လေဆိပ်တွင် (အလျား ၁၁၀ပေ×အနံပေ ၁၀၀×အမြင့် ၂၀ပေ/၁၂ပေ) Steel Structure သွပ်မိုးသွပ်ကာအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူပါသည်။

၂။ အောက်ပါအတိုင်း တင်ဒါလျှောက်လွှာများ ပေးပို့ရန် ဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၁-၂၀၁၄ ရက်မှ ၂၂-၁-၂၀၁၄ ရက်အထိ (ရုံးချိန်အတွင်း)

(ခ) **တင်ဒါလျှောက်လွှာပေးပို့ရန် နောက်ဆုံးရက်နှင့်အချိန်** - ၃၀-၁-၂၀၁၄ ရက် - ၁၆:၀၀ နာရီ

(ခ) **တင်ဒါပုံစံနှင့်စည်းကမ်းချက် ရောင်းချမည့်နေရာ** - အမှတ်(၁၀၄)၊ ကမ်းနားလမ်း၊ မြန်မာ့လေကြောင်း၊ ရန်ကုန် ဖုန်း-၀၁-၃၇၄၅၉၅၊ ၀၉-၂၅၄၂၁၉၆၂၉

(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်** - ၃၁-၁-၂၀၁၄ ရက် ၁၂:၀၀ နာရီ

၃။ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း အထက်ပါဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါရွေးချယ်ရေးအဖွဲ့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ တည်ဆောက်ရေးစီမံကိန်းများသို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် စတုတ္ထ (၃)လ၊ (၂၀၁၄ခုနှစ် ဇန်နဝါရီလမှ မတ်လ)အတွင်း စီမံကိန်းစခန်း၊ ဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁၇-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်ရက် - ၂၃-၁-၂၀၁၄ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆:၃၀ နာရီ

အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁

အများသိစေရန်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အနီးစခန်း ကျွဲနွားထောက်ကျေးရွာ၊ ကွင်းအမှတ် ၇၀၆(က)၊ ဦးပိုင်အမှတ် ၇၀/၇၆-၃၊ မြေဧရိယာ ၀ဒသမ ၃၃၈က ပေ(၁၂၀×၁၂၀)ရှိ ယာမြေအိမ်ဝင်းမြေနေရာနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ယခင်ပိုင်ရှင် ဦးကျော်မြင့် ၉/မနမ(နိုင်)၀၉၈၃၂၁ထံမှ ကျွန်ုပ်ဦးလှရွှေက ၁၈-၁-၂၀၁၀ ရက်တွင် ဂုဏ်သရေရှိ သက်သေလူကြီးမင်းများရှေ့မှောက်၌ အပြီးအပိုင်လွှဲပြောင်းဝယ်ယူ လက်ခံရရှိပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါမြေနေရာတွင် တရားမဝင် ကျူးကျော်ဝင်ရောက်နေထိုင်စိုက်ပျိုးခြင်း၊ ဖျက်ဆီးခြင်းများရှိပါက တည်ဆဲဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးလှရွှေ ပါ-၂ အင်ဂျင်နီယာမှူး(သတ္တုတွင်း)
၅/ကလဝ(နိုင်)၀၀၆၉၂၉
အခန်း ၃၃၊ တိုက် ၆၁၊ ခရေအိမ်ရာ၊ ပညာသိဒ္ဓိရပ်ကွက်၊ ဇဗ္ဗူသီရိမြို့နယ်၊ နေပြည်တော်

ဒေါက်တာစည်သူအောင် ဦးစီးသင်ကြားသော စွမ်းအား ရာထူးဝင်ခွင့်သင်တန်း

- ထွေ/အုပ် ဒုဦးစီးမှူးတန်းခွဲသစ် ၂၃-၁-၂၀၁၄ ရက်စမည်။
- ၂၃-၃-၂၀၁၄ရက် ဖြေဆိုမည့်ရာထူးဝင်ခွင့်သင်တန်း တန်းခွဲသစ် ၂၅-၁-၂၀၁၄ ရက် စမည်။ အနီးကပ်သင်တန်းများရှိသည်။ နှုတ်ဖြေသင်တန်းများဖွင့်ပြီ။
- အမှတ် ၄၆၀၊ ဘုရားလမ်းနှင့် ဗိုလ်လကျာ်လမ်းထောင့်၊ ရန်အောင်(၁)ရပ်ကွက်၊ ပျဉ်းမနားမြို့၊ ဖုန်း-၀၆၇-၂၁၆၁၄၊ ၂၃၆၉၄၊ ၀၉-၄၉၃၂၃၃၁၁၊ ၀၉-၈၃၀၂၀၀၉

နယ်သတင်းနှင့်ဓာတ်ပုံ

မင်းတုန်းမြို့နယ်၌ ကျောက်ချောလမ်းသစ်ဖွင့်ပွဲကျင်းပ

မင်းတုန်း ဇန်နဝါရီ ၁၆

မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ်၊ အမှတ် (၃) ရပ်ကွက် လေးသာလမ်း၊ ကျောက်ချောလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉နာရီက အဆိုပါ လမ်းသစ်မုခ်ဦးရှေ့တွင် ကျင်းပပြုလုပ်ရာ အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးစောသိန်းဦးက ကျောက်ချောလမ်းသစ် ဆောင်ရွက်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦး၊ မြို့နယ်စည်ပင်အမှုဆောင်အရာရှိ ဦးစောသိန်းဦးတို့က ကျောက်ချောလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

အဆိုပါ လမ်းသစ်ဖွင့်လှစ်ပေးခြင်းအားဖြင့် မြို့ပေါ်ရပ်ကွက်များသို့ ဆက်သွယ်သွားလာနေကြသည့်ကျေးရွာများမှ ပြည်သူတို့၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေးလုပ်ငန်းများ အဆင်ပြေချောမွေ့ မြန်ဆန်လွယ်ကူစွာသွားလာနိုင်မည်ဖြစ်၍ကျေးလက်နေပြည်သူများဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။ **တင်ထွန်းဦး**

လှိုင်သာယာမြို့နယ်၌ ယာဉ်တိုက်မှုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၁၆

ဇန်နဝါရီ ၁၂ရက် ည ၈နာရီ ၁၅မိနစ်က လှိုင်သာယာမြို့ အမှတ် (၃)ရပ်ကွက်၊ဗိုလ်ချုပ်လမ်းမကြီးတွင် ယာဉ်မောင်း မောင်မြင့် (၂၆)နှစ် (လိုင်စင်မရှိ မူးယစ်မောင်းနှင်) (ဘ) ဦးသန်းထွန်း၊ ဗိုလ်ချုပ်လမ်း (၅)ရပ်ကွက်၊ လှိုင်သာယာနေသူ ကက/ ----- ကိုရိုလာဘင် အပြာရောင် တက္ကစီယာဉ်သည် လမ်းဘေးရပ်ထားသော ဆိုက္ကားအား တိုက်မိမောင်းပြေးစဉ်ဗိုလ်ချုပ်လမ်းအတိုင်း လမ်းလျှောက်လာသူ အမျိုးသားတစ်ဦးအားတိုက်မိပြီးနောက်၊ လမ်းယာဘက်ဘေးရှိ နေအိမ်အတွင်းသို့ အရှိန်လွန်ကာ ရောက်ရှိသွားပြီး၊ နေအိမ်၊ ဈေးဆိုင်၊ ဈေးဆိုင်အတွင်းရှိ ကုန်ပစ္စည်းများနှင့် ဆိုင်ရှေ့ရှိ စက်ဘီးတစ်စီးကိုပါ တိုက်မိပြီး ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါယာဉ် တိုက်မှုတွင် ဆိုက္ကား၊ စက်ဘီး၊ နေအိမ်၊ ဈေးဆိုင်ယာဉ်တို့ ပျက်စီးပြီး၊ ယာဉ်တိုက်ခံရသူတစ်ဦး ဒဏ်ရာရရှိသောကြောင့် တပ်ဖွဲ့စု (၁၇)ယာဉ်မှုစစ် ရဲအုပ်ဝင်းဌေး လှိုင်သာယာရဲစခန်းမှ တရားလိုပြုလုပ်၍ လှိုင်သာယာရဲစခန်းယာဉ်(ပ)၇/၂၀၁၄ ပြစ်မှု ပုဒ်မ၃၃၇/၂၇၉တို့ဖြင့် ယာဉ်မောင်း မောင်မြင့်အပေါ် အခင်းဖြစ်နေ့မှာပင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၀၃၃)**

လှိုင်လင်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေများပေးအပ်

လှိုင်လင် ဇန်နဝါရီ ၁၆

ပြည်ထောင်စုလွှတ်တော်မှခွင့်ပြုပေးသော လှိုင်လင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့မှ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၉ရက် နံနက် ၁၀နာရီခွဲက လှိုင်လင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွှမ်းမိုးဟန်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီက ယနေ့အခမ်းအနားသည် ပြည်ထောင်စုလွှတ်တော်မှ ပေးအပ်သော ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ မှ ၂၅ ရာခိုင်နှုန်းကို ပထမအရစ်ပေးအပ်ခြင်းဖြစ်ကြောင်း၊ လှိုင်လင်မြို့နယ်အနေဖြင့် လုပ်ငန်း ၂၃ မျိုးကိုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ၂၀၁၄ ခုနှစ် မတ် ၃၁ရက်တွင် အပြီးဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်ဒီဂေါလ်က ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေများသည် ပြည်သူ့ဘဏ္ဍာဖြစ်သည့်အတွက် စနစ်တကျသုံးစွဲရမည်ဖြစ်ကြောင်း ဖြည့်စွက်မှာကြားသည်။

ဆက်လက်၍ အစီအစဉ်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ကပေးအပ်သောနေရောင်ခြည်သုံး ဆိုလာမီးအိမ်များကို မြို့နယ်အုပ်ချုပ်ရေးမှူးက ပေးအပ်ရာ ကျေးရွာများမှ လက်ခံရယူကြသည်။ အဆိုပါ ဆိုလာမီးအိမ်များအား အိမ်ခြေ၊ လူဦးရေအများဆုံးရှိသည့် ကျေးရွာ၊ သွားလာရေးအခက်ခဲဆုံးရှိပြီး ဝေးလံခေါင်သီသည့် ကျေးရွာများသို့ ပေးအပ်ခဲ့ကြောင်းသိရသည်။ ယင်းနောက် လှိုင်လင်မြို့နယ် ဖွံ့ဖြိုးရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခွန်ဒီဂေါလ်တို့က ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေများကို ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြု ကော်မတီများကို ပေးအပ်ကြသည်။ ထို့နောက် တက်ရောက်လာကြသူများက ဆောင်ရွက်ပေးရန်လိုအပ်သည်များကို တင်ပြကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများကပြန်လည်ရှင်းလင်း ဆွေးနွေးကြကြောင်း သိရသည်။

မိုးလွင်ဦး(လှိုင်လင်)

ပုဂံ-ညောင်ဦးဒေသတွင် နွားများအား လွှတ်ကျောင်းစနစ်ဖြင့် အများဆုံးမွေးမြူ

ညောင်ဦး ဇန်နဝါရီ ၁၆

မန္တလေးတိုင်းဒေသကြီး၊ ပုဂံ-ညောင်ဦးဒေသရှိ ကျေးလက်ဒေသများတွင် နွားများအား လွှတ်ကျောင်းစနစ်ဖြင့် အများဆုံးမွေးမြူလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

မိုးနည်းဒေသဖြစ်တဲ့ အတွက် နွားစာရှားပါးတယ်။ မိုးနဲ့ဆောင်းထက် နွေရာသီမှာဆို နွားစာက ပိုရှားပါတယ်။ ဒါကြောင့် ပုဂံ-ညောင်ဦးဘက် ကျေးရွာတွေမှာ နွားကို လွှတ်ကျောင်းစနစ်နဲ့ မွေးမြူတာများတယ်။ တစ်ကောင်စ နှစ်ကောင်စ နွားမွေးမြူသူကအစ ဆယ်ကောင်ကနေ အကောင်ငါးဆယ် ခြောက်ဆယ်အထိ မွေးမြူတာဖြစ်ပါတယ်။ ညောင်ဦးဒေသဘက်မှာက စားကျက်မြေပေါ သလောက် နွားစာရှားတယ်ဗျဟု တုရင်တောင်ခြေအနီး နွားအုပ်များ နေ့စဉ်ကျောင်းလေ့ရှိသူ တောင်ဘကျေးရွာဒေသခံ လူငယ်အမျိုးသားတစ်ဦးက ပြောသည်။

နွားဈေးကောင်းမွန်မှုကြောင့် အညာဒေသတစ်ချို့တွင် မွေးမြူထားသည့်နွားကြီးနွားလတ်များကို ရောင်းချသူ အများအပြားရှိသော်လည်း လယ်ယာလုပ်ငန်းတွင် နွားများအား အဓိကအားထား အသုံးပြုနေရဆဲဖြစ်သည့် ပုဂံ-ညောင်ဦး ကျေးလက်ဒေသများတွင်မူမွေးမြူထားသည့်နွားများကို ရောင်းချသူ နည်းပါးကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

ပုလဲရတနာ နာရေးကူညီမှုအသင်းသို့ ရွှေဟိန်းထက်ကုမ္ပဏီမှ ကျပ်သိန်း၇၅၀ လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၁၆

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံ၊ ပုလဲမြို့၊ စိန်ပန်းမြိုင်လမ်း၊ ရွှေဟိန်းထက်ကုမ္ပဏီမှ မတည်လှူဒါန်းသည့် ပုလဲရတနာနာရေးကူညီမှုအသင်း သုံးနှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ ကျင်းပရာ အဆိုပါအခမ်းအနားတွင် ရွှေဟိန်းထက် ကုမ္ပဏီနာယက ဦးညွန့်ဆောင်မှ ပုလဲရတနာနာရေးကူညီမှု(အခမဲ့)အသင်း လုပ်ငန်းဆောင်ရွက်ရန် ငွေပဒေသာပင် ကျပ်သိန်း ၇၅၀အား မတည်လှူဒါန်းခဲ့ရာ နာရေးကူညီမှုအသင်း ဦးခင်မောင်တင့်၊ ဥက္ကဋ္ဌ ဦးသောင်းညွှန့်၊ ရွှေနံ့သာကျေးရွာအုပ်ချုပ်ရေးမှူးဦးတင့်ထွေးတို့မှ အလှူငွေ လက်ခံရယူခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **မျိုးသန့်(အင်းစိန်)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ အောက်ဖော်ပြပါပစ္စည်းများအား ဝယ်ယူလိုပါသဖြင့် ရောင်းချနိုင်မည့်ဈေးနှုန်းကို နမူနာ(၂)ခုစီနှင့်အတူ အိတ်ဖွင့်တင်ဒါ လာရောက်ပေးသွင်းနိုင်ပါသည်-

(က) **အညာချည်စောင် (အလျား ၁၅၀'' အနံ ၅၀''၊ ၆၅ ကျပ်သား)** ၁၀၀၀၀ ထည်
(ခ) **ဒန်အိုး (၁၀'') အဖုံးပါ (၁)ပေါင်** ၁၀၀၀၀ လုံး
(ဂ) **ပီနံအိတ် (အထူ) (အလျား၂၆'' အနံ ၄၈'')** ၂၀၀၀၀ လုံး

၂။ အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းလွှာများအား ကြော်ငြာပါသည့်ရက် ၀၉း၃၀ နာရီမှစ၍ စည်းကမ်းချက်/တင်ဒါပုံစံတစ်စုံလျှင် (၁၀၀၀၀ိ/-)(ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ ရုံးအမှတ် (၂၃)၊ နေပြည်တော်တွင် ၂၄-၁-၂၀၁၄ ရက်အထိ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း-၄၀၄၃၁၇၊ ၄၀၄၃၆၉ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန

ပျောက်ဆုံးကြောင်း

ဦးသောင်းစိန် SRM-၀၁၄၇၇၄၏ ဒဂုံအရှေ့ပိုင်းမြို့နယ် (၁၃၆)ရပ်ကွက်၊ ခြံအမှတ် ၁၇၅ မြေချပါမစ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိသူများ နှစ်ပတ်အတွင်း လာရောက်အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၁၈၇၂၃၅၀

အမည်ပြောင်းခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမက (၁)၊ Grade 4(A) မှ ပညာသင်ယူနေသော ဦးမြင့်ဝင်း ၁၂/လမန(နိုင်) ၁၁၂၇၈၈၏သမီး မပန်းမြတ်သူအား မဖြိုးပြည့်သူဟုပြောင်းလဲခေါ်ဆိုပါရန်။

မဖြိုးပြည့်သူ

သတ္တုတွင်းဝန်ကြီးဌာန
သတ္တုတွင်းဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ သတ္တုတွင်းဦးစီးဌာနမှ မော်တော်ယာဉ်များတွင် အသုံးပြုရန်အတွက် စက်ဆီ၊ ချောဆီ အမျိုးမျိုးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

တင်ဒါပိတ်ရက်နှင့်အချိန် - ၂၇-၁-၂၀၁၄ ရက်၊ ၁၅း၀၀ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် သတင်းစာပါကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ရရှိနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ငွေစာရင်းဌာန
သတ္တုတွင်းဦးစီးဌာန
ရုံးအမှတ် (၁၉)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၀၉၃၇၇

စစ်တွေတက္ကသိုလ် (၁၁)ကြိမ်မြောက်
ဘွဲ့နှင်းသဘင်ဓာတ်ပုံအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ **ခေါ်ယူမည့်တင်ဒါ** - ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပမည့် စစ်တွေတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ (အတွင်း/အပြင်)နှင့် ပရဝဏ်အတွင်း
၂။ **တင်ဒါသက်တမ်း** - ၁၃-၂-၂၀၁၄ရက်၊ ၁၅-၂-၂၀၁၄ရက်နှင့် ၁၆-၂-၂၀၁၄ရက် (၃)ရက်
၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စစ်တွေတက္ကသိုလ်၊ စီမံရေးရာဌာနခွဲ
၄။ **စတင်ရောင်းချမည့်နေ့ရက်** - ၂၀-၁-၂၀၁၄ရက် (တနင်္လာနေ့)
၅။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးနေ့ရက်/ အချိန်၊ နေရာ** - ၂၉-၁-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) - ၁၆း၀၀နာရီ၊ ပါမောက္ခချုပ်ရုံးခန်း စစ်တွေတက္ကသိုလ်
၆။ အသေးစိတ်အချက်အလက်များကို လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၄၃-၂၁၂၃၆၊ ၀၄၃-၂၂၃၄၀ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

ဓာတ်ပုံရိုက်လုပ်ငန်းစိစစ်ခွင့်ပြုကြီးကြပ်ရေးအဖွဲ့
စစ်တွေတက္ကသိုလ်

ပြင်ဆင်ဖတ်ရှုပါရန်

၂-၁-၂၀၁၄ရက် ဤသတင်းစာ၏ စာမျက်နှာကြော်ငြာ(၄) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၈) ဒေါ်ဥမ္မာတင်၏ မှတ်ပုံတင်အမှတ် ၁၂/သလက(နိုင်)၀၄၁၀၅၈ အစား ၁၂/သလန(နိုင်)၀၄၁၀၅၈ဟု ပြင်ဆင်ဖတ်ရှုပါရန်။

လူမှုဝန်ထမ်းဦးစီးဌာန၏အစီအစဉ်
ဂျပန်နည်းပညာစင်တီမီတာဖြင့်
စက်ချုပ်သင်တန်းခေါ်ယူခြင်း

- စင်တီမီတာဖြင့် အင်္ကျီဆွဲနည်း
- မိန်းမဝတ် ရင်စေ့ပုံစံအမျိုးမျိုး
- မိန်းမဝတ် ခေတ်ပေါ်ပုံအမျိုးမျိုး
- မိန်းမဝတ် ရင်ဖုံးပုံအမျိုးမျိုး

စနေ/တနင်္ဂနွေပိတ်ရက် နံနက် ၉း၃၀နာရီမှ ညနေ ၃း၀၀နာရီအထိ ဖွင့်လှစ်မည်။ သင်တန်းကာလ ရှစ်ပတ် သင်တန်းဖွင့်မည့်ရက် ၈-၂-၂၀၁၄ရက် စိတ်ပါဝင်စားသူများ သင်တန်းလျှောက်လွှာများကို အောက်ပါလိပ်စာတွင် ရယူနိုင်ပါသည်။

စုံစမ်းရန်လိပ်စာ-ကျောင်းအုပ်၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ အမှတ် ၆၅၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၁-၉၆၆၁၇၁၂၊ ၀၉-၇၃၀၁၆၂၀၀၈၈၊ ၀၉-၇၃၀၇၄၈၅၆၊ ၀၉-၄၂၀၁၂၄၈၄၀၊ ၀၉-၂၅၀၁၇၀၀၂၃

SKy Wing Agri; Plantation Co;Ltd. အား
ကန့်ကွက်နိုင်ပါကြောင်းအသိပေးကြေညာခြင်း

နေပြည်တော် ကောင်စီနယ်မြေ နေပြည်တော်(တောင်ပိုင်း)သစ်ထုတ်ရေးဒေသ မဲဟော်သစ်ထုတ်ရေးနယ်တွင် ၂၀၀၉-၂၀၁၀ ခုနှစ်အတွင်း SKy Wings Agri;Plantation Co;Ltd. ၏ ကြက်ဆူစိုက်ခင်းအပြောင်းရှင်းရာမှ ထွက်ရှိလာသည့် ပြည်တွင်းသုံးအတန်းအစား လုံးပတ် ၂ ပေနှင့်အထက် သစ်မာသစ်လုံး ၂၀၇၂ လုံး၊ ၇၇၈ ဒသမ ၃၆၈ တန်အား ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနမှ သက်တမ်းတိုးရောင်းချခွင့်ပြုထားပြီး SKy Wings Agri;Plantation Co;Ltd. မှ ဝယ်ယူခွင့်ရရှိထားပြီးဖြစ်ရာ အထက်ပါသစ်မာသစ်လုံးများအတွက် သစ်လုံးဖိုးကျသင့်ငွေများအား ပြည်တွင်းရောင်းဝယ်ရေးနှင့် သစ်စက်ဌာနသို့ ဤကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း ငွေပေးသွင်းပါရန်နှင့် ခုနစ်ရက်အတွင်း ငွေပေးသွင်းမှုမရှိပါက ၄င်းသစ်မာသစ်လုံးများနှင့်ပတ်သက်၍ ဌာနအစီအစဉ်ဖြင့် ပြည်တွင်းရောင်း လေလံဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက အမြန်ဆုံးလာရောက်ဆက်သွယ်ငွေသွင်း၍ ကန့်ကွက်နိုင်ပါသည်။

နေပြည်တော်(တောင်ပိုင်း)သစ်ထုတ်ရေးဒေသ
မြန်မာ့သစ်လုပ်ငန်း

ဌာနဆိုင်ရာနှင့်လူမှုရေးစီးပွားရေးကြော်ငြာ

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၁/၂၀၁၄)

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများနှင့် လုပ်ငန်းအား တင်ဒါခေါ်ယူလိုပါသည်-

မြန်မာကျပ်ငွေဖြင့်ဝယ်ယူခြင်း

(က) **ဓာတုဗေဒပစ္စည်းများ** - PP Yarn Grade Plastic Resin, Ultra Coolant Oil, Iso Octane

(ခ) **စက်နှင့်စက်အရန်ပစ္စည်းများ** - 25% Carbon Teflon Tube, PCB for Thermal Conductivity Detector, Thermo Element (TE)

(ဂ) **ကုန်ကြမ်းပစ္စည်းများ** -လိုင်းတွန့်စက္ကူသေတ္တာ(475 x 350 x160)mm

နိုင်ငံခြားငွေဖြင့် ဝယ်ယူခြင်း

(က) **ဓာတုဗေဒပစ္စည်းများ** -(MDEA) Methyldiethanolamine, Standard Gas Cylinder, Nitrogen Gas Cylinder, Hydrogen Gas Cylinder, Zero Air Cylinder.

(ခ) **စက်နှင့်စက်အရန်ပစ္စည်းများ** -Gas Chromatograph Apparatus (GC)
Spectrophotometer (UV-1201), Expansion Turbine, Raw Water Intake Pump with Motor and Starter Unit (PU-1101), Raw Water Intake Pump with Motor and Starter Unit (PU-1103), Micro Processor Based Control Panel with Auto Star- Delta Starter (Water Cooled), Lab Apparatus, River Water Pump (Centrifugal), High Pressure Flooding Pump with Motor P-2103 (GA 2103), Z-3202 Phosphate Dosing Pump with Motor , Variator for Urea Prilling Equipment, Slop Pump with Motor, Motor for C.W Pump, Force Draft Fan, Suction Filter, Piston Rod for Natural Gas Compressor, Level Indicator LIC 3101 & LIC 3102, Semi Lean Solution Pump Motor, BFW Pump, Booster Pump, Gas Detector (1)No and Trace Moisture Meter (1) Set,

(ဂ) **ပြုပြင်ခြင်းလုပ်ငန်း** - Major Overhaul for Propane Refrigeration Compressor, 40000 Hr Inspection of Gas Turbine (Minbu) Inspection and Major Overhaul for 4 MW GTG (Nyaung Done)

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၇-၁-၂၀၁၄ရက်
တင်ဒါပိတ်မည့်ရက်/အချိန် -
(က) ၂၄-၁-၂၀၁၄ရက် (၁၂း၃၀နာရီ) - PP Yarn Grade Plastic Resin
(ခ) ၁၈-၂-၂၀၁၄ရက် (၁၂း၃၀နာရီ) - (ကျန်တင်ဒါများအတွက် ဖြစ်ပါသည်။)
(ဂ) ၁၈-၃-၂၀၁၄ရက် (၁၂း၃၀နာရီ) - Inspection and Major Overhaul for 4 MW GTG (Nyaung Done)

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ စီမံရေးဌာန/ဘဏ္ဍာရေးဌာန
ရုံးအမှတ် ၄၄၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၁၁၂၃၊ ၀၆၇-၄၁၁၁၉၃

ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄၉)၏
(၃၉)နှစ်မြောက် ကျောင်းဆင်းပွဲအထိမ်းအမှတ်တွေ့ဆုံပွဲ

ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၉)၏ (၃၉)နှစ်မြောက် ကျောင်းဆင်းပွဲအထိမ်းအမှတ်အဖြစ် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးနေ ကျောင်းဆင်းဖက်သူငယ်ချင်းများနှင့် မိသားစုဝင်များ၊ ကွယ်လွန်သူ သူငယ်ချင်းများ၏ မိသားစုဝင်များအားလုံး အောက်ပါအစီအစဉ်အတိုင်း မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။
(က) ၁-၂-၂၀၁၄ ရက် ၁၀း၀၀နာရီ ကမ္ဘာအေးကုန်းမြေ၊ မိုးကုတ်ဆွမ်းစားဆောင်တွင် ဆွမ်းဆက်ကပ်လှူဒါန်းခြင်း
(ခ) ၁-၂-၂၀၁၄ ရက် ၁၈း၀၀နာရီ ကန်တော်မင်္ဂလာပန်းခြံ၊ ရွှေဘဲစားသောက်ဆိုင်တွင် ညစာစားပွဲကျင်းပခြင်း

တစ်ဦးတည်းဖြစ်ကြောင်း
ဦးမင်းညွန့်ဝေ၏သမီး မဖယောင်းပန်း ၃/ဘအန(နိုင်)၂၉၇၃၇၆ နှင့် ကျောင်းနေစဉ် အမည်မှာ မဖရောင်းပန်း တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း
ဦးချစ်ဆန်း ၉/မနမ(နိုင်)၀၆၉၂၂၀ ၏သား မောင်အောင်မြတ်သူ ၁၂/လကန(နိုင်)၁၈၈၂၇၉နှင့် မောင်ကိုကိုချစ်မှာ တစ်ဦးတည်း ဖြစ်ပါသည်။

နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၂) အထက
ကျောင်းသား ကျောင်းသူဟောင်းများမှ
ဧကာဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားစာ

၁၉၅၅မှ ၂၀၁၃ခုနှစ်ထိ ပျဉ်းမနားမြို့၊ အထက (၂)ကျောင်းသား ကျောင်းသူဟောင်းတို့မှ အသက်(၆၀)အထက် အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ဧကာဒသမအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ၂၆-၁-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ပျဉ်းမနားမြို့၊ မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး မိတ်ဆုံညစာစားပွဲကို ၂၅-၁-၂၀၁၄ရက် ည ၇နာရီတွင် ဥတ္တရသီရိဟိုတယ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူများအားလုံး အင်တိုက်အားတိုက် မပျက်မကွက် တက်ရောက်ကြပါရန် အထူးဖိတ်ကြားအပ်ပါသည်။

မြတ်ဆရာပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသား ကျောင်းသူဟောင်းများအား **စိုး** လှျပ်စစ်မိသားစုမှ ဆိုင်ကယ်သုံးစီး ကံစမ်းမဲဖောက်ပေးမည့်အစီအစဉ်နှင့် ပူဇော်ပွဲအထိမ်းအမှတ် အထက(၂) ထက်/လယ် ကျောင်းသားကျောင်းသူလေးများ၏ စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲအတွက် ဆုချီးမြှင့်ပွဲများ ထည့်သွင်းထားပါသည်။

မြတ်ဆရာပူဇော်ပွဲအလှူတော်ငွေများကို ဦးစိုးတင့် ဖုန်း-၀၉-၅၁၀၂၅၂၇၊ ဦးစောမြင့်ကို ဖုန်း-၀၉-၄၉၂၀၃၁၆၆၊ ဦးကြည်ဝေ ဖုန်း-၀၉-၅၁၃၂၅၂၆၊ ဦးသိန်းဝင်း ဖုန်း-၀၉-၄၃၀၁၆၄၈၁၊ ဦးညီညီစံ ဖုန်း-၀၉-၄၃၀၁၇၄၁၅၊ ဦးလှမိုးအောင် ဖုန်း-၀၉-၄၂၀၇၂၅၂၇၂၊ ဦးမျိုးမင်းဝင်း (ဘဏ္ဍာရေး) ဖုန်း-၀၆၇-၂၁၁၀၆၊ ဒေါ်မြင့်မြင့်ကြည် ဖုန်း-၀၉-၂၅၀၃၇၇၆၅၀၊ ဒေါ်လှလှသန်း ဖုန်း-၀၉-၄၅၀၀၄၆၀၆၆၊ ဒေါ်ချောစုနွယ် ဖုန်း-၀၉-၂၅၀၃၃၄၅၁၊ ဒေါ်စိမ်းလဲ့မွန် ဖုန်း-၀၉- ၄၃၀၅၀၂၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ဆရာ ဆရာမကြီးများမှလွဲ၍ သီးသန့်ဖိတ်စာဖြင့် မည်သူ့ကိုမျှ ဖိတ်ကြားခြင်းမရှိပါ၍ ယခုကြော်ငြာစာအတိုင်း တက်ရောက်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။)

ဧကာဒသမအကြိမ် မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

[illegible] ... Ph : 09507015 ...

အမြန်ပြန်လာပါ
(ဦးထွန်းရှိန်-ဒေါ်တင်ကြည်)၏ သား ဖိုးနီတိုး(ခ)တိုးတိုး အမှတ် ၁၇၃၂၊ ပုသိမ်၊ ပန်းတင်ကုန်းရပ်ကွက်နေ အောက်ပါဖုန်းများကို ဆက်သွယ်ပါ။ (အမြန်ပြန်လာခဲ့ပါ)
ဖုန်း-၀၉-၄၉၇၁၈၆၂၃၊ ၀၉-၂၅၀၃၃၆၅၅၀၊ ၀၉-၅၂၀၁၆၇၈၁

အမည်ပြောင်း
ဦးလိုင်စွန်ဘွိုင်(ခ)ဦးစိုးဝင်း၏ သမီး အမက (၁) လသာ တတိယတန်း (B)မှ မသဇင်နှင်း(ခ)လိုင်မီဝိုင်အား မသော်တာမေ(ခ)မလိုင်မီအွဲဟု ပြောင်းလဲခေါ်ပါရန်။

[illegible] ... မြေကွက် ... ဖုန်း ၀၉-၅၂၀၀၈၆၁ ၊ ၀၉- [illegible]

စာအုပ်စာပေ
လူ့မိတ်ဆွေ

ပျောက်ဆုံးကြောင်း
ကျွန်တော်ဦးတင့်ကြည် ၁၃/လရန(နိုင်)၀၇၈၈၇၂မှ ပိုင်ဆိုင်သော ကားအတွက် ကညန လိုင်စင်ဝင်ရန် ID/ 773610 သည် ပျောက်ဆုံးသွားခဲ့ပါသဖြင့်တွေ့ရှိကအကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၀၁၉၈၇၆**

အမည်ပြောင်း
ဦးသန်းနိုင်၏သမီး ပေါင်မြို့ အထက (ခွဲ) ဆင်ဖြူရပ် မုတ္တမနေ ပဥ္စမတန်း Grade (6)A မှ မယွန်းပွင့်နဒီအား မစုရည်ရွှယ်ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။
မစုရည်ရွှယ်ပိုင်

ကျေးဇူးဆပ်ပါမည်
ကျွန်တော်ဦးသန်းဌေး၏ သင်္ဘောသား လုပ်သက်မှတ်တမ်းစာအုပ် ကွေး/၅၀/၈၃ သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကပြန်လည်ပေးပို့ပေးပါရန်။
ဦးသန်းဌေး ဖုန်း-၀၉-၃၃၀၃၃၃၇၇

ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ဌေးနိုင်၏ ပတ်စ်ပို့ အမှတ်-၅၀၂၁၆၂ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားရန်။ ကျေးဇူးဆပ်ပါမည်။
ဖုန်း-၀၉-၈၅၅၃၉၇၇

ကျေးဇူးဆပ်ပါမည်
ကျွန်တော်ဦးသန်းထွဋ်၏ သင်္ဘောသား လုပ်သက်မှတ်တမ်းစာအုပ် မန်း/၂၀၁၀/၃၉၉သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကပြန်လည်ပေးပို့ပေးပါရန်။
ဦးသန်းထွဋ် ဖုန်း-၀၉-၉၁၀၅၆၄၂၅

ဝန်ထမ်းအမြန်အလိုရှိသည်

(၁) **Plaza Manager/Asst; Plaza Manager** **M(2) Post**
- ဘွဲ့တစ်ခုခုရရှိပြီးသူ၊ ဆက်ဆံရေးကောင်းမွန်ပြီး ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ဆက်သွယ်ဆောင်ရွက်နိုင်ရမည်။ စီမံအုပ်ချုပ်မှုအတွေ့အကြုံ အနည်းဆုံး (၅)နှစ်၊ အသက်(၃၀)မှ (၄၅)နှစ်အတွင်း

(၂) **Marketing Manager/Asst; Manager** **M/F (2) Post**
- ဘွဲ့တစ်ခုခုရရှိပြီးသူ၊ သက်ဆိုင်ရာ ရာထူးအဆင့်တွင် လုပ်ငန်းအတွေ့အကြုံ (၅)နှစ် အထက်ရှိသူ၊ Marketing Plan ရေးဆွဲနိုင်၍ အဖွဲ့ကိုဦးဆောင်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်သူ၊ Promotion ကိစ္စရပ်များ၊ စနစ်တကျစီမံဆောင်ရွက်နိုင်သူ
အသက် (၂၇)နှစ်မှ (၄၅)နှစ်အတွင်း

(၃) **Development Manager/Asst; Manager** **M(2) Post**
- ဘွဲ့တစ်ခုခုရရှိပြီးသူ၊ Plaza ဖွံ့ဖြိုးစည်ကားရေး Plan ရေးဆွဲနိုင်သူ၊ လုပ်ငန်းအတွေ့အကြုံ (၅)နှစ်နှင့်အထက်ရှိသူ၊ ဌာနအချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်သူ၊ အသက်(၃၀)မှ (၄၅)နှစ်အတွင်း

(၄) **Senior Engineer, AE, SAE, JE (M&E)** **M(6) Post**

(၅) **Senior Engineer, AE, SAE, JE (Civil)** **M (2) Post**
- စဉ်(၄)နှင့် (၅)အတွက် အနည်းဆုံး AGTI (E.P, M.P, Civil) (သို့) BE (E.P, M.P, Civil) ဘွဲ့ရရှိပြီးသူ အသက် (၂၇)နှစ်မှ (၄၅)နှစ်အတွင်း သက်ဆိုင်ရာ ရာထူး/လုပ်ငန်းများတွင် လုပ်ငန်းအတွေ့အကြုံ (၅)နှစ်နှင့်အထက်

လျှောက်ထားလိုသူများသည် ကိုယ်ရေးရာဇဝင် (CVForm)၊ ပညာအရည်အချင်းထောက်ခံစာမိတ္တူ၊ နိုင်ငံသားမှတ်ပုံတင်မိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ တစ်လအတွင်း ရယူထားသော ရပ်ကွက်ထောက်ခံစာမူရင်း၊ ရဲစခန်းထောက်ခံစာမူရင်း၊ ဓာတ်ပုံ (၂)ပုံ၊ အခြားတင်ပြလိုသော အထောက်အထားစာရွက်စာတမ်းတို့နှင့်အတူ တစ်ပတ်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

ဆက်သွယ်ရန်
ဖုန်း-၀၂-၆၉၃၅၁၊ ၆၉၃၇၁၊ ၆၉၃၇၂၊ ၆၉၃၆၁၊ လိုင်းခွဲ (၂၀၁၊ ၂၁၇)

တောင်ဥက္ကလာပမြို့နယ် အလက(၃)
အာစရိယပူဇော်ပွဲကျင်းပမည်

အဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို (၂-၃-၂၀၁၄ရက်၊ တောင်သူလယ်သမားနေ့) နံနက် ၉ နာရီတွင် ကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ၁၉၆၅ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ အလက(၃)တွင် ပညာသင်ကြားပေးခဲ့သော အသက်(၆၀)နှင့်အထက် အငြိမ်းစား ဆရာကြီး ဆရာမကြီးများ ကြွရောက်အပူဇော်ခံနိုင်ပါရန်နှင့် ကျောင်းသားကျောင်းသူဟောင်းများအားလုံးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန်

အ-လ-က(၃)	ဖုန်း-၀၁-၅၆၅၄၃၉	ကိုစိုးထွန်း	ဖုန်း-၀၉-၅၁၀၅၅၄၂
မစောမြတ်ကြွယ်	ဖုန်း-၀၁-၅၆၄၅၆၃	ကိုနွယ်ဝင်း	ဖုန်း-၀၉-၄၃၁၆၆၃၇၆
ကိုစိန်မြင့်	ဖုန်း-၀၉-၅၁၅၄၁၄၉	ကိုခင်ဆောင်	ဖုန်း-၀၉-၅၀၉၆၉၀၇
ကိုလူလု	ဖုန်း-၀၉-၅၅၀၂၅၆၃	မစန်းစန်းအောင်	ဖုန်း-၀၁-၅၆၁၇၂၄
မဝင်းမာ	ဖုန်း-၀၉-၃၁၃၅၈၇၆၄	မစန်းစန်းလွင်	ဖုန်း-၀၉-၄၃၀၂၄၁၁၂
ကိုမြင့်နိုင်ဦး	ဖုန်း-၀၉-၅၁၁၂၇၁၅	ကိုမြင့်အောင်(ဗေလုဝ)	ဖုန်း-၀၉-၅၁၃၆၉၉၈

ကိုအောင်တင် (မောင်မောင်အောင်) ဖုန်း-၀၉-၄၂၁၁၆၇၀၉၃

အမည်ပြောင်း
ဦးချမ်းငြိမ်း၏သမီးများဖြစ်သော နေပြည်တော်၊ ဥတ္တရသီရိမြို့၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း၊ ပဥ္စမတန်းတွင်ပညာသင်ကြားနေသော မဖုန်းပွင့်ဦးအား မလဲ့လွန်းဖြူဟု လည်းကောင်း၊ မဖူးပွင့်ဦးအား မလဲ့ဝန်းဖြူဟု လည်းကောင်း ပြောင်းလဲခေါ်ဆိုပေးပါရန်အသိပေးအပ်ပါသည်။
ဦးချမ်းငြိမ်း

တစ်ဦးတည်းဖြစ်ကြောင်း
ရခိုင်ပြည်နယ်၊ မင်းပြားမြို့၊ ဈေးဟောင်းပိုင်းရပ်ကွက်နေ ဦးစောအောင်သိန်း၏သား ၁၁/မပန (နိုင်) ၀၈၃၆၃၇ ကိုင်ဆောင်သူ မောင်အောင်စောသန်း(ခ)မောင်ကျော်ထွန်းစံမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
မောင်အောင်စောသန်း(ခ)မောင်ကျော်ထွန်းစံ

ဒေါ်ညိုညိုဝင်းနှင့် ၄င်း၏ညွှန်ကြားချက်အရ
ဆောင်ရွက်ပေးသူ တရားလွှတ်တော်ရှေ့နေ ဦးဘခင်(စဉ်-၉၄၀၅)နှင့်
အထက်တန်းရှေ့နေ ဦးအုန်းမြင့်(စဉ်-၅၉၈၂)တို့ သိစေရန်နှင့်
အများသိစေရန် ပြန်လည်ဖြေရှင်းခြင်း

၅-၁-၂၀၁၄ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် တာချီလိတ်မြို့၊ တာလော့ရပ်ကွက်၊ ချယ်ရီလမ်း၊ အမှတ် ၁၃၁နေ ဒေါ်ညိုညိုဝင်း ၁၃/တခလ(နိုင်)၀၃၄၃၉၀၏ လွှဲအပ်ညွှန်ကြားချက်အရ ဆောင်ရွက်ပေးသူများဖြစ်သော တရားလွှတ်တော်ရှေ့နေ ဦးဘခင်နှင့် အထက်တန်းရှေ့နေ ဦးအုန်းမြင့်တို့အား ကျွန်ုပ်၏အမှုသည် ဦးကျော်လွင်ဦး ၁၂/ဥကတ(နိုင်)၁၄၅၂၆၉၏ လွှဲအပ်ညွှန်ကြားချက်အရ သဘောရိုးဖြင့် ပြန်လည်ဖြေရှင်းအပ်ပါသည်။

၁။ ဒေါ်ညိုညိုဝင်းနှင့် ကျွန်ုပ်အမှုသည် ဦးကျော်လွင်ဦးတို့သည် စီးပွားရေး၊ လူမှုရေးအရ အပြန်အလှန်အကျိုးပြုပြီး အလွန်ရင်းနှီးသော မိတ်ဆွေရင်းချာများဖြစ်ကြပါသည်။

၂။ ကျွန်ုပ်၏အမှုသည်မှ စီးပွားရေးအခက်အခဲတစ်ခုတွင် ဒေါ်ညိုညိုဝင်းထံ လူမှုရေးအရ သွားရောက်အကူအညီတောင်းခံရာ ဒေါ်ညိုညိုဝင်းမှ သတင်းစာပါမြေကွက်၏ မြေပေးမိန့်မူရင်းကို လိုအပ်သလို အသုံးပြုနိုင်ရန် စိတ်ကြည်လင်စွာဖြင့်ပေးအပ်ခဲ့ပါသည်။

၃။ ၄င်းအပြင်အထက်ပါမြေကွက်ကို ရောင်းချရန်သော်လည်းကောင်း၊ ပေါင်နှံရန်သော်လည်းကောင်း ပြုလုပ်နိုင်ရန် ဒေါ်ညိုညိုဝင်းနှင့် ကျွန်ုပ်အမှုသည်တို့နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်တစ်စုပြုလုပ်ခဲ့ရာ ယခုသတင်းစာပါ အထက်တန်းရှေ့နေ ဦးအုန်းမြင့်မှ ဒေါ်ညိုညိုဝင်းအား သုံးကြိမ် သုံးခါမေးမြန်းပြီး ဒေါ်ညိုညိုဝင်းထံမှ သဘောတူညီချက်ရရှိကာ အထက်တန်းရှေ့နေ ဦးအုန်းမြင့်ကိုယ်တိုင် အရောင်းအဝယ်စာချုပ်တွင် လက်မှတ်ရေးထိုး၍ တံဆိပ်တုံးရိုက်နှိပ်ပေးခဲ့ပါသည်။

၄။ ရှေ့နေဦးအုန်းမြင့်စာချုပ်ပြုလုပ်ပြီးသည့်နောက်ပိုင်းတွင် ကျွန်ုပ်အမှုသည်လိုအပ်သည့်ငွေကြေးရရှိရန် တာချီလိတ်မြို့၊ ပါလျှံ(၃)ဈေးအနီးနေ ဦးမောင်တူး(မြေပွဲစား)အား ရှေ့နေဦးအုန်းမြင့်ချုပ်ဆိုပေးသော စာချုပ်မူရင်းနှင့် သတင်းစာပါမြေပေးမိန့်မူရင်းတို့ကို ပေးအပ်ခဲ့ပါသည်။

၅။ ယနေ့အထိအဆိုပါစာချုပ်နှင့် မြေပေးမိန့်တို့ကို ကျွန်ုပ်အမှုသည်ထံ ဦးမောင်တူး(မြေပွဲစား)မှ ပြန်လည်ပေးအပ်ခြင်းမရှိခဲ့သေးပါကြောင်း သဘောရိုးဖြင့် ပြန်လည်ဖြေရှင်းအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးကျော်လွင်ဦး
၁၂/ဥကတ(နိုင်)၁၄၅၃၅၉
ပါလျှံ(၁)၊ တာချီလိတ်မြို့

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲမြင့် B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၂၂၀/၀၂)
တာချီလိတ်မြို့

အမည်ပြောင်း
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ ၃/ခ၊ စလမ်းနေ ဦးကျော်ကျော်ဆန်း - ဒေါ်ချိုချိုတို့၏သမီး မအေးအေးမွန်အား နုနုနွယ်သို့ပြောင်းခေါ်ပါရန်။
နုနုနွယ်

အမည်ပြောင်း
ဦးခန့်ဇော်အောင်၏သမီး ဘားအံမြို့ အထက(၁) အဋ္ဌမတန်း(ခ)မှ မသင်းလှမြဇော်၏ အမည်မှန်မှာ မသဒ္ဒါဇော်အောင် ဖြစ်ပါကြောင်း။
မသဒ္ဒါဇော်အောင်

အမည်ပြောင်း
ဦးခန့်ဇော်အောင်၏သမီး ဘားအံမြို့ အထက(၁) ပဥ္စမတန်း(က)မှ မစုမြမြဇော်၏ အမည်မှန်မှာ မရူပါဇော်အောင် ဖြစ်ပါကြောင်း။
မရူပါဇော်အောင်

ဖခင်အမည်မှန်
မောင်သောင်းဆာ အဋ္ဌမတန်း ကျောင်းသား အင်းစိန်မြို့နယ်၏ ဖခင်အမည်မှန်မှာ ဦးဇော်ပေါ်ဖြစ်ပါသည်။

ဖခင်အမည်မှန်
မောင်နိုင်းလိန်း အဋ္ဌမတန်း ကျောင်းသား အင်းစိန်မြို့နယ်၏ ဖခင်အမည်မှန်မှာ ဦးခေါဂေနိုင်း ဖြစ်ပါသည်။

ဖခင်အမည်မှန်
မောင်နိုင်းထန်း အဋ္ဌမတန်း ကျောင်းသား အင်းစိန်မြို့နယ်၏ ဖခင်အမည်မှန်မှာ ဦးထန်းနိုင်းဖြစ်ပါသည်။

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ကျောက်တံခါး အထက သက်ကြီးအာစရိယပူဇော်ပွဲ

ကျောက်တံခါးမြို့၊ အခြေခံပညာအထက်တန်းကျောင်းသား/ကျောင်းသူဟောင်းများ၏ (၁၇) ကြိမ်မြောက် သက်ကြီးအာစရိယပူဇော်ပွဲကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက်ပါကျောင်း ပတ္တမြားခန်းမ၌ကျင်းပမည်ဖြစ်ရာ ကျောက်တံခါးအထကတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ခဲ့ကြပြီး အငြိမ်းစားယူခဲ့သည့် အသက် (၆၀)ပြည့် ကန်တော့ခံဆရာ/ဆရာမကြီးများနှင့် ရပ်နီးရပ်ဝေးမှ ကျောင်းသား/ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများသည် ဦးသက်လွင် (ရန်ကုန်) ဖုန်း-၀၉-၅၁၆၃၈၆၆၊ ဦးညွန့်ရွှေ (ရန်ကုန်) ဖုန်း-၀၉-၅၁၅၀၃၇၇၊ ဦးစိုးမိုးဝင်း(ပဲခူး) ဖုန်း-၀၉-၅၁၀၅၉၇၂၊ ဦးအေးလွင်(မန္တလေး) ဖုန်း-၀၉-၆၈၀၇၁၃၆၊ ဦးကိုကိုအောင်(ရန်ကုန်) ဖုန်း-၀၉-၇၃၀၀၈၆၅၁၊ ဦးခင်မောင်ဦး(ကျောက်တံခါး) ဖုန်း-၀၉-၄၂၈၁၉၄၅၃၇၊ ဦးစိုးလွင်(ကျောက်တံခါး) ဖုန်း-၀၉-၅၁၅၂၇၆၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ရန်ကုန်မြို့မှ သက်ကြီးအာစရိယပူဇော်ပွဲသို့ လိုက်ပါလိုသူများသည် ဦးသန်းဆွေ ဖုန်း-၀၉-၂၅၀၅၁၃၆၀၆ ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း။

စလင်းမြို့နယ်အသင်း (ရန်ကုန်)
နှစ်ပတ်လည်ပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

စလင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်စဉ်ကျင်းပမြဲဖြစ်သည့် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအား ၂၆-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကြည့်မြင်တိုင်မြို့နယ်၊ စလင်းပရိယတ္တိစာသင်တိုက်ရှိ ဂန္ဓကုဋိဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် မတ်လ၌ ကျင်းပပြီးစီးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသော အသင်းဝင်တို့၏ သားသမီးများစာရင်းကို ၂၃-၁-၂၀၁၄ရက် နောက်ဆုံးထား၍ အောက်ဖော်ပြပါပုဂ္ဂိုလ်များထံ အကြောင်းကြားပါရန်နှင့် အသင်းသူ အသင်းသားများ၊ မိသားစုများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်မှာ ဦးငွေးကြွယ် ဖုန်း-၅၁၀၃၁၇၊ ဦးမျိုးချစ် ဖုန်း-၆၆၅၆၂၇၊ ဦးစိုးညွန့် ဖုန်း-၀၉-၇၃၀၉၅၀၁၉၊ ဦးဝင်းလှိုင် ဖုန်း-၆၄၅၇၃၃၊ ဗိုလ်မှူးမြင့်ဆွေ (ငြိမ်း) ဖုန်း-၀၉- ၅၁၃၅၇၁၄၊ ဦးစန်းညိုအောင် ဖုန်း-၆၈၀၄၂၀၊ ဗိုလ်မှူးသန်းအေး(ငြိမ်း) ဖုန်း-၀၉-၅၀၇၉၄၇၁တို့ ဖြစ်ပါသည်။

အမှုဆောင်အဖွဲ့၊ ရန်ကုန်မြို့

ပေါင်းတည်မြို့နယ်အသင်း (ရန်ကုန်)
၂၀၁၃ ခုနှစ် သင်းလုံးကျွတ်အစည်းအဝေးဖိတ်ကြားခြင်း

ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်) ၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး အသင်းဝင် သက်ကြီးပူဇော်ပွဲနှင့် အသင်းဝင်သားသမီးများအား ပညာရည်ချွန်ဆုပေးပွဲကို စမ်းချောင်းမြို့နယ်၊ ဗားကရာလမ်း၊ ကိုးထပ်ကြီးဘုရားအနီး မူလဥယျာဉ်တိုက်၊ သုခမကျောင်းတွင် ၂၆-၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၀၀ နာရီ၌ ကျင်းပမည်ဖြစ်သဖြင့် အသင်းဝင်တိုင်း တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

(ကန်တော့ခံများမှအပ သီးခြားဖိတ်စာမပေးပို့ပါ)

(တာဝတိံသာထမနဲ၊ ကော်ဖီ၊ မုန့်တို့ဖြင့် ဧည့်ခံပြီး ကံစမ်းမဲများချီးမြှင့်ပါမည်။)

အမှုဆောင်အဖွဲ့
ပေါင်းတည်မြို့နယ်အသင်း(ရန်ကုန်)

နှစ်ပတ်လည် ညစာစားပွဲဖိတ်ကြားခြင်း
O.T.S (31)

ဗိုလ်သင်တန်းအမှတ်စဉ် (၃၁)၏ (၄၉)နှစ်မြောက် နှစ်ပတ်လည် မိတ်ဆုံညစာစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ သူငယ်ချင်းများဇနီးနှင့်အတူ တက်ရောက်ကြပါရန်နှင့် ကွယ်လွန်ပြီးသောသူငယ်ချင်းများ၏ဇနီးများပါ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်	-	၆-၂-၂၀၁၄ ရက် (ကြာသပတေးနေ့)
ကျင်းပမည့်အချိန်	-	ညနေ ၆ နာရီ
ကျင်းပမည့်နေရာ	-	အပြည်ပြည်ဆိုင်ရာစီးပွားရေးဗဟိုဌာန (IBC) အမှတ် ၈၈၊ ပြည်လမ်း၊ (၆)မိုင်ခွဲ၊ လှိုင်မြို့နယ်

အလုပ်အမှုဆောင်အဖွဲ့
ဖုန်း-၀၁-၆၁၃၉၁၉၊ ၆၁၀၁၄၇
၆၁၀၁၈၁၊ ၆၁၀၅၆၉



ရန်ကုန်တက္ကသိုလ် သတ္တဗေဒဘာသာရပ် ရွှေရတုအထိမ်းအမှတ်
ကျင်းပနိုင်ရေးအတွက် အစည်းအဝေးခေါ်ယူခြင်း

၁၉၆၅ခုနှစ်မှစတင်ခဲ့သော သတ္တဗေဒအဓိကဘာသာရပ် (ZOOLOGY MAJOR) သည် လာမည့် ၂၀၁၅ ခုနှစ်တွင် နှစ်ပေါင်းငါးဆယ်ပြည့်မြောက်တော့မည်ဖြစ်ပါသည်။ လာမည့် ၂၀၁၅ခုနှစ် နှစ်ဆန်းပိုင်းအချိန်တွင် **ရွှေရတုအထိမ်းအမှတ်အခမ်းအနားများ** ကျင်းပပြုလုပ်နိုင်ရေးအတွက် လိုအပ်သော ဆွေးနွေးညှိနှိုင်းတိုင်ပင်ဆုံးဖြတ်မှုများပြုလုပ်ဆောင်ရွက်နိုင်ရန် ရန်ကုန်တက္ကသိုလ် (ပင်မ၊ လှိုင်၊ ကြည့်မြင်တိုင်၊ ဗိုလ်တထောင်၊ လုပ်သားများကောလိပ်) သတ္တဗေဒအဓိကမျိုးဆက်ဟောင်း၊ မျိုးဆက်သစ်ဘွဲ့ရ ကျောင်းသား ကျောင်းသူများအနေဖြင့် အောက်ပါအတိုင်း ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

နေရာ	-	၂၆-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့)
အချိန်	-	မွန်းလွဲ ၁း၀၀နာရီ
နေရာ	-	ရွှေမန်းကျောင်းတိုက်၊ အာဇာနည်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ (မင်္ဂလာဇေယျာဟာအသင်းတိုက်အနီး)

ဆက်သွယ်စုံစမ်းလိုပါက-

၁။ ဆရာဦးကျော်ဘုန်းလင်း	ဖုန်း-၀၉-၄၂၁၁၇၈၅၆၁	၂။ ဦးကျော်	ဖုန်း-၀၉-၇၃၀၆၅၇၁၁
၃။ ဦးသိန်းထွန်း	ဖုန်း-၀၉-၄၃၀၈၄၄၂၉	၄။ ဦးချစ်ကိုကို	ဖုန်း-၀၉-၅၁၉၀၂၅၃
၅။ ဦးတင့်ဇော်	ဖုန်း-၀၉-၅၀၄၂၉၇၉	၆။ ဦးစောဝင်း	ဖုန်း-၀၉-၃၁၁၃၅၀၂၆
၇။ ဦးမောရစ်	ဖုန်း-၀၉-၄၂၀၀၉၉၅၆၆	၈။ ဒေါ်ကေသီခိုင်	ဖုန်း-၀၉- ၃၁၄၉၅၇၇၂
၉။ ဦးကျော်စိုးမိုး(လုပ်သား)	ဖုန်း-၀၉-၅၀၅၆၇၇၉	၁၀။ ဦးမြင့်လွင်(လုပ်သား)	ဖုန်း-၀၉-၄၃၀၆၈၈၃၆

သံတွဲခရိုင်အသင်း (ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားဖိတ်ကြားလွှာ

သံတွဲခရိုင်အသင်း(ရန်ကုန်)၏ အထက်ပါအခမ်းအနားကို ၂၃-၂-၂၀၁၄ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂း၀၀နာရီတွင် ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသူ အသင်းသားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ စုံစုံညီညီကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကန်တော့ခံ (၇၅)နှစ်နှင့်အထက် အသင်းဝင်ဘိုးဘွားများ၊ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသောအသင်းဝင်များ၏ သားသမီးများနှင့် နိုင်ငံတော်အဆင့် ဆုချီးမြှင့်ခံရသည့်ပုဂ္ဂိုလ်များသည် အထောက်အထားပြည့်စုံစွာဖြင့် ရုံးဖုန်း-၃၈၂၀၈၇၊ ဦးမြမောင် ဖုန်း-၀၉-၅၁၂၁၅၂၁၊ ဦးထင်ကျော်လင်း ဖုန်း-၀၉-၄၉၃၀၅၆၇၃၊ ဒေါ်ခင်ကြည်မြင့် ဖုန်း-၀၉-၅၁၃၆၄၀၁၊ ဦးချစ်ဖေ ဖုန်း-၀၉-၄၂၀၁၃၄၃၅၂တို့သို့ ၁၇-၂-၂၀၁၄ ရက်ထက် နောက်မကျစေဘဲ စာရင်းပေးကြပါရန်၊ အလှူငွေလှူဒါန်းလိုသူများသည် အထက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းကြပါရန်နှင့် ပညာရည်ချွန်ဆုရ ကျောင်းသူ ကျောင်းသားများနှင့် ကန်တော့ခံဘိုးဘွားများသည် မိမိတို့ကိုယ်တိုင် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/နောက်၊ မြေကွက်အမှတ် ၅၆၈/က၊ မြေကွက်တည်နေရာအမှတ် ၅၆၈/က၊ ဝေဇယန္တာအနောက် ၁၁လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ် (၁) ဦးတင်အုန်း၊ (၂) ဦးငွေသိန်း၊ (၃) ဒေါ်ဝင်းထိန်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးတင်အုန်း (လူပျိုကြီးဘဝဖြင့်)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောညီဖြစ်သူ ဦးသိန်းအောင် ၇/ပတန(နိုင်)၀၅၉၉၈၀ နှင့် အမည်ပေါက်တစ်ဦးဖြစ်သူ ဦးငွေသိန်း(ခင်ပွန်း)ကွယ်လွန်သဖြင့် ကျန်အမည်ပေါက် ဇနီးဒေါ်ဝင်းထိန် ၁၂/သကတ(နိုင်)၁၀၂၂၁၂တို့က ပူးတွဲ၍ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ



ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးနေဇော်အောင် ၁၄/ဟသတ(နိုင်)၂၆၀၂၃၅ သည် နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၃၁၅၅၉၄၅၉

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဦးဉာဏ်ထွန်း၏သား ကျိုင်းတုံမြို့၊ အမက(၈)၊ စတုတ္ထတန်းမှ မောင်စိုင်းထွန်းဟိန်း၏ အမည်မှန်မှာ မောင်စိုင်းထွန်းအေး ဖြစ်ပါကြောင်း။

မောင်စိုင်းထွန်းအေး

ဖောင်းကြွနံပါတ်ပျောက်ဆုံးခြင်း
ယာဉ်အမှတ် ၃က/၅၉၄၉၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ကညန၊ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

EXCELLENT အနုပညာသင်တန်းကျောင်း
◆ ဓါတ်ပုံ၊ ဗီဒီယို၊ ရုပ်သံ တည်းဖြတ်
◆ တေးရေးတေးဆို၊ ကီးဘုတ်၊ (Audio Music)၊ ဂစ်တာ၊ Drum စန္ဒယား၊ စောင်း၊ တယော၊ ပတ္တလား၊ Dancer ၊မြန်မာ့အကမျိုးစုံ
◆ ဒါရိုက်တာ ဇာတ်ညွှန်း၊ မော်ဒယ် သရုပ်ဆောင်၊ ပန်းချီ

PIONEER ပိုက်ရှိုင်းဖုန်းသင်တန်းကျောင်း
HARDWARE SOFTWARE TRAINING SCHOOL(YANGON)
NEW YEAR SPECIAL PROMOTION 50% OFF
-HARDWARE 300000 KS → 150000 -SOFTWARE 300000 KS → 150000

KhaingKhaing SangDa Motorcar
Khaing Khaing SangDa Motorcar ... Brand New ၊ MPV နှင့် Light Truck ... Model ...
KHAING KHAING SANG DA MOTORCAR FACTORY - No.79/80,Thardukan Industrial Zone (3/4),Shwe Pyi Thar Tsp,Yangon,09426333333, 09428333333, 0933165893, 01611229,611351,611368
YANGON SHOWROOM - No.148, Pyay Road, ... Mayangone Tsp, Tel: 01-660871, 09-8645893 09427333333
MANDALAY SHOWROOM - ... Tel:09425111111, 0949256583, 0933165891

ကြော်ငြာစာ

တောင်ငူခရိုင် တရားရုံးတော်၌

၂၀၁၃ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၅၁

ကွယ်လွန်သူဒေါ်နော်တိုးရီးယား၏ ကျန်ရှိရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

တောင်ငူမြို့၊ ၂၀ ရပ်ကွက်၊ ဒယ်စုလမ်း၊ အမှတ် ၂၀/၄၅၃၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်နော်တိုးရီးယား၏ သေတမ်းစာအတည်ပြုချက် လက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် လျှောက်ထားသူ ဒေါ်နော်ဒေးလီယာက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက် (၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်နော်တိုးရီးယား၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်စုံတစ်ရာဝင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်)ဆိုခဲ့သော ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၂၇ ရက် (၁၃၇၅ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာအတည်ပြုချက်လက်မှတ်မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း၊ တစ်စုံတစ်ရာ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဒေါ်နော်ဒေးလီယာ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်အေး
ခရိုင်တရားသူကြီး
တောင်ငူခရိုင် တရားရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်း-၂၀)

ရွှေတောင်မြို့နယ်တရားရုံးတော်၌

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၀၈

၁။ ဒေါ်စန်းကြည်	နှင့်	၁။ ဦးသောင်းငွေ
၂။ ဒေါ်သန်းခင် (၎င်းတို့၏အခွင့်ရကိုယ်စားလှယ်- မခင်သင်းရည်)		၂။ ဦးတင်ငွေ
		၃။ ဦးစံလင်း
		၄။ ဒေါ်ငွေငွေနိုင် (ဦးချစ်ထွေး၏တရားဝင် အမွေဆက်ခံပိုင်ခွင့်ရှိသူ)၊
		၅။ ဦးချစ်ရေး
		၆။ ဦးထွန်းမြင့်
တရားလို		**တရားပြိုင်များ**

ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်နေ ဦးချစ်ရေး(ယခုနေရပ်လိပ်စာမသိသူ)နှင့် ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ဇရပ်လှရပ်နေ ဦးထွန်းမြင့် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက အမွေပုံစီမံခန့်ခွဲပေးစေလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့၏ကိုယ်စားလှယ်စာရရှိသူ အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်အား ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၃၁ရက်(၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြု လိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၃ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ဦးဇော်လင်းထွန်း)
ဒုတိယမြို့နယ်တရားသူကြီး
ရွှေတောင်မြို့နယ်တရားရုံး

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူကြောင်း

ရန်ကုန်မြို့နေ ကွယ်လွန်သူ ဦးဇင်သောင်း(အောင်ဇင်မာကုမ္ပဏီလီမိတက်)အား ရည်စူး၍ ဇနီးဒေါ်လှကြည်(Managing Director အောင်ဇင်မာကုမ္ပဏီလီမိတက်)မှ မြတ်သောဒါနအဖြစ် သုခအလင်းပညာဒါနကျောင်းဆောက်လုပ်ရန်၊ ဆေးရုံဆောက်လုပ်ရန်၊ သက်ကြီးရွယ်အိုများအား စောင့်ရှောက်သည့် လူအိုရုံဆောက်လုပ်ရန်၊ မိဘမဲ့ကလေးကြည့်ရှုဌာနဆောက်လုပ်ရန်နှင့် အခြားသော လူမှုရေးပရဟိတလုပ်ငန်းများဆောင်ရွက်ရန်အတွက် မိမိပိုင် ရန်ကုန်-မန္တလေး လမ်းဟောင်း လမ်းမကြီးဘေး၊ ပဲခူးတိုင်းဒေသကြီး၊ သာယာကုန်းကျေးရွာအနီးရှိ မြေ (၁၃ဒသမ၉၉)ဧက ကာလတန်ဖိုး ကျပ်သိန်းပေါင်း ၁၂၈၀၀ တန် မြေကွက်အား လူမျိုးဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ လူထုလူတန်းစားအလွှာအသီးသီးအတွက် အခမဲ့နာရေးကူညီမှုပေးခြင်း၊ အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ များပြားလှသော ပညာဒါနလုပ်ငန်းများနှင့် အခြားပရဟိတလုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပတွင် အောင်မြင်စွာ ဆောင်ရွက်လျက်ရှိသော နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ ပေးအပ်လှူဒါန်းခြင်းအတွက် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပီတိဖြစ်ပါကြောင်းနှင့် သာဓုခေါ်ဆိုအပ်ပါသည်။ ဆက်လက်၍ နိုင်ငံအကျိုး၊ နိုင်ငံသားတို့၏အကျိုးကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးအေ·ရောဘတ် General Manager
(Aung Zin Mar Co.,Ltd.)**နှင့်ဝန်ထမ်းမိသားစုများ**
အောင်ဇင်မာဆီအုန်းစိုက်ပျိုးရေးစီမံကိန်း
တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၀၊ မြေကွက်အမှတ် ၈၇၅/က၊ မြေကွက်တည်နေရာအမှတ်-၈၇၅/က၊ ၇၀ရပ်ကွက်၊ ဒဂုံတောင်မြို့နယ် ဦးကျော်မြင့် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးကျော်မြင့်ထံမှ အရပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးမြင့်သောင်း ၁၂/ရကန(နိုင်)၀၁၁၉၃၄က ပါမစ်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်ထောက်ခံချက်များနှင့် ကျမ်းကျိန်လွှာတို့ တင်ပြ၍ ဂရန်သစ် လျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ-၆၊ မြေကွက်အမှတ် ၅၄၂၊ မြေကွက်တည်နေရာ ၅၄၂၊ ရေနံချောင်းလမ်း၊ ၉ ရပ်ကွက်၊ လှိုင်သာယာ ဒေါ်အေးအေးမြင့် အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်အေးအေးမြင့်ထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဒေါ်စိန်ကြည် ၁၂/လသယ(နိုင်)၀၁၆၈၆၉ က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ခံဝန်ကတိ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ EO ရုံးထောက်ခံစာတို့ တင်ပြပြီး ဂရန်သစ် လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆/၃)၊ လူနေရပ်ကွက်အမှတ်(၁၆/၃)၊ မြေကွက်အမှတ်၃၉၄၊ မာလာမြိုင်လမ်း၊ အမှတ်၃၉၄၊ အကျယ်အဝန်း ပေ၄၀×ပေ၆၀၊ စတုရန်းပေ၂၄၀၀ရှိ နှစ်၆၀ဂရန်မြေကွက်အား မူလအမည်ပေါက်ထံမှ တရားဝင်ဝယ်ယူလက်ရှိနေထိုင်ပိုင်ဆိုင်သူ ဦးစောမင်း PME-၀၀၂၀၈၆ထံမှအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဘူမောင် LL.B(စဉ်-၂၂၇၄၇) ဒေါ်နှင်းပွင့်သန်း LL.B(စဉ်-၂၇၀၇၅)

အထက်တန်းရှေ့နေများ

လင်းအိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင်

အမှတ်(၅/၁၁)၊ မြေညီ၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၀၂၅၉၄၃၄၇

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

မြောက်ဥက္ကလာပမြို့နယ် တရားရုံးတော်တွင်

၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၁

ဒေါ်သီတာထွန်း	နှင့်	ဦးသိန်းဝင်း
တရားလို		**တရားပြိုင်**

ဦးသိန်းဝင်း အမှတ်(၃၁၅/က)၊ ပေါက်စေတီကျောင်းလမ်း၊ (၈)မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အိမ်မြေအရောင်းအဝယ်စာချုပ်ချုပ်ဆို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်တို့၏ကိုယ်စားလှယ်ဖြစ်စေ အခွင့်ရရှေ့နေဖြစ်စေ၊ သို့မဟုတ် အမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦး ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဇန်နဝါရီ ၃၁ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၁ရက်) မွန်းမတည့်မီ၁၀နာရီတွင် အထက်ပါတရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် ယင်းနေ့ရက်တွင် ရုံးရှေ့သို့လာရောက်ရန် ပျက်ကွက်ပါက သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းများကိုလည်း သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်၏ရှေ့နေထံ အပ်နှံပေးပို့ရမည်။ သင်သည် ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စောစံလှညို
တွဲဖက်မြို့နယ်တရားသူကြီး
မြောက်ဥက္ကလာပမြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅၇၊ မြေကွက်အမှတ် ၁၃၅၀၏ အမည်ပေါက် ဦးညိမ်းအောင်(ကွယ်လွန်) ၁၂/ဗတထ(နိုင်)၀၂၀၁၂၃၏ဇနီး ဒေါ်ရင်ကြည် ၁၂/ဗတထ(နိုင်)၀၂၀၁၂၈သည် ၎င်းမြေကွက်အား မြေချပါမစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ လာရောက်၍ သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားမူရင်းများ တင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် ဆက်လက်ပြုလုပ်ပေးမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြန်မာ့ဂုဏ်ရောင်အိမ်ရာ၊ ပုလဲဂေဟာ၊ အမှတ် ၆၃ နေ ဦးဇော်ဝင်း TME-033691 ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန်ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးဇော်ဝင်းသည် ၎င်းနာမကျန်းဖြစ်စဉ်က လုပ်ငန်းကိစ္စများအတွက် အခြားသူများအား လွှဲအပ်ခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာ GP၊ အထူးကိုယ်စားလှယ်လွှဲစာ SP များကို ဤကြော်ငြာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သို့ပါ၍ ကျွန်ုပ်မိတ်ဆွေ ဦးဇော်ဝင်း ပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် လုပ်ငန်းကိစ္စအားလုံးတို့သည် ဦးဇော်ဝင်းနှင့်သာ အဓိက သက်ဆိုင်ကြောင်း၊ ပိုင်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမြင့်မြတ်ဉာဏ်(ဥပဒေဘွဲ့)	**ဦးကျော်ကျော်မိုး (ဥပဒေဘွဲ့)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**

(ရုံး) ရှေ့နေများ နားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်။ ဖုန်း-၀၉-၄၂၅၂၉၀၃၄၄

တက္ကသိုလ်များ ပထဝီဝင်မိသားစု၏ (၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ပထဝီဝင်ဘာသာရပ်ဖြင့် နှစ်အသီးသီးတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ အသက်(၆၀)နှင့်အထက်အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့ကြမည်ဖြစ်ပါသည်။ မြတ်ဆရာပူဇော်ပွဲအခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်း/ သစ်များအားလုံးပူဇော်ပွဲသို့ တက်ရောက်ပူဇော်နိုင်ပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။ အပူဇော်ခံဆရာကြီးများ၊ ဆရာမကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ ဖိတ်စာမရသည်ဖြစ်စေ ကြွရောက်ပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၆-၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့)၊
ကျင်းပမည့်အချိန် - ညနေ ၃ နာရီ၊
ကျင်းပမည့်နေရာ - တက္ကသိုလ်များဓမ္မာရုံ

ဆက်သွယ်လှူဒါန်းနိုင်သော ဖုန်းနံပါတ်များ
ပထဝီဝင်ဌာန-ဖုန်း-၀၁-၅၃၆၉၄၃၊ ဒေါက်တာနေဝင်းဦး၊ ဒေါက်တာဝင်းတင့်၊ ဒေါက်တာ မေမြတ်သူ၊ ဦးတင်မောင်ညွန့် ဖုန်း-၀၉-၅၁၇၃၇၃၈၊ ဦးချားစ်ဖရင်ကလင် ဖုန်း-၀၉-၅၀၇၃၆၆၄၊ ဦးဘသောင်း ဖုန်း-၀၉-၇၃၀၃၃၆၀၈

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ရှမ်းပြည်(တောင်ပိုင်း) တောင်ကြီးမြို့အနီး အောက်ပါမြေကွက်များရောင်းရန်ရှိသည်

(၁) ထီဖောင်းရပ်ကွက် ညီညွှမ်းကွင်းရှိ မြေကွက်များ
  (က) PNO ကုန်းရှိ ပေ ၈၀× ၃၀၀ ရှိ တစ်ကွက်
  (ခ) ညီညွှမ်း၊ ဟိုပုံးလမ်းမကြီးအနီးရှိ ပေ ၂၀ လမ်းပေါ်ရှိ ပေ ၅၀ ပတ်လည်တစ်ကွက် ၊ ၉၉ပေ×၂၀၈ပေ တစ်ကွက်
(၂) နောင်လေရပ်ကွက်၊ မဲကောင်းရွာ၊ ကွန်ပျူတာတက္ကသိုလ်အဝင်လမ်းမဘေးရှိ ပေ ၆၀ ပတ်လည်ဆက်၍ သုံးကွက်
(၃) အေးသာယာမြို့၊ အဝေးပြေးကားကြီးဝင်းအနီး လမ်းမပေါ်ရှိ ပေ (၆၀×၈၀) ထောင့်ကွက် တစ်ကွက်

ညောင်ရွှေမြို့၊ မင်္ဂလာမြို့မရပ်ကွက်၊ ကျောင်းတော်ရာ အနောက်လမ်း ပေ (၅၀×၁၀၀) မြေကွက်နှင့် မြေပေါ်မှာ အပြည့်ဆောက်ထားသော နှစ်ထပ်အဆောက်အအုံတစ်လုံး (ယခင်တည်းခိုခန်း)

ဆက်သွယ်ရန်-ဦးဝဏ္ဏ ဖုန်း-၀၉-၅၀၁၂၆၄၃၊ ၀၉-၃၃၂၅၄၄၂၂

(L.L.B.)

01-394727, 01-399426, 09-73069994, 095162621

၁၀-၁၁-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၂၁)တွင် ပါရှိသော အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်းကို ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သီရိမင်္ဂလာ ၁ လမ်း၊ ၈ ရပ်ကွက်၊ အမှတ်၂၅ (အေ)တွင် နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးအောင်သည် မိဘများဖြစ်သည့် ဖခင် ဦးမျိုးငွေနှင့် မိခင် ဒေါ်ခင်တင့်တို့ကို ဦးထိပ်ပန်ဆင်၍သားသမီးတို့၏ ပြုဖွယ် ကျင့်ဝတ်များနှင့်အညီ လုပ်ကျွေးပြုစုစောင့်ရှောက်လာသူဖြစ်ပါသည်။ ဖခင် ဦးမျိုးငွေ ကွယ်လွန်စဉ်က ကျွန်ုပ်မိတ်ဆွေ၏ ညီဖြစ်သူ အမေရိကန်နိုင်ငံနေ ဦးမောင်မောင်မျိုးပင် လာရောက်ခြင်းမရှိဘဲ သားကြီးဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေကသာ ဖခင်၏ ဈာပနကိစ္စအဝဝကို ဦးစီးဦးဆောင်လုပ်ကိုင်ဆောင်ရွက်ခဲ့ရသည်ဖြစ်ပါသည်။ ဖခင် ကွယ်လွန်ပြီးနောက်တွင်လည်း မိခင်ကြီးဖြစ်သူ ဒေါ်ခင်တင့်ကို သားသမီး ကျင့်ဝတ်ပျက်ပြားခြင်းမရှိဘဲ လုပ်ကျွေးပြုစုစောင့်ရှောက်ခဲ့သည်ဖြစ်ပါသည်။ ကျွန်ုပ်၏ မိတ်ဆွေသည် မိခင်ကြီး ဒေါ်ခင်တင့်အပြင် အသက်အရွယ်ကြီးရင့်သည့် အဒေါ်ဖြစ်သူ နှစ်ဦးကိုလည်း မိခင်ကြီးနှင့်တကွ စောင့်ရှောက်ခဲ့ရသည်မှာ ယနေ့ထက်တိုင်ဖြစ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ၏ ညီဖြစ်သူ ဦးမောင်မောင်မျိုးသည် မိခင်ကြီး ဒေါ်ခင်တင့်ကို ၁-၉-၂၀၁၃ ရက်က ၎င်းတို့နေထိုင်ရာ အမေရိကန်နိုင်ငံသို့ ခေါ်ဆောင်သွားသည် ဖြစ်ပါသည်။ မိခင်ကြီး ဒေါ်ခင်တင့်သည် သားကြီး ဩရသဖြစ်သည့် ကျွန်ုပ်၏ မိတ်ဆွေ ဦးမျိုးအောင်အပေါ် မိခင်မေတ္တာ အပြည့်အဝထားရှိသည်ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးအောင်ကလည်း မိခင်ကြီးအား ဘယ်တုန်းအခါကမျှ စိတ်ဆင်းရဲအောင်ပြုမူခြင်း၊ ခြိမ်းခြောက်ခြင်းတို့ကို ပြုမူခဲ့ခြင်းလုံးဝမရှိပါ။ ကျွန်ုပ်၏ မိတ်ဆွေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် မိခင်၏ ဆန္ဒအရ ဆောင်ရွက်ရန် ကိစ္စရပ်များကိုလည်း မိခင်ကြီးအား ဆန့်ကျင်မှုမရှိဘဲ လိုက်နာဆောင်ရွက်လျက်ရှိသည်ဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် မိဘအပေါ် ကောင်းသောအပြုအမူများဖြင့်သာ ဆက်ဆံသည်ဖြစ်ကြောင်း၊ မျိုးရိုးဂုဏ်သိက္ခာကို ထိန်းသိမ်းစောင့်ရှောက်သည်ဖြစ်ကြောင်း၊ ဆွေမျိုးအသိုင်းအဝိုင်းနှင့် မိတ်ဆွေအသိုင်းအဝိုင်းတို့က ကောင်းစွာသိရှိသည်ဖြစ်ပါသည်။ မိခင်ကြီး ဒေါ်ခင်တင့် အမေရိကန်နိုင်ငံ သို့ ရောက်ရှိနေစဉ်အတွင်း ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးအောင်ကို အမွေစား အမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းသည် မြန်မာဓလေ့ထုံးတမ်းဥပဒေနှင့်ညီညွတ်မှုမရှိသည့်အတွက် တရားဝင်အတည်မဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

ဦးမျိုးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-
(ဗေယျာ)ဦးစိန်လှိုင် B.A (Law) LL.B
တရားလွှတ်တော်ရှေ့နေ-၂၃၅၇
အမှတ် ၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၂ ရပ်ကွက်၊ မာဃ ၁၄ လမ်း၊ မြေကွက်အမှတ် ၃၁၈/က ဟုခေါ်တွင်သည့် ပေ ၂၀×၆၀ ကျယ်ဝန်းသော ၎င်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ် ၆၀ ဂရန်အမည်ပေါက် ဒေါ်လှမြတ်သန္တာ ၁၂/သဃက(နိုင်)၁၅၂၀၄၂ ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါသည်။ အဆိုပါနေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်စိန်
အမှတ် ၇၇၉ (ခ)၊ ဓီဇဝါ ၄ လမ်း၊ ၂၅ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)
ဖုန်း-၀၉-၅၁၆၉၇၄၃

ညောင်ရမ်း အထက၏ (၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲဖိတ်ကြားခြင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ညောင်ရမ်းမြို့၊ အခြေခံပညာအထက်တန်းကျောင်း၏ (၄)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၂၅-၁-၂၀၁၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အထကနှင့် တွဲဖက် အထကတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး အသက်(၆၀) ပြည့် အငြိမ်းစားယူခဲ့သော ဆရာကြီး၊ ဆရာမကြီးများကို ပူဇော်ကန်တော့မည်ဖြစ်ပါသည်။

ဆရာကြီး၊ ဆရာမကြီးများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် တပည့်ဟောင်းများအနေဖြင့် အလှူငွေထည့်ဝင်နိုင်ရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ
ဆက်သွယ်ရန်- ဦးခင်မောင်မြင့် ဖုန်း-၀၉-၄၀၂၅၆၄၃၄
ဦးအောင်စိုး ဖုန်း-၀၉-၄၀၂၇၂၀၄၅၄
ဒေါ်မြဝင်းရွှေ ဖုန်း-၀၉-၂၅၀၁၅၀၅၀၁
ဦးစန်းယုအောင်-ဒေါ်မိုးဆွေ
ပညာရေးဝန်ကြီးဌာန
ဖုန်း-၀၉-၄၂၀၇၀၉၀၂၂

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

Townace, MT, ပုဇွန်ခေါင်း၊
1 ton, ဓာတ်ဆီ၊ စတီ၊ 2005၊
price ကျပ်သိန်း ၁၃၀၊
ဖုန်း-၀၉-၅၁၂၄၇၆၅

အောင်မင်းခေါင်ကြီး

(မြန်မာပြည်အနှံ့ ဘုရားဖူးပို့ဆောင်ရေး)
ဖုန်း-၀၉-၅၁၈၃၄၉၀၊
၀၉-၇၃၁၂၇၆၃၈၊
၀၉-၂၅၄၀၃၆၈၀၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆/၄)၊ မြေကွက်အမှတ်၁၀၉၃၊ ပေ၄၀×ပေ၆၀ အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ သုမန၂လမ်း၊ အမှတ် ၁၀၉၃ဟုခေါ်တွင်သည့် မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စန္ဒာညိမ်းညိမ်းရည် ၁၄/ပသန(နိုင်)၀၀၃၄၉၁ထံမှအပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်နိုင်ဝင်း (စဉ်-၈၂၁၉)	**ဒေါ်တင်တင်ခိုင် (စဉ်-၈၀၀၈)**
LL.B, D.I.L	**LL.B, D.B.L, D.M.L, D.I.L**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**

အမှတ်(၁၀/၁၂)၊ အခန်း၁၀၄(အီး)၊ ပထမထပ်၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊
ဖုန်း-၀၉-၅၄၁၅၄၁၀၊ ၀၉-၄၃၀၆၅၅၄၉၊ ၀၉-၄၄၈၀၂၅၉၉၃

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ... ရပ်ကွက်အမှတ် (၆)၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၆၅၊က-ခ)၊ ...

... ပေးချေထားပြီးဖြစ်ပါသည်။

...

လွှဲအပ်ညွှန်ကြားချက်အရ-

(B.Sc,H.G.P,R.L,D. A II)	(B.A, R.L)
(LL.B)	

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၉)၊ မြေကွက်အမှတ်(၆၆/က)၊ မြေအကျယ်ပေ(၂၁×၆၀)၊ ဧရိယာ ဝဒသမ ၀၂၉ဧကရှိ ဦးမောင်မောင်အမည်ပေါက် နှစ် ၆၀ဂရန်မြေနှင့်မြေပေါ်ရှိ အမှတ်(၁၅/က)၊ အောင်ဆုပန်လမ်း၊ (၁၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သော အဆောက်အအုံတို့၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိပိုင်ဆိုင်အကျိုးခံစားခွင့်ရှိနေသူ ဒေါ်ခင်ညိုဝင်း ၁၁/ကဖန(နိုင်)၀၄၀၃၅၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ရန်ကုန် ဦးစိုးမြင့်(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၂၅၈၅)
အမှတ်(၅၀)၊ အခန်း(စီ-၇-၈)၊ ပထမထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ- ၂၀
ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၂၄

ဒေါ်ခိုင်ဇင်သက်ထား	**နှင့်**	ဒေါ်ဖြူသင်းနု
တရားလို		**တရားပြိုင်**

အမက(၃)၊ ဥက္ကံမြို့၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ (ယခုနေရပ်လိပ်စာမသိသူ) တရားပြိုင် ဒေါ်ဖြူသင်းနု သိစေရမည်။

သင့်အပေါ်၌ တရားလိုက တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်ပါ ပဋိညာဉ်အတိုင်း တိုက်ခန်းဖိုးကျန်ငွေ လက်ခံ၍ တိုက်ခန်းလက်ရောက်ပေးအပ်စေ လိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၃ရက် (၁၃၇၅ခုနှစ် တပို့တွဲလဆန်း ၁၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လုံ့လုံ့အေး)
ဒုတိယခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇော်မင်းဦး ၁၁/စတန(နိုင်)၀၇၂၃၆၈၏ မြန်မာနိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၄၂၅၃၀၆၈၆၀

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

Dyna,XZU 346 ခေါင်းကျဉ်း၊
၁၄ ပေ၊ 4900cc, ရှေ့ရှော့ဘား၊
နောက်လေး၊ 2004 ၊
price ကျပ်သိန်း ၁၄၀၊
ဖုန်း-၀၉-၅၁၀၅၃၆၈

အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ မော်လမြိုင်ကျွန်းမြို့နယ်၊ သမဝါယမအသင်းစုပိုင်နှစ်ထပ်ရေယာဉ်အား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါလေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ နိုင်ငံသားများထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် တတိယအကြိမ်ဖိတ်ခေါ်အပ်ပါသည်။

အောင်သီရိမော်ရေယာဉ်နှင့်ပတ်သက်သည့် အချက်အလက်များ

ရေယာဉ်အတိုင်းအတာ	-	၁၂၇ပေ ၆လက်မ×၂၇ပေ ၂ဒသမ၅လက်မ×၈ပေ၃ လက်မ (လူစီး၊ ကုန်တင်၊ သံခွံနှစ်ထပ်)
ခွင့်ပြုတန်ချိန်	-	၂၉၈ ဒသမ၅၆ တန် စက်အမျိုးအစား- EF 300-EF-350
နံပါတ်နှင့်မြင်းကောင်ရေအား	-	306 A5-12209(216x2)B.H.P
ခွင့်ပြုခရီးသည်	-	ခရီးတို ၃၅၁ ဦး၊ ခရီးရှည်-၂၄၅ ဦး
၂။ **တင်ဒါတင်သွင်းရမည့်ရက်၊ အချိန်**	-	၃၀-၁၂-၂၀၁၃ရက်မှ ၂၁-၁-၂၀၁၄ရက် နံနက် ၈ နာရီ အထိ
တင်ဒါဖွင့်မည့်ရက်၊ အချိန်၊ နေရာ	-	၂၁-၁-၂၀၁၄ရက်နံနက် ၁၀နာရီ၊ မော်ကျွန်းမြို့နယ်၊ သမအသင်းစုရုံး၊ အပေါ်ထပ်

၃။ လက်ရှိမော်ကျွန်း-ရန်ကုန် ပြေးဆွဲနေသော ရေယာဉ်ဖြစ်ပြီး ကြည့်ရှုလိုပါက အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းဆက်သွယ်နိုင်ပါသည်။

တိုင်းသမဝါယမဦးစီးမှူး ဖုန်း-၀၄၂-၂၁၂၁၃၊ တိုင်းသမဝါယမအသင်းစုချုပ် ဖုန်း-၀၄၂-၂၁၃၀၆၊ မြို့နယ်သမဝါယမဦးစီးဌာန ဖုန်း-၀၄၂-၅၀၀၇၃၊ မြို့နယ်သမဝါ ယမအသင်းစု ဖုန်း-၀၄၂-၅၀၆၄၁၊ ဥက္ကဋ္ဌအသင်းစု ဖုန်း-၀၉-၄၉၇၃၀၁၄၆၊ အုပ်ချုပ်ရေးမှူး ဒါရိုက်တာ ဖုန်း-၀၉-၄၂၂၄၅၈၃၅၁

ထုခွဲရောင်းချရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃-ဂျေ၊ မြေကွက်အမှတ် ၄၂၊ မြေဧရိယာ ပေ(၇၀×၃၅/၃၇)ရှိ ဂရန်မြေကွက်နှင့် မြေကွက် ပေါ်ရှိ အမှတ် ၂၂၊ ၄ဝါလမ်း၊ အလုံမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံ၏ မြေညီထပ်တိုက်၏ ဝဲဘက်တွင်ရှိသော ပေ(၁၇×၅၀) အကျယ်အဝန်းရှိသော အခန်းတစ်ခန်း (မြေပိုင်ဆိုင်မှု အပါအဝင်)အား လက်ရှိအမည်ပေါက် ဦးထင်ကျော်၏ သားသမီးများထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စန်းမူ (စဉ်-၈၂၇၅)	**ဦးခင်စိုး (စဉ်-၂၈၇၅)**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**
B.A(Law) LL.B	**LL.B,DL,101,WLPO (Switzerland)**

သမာဓိဥပဒေအကျိုးဆောင်အဖွဲ့
အခန်း ၆၊ ၃၀၁ (တတိယထပ်)၊ တိုက်အမှတ် ၉/၁၁၊ ၃၆ လမ်းတို၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၄၈၅၃၆

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-သကမ-၄ ၊ မြေကွက်အမှတ် ၅၄၉/က၊ မြေကွက်တည်နေရာအမှတ်-၅၄၉/က၊ မြဝတီလမ်း၊ (၉)ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဦးရဲနိုင်စိုး အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် မောင်ဖြစ်သူ ဦးရဲနိုင်စိုး (လူပျိုကြီး)ဘဝဖြင့်ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းဦး ၅/ကလထ(နိုင်) ၀၁၇၉၈၄က မောင်နှမတော်စပ်ကြောင်းနှင့် တစ်ဦးတည်းသော အစ်မဖြစ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၁၂-၂၀၁၃ရက်ထုတ် ဤသတင်းစာပါ စာမျက်နှာ ၄၊ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ အမှတ်စဉ်(၃)ရှိ ဒေါ်အေးခမ်းလူ၏ အမည်ပြောင်း လျှောက်ထားလာရာတွင် အမည်ပေါက်အား ဦးအေးအစား ဦးအုန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

ပျောက်ဆုံးကြောင်း

ဦးသိန်းဇော် ပိုင်ဆိုင်သော ယာဉ်၏ ဆိပ်ကမ်းစစ်ဆေးချက် စာရွက်စာတမ်းအစုံ (မူရင်း)များ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဦးသိန်းဇော်
ဖုန်း-၀၉-၄၅၀၀၂၂၂၆၅

ပြည်တွင်းရေးရာ

အိန္ဒိယ-မြန်မာချစ်ကြည်ရေးလမ်းမကြီးပေါ်မှ အရေးပါသည့် ရေနံချောင်းတံတားနှင့် ဝရဲတံတားတည်ဆောက်

စာ - ၃

လူမှုစီးပွား

သီပေါဆွန်အို့ကျေးလက်ပြည်သူများ၏ မင်္ဂလာအပေါင်းခညောင်းသည့်နေ့တစ်နေ့

စာ - ၄

ယူရိုသန်း၁၀၀မေးခွန်းနဲ့ အတူရှိနေတဲ့ ချယ်လ်ဆီးတောင်ပံကစားသမား ဟာဇက်

စာ - ၂

Eden Hazard

စောင့်ကြည့်ရမယ့် ဇန်နဝါရီခြေလှမ်းများ(၅)

စာ - ၂၊၇

CHELSEA vs MAN U

DATE - 19 JANUARY 2014
KICK-OFF - 22:30
VENUE - STAMFORD BRIDGE

ပရီမီယာလိဂ်ပွဲစဉ်(၂၁) အပြီးမှာ ချယ်လ်ဆီးအသင်းဟာ ဟားလ်စီးတီးအသင်းကို ၂-၀ နဲ့ အနိုင်ရရှိခဲ့တယ်။ အဲဒီပွဲအပြီးမှာ မန်နေဂျာ မော်ရင်ညိုဟာ အသင်းရဲ့ကစားသမား ဟာဇက်ကို အလွန်အမင်း ချီးကျူးစကားဆိုခဲ့ပါတယ်။ မော်ရင်ညိုက သူ့ရဲ့ ဘယ်ဂျီယံတောင်ပံကစားသမားလေး ဟာဇက်ဟာ ယခုနှစ် နွေရာသီမှာ စပါးအသင်းကနေ ရီးရဲမက်ဒရစ်အသင်းကို ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့သွားခဲ့တဲ့ ဂါရတ်ဘေးလ်ထက်တောင် တန်ကြေးရှိတဲ့ ကစားသမားဖြစ်ကြောင်းကို ပြောဆိုခဲ့ပါတယ်။

ယူရိုသန်း ၁၀၀ မေးခွန်းနဲ့အတူရှိနေတဲ့ ချယ်လ်ဆီးတောင်ပံကစားသမား ဟာဇက်

ဒါ့အပြင် မော်ရင်ညို ပြောလိုက်တာက ဟာဇက်ဟာ ယူရိုသန်း ၁၀၀ တန်ကြေးရှိတဲ့ ကစားသမားတစ်ဦး ဆိုတာပါပဲ။ ဟာဇက်က လည်း မော်ရင်ညိုချီးကျူးမှုကို ခံထိုက်တဲ့ကစား သမားတစ်ဦးလို့တော့ ပြောရမှာပါ။ သူဟာ ချယ်လ်ဆီးအသင်းကနေ ဟားလ်စီးတီးအသင်း ကို နိုင်ခဲ့တဲ့ပွဲမှာ ဒုတိယပိုင်းမှာ အသင်းအတွက် အဖွင့်ဂိုးကို စတင်သွင်းယူပေးခဲ့သူလည်းဖြစ်ပါ တယ်။ ဒါကြောင့် ဟာဇက်အနေနဲ့ မော်ရင်ညို ပြောသလို ယူရိုသန်း၁၀၀ တန်ကြေးရှိလားလို့ အဖြေထုတ်စရာတော့ ဖြစ်နေပါတယ်။

ချယ်လ်ဆီးအသင်း တောင်ပံကစားသမား ဟာဇက်ကို အခြားပရီမီယာလိဂ် ကစားသမား တွေနဲ့ ပထမဦးဆုံး နှိုင်းယှဉ်ကြည့်မယ်ဆိုရင် ဟာဇက်ရဲ့ ယခုနှစ်ရာသီမှာ အသင်းဖော်တွေ အတွက် ဂိုးဖန်တီးပေးမှုက အကြိမ် ၅၀ရှိတာ ကြောင့် ပရီမီယာလိဂ်မှာ သူ့ကို ယှဉ်နိုင်တဲ့ ကစားသမားမရှိတာတော့အမှန်ပါပဲ။ ဒါ့အပြင် ပွဲရဲ့ရလဒ်ကို ပြောင်းလဲပေးနိုင်မှုကလည်း လက်ရှိ ပရီမီယာလိဂ်ရဲ့ ထိပ်ဆုံးဂိုးသွင်းရှင် ဖြစ်တဲ့ တိုက်စစ်မှူးဆွာရက်ဇ်ထက် သာတာကို တွေ့ရပါတယ်။ ယခု လက်ရှိအချိန်မှာတော့ ဟာဇက်ဟာ ပရီမီယာလိဂ် ၉ ဂိုးသွင်းယူပေး ထားပြီး အသင်းရဲ့ ထိပ်တန်းဂိုးသွင်းရှင်တစ်ဦး အနေနဲ့လည်း ရှိနေပါတယ်။ ဒါ့အပြင်ပွဲတစ်ပွဲမှာ ဘောလုံး သယ်ဆောင်သွားနိုင်မှုကလည်း ၃ ဒသမ ၆ ရာခိုင်နှုန်းရှိတာကြောင့် လက်ရှိ ပရီမီယာလိဂ်ရဲ့ ထိပ်တန်းဂိုးသွင်းရှင်တွေထက် သာတာကိုတွေ့ရပါတယ်။ ချယ်လ်ဆီးအသင်း ရဲ့ကစားခဲ့ပြီးတဲ့ပွဲတွေကို ကြည့်မယ်ဆိုရင် သူ့ရဲ့ ပြိုင်ဘက် နောက်တန်း ကစားသမားတွေကို အကောင်းဆုံးထိုးဖောက်ဖြတ်ကျော်ပြီး ဂိုးသွင်း ယူနိုင်မှုကလည်း အံ့မခန်းပါပဲ။ ဒါ့အပြင်အသင်း ဖော်တွေကို တိကျတဲ့ဂိုး ပေးပို့မှုကလည်း ၈၃ ရာခိုင်နှုန်းရှိတာကြောင့် သူ့ရဲ့ အရည်အသွေး တွေဟာ အကောင်းဆုံးရှိနေ တာကို တွေ့ရမှာပါ။ ဟာဇက်ရဲ့ လက်ရှိခြေစွမ်းကို အခြားကစား သမားတွေနဲ့ နှိုင်းယှဉ်ကြည့်ရာမှာ အကောင်းဆုံးရှိနေတာကြောင့် တစ်နှစ်တာ အကောင်းဆုံးကစားသမားဆုအတွက် မျှော်မှန်း နိုင်တဲ့အနေအထားမှာရှိနေပါတယ်။ ဒါ့အပြင် ရာသီအကုန်မှာ ဟာဇက်ဟာ ပရီမီယာလိဂ် ဂိုး၂၀လောက်အထိ ရရှိနိုင်ပြီး လက်ရှိ ဂိုးရရှိ အောင် ပံ့ပိုးပေးနိုင်မှုထက် ပိုမိုပံ့ပိုးပေးနိုင်လိမ့် မည်ဟုလည်း ယုံကြည်လို့ရရှိနိုင်တဲ့ ကစား သမားတစ်ဦးအနေဖြင့် ရှိနေပါတယ်။

ဒါ့အပြင် ဟာဇက်ကို ပြည်ပကစားသမား တွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင်လည်း ဟာဇက် ရဲ့ဘောလုံးဆွဲယူပြေးကာ အမြင့်ဘောတွေကို သွင်းယူနိုင်မှုမှာတော့ သူနဲ့တူတဲ့ကစားသမားမရှိ ဘူးလို့တောင်ပြောရမှာပါ။ ဥပမာ- ရီးရဲမက် ဒရစ် တောင်ပံကစားသမား ဂါရတ်ဘေးလ်ကို ကြည့်မယ်ဆိုရင်လည်း သူ့ရဲ့ပွဲတစ်ပွဲမှာဘောလုံး ဆွဲပြေးနိုင်မှုက ၁ ဒသမ၂ ရာခိုင်နှုန်းသာရှိပြီး ဘာစီလိုနာအသင်းရဲ့ ကစားသမားပီဒရိုရဲ့ စွမ်းဆောင်မှုကတော့ ၀ ဒသမ ၆ရာခိုင်နှုန်းသာ ရှိတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် ဥရောပရဲ့

ထိပ်တန်းဘောလုံးဆွဲပြေးနိုင်တဲ့ ကစားသမား အယောက် ၂၀ မှာတော့ ဟာဇက်ဟာ ရီဘာရီ ထက်တောင် ကောင်းမွန်ပြီး ထိပ်ဆုံးမှာ ရပ်တည်နေပါတယ်။ ဒါကြောင့် အဲဒီအချက် တွေကို ကြည့်မယ်ဆိုရင်တော့ ဟာဇက်ဟာ အံ့မခန်းတဲ့ပါရမီရှင် ကစားသမားတစ်ဦးဆိုတာ ကတော့ ရှင်းနေပါတယ်။ သူ့ရဲ့အခြားကစား သမားတွေကို ယှဉ်ပြိုင်နိုင်မှု၊ ဂိုးသွင်းယူနိုင်မှု၊ ဂိုးဖန်တီးပေးပို့မှုတွေဟာ တကယ်ကို ရှားပါးတဲ့ အရည်အသွေးတွေလို့တောင် ပြောရမှာပါ။ ဒါကြောင့်လည်း ဟာဇက်ဟာ မော်ရင်ညိုရဲ့ အသင်းနည်းဗျူဟာပိုင်းမှာတော့ မရှိမဖြစ် အရေးပါတဲ့ ကစားသမားတစ်ဦး ဖြစ်နေတာပါ။ ဒါ့အပြင် သူဟာဘယ်တောင်ပံကနေ ပြိုင်ဘက် အသင်းတွေကို တန်ပြန်တိုက်စစ်နဲ့ ကစားနိုင် တာကိုလည်း တွေ့ရပါတယ်။ ဒါကြောင့် ဟာဇက်ရဲ့ နည်းဗျူဟာပိုင်း ဂရုစိုက်မှုကလည်း သိပ်ကိုကောင်းမွန်တဲ့အတွက် ပြီးခဲ့တဲ့ ရာသီ ကထက် ပိုမိုကောင်းမွန်ပြည့်စုံတဲ့ ကစားသမား အဖြစ် ရှိနေပါတယ်။

ဒါပေမယ့်ဟာဇက်ကိုယူရိုသန်း ၁၀၀ တန် ကစားသမားလို့ပြောလိုက်တာကတော့ စောလွန်း နေသေးတယ်လို့ ထင်ပါတယ်။ ဟာဇက်အနေနဲ့ သူ့ရဲ့တန်ဖိုးကို ဆက်လက်ပြသဖို့လည်း လိုနေ ပါသေးတယ်။ ဟာဇက်ဟာ ပြီးခဲ့တဲ့ ရာသီက အသင်းမှာ အံ့ဝင်ခွင်ကျအောင် ကစားနိုင်ခဲ့ပါ တယ်။ ဒီနှစ်ရာသီမှာတော့ အဆက်မပြတ် ခြေစွမ်းပြကစားနေမှုတွေကြောင့် ပရီမီယာလိဂ် ရဲ့ အကောင်းဆုံးကစားသမားတစ်ဦး အဖြစ် ထွက်ပေါ်လာတာပါ။ ဒါကြောင့်ဟာဇက်အနေ နဲ့ လက်ရှိခြေစွမ်းအတိုင်း ဆက်လက်ကစား သွားပြီး ချန်ပီယံလိဂ်မှာလည်း အကောင်းဆုံး ကစားပြနိုင်ခဲ့မယ်ဆိုရင်တော့ ကမ္ဘာ့အကောင်း ဆုံးကစားသမားတစ်ဦး ဖြစ်လာမှာ မလွဲပါ ဘူး. . . ။

အောင်က

အမည်	ဂိုး	ပွဲအနေအထားပြောင်းလဲပေးနိုင်စွမ်း	၁ပွဲဂိုးဖန်တီးမှု	ဘောလုံးသယ်ယူနိုင်မှု	တိကျတဲ့ပေးပို့မှု
ဟာဇက်	၉	၃၃.၃%	၂.၄	၃.၆	၈၃%
ရွန်းနေ	၉	၁၉.၆%	၂.၄	၁.၅	၈၀%
အော်စကာ	၆	၂၀.၇%	၁.၂	၀.၉	၈၂%
အိုဇေးလ်	၄	၂၃.၅%	၃	၁.၇	၈၈%
ဆွာရက်ဇ်	၂၂	၂၈.၂%	၂.၉	၃	၇၆%

ဟာဇက်

ဟာဇက်ဟာ အံ့မခန်းတဲ့ ပါရမီရှင် ကစားသမားတစ်ဦးဆိုတာ ကတော့ ရှင်းနေပါတယ်။ သူ့ရဲ့အခြား ကစားသမားတွေကို ယှဉ်ပြိုင်နိုင်မှု၊ ဂိုးသွင်း ယူနိုင်မှု၊ ဂိုးဖန်တီးပေးပို့မှုတွေဟာ တကယ်ကို ရှားပါးတဲ့ အရည်အသွေးတွေလို့တောင် ပြောရ မှာပါ။

ဂိုမစ်

ဇာဟာ

ကာလိုစ်ဗီလာ

ဂူဒက်တီ

စောင့်ကြည့်ရမယ့် ဇန်နဝါရီခြေလှမ်းများ(၅)

ဒီနှစ်ပရီမီယာလိဂ်ပြိုင်ပွဲမှာ ထိပ်တန်းအသင်းကြီးအများစုကအစ လိုအပ်ချက်တွေ ရှိနေပါတယ်။ ထိပ်ဆုံးကဦးဆောင်နေတဲ့ အာဆင်နယ်ကအစ လီဗာပူး၊ ချယ်လ်ဆီး၊ မန်စီးတီး၊ မန်ယူစတဲ့ အသင်းကြီးတွေအားလုံး လိုအပ်ချက်တွေများပြားနေပါတယ်။ ဒါကြောင့် အဆိုပါ အသင်းတွေ အားလုံးဟာ ရာသီအကုန်မှာ အောင်မြင်မှုရယူနိုင်ရေးအတွက် လာမယ့်ဇန်နဝါရီအပြောင်းအရွှေ့ ဈေးကွက်ကာလမှာ အသင်းကိုပြင်ဆင်အားဖြည့်မှုတွေ ပြုလုပ်လာဖို့ရှိနေပါတယ်။ဒါကြောင့် အဆိုပါ အသင်းကြီးတွေအနေနဲ့ လာမယ့်ဇန်နဝါရီဈေးကွက်မှာဖြစ်ပေါ်လာနိုင်တဲ့ အပြောင်းအလဲတွေကို သူတို့ရဲ့လိုအပ်ချက်၊ သူတို့ရဲ့ငွေသုံးနိုင်အား၊ သူတို့ရဲ့ပြီးခဲ့တဲ့ ဇန်နဝါရီဈေးကွက်တွေမှာ ခေါ်ယူခဲ့မှုများ၊ သူတို့ရဲ့ဒီဇန်နဝါရီဈေးကွက်မှာ ခေါ်ယူဖို့ စောင့်ကြည့်နေတဲ့ ကစားသမားများ စတဲ့အချက်တွေကို အခြေခံပြီး Daily Mail က သုံးသပ်ပေးထားတဲ့အနက် အာဆင်နယ်၊ လီဗာပူး၊ မန်ယူ၊ ဗီလာ၊ ကာဒစ်ဖ်၊ ချယ်လ်ဆီး၊ ပဲလေ့စ်၊ အဲဗာတန်၊ ဖူလ်ဟမ်၊ ဟားလ်၊ မန်စီးတီးတို့ရဲ့အကြောင်းကို ဖော်ပြပေးခဲ့ပြီးတဲ့နောက် ကာဆယ်၊ နော့ဝှစ်ချ်၊ စတုတ်၊ ဆောက်သမ်တန်၊ ဆန်းဒါးလန်း၊ ဆွမ်ဆီး၊ စပါး၊ ဝက်စ်ဘရွမ်း၊ ဝက်စ်ဟမ်းအသင်းများအကြောင်းကို ဆက်လက်တင်ပြပေးလိုက်ရပါတယ်။

ကာဆယ်

ဒီရာသီမှာ ခြေစွမ်းပိုင်းမဆိုးဘဲ လက်ခံနိုင် လောက်တဲ့ ရလဒ်ပိုင်းတွေကို ရရှိထားပေမယ့် နယူးကာဆယ်ဟာသူတို့ရဲ့ တိုက်စစ်ပိုင်း လိုအပ် ချက်ကို အားဖြည့်ဖို့ စီစဉ်နေပါတယ်။ ကာဘာရီ နဲ့ ဆီဆေးတို့ အသင်းကနေထွက်ခွာသွားမယ့် အနေအထားတွေ ရှိနေတာကြောင့်လည်း ပိုမို အားပျော့သွားနိုင်တဲ့ တိုက်စစ်ပိုင်းအတွက် နယူးကာဆယ်ဟာ လယွန်တိုက်စစ်မှူး ဂိုမစ်ကို ပေါင် ၅ သန်းနဲ့ ခေါ်ယူဖို့ အဓိကပစ်မှတ်ထား နေပါတယ်။ ဒါ့အပြင် နယူးကာဆယ်ဟာ မန်ယူ လူငယ်တိုက်စစ်မှူး ဇာဟာနဲ့ စပါးတပ် ကစား သမားမက်ဂီယာဒီတို့ကိုလည်းခေါ်ယူဖို့ ရည်မှန်း နေတာတွေ့ရပါတယ်။

စတုတ်

ဒီရာသီမှာ စတုတ်ဟာ တိုက်စစ်မှူးတွေရဲ့ ခြေစွမ်းမပြနိုင်မှုကြောင့် ရလဒ်ပိုင်းမတည်ငြိမ်မှု ကို ချေဖျက်နိုင်ဖို့အတွက် မန်စီတီးလူငယ် တိုက်စစ်မှူး ဂူဒက်တီကို အငှားနဲ့ခေါ်ယူဖို့ စီစဉ်နေပါတယ်။ ဒါ့အပြင် စတုတ်ဟာ ကီဝင် ဂျုံးစ်၊ ပီတာခရော့ချ်၊ အက်သရင်တန်စတဲ့ အဓိကကစားသမားတွေရဲ့ အနေအထားဟာ လည်း မတည်ငြိမ်မှုတွေကြောင့် ဟန်နိုဗာ တိုက်စစ်မှူး ဒီအော့ဖ်၊ ဟာသာဘာလင်တိုက်စစ် မှူး ရာမို့စ်၊ ဂလာဘတ်ချ်တိုက်စစ်မှူး ဒီချောင်၊ ဂရန်နာဒါ တိုက်စစ်မှူး အယ်အရာဘီ၊ မန်ယူ လူငယ်ကစားသမားတွေဖြစ်တဲ့ ဇာဟာနဲ့ပိုဝဲလ် တို့ကိုလည်း ခေါ်ယူဖို့ပစ်မှတ်ထားနေပါတယ်။

ဆောက်သမ်တန်

ဒီရာသီပရီမီယာလိဂ်မှာ ရာသီအစတုန်း က ခံစစ်ပိုင်းတည်ငြိမ်မှုတွေနဲ့အတူ ရလဒ်တွေ ကောင်းမွန်ခဲ့တဲ့ ဆောက်သမ်တန်ဟာ အခု နောက်ပိုင်းမှာ ခံစစ်ပိုင်းအားပျော့မှုတွေ ကြုံနေ ရပါတယ်။ ဒါကြောင့် ဆောက်သမ်တန်ဟာ အက်စတွန်ဗီလာဂိုးသမားရှေးဂစ်ဗင်းကို ခေါ်ယူဖို့ အဓိကပစ်မှတ်ထားနေပြီး ကျူပီအာဂိုးသမား ဂျူလီယူဆီဆာကိုလည်း ခေါ်ယူဖို့ ရည်မှန်းထား ပါတယ်။ ဒါ့အပြင် ဆောက်သမ်တန်ဟာအသင်း ကနေ ရာမီရက်ဇ်နဲ့ လူရှောလ်တို့ထွက်ခွာသွား ဖို့ရှိနေတာကြောင့်လည်း ဆိုစီဒက် တိုက်စစ်မှူး ကာလို့စ်ဗီလာ၊ ရိန်းစ် ကွင်းလယ်ကစားသမား ပီထရိုပါ၊ ကယ်ဂလီယာရီ ခံစစ်မှူး အက်စ်တိုရီ တို့ကိုလည်း ခေါ်ယူရမယ့် ကစားသမားအဖြစ် ရည်ရွယ်ထားတာတွေ့ရပါတယ်။

ဆန်းဒါးလန်း

ဒီရာသီပရီမီယာလိဂ်မှာ ရလဒ်ပိုင်းမငြိမ်ဘဲ တန်းဆင်းရမယ့်အနေအထားနဲ့ ကြုံတွေ့နေရတဲ့ ဆန်းဒါးလန်းဟာ ဒီဇန်နဝါရီအပြောင်းအရွှေ့ ဈေးကွက်မှာ အပြောင်းအလဲအချို့ဖြစ်ပေါ်လာ နိုင်ဖွယ်ရှိနေပါတယ်။ အသင်းကနေ ဂျီဒေါင်ဝန်၊ ကောဘတ်၊ ဒေ့ါဆီနာ၊ ဂတ်နာ၊ လာဆင်၊ ဖောင် ဂန်၊ ကာဘာရယ်၊ မာဗစ်၊ ရော့ဘတ်၊ ဟာဂျီဘာ့၊ ကာဆန်တို့လို ကစားသမားအများအပြားဟာ လည်း ထွက်ခွာမယ့်အခြေအနေတွေ ရှိနေတာ ကြောင့် ဆန်းဒါးလန်းဟာ ကျူပီအာဂိုးသမား ဂျူလီယိုဆီဆာ၊ အိုင့်ဟိုဗင့်ကစားသမား ဂျီရမ် ဇော့၊ စပါးခံစစ်မှူးနောက်တန်၊ ဆာရီရာကစား သမား ဟာတာဒို၊ မန်စီးတီးကစားသမား ဂူဒက် တီတို့ကိုပစ်မှတ်ထားနေပါတယ်။ ဆန်းဒါးလန်း အနေနဲ့ ဘာမင်ဂမ် ကွင်းလယ်ကစားသမား ဘရစ်ကက်ကိုတော့ အဓိကခေါ်ယူမယ့် ကစား သမားအဖြစ် ရည်မှန်းထားတာတွေ့ရပါတယ်။

ဆွမ်ဆီး

ဒီရာသီမှာ မနှစ်ကလို ခြေစွမ်းမပြနိုင်တဲ့ ဆွမ်ဆီးဟာ ဒီဇန်နဝါရီဈေးကွက်မှာတော့ ကစားသမားအများအပြားဆုံးရှုံးသွားရဖို့ မရှိ ပါဘူး။ အဓိကကစားသမားတစ်ဦးဖြစ်တဲ့ အက်ရှ်လေဝီလီယံ တစ်ဦးတည်းကိုသာ ဆုံးရှုံးရ မယ့် အနေအထား ရှိနေပါတယ်။ ဒါပေမယ့် ဆွမ်ဆီးဟာ မနှစ်ကလိုအဆင့်မျိုး ရပ်တည်နိုင် ဖို့အတွက် အသင်းရဲ့အင်အားကို ဖြည့်တင်းနိုင် ရေး စီစဉ်မှုတွေရှိနေပါတယ်။ ဗီလာဂိုးသမား ရှေးဂစ်ဗင်းကိုခေါ်ယူဖို့ အဓိကပစ်မှတ်ထားနေ သလို မန်ယူကစားသမား ပိုဝဲလ်ကိုလည်း အငှားနဲ့ ခေါ်ယူဖို့ စီစဉ်နေပါတယ်။ ဒါ့အပြင် ဘလက် ပူးလ်ကွင်းလယ်ကစားသမား တွန်အင်၊ လီဗာပူး တိုက်စစ်မှူး အက်စပတ်၊ တီနီရီဖီတိုက်စစ်မှူး ပီရတ်၊ စတုတ်တိုက်စစ်မှူး ကီဝင်ဂျုံးစ်တို့ကို လည်း ခေါ်ယူဖို့ရည်မှန်းထားသလို မန်စီးတီး ကစားသမား ဂူဒက်တီကိုလည်း အငှားနဲ့ခေါ်ယူ ဖို့ ပစ်မှတ်ထားနေပါတယ်။

စပါး

ရလဒ်တွေဆိုးရွားနေမှုကြောင့် မန်နေဂျာ အပြောင်းအလဲပြုလုပ်ခဲ့တဲ့စပါးဟာ တိုက်စစ်မှူး ဒီဖိုးထွက်ခွာသွားဖို့ သေချာနေတဲ့အပြင် ခံစစ် မှူး နောက်တန်အနေနဲ့လည်း မတည်ငြိမ်မှုရှိနေ တာကြောင့် အသင်းရဲ့အင်အားကို ပြန်လည် ဖြည့်တင်းဖို့ စီစဉ်နေပါတယ်။ အထူးသဖြင့် စပါးဟာရီးရဲကထွက်ခွာခွင့်မပေးလိုတဲ့ တိုက်စစ် မှူးမိုရာတာကို အငှားနဲ့ခေါ်ယူဖို့ စီစဉ်နေသလို ဗီလာတိုက်စစ်မှူး ဘန်တီကီ၊ ရိုးမားတိုက်စစ်မှူး ဘော်ရီရယ်လို၊ မန်ယူခံစစ်မှူးဘတ္တနာ၊ ဘလက် ပူးလ်ကစားသမားတွန်အင်တို့ကိုလည်း ခေါ်ယူဖို့ စီစဉ်နေပါတယ်။

ဝက်စ်ဘရွမ်း

ရလဒ်တွေဆိုးရွားမှုကြောင့် မန်နေဂျာ အပြောင်းအလဲပြုလုပ်ပြီး ပီပီမဲလ်ကို ခန့်အပ်ခဲ့ တဲ့ ဝက်စ်ဘရွမ်းအနေနဲ့လည်း တိုက်စစ်မှူး အနယ်ကာအပါအဝင် ရိုဆန်ဘတ်၊ ဒေါ်ရန်တို့ လို အဓိကကစားသမားအချို့ အသင်းကနေ ထွက်ခွာဖို့ရှိနေတာကြောင့် အသင်းကို ပြန်လည် အားဖြည့်မှုပြုလုပ်ဖို့ရှိနေပါတယ်။ ဝက်စ်ဘရွမ်း အနေနဲ့ ကာဒစ်ဖ်တိုက်စစ်မှူး ဂျီးမာဆန်ကို ခေါ်ယူဖို့အဓိကပစ်မှတ်ထားနေပေမယ့် မန်ယူ တိုက်စစ်မှူးဇာဟာကိုလည်း အငှားနဲ့ခေါ်ယူဖို့ စီစဉ်နေပါတယ်။ ဒါ့အပြင် ချယ်လ်ဆီးခံစစ်မှူး ဘတ်ထရန့်ကိုလည်း ခေါ်ယူဖို့ရည်မှန်းထား နေတာ တွေ့ရပါတယ်။

ဝက်စ်ဟမ်း

ဒီရာသီမှာ တန်းမဆင်းရဖို့ စိန်ခေါ်မှုတွေ နဲ့ ရင်ဆိုင်နေရတဲ့ ဝုဖ်ခံစစ်မှူး ရော်ဂျာဂျွန်ဆင်ကို အငှားနဲ့ခေါ်ယူပြီးခဲ့ပါပြီ။ ဒါပေမယ့် ကာတန် ကိုးလ်၊ မိုင်ဂါတို့လို အဓိကကစားသမားတွေ အသင်းကနေ ထွက်ခွာဖို့ရှိနေတာကြောင့် အဲဗာ တန်တိုက်စစ်မှူး ဂျီလာဗစ်ကို ပေါင် ၅ သန်းနဲ့ ခေါ်ယူဖို့စီစဉ်နေပါတယ်။ ဒါ့အပြင် မန်စီးတီး လူငယ်ကစားသမား ဂူဒက်တီကိုလည်း အငှားနဲ့ ခေါ်ယူဖို့စီစဉ်နေသလို ဝါရင့်တိုက်စစ်မှူး ဖော်လန်၊ ဗလင်စီယာတိုက်စစ်မှူး ပို့စတီဂါနဲ့ ဂျိုနက်စ်၊ လော်ရီယင့်ခံစစ်မှူးကိုနီ၊ ပေါ်တို ခံစစ်မှူးအက်ဒူလာယီဘာ့၊ ဆက်တဲလ် တိုက်စစ် မှူး မာတင်တို့အပြင် အဆာမိုဂျီယန်ကိုလည်း ခေါ်ယူမယ့် ကစားသမားတွေစာရင်းမှာ ထည့် သွင်းထားတာကို တွေ့နေရပါတယ်။

ဝေမိုးဆက်



အက်စပတ်

ဒီဖိုး

ဂျီးမာဆန်



ဂျီလာဗစ်

၂၀၁၃ ခုနှစ် ကမ္ဘာ့တစ်နှစ်တာ အကောင်းဆုံးကစားသမားဆု ခရစ္စတီယာနိုရရှိ

၂၀၁၃ ခုနှစ်အတွက် ဖီဖာ ကမ္ဘာ့တစ်နှစ် တာ အကောင်းဆုံးဆုများ ပေးအပ်ပွဲ အခမ်း အနားကို ပြီးခဲ့သည့် ဇန်နဝါရီ ၁၃ ရက်တွင် ဆွစ်ဇာလန်နိုင်ငံ ဇူးရစ်မြို့၌ ကျင်းပခဲ့ရာ၂၀၁၃ ခုနှစ် ဖီဖာကမ္ဘာ့တစ်နှစ်တာ အကောင်းဆုံး အမျိုးသားကစားသမားဆုကို ရီးရဲမက်ဒရစ်နှင့် ပေါ်တူဂီအသင်း တိုက်စစ်မှူး ခရစ္စတီယာနို ရရှိခဲ့သည်။

ရော်နယ်ဒိုသည် မဲ ၂၇ ဒသမ ၉၉ ရာခိုင် နှုန်းဖြင့် အကောင်းဆုံးကစားသမားဆု ရရှိခဲ့ခြင်း ဖြစ်ပြီး ဘာစီလိုနာနှင့် အာဂျင်တီးနားကစား သမား လီယွန်နယ်မက်ဆီက မဲ ၂၄ ဒသမ ၇၂ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင်လည်းကောင်း၊ ဘိုင်ယန်မြူးနစ်နှင့် ပြင်သစ်ကစားသမား ရီဘာ ရီက မဲ ၂၃ ဒသမ ၃၆ ရာခိုင်နှုန်းဖြင့် တတိယ နေရာတွင်လည်းကောင်း ရပ်တည်ခဲ့သည်။

ရော်နယ်ဒိုက ဆုလက်ခံရယူပြီးနောက် “အခုအချိန်မှာ ခံစားနေရမှုကို ပြောပြဖို့ စကား လုံး မရှိပါဘူး။ ကျွန်တော့်ရဲ့ ရီးရဲမက်ဒရစ် အသင်း ကစားဖော်တွေ၊ ပေါ်တူဂီအသင်းက ကစားဖော်တွေနဲ့ ကျွန်တော့်မိသားစုတွေကို ကျေးဇူးတင်ပါတယ်။ အူဆီဘီယိုကိုလည်း မမေ့ ပါဘူး။ နောက်ပြီး ကျွန်တော့်ချစ်သူနဲ့ သားလေး ရောပေ့ါ”ဟု ပြောသွားသည်။

၂၀၀၈ ခုနှစ် ကမ္ဘာ့တစ်နှစ်တာ အကောင်း ဆုံးကစားသမားဆုရရှိခဲ့ဖူးသူ ရော်နယ်ဒိုသည် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ်အတွင်းတွင် အဓိက ဆု ဖလားများ ဆွတ်ခူးနိုင်ခြင်းမရှိခဲ့သော်လည်း ရီးရဲမက်ဒရစ်နှင့် ပေါ်တူဂီအသင်းတို့အတွက် စုစုပေါင်း ၅၆ ပွဲ ပါဝင်ကစားကာ ၆၆ ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး ပေါ်တူဂီအသင်း၏ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားခြေစစ်ပွဲ Play Off ပွဲအဖြစ် ဆွီဒင်နှင့် ကစားခဲ့သော နှစ်ပွဲတွင်လည်း ၄ ဂိုး အထိ သွင်းယူပေးကာ ပေါ်တူဂီအသင်းကို ကမ္ဘာ့ဖလားပြိုင်ပွဲ ဝင်ခွင့်ရရှိစေရန် ကူညီပံ့ပိုး ပေးနိုင်ခဲ့သည်။

၂၀၁၃ ခုနှစ်အတွက် ဖီဖာ ကမ္ဘာ့တစ်နှစ် တာအကောင်းဆုံး အမျိုးသမီးကစားသမားဆုကို မူ ဂျာမနီအမျိုးသမီး လက်ရွေးစင်အသင်း ဂိုး သမား နာဒိုင်းအန်ဂါရာက ၆၁၂ မှတ်ဖြင့် ရရှိသွားခဲ့ပြီး ဝမ်ဘတ်က ၅၃၉ မှတ်၊ မာတာက ၄၉၃ မှတ်ရရှိခဲ့သည်။ အန်ဂါရာသည် ကမ္ဘာ့ တစ်နှစ်တာ အကောင်းဆုံးကစားသမားဆု ရရှိခဲ့ သည့် ပထမဆုံး အမျိုးသမီးဂိုးသမားအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

၂၀၁၃ ခုနှစ်အတွက် တစ်နှစ်တာ အကောင်းဆုံးအမျိုးသားနည်းပြဆုကို ဘိုင်ယန် မြူးနစ်အသင်းနည်းပြဟောင်းဟေးနက်စ်၊ အမျိုး သမီးနည်းပြဆုကို ဂျာမနီအမျိုးသမီးအသင်း နည်းပြ ဆီလ်ဗီယာနိုဒ်တို့က ရရှိခဲ့သည်။

၂၀၁၃ ခုနှစ်အတွက် တစ်နှစ်တာ အကောင်း ဆုံးသွင်းဂိုးဆုကို တိုက်စစ်မှူး အီဘရာဟီမိုဗစ်က ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် အင်္ဂလန် နှင့် ဆွီဒင်တို့ခြေစမ်းပွဲ၌ သွင်းယူခဲ့သည့် ဂိုးဖြင့် ရရှိခဲ့သည်။

ဘရာဇီးကစားသမားဟောင်း ပီလီသည် အထူးဆု ချီးမြှင့်ခြင်းခံခဲ့ရပြီး အသန့်ရှင်းဆုံးဆုကို အာဖဂန်နစ္စတန် ဘောလုံးအဖွဲ့ချုပ်က ရရှိ သွားခဲ့သည်။

ထက်အောင်

စီရော်နယ်ဒို

ဖော်မြူလာဝမ်း ကားမောင်းပြိုင်ပွဲဝင်များ၏ ပြိုင်ပွဲဝင်ကားနံပါတ်အသစ်များ ရွေးချယ်ရာတွင် လက်ရှိချန်ပီယံ ဗက်တဲလ်က နံပါတ်(၅)ကို ရွေးချယ်ခဲ့

ဖော်မြူလာဝမ်းကားပြိုင်ပွဲ၏ ဥပဒေသစ်တစ်ခုအရ ပြိုင်ပွဲဝင် ကားမောင်းသမားများသည် သူတို့၏ ဖော်မြူလာဝမ်းကားမောင်းသမား သက်တမ်းတစ်လျှောက် ပြိုင်ပွဲဝင်ကားများပေါ်တွင် ရေးထိုးမည့် နံပါတ် အသစ်များ ရွေးချယ်ခဲ့ရာ ဖော်မြူလာဝမ်းပြိုင်ပွဲ၏ လက်ရှိချန်ပီယံ ဆီဘက်စတီယန်ဗက်တဲလ်သည် နံပါတ်(၅)ကို ရွေးချယ်ခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဂျာမနီနိုင်ငံသား ဗက်တဲလ်သည် လက်ရှိချန်ပီယံဖြစ်သည့်အတွက် ၂၀၁၄ ခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲတွင် ကားနံပါတ်(၁)ကို အသုံးပြုရမည် ဖြစ်သည်။ သို့သော် ဗက်တဲလ်အနေဖြင့် ယခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲတွင် ချန်ပီယံဆု ရရှိခဲ့ခြင်းမရှိပါက လာမည့် ၂၀၁၅ ခုနှစ်ပြိုင်ပွဲမှ စတင်ကာ သူ၏ကားတွင် နံပါတ်(၅)ကို တပ်ဆင်အသုံးပြုသွားမည်ဖြစ်သည်။

ကျန်ပြိုင်ပွဲဝင် ကားမောင်းသမားများသည် နံပါတ်(၂) မှ နံပါတ် (၉၉)အထိ နံပါတ်များအနက်မှ စိတ်ကြိုက်နံပါတ်များ ရွေးချယ်ခဲ့ကြပြီး မာစီဒီးအသင်းမှ လူးဝစ်ဟာမီလ်တန်က နံပါတ် ၄၄၊ ဖာရာရီအသင်းမှ ဖာနန်ဒိုအလွန်ဆိုက နံပါတ်(၁၄) တို့ကို ရွေးချယ်ခဲ့ကြသည်။

ဗက်တဲလ်က နံပါတ်(၅) ကို ရွေးချယ်ခဲ့ခြင်းနှင့်ပတ်သက်၍ “၂၀၀၁ ခုနှစ်အတွင်းမှာ ကျွန်တော်ဟာ နံပါတ်(၅) တပ်ဆင်ထားတဲ့ကားနဲ့ ပြိုင်ပွဲ ဝင်ပြီး ပထမဆုံးအောင်မြင်မှု စတင်ရရှိခဲ့ပါတယ်။ ၂၀၁၀ ပြည့်နှစ် ဖော်မြူလာဝမ်းပြိုင်ပွဲမှာ ချန်ပီယံဆုကို ကျွန်တော် ပထမဆုံး ရရှိခဲ့စဉ် တုန်းကလည်း ကားနံပါတ်က နံပါတ်(၅)ပါ။ ဒါကြောင့် ကျွန်တော်က နံပါတ်(၅) ကို ရွေးချယ်ခဲ့တာဖြစ်ပါတယ်။ နောက်ပြီး နံပါတ် (၅) ကားနဲ့ ပြိုင်ပွဲဝင်ပြီး ချန်ပီယံဆုရရှိခဲ့သူတွေလည်း ရှိပါတယ်။ ဥပမာ မိုက်ကယ် ရှူးမေကာ၊ နီဂျယ်လ်မန်ဆဲလ်တို့ပေ့ါ”ဟု ရှင်းလင်းပြောဆိုသွားသည်။

ဗက်တဲလ်၏ နံပါတ်(၅) ယူရန် ဆုံးဖြတ်ခဲ့ခြင်းသည် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် အဲလ်တောင်တန်း၌ သားဖြစ်သူနှင့် စကိတ်စီးစဉ် မတော်တဆလဲကျကာ ဒဏ်ရာပြင်းထန်စွာ ခံစားနေရသူ မိုက်ကယ်ရှူးမေကာအား ရည်ရွယ်ခဲ့ခြင်းမဟုတ်ကြောင်း၊ အဘယ် ကြောင့်ဆိုသော် ဗက်တဲလ်သည် ရှူးမေကာ မတော်တဆမှု မဖြစ်ပွားမီ ကတည်းက နံပါတ်(၅) ကို ရယူရန် ဆုံးဖြတ်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

၂၀၁၄ ခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲကို လာမည့် မတ် ၁၆ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး ပထမဆုံးပြိုင်ပွဲအဖြစ် Australian Grand Prix ပြိုင်ပွဲဖြင့် ၂၀၁၄ ခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲကို စတင်ကျင်းပသွားမည် ဖြစ်သည်။

ဗက်တဲလ်

» စာမျက်နှာ ၈ မှ

တစ်ဦးချင်းပြိုင်ပွဲ အောင်မြင်မှုကိုမီရန် ချန်ပီယံဆုတစ်ခုသာ လိုတော့သည်။ဆီရီနာဝီလျံက “တင်းနစ်ကစားခြင်းက အနားယူပြီးရင် နည်းပြလောကကို ဝင်ရောက်ဖို့ စဉ်းစားဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ကျွန်မဟာ နည်းပြကောင်းတစ်ဦးဖြစ်လာမလားဆိုတာကိုတော့ မပြောနိုင်ပါဘူး။ တင်းနစ်ကစား သမားဘဝက အနားယူပြီးချိန်မှာ ဘာဖြစ်လာမလဲဆိုတာ စောင့်ကြည့်ရမှာပါ”ဟု ပြောသွားသည်။

ဆီရီနာဝီလျံသည် ၂၀၁၄ ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၏ ဒုတိယအဆင့်တွင် ဆားဘီးယားနိုင်ငံသူ ဗီစ်နာဒိုလွန်အား ၆-၁၊ ၆-၂ ဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ၁၉၆၈ ခုနှစ်နောက်ပိုင်း ဩစတြေးလျ တင်းနစ်ပြိုင်ပွဲတွင် ပွဲပေါင်း ၆၀ အနိုင်ရရှိပြီး အမျိုး သမီးတစ်ဦးချင်းပြိုင်ပွဲများ၌ ပွဲအများဆုံးအနိုင်ရရှိသူအဖြစ် စံချိန်တင်ထားသူ မာဂရက်ကော့၏ အနိုင်ရရှိမှု စံချိန်နှင့် တူညီသွားခဲ့ပြီ ဖြစ်သည်။

ပဲခူးတိုင်းဒေသကြီး

ညောင်လေးပင်မြို့နယ်အတွင်းရှိ အမြင့်နိမ့်သော်လည်း အလှမ်းဝေးခဲ့ကြရသည့် ကျေးရွာများ တစ်ရွာနှင့်တစ်ရွာ ကူးလူးဆက်သွယ်သွားလာနိုင်တော့မည်

သတင်းနှင့်ဓာတ်ပုံ ပိန်းဇလုပ်-သိန်းညွန့်

(ယခင်အပတ်မှအဆက်)

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေမတည်ကာ ကျေးရွာနေပြည်သူထည့်ဝင်ငွေဖြင့် ပိန်းဇလုပ်ကျေးရွာအုပ်စု ကျေးရွာဝင်မင်းလမ်းအကျယ် ၁၂ ပေ၊ အရှည်ပေ ၂၈၀၀ ရှိကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို တည်ဆောက်ခင်းကျင်းပြီး ဖြစ်၍ ယခုအခါ အဆိုပါကျေးရွာများရှိ ဒေသခံပြည်သူများ စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီ ယာဉ်ကြီး ယာဉ်ငယ်အသွယ်သွယ်ဖြင့် အလွယ်တကူ ဆက်သွယ်သွားလာနေကြပြီ ဖြစ်သည်။

ထို့အပြင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ခွင့်ပြုရန်ပုံငွေဖြင့် မြေသားလမ်း၊ ဂဝံခင်းလမ်းများ၊ သစ်တံတားများနှင့် ရေပြွန်ဖောက်လုပ်ခြင်းကိုပါ တည်ဆောက်နေဆဲ ဖြစ်သည်။

ဆက်လက်၍ ညောင်လေးပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းတံတား လက်ကျန်လုပ်ငန်းပိုင်းကို ငါးကြီးအိုင်-ဗန်မော်တောလမ်း၊ လေးအိမ်စု-သရက်ကုန်းလမ်း၊ ညောင်လေးပင်-ရှမ်းရွာလမ်း၊ ပိန်းဇလုပ်-ရေတွင်းကုန်း-အင်းပရိလမ်း စုစုပေါင်း ကျေးရွာချင်းဆက်လမ်း လေးလမ်း ခရီးမိုင်အားဖြင့် ၁/၄ ဒသမ ၇၈ မိုင်ကို ဖောက်လုပ်ပေးလျက်ရှိပြီး မအူတန်း-ကုန်းအင်းကျေးရွာချင်းဆက်လမ်းပေါ် အရှည်ပေ ၆၀၊ အကျယ် ၁၀ ပေ၊ အမြင့် ၁၈ ပေရှိ သစ်သားတံတား တစ်စင်းကိုလည်း တည်ဆောက်ပေးထားပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပြည်ထောင်စုလွှတ်တော်က မြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ချမှတ်ပေးလိုက်သည့် ငွေကျပ်သိန်း ၁၀၀၀ ဖြင့်လည်း ပြည်သူအများ အကျိုးဖြစ်ထွန်းစေမည့် ကျေးလက်လမ်းတံတားလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ဒလဆိပ်-ကောက်မယ်သူလမ်း၊ ရေဆုံး-ကုန်းအင်းရွာလမ်း၊ ထိန်တပင်-ဇရပ်ခင်- နတ်ကတော်ခင်လမ်း၊ အင်းကပ်ပလိပ်-အင်းချောင်-ဆိုင်ဂွလမ်း၊ ဇီးဖြူခင်-ကြာပန်းလမ်း၊ မအူတန်း-ရှမ်းစုရွာလမ်း၊ အနောက်လက်ပံပုကြံဘို-ညောင်ပင်သာလမ်း၊ အရှေ့ဇီးကန်-ဇီးကုန်းကြီးလမ်း၊ အင်းဝိုင်းဘူတာ-အင်းဝိုင်းရွာမလမ်း၊ ချောင်းကျိုး-ဗန်မော်တောလမ်း၊ စည်ပင်-ရေတွင်းကုန်းလမ်း၊ ကဒါး-သဲကျော-အောင်းကြီးလမ်း၊ ဖိုးတုပ္ပံ-သရက်တော-ကြာအင်းကြီးလမ်း၊ ဝဲဝန်း-ကျောင်းစုလမ်း၊ ဝဲဝန်း-ရဲနွယ်ရေကာတာလမ်း၊ ဂျို့ပင်-ဇီးဖြူဘုရားလမ်း၊ ဆိပ်ပြန်ကြီး-ရဲနွယ်ရေကာတာလမ်း၊ သံတံတား-စစ်ကုန်းလမ်း၊ ချောင်းရင်း-ကျောင်းစု-ကညင်နှစ်ပင်ကျောင်းလမ်း၊ ကျွဲသေမြောင်-ကြံခင်းစုလမ်း၊ ဂျောင်းတာ-ဆာဆေးလမ်း၊ ကိုးတောင်-မအူရိုးလမ်း၊ ညောင်လေးပင်မြို့မ(၂)-မြို့မ(၃)ဆက်သွယ်သည့်လမ်း၊ မြို့မ(၄)ရပ်ကွက်လမ်း၊ မြို့မ(၅)ရပ်ကွက်လမ်း စသည့် ကျေးရွာဆက်လမ်းများပေါ်၌ လမ်းအချို့ကို မြေသားလမ်း ဖောက်လုပ်ပေးခြင်း၊ မြေသားလမ်းချဲ့ခြင်းနှင့် အချို့လမ်းများကို မြေသားလမ်းအဆင့်မှ ဂဝံလမ်းအဖြစ်အဆင့်မြှင့်တင်ပေးခြင်း၊ တံတားနှင့်ရေပြွန် တည်ဆောက်ပေးခြင်း၊ လုပ်ငန်းများကို ကျေးရွာအချို့ရှိ ဒေသခံပြည်သူများ ပူးပေါင်းပါဝင်လှူဒါန်းမှုဖြင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး အထောက်အကူပြုကော်မတီများ၊ ဒေသခံပြည်သူများစုပေါင်းပြီး စတင်အကောင်အထည်ဖော်နေပြီဖြစ်ရာ စုစုပေါင်းရှိရင်းစွဲ ကျေးရွာချင်းဆက်လမ်း၊ တံတားများနှင့် ထပ်မံပေါင်းသော် ညောင်လေးပင်မြို့နယ်အတွင်း၌ ကျေးရွာချင်းဆက်လမ်း၊ တံတားများကား မကြာမီကာလအတွင်း အပြိုင်းအရိုင်းပေါ်ထွန်းလာချေတော့မည်ဖြစ်ပေသည်။ အဆိုပါလမ်းများပြီးစီးပါက ဒေသအတွင်းရှိ အိမ်ထောင်စုပေါင်း ၃၆၉၉၅ စု၊ လူဦးရေပေါင်း ၂၀၀၇၉၉ ဦးတို့သည် ရွာနီးချုပ်စပ် တစ်ရွာနှင့်တစ်ရွာ ဥဒဟိုအပြန်အလှန် ကူးလူးယှက်နွယ်သွားလာနိုင်ကြပေဦးမည်။ လူမှုစီးပွားဘဝ အဝဝလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာပေဦးမည်။

> “နောင်သားစဉ်မြေးဆက်အထိ ခံစားစံစားနိုင်စေမည့် အဆိုပါကျေးရွာတွင်း၊ ကျေးရွာ ချင်းဆက်လမ်း၊ တံတားများ ဖြစ်ထွန်းပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ ရပ်ရွာအထောက်အကူပြုကော်မတီများ ပူးပေါင်းပါဝင်သည့်ဒေသခံရွာသူရွာသားများ၏ ကောင်းမှုကံစေတနာတို့ကိုလည်း နှိုင်းဆ၍ ရနိုင်ပါအံ့”

ကျေးရွာတွင်း ကျေးရွာချင်းဆက် လမ်းတံတား တည်ဆောက်ဖောက်လုပ်နေမှုနှင့် ပတ်သက်၍ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးသိန်းနိုင်ကလည်း “မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုနိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ စီမံပေးနေမှု၊ စီမံပေးမှု ခွင့်ပြုရန်ပုံငွေများဖြင့်လည်း မြို့နယ်အတွင်း ကျေးလက်ပြည်သူများ နေ့စဉ်နှင့်အမျှ ခက်ခက်ခဲခဲသွားလာနေရသည့် လမ်းပန်းဆက်သွယ်ရေးလိုအပ်ချက် ကွက်လပ်အား ဖြည့်ဆည်းပေးနိုင်ရန် မြို့နယ်ကော်မတီ အစည်းအဝေး ကျင်းပလျက် စုပေါင်းဆွေးနွေး၊ စုပေါင်းဆုံးဖြတ်၊ စုပေါင်းအကောင်အထည်ဖော်ဆောင်ရွက်မည့်စနစ်ဖြင့် ကျေးလက် လမ်းတံတားများဖောက်လုပ်မှုကို စီစဉ်ခဲ့မှု၊ လမ်း၊ တံတား တည်ဆောက်ခင်းကျင်းမှုများတွင်လည်း ကျေးရွာများရှိ ဒေသခံပြည်သူများ စိတ်ရင်းစေတနာကောင်းဖြင့် လုပ်အားဒါနနှင့် ကုသိုလ်ယူအလှူပါဝင်နေမှု၊ ကျေးရွာချင်းဆက်လမ်း၊ တံတားများ လက်ရှိပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းပြောကြားသည်။ ညောင်လေးပင်မြို့နယ်၏ ခေတ်သစ်သမိုင်းသည် ဘယ်သူပြိုင်၍လှနိုင်ပါအံ့။ နောင်သားစဉ်မြေးဆက်အထိ ခံစားစံစားနိုင်စေမည့် အဆိုပါကျေးရွာတွင်း၊ ကျေးရွာချင်းဆက်လမ်း၊ တံတားများ ဖြစ်ထွန်းပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ မြို့နယ်ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြုကော်မတီ၊ ရပ်/ကျေးအထောက်အကူပြုကော်မတီများ ပူးပေါင်းပါဝင်သည့် ဒေသခံ ရွာသူရွာသားများ၏ ကောင်းမှုကံ စေတနာတို့ကိုလည်း နှိုင်းဆ၍ ရနိုင်ပါအံ့၊ ဒေသဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ထိုထိုအရပ်ဒေသတို့မှ နိုင်ငံတော်ကိုအကျိုးပြုမည့် တိုင်းကျိုးပြည်ပြု လူ့စွမ်းအားအရင်းအမြစ်ပေါင်း မည်မျှထပ်မံပေါ်ထွက်လာဦးမည်ကိုလည်း မှန်းဆ၍ရနိုင်ပါအံ့”ဟု ကွင်းဆင်းသတင်းရယူ အပြန်ခရီးဝယ် တွေးဆထင်မြင်ယူဆမိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး

အိန္ဒိယ - မြန်မာချစ်ကြည်ရေးလမ်းမကြီးပေါ်မှ အရေးပါသည့် ရေနံချောင်းတံတားနှင့် ဝရဲတံတားတည်ဆောက်

သျှင်နေမင်း

အိန္ဒိယ-မြန်မာချစ်ကြည်ရေးလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် ကလေး-မန္တလေး-ရန်ကုန်ကားလမ်းခရီးစဉ်တွင် အရေးပါသော ကလေးမြို့-ကလေးဝမြို့အကြား ပေ ၂၀၀ ဝန်းကျင်အရှည်ရှိ တံတားနှစ်စင်းကို ယခုပွင့်လင်းရာသီမှစတင်၍ ပြည်သူ့ဆောက်လုပ်ရေးလမ်း၊ တံတားအထူးအဖွဲ့ (၁၁)က စတင်ပြုပြင်တည်ဆောက်နေပြီဖြစ်ကြောင်း သိရသည်။ “တံတားနှစ်စင်းလုံး ဒုတိယကမ္ဘာစစ် လက်ကျန်လို့ပြောရရင် ရနိုင်ပါတယ်၊ နှစ်သက်တမ်းကြာပြီဖြစ်တဲ့အတွက် နှစ်စဉ်ပြုကျ ပျက်စီးမှုရှိပါတယ်၊တံတားပျက်စီးတိုင်းလည်း လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခဲ့ရတဲ့အတွက် ကလေးချင်းတောင်ဒေသကုန်စည်ပို့ဆောင်မှု ရပ်ဆိုင်းခဲ့ရပါတယ်။ လမ်းပန်းဆက်သွယ်ရေးကြောင့် ဒေသတွင်း ကုန်စျေးနှုန်း မတည်ငြိမ်မှုတွေ ဖြစ်ပေါ်ပါတယ်”ဟု ကလေးဒေသခံတစ်ဦးက ပြောသည်။

ယခုတည်ဆောက်နေသော တံတားနှစ်စင်းကို ဆောက်လုပ်ရေးအထူးအဖွဲ့ (၁၁)တည်ဆောက်နေသော ရေနံချောင်းတံတားမှာ တံတားအရှည် ပေ ၁၉၀ ရှိပြီး အောက်ခြေဖောင်ဒေးရှင်းမှာ ရေတွင်းခွေချသံကူကွန်ကရစ် အမျိုးအစားဖြစ်ပြီး နှစ်လမ်းသွားတည်ဆောက်မည် ဖြစ်သည်။ နိုင်ငံတော်မှ သန်း ၅၀၀ ချထားပေးခဲ့ကြောင်း သိရသည်။ ထို့အတူ ဝရဲတံတားမှာ အရှည်ပေ ၂၀၀ ဝန်းကျင်ရှိပြီး လွန်တူး သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်သည်။ နိုင်ငံတော်မှ ကျပ်သန်း ၇၀၀ အကုန်အကျခံ တည်ဆောက်သွားမည်ဖြစ်သည်။ တံတားနှစ်စင်းလုံးကို လာမည့် ၂၀၁၃/၂၀၁၄ တွင် အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး

ကလေးမြို့ တွဲလက်များအဖွဲ့ ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ လှူဒါန်း

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ဖောင်ကူးကျေးရွာ အမကကျောင်းရှိ ကျောင်းသားကျောင်းသူများအား တွဲလက်များ ပရဟိတအဖွဲ့မှ ဇန်နဝါရီ ၁၅ ရက်တွင် ဗလာစာအုပ်၊ ခဲတံ၊ ဘောပင်၊ ကွန်ပါဘူး အစရှိသည့် ကျောင်းသုံးပစ္စည်းများအား သွားရောက်လှူဒါန်းခဲ့သည်ဟု သိရသည်။

အဆိုပါဖောင်ကူးကျေးရွာတွင် အိုးလုပ်ငန်းလုပ်သည့် အခြေခံလူတန်းစားအများစုနေထိုင်ကြသော ရွာလေးဖြစ်သည်။ ဖောင်ကူးအမကကျောင်းတွင် ကျောင်းသားကျောင်းသူ ၆၀ ကျော် ပညာသင်ကြားလျက်ရှိပြီး ပျဉ်ထောင်သွပ်မိုး စာသင်ဆောင် တစ်ဆောင်သာ ရှိသည်။ နှစ်စဉ် ရေလျှံသည့်အခါတိုင်း ကျောင်းဆောင်မှာ ရေနစ်မြုပ်ကြောင်း ကျောင်းအုပ်ကြီးထံမှ သိရသည်။

တွဲလက်များ ပရဟိတအဖွဲ့မှ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွင်း ကျေးလက်ဒေသရှိ ဆင်းရဲနွမ်းပါးသည့် ကျောင်းသားကျောင်းသူ ၇၀၀ ကျော်အား စာရေးကိရိယာများ ထောက်ပံ့ပေးခဲ့သည်ဟု တွဲလက်များအဖွဲ့မှ ကိုကြည်ဝင်းလှိုင်က ပြောကြားသည်။

သျှင်နေမင်း

ရှမ်းပြည်နယ် (မြောက်ပိုင်း)

သီပေါဆွန်အိုက်ကျေးလက်ပြည်သူများ၏ မင်္ဂလာအပေါင်းခညောင်းသည့်နေ့တစ်နေ့

ရှမ်းပြည်နယ်၏ ဟေမန္တအခါသမယမှာ မြောက်ပြန်လေနှင့်အတူ ချမ်းစိမ့်စိမ့်နိုင်လွန်းလှသည်။ သို့သော် ချမ်းအေးမှုဒဏ်ကို မခံစားနိုင်ဘဲ သီပေါမြို့နယ် ကျင်သီကျေးရွာအုပ်စု ဆွန်အိုက်(ကြံခင်း)ကျေးရွာကိုယ့်အားကိုယ်ကိုး မီးလင်းရေးကော်မတီ၏ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားမှုကြောင့် နှင်းမှုန်များကြားဝယ် စာရေးသူနှင့် သတင်းအဖွဲ့တို့ မော်တော်ဆိုင်ကယ်နှစ်စီးဖြင့် ခရီးနှင်ခဲ့သည်။

ရှေးဦးစွာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ခရိုင်အင်ဂျင်နီယာ ဦးသန်းဇော်မြင့်နှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းစံအေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် ကျောက်မဲခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က အမှာစကားပြောကြားရာ၌ ကျေးလက်နေပြည်သူများ လူမှုဘဝတိုးတက်ရေးတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော မြို့နယ်အုပ်ချုပ်ရေးမှူးနှင့်တကွ ကျေးရွာမီးလင်းရေးကော်မတီကို ဂုဏ်ပြုမှတ်တမ်းတင်ပါကြောင်း၊ လျှပ်စစ်မီးသည် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးပိုင်းတွင်များစွာထိရောက်အထောက်အကူပြုကြောင်း၊ ထို့ပြင် မီးဘေးကာကွယ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးပိုင်းများတွင်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဆွန်အိုက်(ကြံခင်း)မီးလင်းရေးတွင် လိုအပ်သော ငွေကျပ်သိန်း ၅၀၀ ထုတ်ချေးကူညီခဲ့ကြောင်း၊ မီးလင်းရေးလုပ်ငန်းဆောင်ရွက်မှု ကုန်ကျငွေမှာ ငွေကျပ် ၈၇၇၂၀၀၀၀ ကျော်ကုန်ကျကြောင်း၊ ဆွန်အိုက်ကျေးရွာတွင် အိမ်ခြေပေါင်း ၁၃၆ အိမ် ရှိသည့် အနက် အိမ်ပေါင်း ၈၆အိမ်မှာ ယနေ့မှစ၍ ၂၄ နာရီ လျှပ်စစ်မီးထိန်ထိန်လင်းနေပြီဖြစ်ကြောင်း၊ လျှပ်စစ်မီးရရှိလာပြီဖြစ်သည့်အတွက် ဒေသ၏ လူမှုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာကာ မြန်မာ့အရေးသာမက ကမ္ဘာ့အရေးမှာ ဖြစ်ပေါ်နေသော ဘာသာရေး၊ လူမှုရေးနှင့်ပညာရေး၊ ကျန်းမာရေးတို့ပါမကျန် ဒေသန္တရဗဟုသုတများကို လေ့လာသိရှိရပြီး စည်းကမ်းတကျ ဥပဒေနှင့်အညီ နေထိုင်၍ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဆီသို့ လျှောက်လှမ်းကြရမှာဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ကျေးရွာထာဝရ ရေရှည်မီးလင်းရေးအတွက် လိုအပ်သလို ဝိုင်းဝန်း ထိန်းသိမ်းသွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးသန်းဇော်မြင့်က ယနေ့ကျေးရွာမီးလင်းရေး ဖွင့်ပွဲအောင်မြင်အောင် ဆောင်ရွက်နိုင်ခြင်းသည် မီးလင်းရေးကော်မတီနှင့် ကျေးလက်ပြည်သူများ၏ မလျှော့သောဇွဲဖြင့် ကြိုးစားခဲ့၍ဖြစ်ကြောင်း၊ ဆွန်အိုက်ကျေးရွာ၏ ၁၁ ကေဗွီ၊ ဓာတ်အားလိုင်းတည်ဆောက်ရေးတွင် ဆွန်အိုက်ရွာအထိ ၂ ဒသမ ၅ မိုင်၊ ကျေးရွာတွင်း ၄၀၀ ဗို့လိုင်းသွယ်တန်းခြင်းတွင် ၁ ဒသမ ၁၄ မိုင် တည်ဆောက်သွယ်တန်းရ၍ ၁၁/၀ ဒသမ ၄ ကေဗွီအေထရန်စဖော်မာတစ်လုံးဖြင့် ကျေးရွာအတွက် ဓာတ်အားဖြန့်ဖြူးပေးနိုင်ပြီး တည်ဆောက်ရေးလုပ်ငန်းများအတွက် အဓိကလိုအပ်သော ရန်ပုံငွေကိုဒေသခံပြည်သူများမှ တတ်အားသရွေ့ အားစိုက်ထည့်ဝင်ဆောင်ရွက်ခဲ့ခြင်း၊ တောင်သူလယ်သမားများဖြစ်သည့် အားလျော်စွာ သီးနှံများမပေါ်မီ လိုအပ်သော ရန်ပုံငွေအား ပြည်နယ်အစိုးရထံမှ ချေးငွေရရှိရေးအတွက် ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့က ကြိုးပမ်းဆောင်ရွက်ပေးခဲ့ခြင်းများကြောင့် လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ သို့ဖြစ်၍ ဒေသခံပြည်သူများအနေဖြင့် လျှပ်စစ်မီးကို အကျိုးရှိရှိအသုံးပြုရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးကိုလည်း သတိရှိရှိ ကိုင်တွယ်အသုံးပြုသွားကြစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

သတင်း - စိုင်းသာလှိုင်(လိမ္မော်မြေ)
ဓာတ်ပုံ - စိုင်း(သီပေါ)

ကရင်ပြည်နယ်

ကော့ကရိတ်မြို့၌ လျှပ်စစ်ကြိုးလိုင်းများလဲလှယ်

ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် လျှပ်စစ်ဓာတ်အား အပြည့်အဝ ရရှိရေးနှင့် ဓာတ်အားလေလွင့်ဆုံးရှုံးမှု မရှိစေရေး အတွက် ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးရန်ထက်မင်းစိုးနှင့် ဝန်ထမ်းများသည် လျှပ်စစ်ကြိုးလိုင်းများကို လဲလှယ်တပ်ဆင်လျက်ရှိသည်။ ယခုလဲလှယ် တပ်ဆင်ရာတွင် ယခင်လိုင်းဟောင်း HDBC နံပါတ် ၆ ကြေးကြိုးနှင့် ACSR 25 mm ကြိုးများမှ HDBC နံပါတ် ၄ ကြေးကြိုးများကို လဲလှယ်တပ်ဆင်ပေးခဲ့သည်။ **(အပေါ်ပုံ)**

(၁၀၉)

ကချင်ပြည်နယ်

ကျေးရွာအတွင်း ကွက်သစ်ဖော်၊ ပြည်သူများ၏ ကျန်းမာရေး၊ ပညာရေးဆောင်ရွက်ပေး

မြစ်ကြီးနားမြို့နယ် အောင်မြင်သာစံပြကျေးရွာတွင် တည်ထားကိုးကွယ်မည့် ရန်ပြေမာန်ပြေ ကမ္ဘာ့ငြိမ်းချမ်းရေး အောင်မြင်သာ စေတီတော်သို့ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းနှင့်အဖွဲ့ သွားရောက်ပြီး စေတီတော်တည်ဆောက်ပြီးစီးမှုနှင့် ဘုရားရင်ပြင်တော်တည်ဆောက်ရေး မြေထိန်းနံရံများ စနစ်တကျဆောင်ရွက်ရန် စေတီတော်တည်ဆောက်လျက်ရှိသည့် ကုမ္ပဏီများနှင့် ဂေါပကအဖွဲ့တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းထိုင်ဆရာတော်အား ဖူးမြော်ကြည်ညိုကန်တော့ပြီး နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကာလိုအပ်ချက်များကို လျှောက်ထားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြင်သာကျေးရွာအတွင်း ကွက်သစ်ဖော်မည့်မြေနေရာနှင့် လမ်းအူကြောင်းများ ဖောက်လုပ်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးရာ ခရိုင်မြေစာရင်းဦးစီးမှူး ဦးဝင်းမြင့်ထွန်းက လမ်းအူကြောင်းများ ဖောက်လုပ်ပြီးစီးမှုနှင့် မြေကွက်ချထားမှုများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က အမြန်ပြီးစီးရေးအတွက် ကုမ္ပဏီများနှင့် ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြင်သာစံပြကျေးရွာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးအခြေအနေများကို မေးမြန်းပြီး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ ဆက်လက်၍ ကျေးရွာအခြေခံပညာ မူလတန်းကျောင်းနှင့် အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိပြီး ဆရာ ဆရာမများ ပညာသင်ကြားပေးနေမှု အခြေအနေ၊ကျောင်းသားကျောင်းသူများ ပညာသင်ကြားနေမှုများကို မေးမြန်းပြီး ကျေးရွာအထက်တန်းကျောင်း မြေဂရန်ရရှိရေး၊ ကျောင်းသားကျောင်းသူများ ကျောင်းတက်ရာတွင် သွားလာတွေ့ကြုံနေရသည့်အခက်အခဲ၊ ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေနှင့် ကျောင်းသုံးပစ္စည်းလိုအပ်ချက်များ၊ ကျောင်းသားများအတွက် အာဟာရ အစားအစာအတွက် ထောက်ပံ့ငွေများကို ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အောင်မြင်သာစံပြကျေးရွာရှိ (၁၆) ခုတင်ဆံ့ တိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး တိုက်နယ်ဆရာဝန်၊ ဆရာဆရာမများနှင့် တွေ့ဆုံ၍ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားခဲ့သည်။

(ပြည်နယ် ပြန်/ဆက်)

ရှမ်းပြည်နယ်(မြောက်ပိုင်း)

မောဝ်မြေရပ်ဆီက ရိုးရာရှမ်းအိုးစည်လုပ်ငန်း

(ယခင်အပတ်မှအဆက်)

ဆေးခြယ်သမှုလုပ်ငန်းပိုင်း

ပုံချောရရှိလာသောအိုးစည်၏ ကိုယ်ထည်အားလုံး ပတ်တီးပလာစတာကိုင်၍ အခြောက်လှန်းပြီး ကော်ပတ်ဖြင့် ချောရသည်။ ညီညာချောမွတ်သောအခါ သဘော်ဆေးဖြင့် လိုအပ်သောအရောင်ကိုသုတ်ရသည်။ အရောင်ခြယ်သရာတွင် အနက်၊ အနီ၊ အဝါ၊ ရွှေရောင်ကို အများဆုံးအသုံးပြု၍ လိုအပ်သလို ခြယ်သရသည်။ အိုးစည်ကိုဆေးခြယ်သရာတွင် ဆေးသားညီညာမှုရှိရန် ဆောင်ရွက်ရသည်။ ရာသီဥတုကောင်းပါက ဆေးခြယ်မှု တစ်ရက်နှင့် ပြီးနိုင်သော်လည်း နေမသာသည့်ရက်များတွင် နှစ်ရက်ခန့်ကြာမြင့်ပါသည်။

သားရေလုပ်ငန်းပိုင်း

အိုးစည်မျက်နှာပြင်ကို နွားသားရေဖြင့် တပ်ဆင်ရသည်။ နွားသားရေကို ကြိုးများဖြင့် ဆွဲဆန့်၍ အမွေးများကို ဓားဖြင့်ခြစ်ထုတ်ရသည်။ အထူအပါးညီရန် အတွင်းအပြင်ကို ခြစ်ထုတ်ရာတွင် လွန်စွာအရေးကြီးသည်။ မျက်နှာပြင်သားရေကို တပ်ဆင်နိုင်ရန်အတွက် သီကြိုးအဖြစ် နွားသားရေကိုသာ အသုံးပြုရသည်။ မျက်နှာပြင်သားရေကို ဆွဲထိန်းမည့် သီကြိုးကို လိုအပ်သော အရွယ်အစား လက်မဝက်ခန့်ညှပ်ပြီး နှစ်ရက်ခန့်နေလှန်းထားရသည်။ သားရေကြိုးကို တိုင်တွင်ပတ်ပြီး ဆွဲပတ်ကာ အမဲဆီဖြင့် ပျော့နေအောင် သုတ်လိမ်းပေးထားရသည်။ ထို့နောက် ဆေးရောင်ခြယ်ထားသော အိုးစည်တွင် အထူအပါးညီ အချောသပ်ထားသောသားရေကို တပ်ဆင်ရသည်။

မောင်းနှင့်လင်းကွင်းလုပ်ငန်းပိုင်း

ရှမ်းအိုးစည်နှင့်တွဲဖက်တီးခတ်ရန် ကြီးစဉ်ငယ်လိုက် ငါးလုံးပါသော မောင်းကိုတပ်ဆင်ရန် မောင်းစင်ကိုပြုလုပ်ရသည်။ မောင်းစင်ကို ရှေ့တစ်ယောက်၊ နောက်တစ်ယောက်ထမ်း၍ဖြစ်စေ၊ မြေပြင်တွင်ချ၍ဖြစ်စေ အတွဲလိုက် တပ်ဆင်နိုင်ရန် ပြုလုပ်ရသည်။ နောက်လူက လက်ကိုင်ဖြင့် ငါးခုတွဲ မောင်းရိုက်တံကို တစ်ချက်တီးခတ်လိုက်သည်နှင့် မောင်းငါးလုံးကို တီးမိလျက်သားဖြစ်အောင် တပ်ဆင်ထားသည်။ မောင်းစင်ကို ယဉ်ကျေးမှုအဖွဲ့သုံးရန်အတွက် ကျားရုပ်ကို ရေးဆွဲပုံဖော်၍ ရပ်ရွာဘာသာရေး သုံးရန်အတွက်ဆိုလျှင် ဒေါင်းရုပ်ကိုပုံဖော်၍ ရေးဆွဲထားသည်။

အသံဆိုင်ရာလုပ်ငန်းပိုင်း

သားရေတပ်ဆင်ထားသော အိုးစည်သံနှင့် မောင်းတွဲ၏ အသံလိုက်ဖက်ကိုက်ညီမှုရှိစေရန် မောင်းများကို အသံအနိမ့် အမြင့်၊ အမြင့်သံအနိမ့်သံရရှိအောင် တူဖြင့်ထု၍ညှိရသည်။ ဤကဲ့သို့ ထုရာတွင် မောင်း၏အလယ်ဖုကိုမှောက်၍ တစ်မျိုး၊ ပတ်လက်လှန်၍တစ်ဖုံ အသံအနိမ့်အမြင့်ကို ရအောင်နားအာရုံခံ၍ ထုရသည်။ သံစဉ်၏သဘာဝတရားကို သိနားလည်မှသာလျှင် အသံညှိခြင်းကို လုပ်ဆောင်နိုင်မည်ဖြစ်ရာ ဤအပိုင်းသည်လွန်စွာအရေးကြီးလှပါသည်။ မောင်းငါးလုံးရှိရာ ပထမအကြီးဆုံးမောင်း၏ အသံကို D သံအဖြစ်ရအောင်ညှိပြီး တတိယနှင့်ပဉ္စမမောင်းနှင့်ဘယ်သံ၊ ညာသံကိုက်ညီကာ သံ စဉ်ညှိရသည်။ ဒုတိယမောင်းနှင့် စတုတ္ထမောင်းကို A သံရရှိအောင် ဘယ်သံ၊ ညာသံ ညှိရသည်။ မောင်းများကို အသံညှိပြီးသောအခါ ထမင်းပေါင်းကိုပတ်စာပြုလုပ်၍ အိုးစည်တွင်ကပ်ကာ အချင်းတစ်ပေရှိသော လင်းကွင်းနှင့်တွဲဖက်၍ တီးခတ်လျှင်မြိုင်ဆိုင်လှသော ရှမ်းအိုးစည်သံ တစ်ညံညံကို ကြားရမည်ဖြစ်သည်။

ဓလေ့ထုံးတမ်းအစဉ်အလာမပျက် ရှမ်းရိုးရာကိုဆင်နွှဲကြရာတွင် အသုံးပြု တီးခတ်ကြသော ရှမ်းအိုးစည်သံကို နားတွင်ကြားရသည့်အခါ ဖော်မပြနိုင်သောကြည်နူးဝမ်းသာ၊ တက်ကြွလန်းဆန်းမှု ရရှိကြသည်ကို သိရှိခံစားကြရသော်လည်း အိုးစည်သံပေါ်ထွက်လာစေရန် အတတ်ပညာရှင်တို့၏ ခက်ခဲ၊ နက်နဲလှသော ကာယအား၊ ဉာဏအားစသည့်ကိုယ်စွမ်းဉာဏ်စွမ်း မည်မျှအားထုတ်လုပ်ကိုင်ရသည်ကို သိရှိကြမည် မဟုတ်ပေ။ ထို့ကြောင့် နမ့်ခမ်းမြို့ရှိ ရှမ်းအိုးစည်လုပ်ငန်းလုပ်ကိုင်ပုံနှင့် ရှမ်းအိုးစည်လုပ်ငန်းသည် မိသားစု၏စီးပွားရေးလုပ်ငန်းဖြစ်သည်နှင့်အညီ ရိုးရာအမွေအနှစ်၊ ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းဖော်ထုတ်သည့်လုပ်ငန်းတစ်ခုဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

မန္တလေးတိုင်းဒေသကြီး

မိုဘိုင်းဖုန်းပြောဆိုမှုများ အဆင်ပြေစေရေး တာဝါတိုင်များ တိုးချဲ့စိုက်ထူသွားမည်

ရေမြင့်ကြာမြင့်ဆိုသလို နိုင်ငံတစ်ဝန်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့် ပြည်သူများနှင့် နိုင်ငံတော်ဝန်ထမ်းများအနေဖြင့် မိုဘိုင်းဖုန်း ဝယ်ယူသုံးစွဲသူများ ကျယ်ကျယ်ပြန့်ပြန့် တွင်ကျယ်လာနေကြောင်း သိရသည်။ ယခုအခါ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ လူတိုင်းအသုံးပြုနိုင်ရန် ရည်ရွယ်လျက် တန်ဖိုးနည်းဖုန်းများကို လစဉ် ရောင်းချပေးလျက်ရှိရာ ဝယ်ယူသုံးစွဲလိုသူများ များပြားသဖြင့် မဲစနစ်ဖြင့် ရောင်းချပေးနေရကြောင်း သိရသည်။

တစ်ရွာနှင့် တစ်ရွာ၊ တစ်မြို့နှင့် တစ်မြို့၊ ရပ်ဝေးရပ်နီးမိဘဆွေမျိုး၊ မိတ်ဆွေ သူငယ်ချင်း အပေါင်းအသင်းများဆီ နံရံမခြား အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်ပြောဆိုနိုင်ကြပြီး အနေဝေးပေမယ့် နီးကပ်စွာရှိနေခဲ့လေပြီ။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းမှလည်း မိုဘိုင်းဖုန်း ဆက်သွယ်ပြောဆိုမှု တွင်ကျယ်လာသည်နှင့်အညီ နိုင်ငံတော်လည်း အခွန်အခ ရ၊ ပြည်သူများဘက်ကလည်း အလုပ်အကိုင်အခွင့်အလမ်းများလည်းရ၊ ကုန်စည်စီးဆင်းမှုများနှင့် ရောင်းဝယ်ဖောက်ကားမှုများလည်း အချိန်ကုန်ငွေကုန်သက်သာစွာ ဆက်သွယ်ဆောင်ရွက်နိုင်ကြပြီဖြစ်၍ နိုင်ငံတော်ကို ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

ယခုအခါ စဉ့်ကူးမြို့နယ်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် MEC တို့မှ GSM, CDMA 450MHz နှင့် CDMA 800MHz မိုဘိုင်းဖုန်းများ ပြောဆိုနိုင်ရေးအတွက် စဉ့်ကူးမြို့တွင် တာဝါတိုင် နှစ်တိုင်နှင့် လက်ပန်လှကျေးရွာတွင် တာဝါတိုင် တစ်တိုင်တို့ကို စိုက်ထူထားပြီး**(အပေါ်ပုံ)** ယခုထက် ခေါ်ယူပြောဆိုမှုများ ပိုမိုကောင်းမွန်နိုင်ရေးအတွက် နွယ်ရုံ ကျေးရွာတွင် GSM တာဝါတိုင်တစ်တိုင်နှင့် ညောင်ဝန်းကျေးရွာတွင် GSM တာဝါတိုင် တစ်တိုင်တို့ကိုထပ်မံတိုးချဲ့စိုက်ထူသွားမည်ဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတာဝန်ရှိသူ တစ်ဦး၏ ပြောပြချက်အရသိရသည်။

(၄၃၃)

တန်းခိုးဆရာထွန်းစာပေဆုမှသည် ရခိုင်အမျိုးသားစာပေဆုသို့

တစ်နေ့က စာရေးသူထံသို့ ဖိတ်စာတစ်စောင်ရောက်ရှိလာသည်။ တန်းခိုးဆရာထွန်းစာပေဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ရန် ဖိတ်ကြားစာဖြစ်သည်။ သွားရမည့်မြို့က ပုဏ္ဏားကျွန်းမြို့၊ ကျင်းပမည့်နေ့က ၂၀၁၄ခု ဇန်နဝါရီ ၁၁ ရက် (စနေနေ့)။ ဤမြို့သည် ကျွန်တော်နှင့် အစိမ်းကားမဟုတ်။ တစ်ချိန်က တာဝန်ထမ်းဆောင်ခဲ့သောမြို့၊ ရခိုင်ပြည်နယ်၏ စာပေလောကတွင် စစ်တွေမြို့ပြီးလျှင် ဤမြို့မှာ ဒုတိယနေရာကလိုက်၍ စာပေယဉ်ကျေးမှုများ ထွန်းကားရေးအတွက် ဆောင်ရွက်ပေးနေသည်။

နှင်းမှုန်ဖွေးဖွေး ဆောင်းလေသွေး၍ ချမ်းအေးပိုသော လပြာသို၏ ဆန်းစ ၁၁ ရက်၊ တစ်နည်းအားဖြင့် ဇန်နဝါရီလ ၁၁ ရက် နံနက်စောစော စစ်တွေအဝေးပြေးကားဂိတ်မှ ရွှေပြည်ရခိုင်ကားကိုစီးကာ ပုဏ္ဏားကျွန်းမြို့သို့ သွားခဲ့သည်။ ဆောင်းကာလ၏ နံနက်စောစောဖြစ်၍ နှင်းများထူထပ်စွာကျနေသည်။ အဝေးပြေးကားဂိတ်တွင် ထွန်းထားသော မီးအားက နှင်းမှုန်ထုကို မဖောက်နိုင်၍ စာရေးသူတို့ လက်နှိပ်ဓာတ်မီးဖြင့် တစ်ဦးကိုတစ်ဦးရှာကြရသည်။ ကားစီး၍ သွားရသော ရန်ကုန်-စစ်တွေ ပြည်ထောင်စုလမ်းမကြီး၏ အရသာကလည်း တစ်မျိုးဖြစ်သည်။ တစ်ခါတစ်ခါ ထိုင်ခုံနှင့်ကိုယ်ကို အထုခံရသည်။ ဆိုးတစ်ခါကောင်းတစ်လှည့်အရသာကို ခံစားရင်း နံနက်ပိုင်းတွင် ပုဏ္ဏားကျွန်းမြို့သို့ ရောက်သွားခဲ့သည်။

တန်းခိုးဆရာထွန်းစာပေဆု

တန်းခိုးဆရာထွန်းစာပေဆုသည် ပုဏ္ဏားကျွန်းမြို့နယ် တန်းခိုးကျေးရွာမှ ရခိုင်တိုင်းရင်းသား စာဆိုသာချင်းဆရာထွန်းအား ဂုဏ်ပြုသောအားဖြင့် ပေါ်ပေါက်လာသော စာပေဆုဖြစ်သည်။ ဆရာထွန်းသည် ရတု၊ ရကန်၊ ဧအိုင်၊ သာချင်းရေးသားရာတွင် သူမတူအောင် ထူးချွန်ပြောင်မြောက်သူဖြစ်သည်။ အလင်္ကာ စာသားများသီကုံးရာတွင် နားဝင်ချိုသာအောင် ရေးသားနိုင်စွမ်းရှိသည်။ ဆရာထွန်း၏ အလင်္ကာပန်းများအား ခေတ်များဘယ်လောက် ဆန်းဆန်း အမြဲတမ်း လန်းဆန်းနေပေမည်။

ယခုအခါ ပြည်ထောင်စုအစိုးရသည် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်နေရာ တိုင်းရင်းသားတို့၏ စာပေယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဆောင်ရွက်ပေးနေသည်။ လူမှုရေးဦးတည်ချက် (၄) ရပ်၌ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဟု ပါရှိရာ ဦးတည်ချက်အကောင်အထည်ဖော်ရန်အတွက် တစ်မျိုးသားလုံး၌ တာဝန်ရှိပေသည်။

ယခုနှစ်တန်းခိုးဆရာထွန်းစာပေဆုချီးမြှင့်ပွဲသည် ဒုတိယအကြိမ်ပြုလုပ်သောပွဲဖြစ်သည်။ အခမ်းအနားကို ပုဏ္ဏားကျွန်းမြို့ ကျက်သရေဆောင်လောကမာရဇိန်ဘုရားကြီးသိမ်တော်၌ ကျင်းပသည်။ ည ၈နာရီတွင် အခမ်းအနားစတင်ရာ ရှေးဦးစွာ ရခိုင်မင်္ဂလာစည်တော်တီးပြီး စာရေးဆရာ စစ်တွေ-သိန်းနောင်က ဖယောင်းတိုင်မီးထွန်းညှိ၍ အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် စာရေးဆရာ စစ်တွေညိုသန့်က အဖွင့်ရတုသီဆိုပေးသည်။ ယင်းနောက် သမိုင်းသုတေသီဆရာတော် အရှင်စက္ကိန္ဒ၊ ဆရာချစ်-စစ်တွေနှင့် ပုဏ္ဏားကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်တို့မှ အမှာစကားပြောကြားပေးကြသည်။ ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ**(ယာပုံ)** ကဗျာဆုရ စာရေးဆရာထက်မြက်နွယ်(ကျောက်တော်)နှင့် ဂီတစာဆိုဆုကို တေးရေးဆရာ(ဆရာဒိုး)တို့အား ဆုချီးမြှင့်ပေးအပ်သည်။ ဤအခမ်းအနားတွင် ၂၀၁၄ ခုနှစ် ဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရရှိသည့် သံတွဲမြို့၊ ဒွါရာဝတီမြို့သစ် အောင်မြေသာစည်ပရိယတ္တိစာသင်တိုက်မှ ဦးစီးပဓာန နာယကဘဒ္ဒန္တကုသလအား ရခိုင်မဂ္ဂဇင်းကော်မတီက ဂုဏ်ပြုလွှာချီးမြှင့်ဆက်ကပ်သည်။ ထို့နောက် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ စာရေးဆရာ စစ်တွေညိုသန့်နှင့် ငွေသဇင် (သံတွဲ)တို့က ဟောပြောပေးကြသည်။

ရခိုင်အမျိုးသားစာပေဆုသို့

ဗြိတိသျှခေတ်တွင် စာပေယဉ်ကျေးမှုများကို ဖိနှိပ်ခဲ့သော အချိန်၌ စာပေလောက၌ တစ်ခေတ်ထွန်းခဲ့သော တန်းခိုးဆရာထွန်းရှိခဲ့သကဲ့သို့ ရခိုင်တိုင်းရင်းသားတို့၏ ခေတ်အဆက်ဆက်တွင် စာပေပညာရှင်ကြီးများစွာ ပေါ်ထွန်းခဲ့ ကြောင်း သမိုင်းသက်သေထူလျက် ယနေ့ထိတိုင် ရှိနေသည်။ ထိုစာပေပညာရှင်ကြီးများ၏ ကျေးဇူးကြောင့်လည်း စာပေ၊ ယဉ်ကျေးမှု၊ ဓလေ့စရိုက်များသည် ယနေ့ထိတည်မြဲနေဆဲဖြစ်သည်။

ထို့အတူ ယနေ့စာပေလောက၌ ရေးသားနေကြသော သမိုင်းသုတေသီများ၊ သမိုင်းပညာရှင်များ၊ စာရေးဆရာကြီးများ၏ စာပေများသည်လည်း အနာဂတ်မျိုးဆက်သစ်များအတွက် မိမိတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိပေသည်။ သို့ဖြစ်၍ တစ်မျိုးသားလုံးကို ကိုယ်စားပြုသော ရခိုင်အမျိုးသား စာပေဆုတစ်ရပ်ချီးမြှင့်သင့်ကြောင်း ဆရာထွန်းစာပေဆုချီးမြှင့်ပွဲသို့ တက်ရောက်လာကြသော မြို့နယ်ပေါင်းစုံမှ စာရေးဆရာများက ဆွေးနွေးခဲ့ကြသည်။

သို့ဖြစ်ပါ၍ ရခိုင်အမျိုးသားစာပေဆု ပေါ်ထွန်းရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။

ရခိုင်ပြည်နယ်

လေးဝတီထွန်းစောခိုင်

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၃၅) ဘဏ်ခွဲမြောက်

ရှောင်းဆုံဘဏ်ခွဲ ကို

မွန်ပြည်နယ်၊ ရှောင်းဆုံမြို့ တွင်

၁၇.၁.၂၀၁၄ (သောကြာနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိတပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ဆက်သွယ်ရန်လိပ်စာ

ရှောင်းဆုံဘဏ်ခွဲ

အမှတ်(၇၇၉/ ခ-ကော့တာ)၊ ဗိုလ်ချုပ်လမ်းမ၊ အရှေ့ပိုင်းရပ်ကွက်၊
ဘုရားကြီးကုန်း၊ ရှောင်းဆုံမြို့၊ မွန်ပြည်နယ်။
ဖုန်း - (၀၅၇) ၈၀၂၁၁/ ၁၂/ ၁၃/ ၁၄/ ၁၅/ ၁၆
ဖက်စ် - (၀၅၇) ၈၀၂၁၇၊ ၈၀၂၁၈

www.kbzbank.com

CHELSEA VS MAN U

Team	League	FACup	Capital One	Community Shield	European Cup	UEFA Cup	Cup Winner's Cup	UEFA SuperCup	Intercontinental Cup	Club World Cup	Tota
ချယ်လ်ဆီး	၄	၇	၄	၄	၁	၁	၂	၁	-	-	၂၄
မန်ယူ	၂၀	၁၁	၄	၂၀	၃	-	၁	၁	၁	၁	၆၂

PREDICTED TEAM

ချယ်လ်ဆီး၏ အနေအထားသည် ယခုအချိန်၌ တည်ငြိမ်သည်ဟု ဆိုရမည်။ တိုက်စစ်မှူးများ အဆုံးသတ်ပိုင်းအားနည်းသော်လည်း ကွင်းလယ်ကစားပုံ တည်ငြိမ်ပြီး အိမ်ကွင်းခြေစွမ်းပိုင်းက တည်ငြိမ်မှုရှိသည်။

PREDICTED TEAM

မန်ယူသည် မိုယက်စ်၏ လက်အောက်၌ တည်ငြိမ်မှုမရှိသေးပေ။ အဓိကကစားသမားအချို့ ဒဏ်ရာရရှိနေခြင်းကလည်း အသင်း၏ ဟန်ချက်ကို ထိခိုက်စေကာ ဂိုးသွင်းအားကပင် ပုံမှန်မရှိပေ။

KEY PLAYER

အီဒင်ဟာဇက်(ကွင်းလယ်)

ယခုနှစ်ပရီမီယာလိဂ်သွင်းဂိုး	- ၉ ဂိုး
ယခုနှစ်ပရီမီယာလိဂ်ပွဲကစားမှု	- ၂၁ ပွဲ
ပြိုင်ပွဲအရပ်ရပ်သွင်းယူသည့်ဂိုး	- ၇၉ဂိုး
ပရီမီယာလိဂ် စုစုပေါင်းသွင်းဂိုး	- ၁၈ဂိုး
ချယ်လ်ဆီးအတွက် ပွဲကစားမှု	- ၉၀ ပွဲ
ချယ်လ်ဆီးအတွက် စုစုပေါင်းသွင်းဂိုး	- ၂၄ဂိုး

KEY PLAYER

ဝဲလ်ဘက်(တိုက်စစ်)

ယခုနှစ်ပရီမီယာလိဂ်သွင်းဂိုး	- ၈ဂိုး
ယခုနှစ်ပရီမီယာလိဂ်ပွဲကစားမှု	- ၁၅ ပွဲ
ပြိုင်ပွဲအရပ်ရပ်သွင်းယူသည့်ဂိုး	- ၄၄ဂိုး
ပရီမီယာလိဂ် စုစုပေါင်းသွင်းဂိုး	- ၂၅ဂိုး
မန်ယူအတွက် ပွဲကစားမှု	- ၁၂၂ ပွဲ
မန်ယူအတွက် စုစုပေါင်းသွင်းဂိုး	- ၂၈ဂိုး

Last 5 matches record

W(0-2)	W(0-3)	W(2-1)	W(1-0)	D(0-0)

Last 5 matches record

W(2-0)	L(1-2)	W(0-1)	W(2-3)	W(3-1)

ပရီမီယာလိဂ် ပွဲစဉ်(၂၂)

ဆန်းဒါးလန်း	-	ဆောက်သမ်တန်	ည ၇း၁၅	(၁၈-၁-၁၄)
အာဆင်နယ်	-	ဖူလ်ဟမ်	ည ၉း၃၀	(၁၈-၁-၁၄)
ပဲလေ့စ်	-	စတုတ်	ည ၉း၃၀	(၁၈-၁-၁၄)
မန်စီးတီး	-	ကာဒစ်ဖ်	ည ၉း၃၀	(၁၈-၁-၁၄)
နေ့ဝှစ်ချ်	-	ဟားလ်	ည ၉း၃၀	(၁၈-၁-၁၄)
ဝက်စ်ဟမ်း	-	နယူးကာဆယ်	ည ၉း၃၀	(၁၈-၁-၁၄)
လီဗာပူး	-	ဗီလာ	ည ၁၂း၀၀	(၁၉-၁-၁၄)
ဆွမ်ဆီး	-	စပါး‌စ်	ည ၈း၀၀	(၁၉-၁-၁၄)
ချယ်လ်ဆီး	-	မန်ယူ	ည ၁၁း၃၀	(၁၉-၁-၁၄)
ဝက်စ်ဘရွန်း	-	အဲဗာတန်	နံနက် ၂း၃၀	(၂၁-၁-၁၄)

FIVE CLASSIC MATCHES

ချယ်လ်ဆီး ၁-၀ မန်ယူ ၁-၄-၁၃ (အက်ဖ်အေဖလား)

အဓိကကစားသမားအချို့ မပါဝင်ခဲ့သော မန်ယူကို ချယ်လ်ဆီးတို့ အကောင်းဆုံးထိန်းချုပ်ကာ ၄၉မိနစ်တွင် ဒမ်ဘာဘာက အနိုင်ဂိုးသွင်းခဲ့သည်။ မန်ယူအနေဖြင့် ဗန်ပါစီ၊ ဂစ်၊ အက်ရှ်လေယန်းတို့ကို နောက်ပိုင်းတွင် ထည့်သွင်းခဲ့သော်လည်း ချေပဂိုးမရဘဲ ချယ်လ်ဆီးကသာ နောက်တစ်ဆင့်သို့ တက်ရောက်ခဲ့သည်။

ချယ်လ်ဆီး ၅-၄ မန်ယူ ၁-၁၁-၁၂ (ကက်ပီတယ်ဝမ်း)

ပထမပိုင်းတွင် ၂-၁ ဖြင့် မန်ယူတို့ အနိုင်ရခဲ့သေးသည်။ သို့သော် ဒုတိယပိုင်းတွင် ဟာဇက်က ချယ်လ်ဆီးအတွက် ချေပဂိုးအား ပွဲပြီးခါနီး၌ သွင်းယူခဲ့၍ အချိန်ပိုဆက်ကစားခဲ့ရကာ အဆိုပါအချိန်ပိုမှသာ မန်ယူတို့ နှစ်ဂိုးထပ်ပေးရပြီး အရှုံးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

ချယ်လ်ဆီး ၂-၃ မန်ယူ ၂၈-၁၀-၁၂ (ပရီမီယာလိဂ်)

၁၂မိနစ်အတွင်း၌ပင် မန်ယူတို့နှစ်ဂိုးရအောင် စွမ်းဆောင်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ချေပဂိုးများ ပြန်ပေးခဲ့ရသည်။ သို့သော် တောရက်စ်နှင့် အိုင်ဗန်နိုဗစ်တို့ အထုတ်ခံရ၍ ချယ်လ်ဆီးအားပျော့ခဲ့ရပြီး ဟာနန်ဒက်ဇ်က မန်ယူအတွက် အနိုင်ဂိုးသွင်းခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီး ၃-၃ မန်ယူ ၅-၂-၁၂ (ပရီမီယာလိဂ်)

မိနစ် ၅၀ရောက်သည်အထိ ချယ်လ်ဆီးသည် သုံးဂိုးပြတ်အသာရခဲ့သော်လည်း ၅၈နှင့် ၆၉တို့တွင် ပယ်နယ်တီနှစ်ကြိမ်ပေးရကာ ရွန်းနေက နှစ်ဂိုးစလုံးအမှားအယွင်းမရှိသွင်းခဲ့သလို ၈၄ မိနစ်တွင် ဟာနန်ဒက်ဇ်က မန်ယူအတွက် အဖိုးတန်ချေပဂိုးသွင်းယူခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီး ၀-၁ မန်ယူ ၇-၄-၁၁ (ချန်ပီယံလိဂ်)

၂၄မိနစ်၌ပင် ရွန်းနေသွင်းယူသောဂိုးဖြင့် မန်ယူတို့ဦးဆောင်နိုင်ခဲ့သည်။ သို့သော် နောက်ပိုင်းတွင် ချယ်လ်ဆီးတို့ပြန်ဖိအားပေးမှုကို ခက်ခက်ခဲခဲထိန်းချုပ်ခဲ့ရကာ ဂိုးထပ်မံရယူနိုင်ခြင်း မရှိခဲ့ဘဲ တစ်ဂိုးတည်းဖြင့်သာ အနိုင်ရခဲ့သည်။

တင်းနစ်လောကမှ အနားယူပြီးချိန်၌ နည်းပြတစ်ဦးအဖြစ် တာဝန်ယူရန် စဉ်းစားနိုင်ကြောင်း ဆီရီနာဝီလျံပြောဆို

အမေရိကန်နိုင်ငံသူ တင်းနစ်အားကစားမယ် ဆီရီနာဝီလျံက တင်းနစ်ကစားခြင်းမှအနားယူပြီးပါက နည်းပြလောကသို့ဝင်ရောက်ရန် စဉ်းစားဖြစ်ဖွယ်ရှိကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

ထက်အောင်

သို့သော်လည်း လက်ရှိကမ္ဘာ့အဆင့်(၁)ဖြစ်သူ ဆီရီနာဝီလျံသည် လက်ရှိအချိန်တွင် ၎င်း၏ တင်းနစ်စွမ်းရည် အမြင့်မားဆုံးအနေအထားတွင်ရှိနေပြီး လာမည့်နှစ်အနည်းငယ်အတွင်း တင်းနစ်ကစားခြင်းမှ အနားယူဖွယ်မရှိသေးပေ။

အီဗန်လင်ဒယ်၊ ဘောရစ် ဘက်ကာ၊ စတီဖင်အက်ဒ်ဘတ်တို့ အပါအဝင် တင်းနစ်လောက၏ နာမည်ကြီး ကစားသမားဟောင်းအချို့သည်လည်း နည်းပြလောကသို့ကူးပြောင်းဝင်ရောက်ခဲ့ကြသည်။

တင်းနစ် အကျော်အမော်ဟောင်း ချက်နိုင်ငံသူ မာတီနာနာဗရာတီလိုဗာက ဆီရီနာဝီလျံသည် ဂရင်းဆလမ်း တင်းနစ်ပြိုင်ပွဲများ တစ်ဦးချင်းချန်ပီယံဆု (၂၂) ကြိမ် ရယူနိုင်ခဲ့သည့် ဂျာမနီနိုင်ငံသူ စတက်ဖီဂရပ်၏ အောင်မြင်မှုကို စိန်ခေါ်နိုင်စွမ်းရှိသူဖြစ်ကြောင်း ချီးကျူးပြောဆိုထားသည်။ ဆီရီနာဝီလျံသည် လက်ရှိအချိန်တွင် ဂရင်းဆလမ်း တစ်ဦးချင်းချန်ပီယံဆု (၁၇) ကြိမ် ရရှိထားပြီး မာတီနာ နာဗရာတီလိုဗာ နှင့် အမေရိကန်တင်းနစ်မယ်ဟောင်း ခရစ်အီဗက်တို့၏ ဂရင်းဆလမ်း

စာမျက်နှာ ၇ သို့ »

မြန်မာ့အလင်း
(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ
2014, January 17, Friday
အထူးကဏ္ဍ 7th ASEAN PARA GAMES SPECIAL

ပါရာဂိမ်းမှ ရွှေစကားသံများ

သတင်း - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

နေပြည်တော် ဇန်နဝါရီ ၁၆

(၇) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲကို နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိကွင်းနှင့် အားကစားရုံများတွင် ဇန်နဝါရီ ၁၆ ရက်နံနက်မှစတင်ကာ ဆက်လက်ကျင်းပလျက်ရှိရာမြန်မာမသန်စွမ်းအားကစားမောင်မယ်များနှင့် အာဆီယံနိုင်ငံအချို့မှ အားကစားသမားတို့၏ ရွှေစကားသံများကို ဖော်ပြလိုက်ပါသည်။

မကြီး(ရွှေတံဆိပ်၊ အမျိုးသမီးလုံ့တံပစ်)

"ပထမဆုံးအကြိမ် နိုင်ငံတကာပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်တာဖြစ်ပြီး အခုလိုရွှေတံဆိပ်ဆုရရှိတော့ အတိုင်းမသိဝမ်းသာပါတယ်။ နိုင်ငံ့ဂုဏ်ဆောင်နိုင်လို့ ဂုဏ်ယူပီတိဖြစ်ရပါတယ်။ အခု လုံ့တံပစ်က ၁၈ ဒသမ ၉၃ မီတာနဲ့ ရွှေတံဆိပ်ရရှိတော့ နောက်ထပ်ပြိုင်ပွဲတွေမှာ စံချိန် ပိုကောင်းအောင် ကြိုးစားသွားမှာပါ"

သူဇာငွေး(ကြေးတံဆိပ်၊ အမျိုးသမီးလုံ့တံပစ်)

"ပထမဆုံးအကြိမ် နိုင်ငံတကာပြိုင်ပွဲဖြစ်ပါတယ်။ ကြေးတံဆိပ်ရပေမယ့် ဂုဏ်ယူပါတယ်။ နောက်ပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ရအောင်ကြိုးစားမှာဖြစ်ပြီး လေ့ကျင့်မှုတွေလည်းဆက်တိုက်ပြုလုပ်သွားမှာပါ"။

ကျော်ကျော်ဝင်း(ကြေးနှစ်ဆု၊ မီတာ ၄၀၀ အပြေးနှင့် အလျားခုန်)

"မီတာ ၄၀၀ မှာ ကျွန်တော်ရွှေတံဆိပ်ဆုရနိုင်ပေမယ့် ပြေးရင်းပန်း ဝင်ခါနီးမှာ ကျွန်တော်ခြေတုပြုတ်သွားလို့ ကြေးတံဆိပ်နဲ့ ကျေနပ် ခဲ့ရတာပါ။ နောက်ပြိုင်ပွဲတွေမှာ ရွှေတံဆိပ်ရအောင် ကြိုးစားသွားမယ်။ အလျားခုန်မှာတော့ ကျွန်တော် ၅ ဒသမ ၃၆ မီတာ ခုန်နိုင်ပေ မယ့်ပြိုင်ဘက်တွေက ကျွန်တော့်ထက်ပိုကောင်းအောင်ခုန်နိုင်ခဲ့တာ မို့ကြေးတံဆိပ်နဲ့ နှစ်သိမ့်ခဲ့ရတာပါ။ နောက်ပြိုင်ပွဲတွေမှာ အကောင်းဆုံးလေ့ကျင့်မှုတွေနဲ့ ရွှေတံဆိပ်ရယူသွားပါမယ်"။

WUTTIPOL (အမျိုးသားသံလုံးပစ် ရွှေ၊ ထိုင်း)

"အကောင်းဆုံးကြိုးစားပြီး ယှဉ်ပြိုင်နိုင်ခဲ့လို့ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ နည်းပြတွေရဲ့ ပြသလမ်းညွှန်မှုနဲ့ လေ့ကျင့်မှုတွေ ကောင်းလို့ အခုလိုဆုရရှိခဲ့တာဖြစ်ပါတယ်။ ယှဉ်ပြိုင်ရတာပျော်ပါတယ်"။

အင်န်အောင်ခွန်(အမျိုးသားသံလုံးပစ်၊ ကြေး၊ မြန်မာ)

" အရင်က နိုင်ငံတကာပြိုင်ပွဲတွေမှာ ရွှေတံဆိပ်စုစုပေါင်း၁၁ ခုရရှိ ခဲ့ဖူးပါတယ်။ ဒါ့အပြင် ငွေတံဆိပ်တစ်ခုနဲ့ ကြေးတံဆိပ် နှစ်ခုရရှိထားပါတယ်။ အခုလို ကြေးတံဆိပ်ရရှိတာ ဂုဏ်ယူပါတယ်"။ **(မြန်မာ့အလင်း)**

အမျိုးသမီး လုံ့တံပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ရွှေတံဆိပ်ဆု ဆွတ်ခူးရရှိသွားသော မကြီး ဆုယူအပြီး တွေ့ရစဉ်။ ဓာတ်ပုံ - တင်စိုး

မြန်မာရေကူးအားကစားသမားအောင်မြင့်မြတ် အလွတ်တန်းမီတာ ၂၀၀ ရေကူးပြိုင်ပွဲ အာဆီယံစံချိန်ချိုး

နေပြည်တော် ဇန်နဝါရီ ၁၆

(၇) ကြိမ်မြောက် အာဆီယံမသန်စွမ်း ပြိုင်ပွဲ၏ အလွတ်တန်းရေကူးပြိုင်ပွဲများကို ယနေ့နံနက် ၉နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအတွင်းရှိ ရေကူးအားကစားရုံ၌ ကျင်းပရာ မြန်မာနိုင်ငံမှ ရေကူးအားကစားသမား အောင်မြင့်မြတ်က အာဆီယံစံချိန်ကို ချိုးဖောက်၍ ပထမရွှေတံဆိပ်ရရှိပြီး မီတာ ၅၀ ရင်ပေါင်တန်း ဖားကူးပြိုင်ပွဲတွင် အောင်ငြိမ်းဦးက ပထမ(ရွှေ)၊ အမျိုးသမီး မီတာ ၂၀၀ ရင်ပေါင်တန်းပြိုင်ပွဲတွင် အေးသူအောင်က တတိယ (ကြေး) အသီးသီးရရှိကြောင်း သိရသည်။

"ကျွန်တော်အလွန် ပျော်ပါတယ်။ ကျွန်တော်တို့ ဒီမသန်စွမ်းတွေ ပထမဆုံးအကြိမ်ပြိုင်ပွဲမှာ ရွှေတံဆိပ်ရရှိခဲ့တဲ့အတွက် နိုင်ငံ့ဂုဏ်ကိုဆောင်ပြီး ဖော်မပြတတ်အောင်ပဲဝမ်းသာမိပါတယ်။ ကျွန်တော်တို့ လေ့ကျင့်ချိန်အနေနဲ့ကတော့ ရှစ်လလောက်ရရှိခဲ့ပါတယ်။ ဆရာဦးမြခိုင် ခေါင်းဆောင်ပြီး မြောက်ဒဂုံမှာ လေ့ကျင့်ခဲ့ရပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတကာအတွေ့အကြုံလည်း မရှိပါဘူး။ ယခု ခုနစ်ကြိမ် မြောက်မသန်စွမ်းပြိုင်ပွဲမှာ ပထမဦးဆုံးပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ပထမဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အလွန်ပျော်ပါတယ်" ဟု အာဆီယံစံချိန်တင် ရွှေတံဆိပ်ဆုရအားကစားသမား အောင်မြင့်မြတ်က ပြောသည်။

ဇန်နဝါရီ ၁၅ ရက်၌ မီတာ ၅၀ ရင်ပေါင်တန်းဖားကူးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သော ပထမ(ရွှေ) တံဆိပ်ရ အောင်ငြိမ်းဦးကိုလည်း ယနေ့ဆုပေးပွဲတွင် ဆက်လက်ဆုချီးမြှင့်ခဲ့ပြီး "ယခုလို ပထမရရှိတဲ့အတွက် အလွန်ဝမ်းသာမိပါတယ်။ လေ့ကျင့်ချိန်ကတော့ တစ်နှစ်လောက်ရခဲ့ပါတယ်။ ကျွန်တော် တရုတ်မှာသွားပြိုင်တုန်းက အားနည်းချက်ရှိခဲ့တဲ့အတွက်ကြောင့် ဆုတံဆိပ်နှင့် လွဲချော်ခဲ့ပါတယ်။ အင်ဒိုနီးရှားနိုင်ငံ၌ (၆) ကြိမ်မြောက် မသန်စွမ်းပြိုင်ပွဲမှာတော့ ရွှေနှစ်ခုရရှိခဲ့ပါတယ်။ မီတာ ၅၀၊ ၁၀၀ ပြိုင်ပွဲမှာ ရရှိခဲ့တာပါ။ လေ့ကျင့်ချိန်တွေမှာ အခက်အခဲတွေရှိခဲ့ပါတယ်။ Speed နှုန်း မပြေးတဲ့ဟာကို နည်းပြတွေက လိုက်ထောက်ပြတယ်။ နည်းပြငါးယောက်ရှိပါတယ်။ ပြည်ပမှ တစ်ယောက်ပါပါတယ်" ဟု ရွှေတံဆိပ်ဆုရ အောင်ငြိမ်းဦးက ပြောသည်။

အမျိုးသမီး မီတာ ၂၀၀ အလွတ်တန်းပြိုင်ပွဲ၌ တတိယ(ကြေး) တံဆိပ်ဆုရ မအေးသူအောင်က "ယခုလို တတိယရရှိခဲ့တဲ့အတွက်ပျော်ပါတယ်။ အခုဆိုရင်အတွေ့အကြုံလည်းရရှိပြီဆိုတော့ နောင်နှစ်တွေမှာ ရွှေတံဆိပ် ရရှိအောင် ကြိုးစားယှဉ်ပြိုင်သွားမယ်လို့ စိတ်ကူးထားပါတယ်။ အခက်အခဲအနေနဲ့ကတော့ ရေကူးစသင်တဲ့အတွက် အများကြီးရှိခဲ့ပါတယ်။ နည်းပြဆရာတွေက ဝိုင်းဝန်းပြီးသင်ပြပေးတဲ့အတွက် အဲဒီအခက်အခဲတွေကို ကျော်လွှားနိုင်ခဲ့ပါတယ်" ဟု ပြောသည်။

သတင်း - ဇူလိုင်မိုး

အမျိုးသား မီတာ ၅၀ ရင်ပေါင်တန်း လက်ပစ်ကူးပြိုင်ပွဲတွင် ရေကူးအားကစားသမားများ ပါဝင်ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ - ဇူလိုင်မိုး

အမျိုးသားထိုင်လျက်ဘော်လီဘောတွင် မြန်မာအသင်းမျက်နှာပန်းလှ

သတင်း - ဇူလိုင်မိုး

နေပြည်တော် ဇန်နဝါရီ ၁၆

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကြီး၏ အားကစား နည်း ၁၂ မျိုးထဲတွင် တစ်မျိုးအပါအဝင်ဖြစ်သည့် အမျိုးသားထိုင်လျက်ဘော်လီဘောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းက ကမ္ဘောဒီးယားအသင်းကို ၃-၂ ဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။ မြန်မာအသင်းသည် ၂၀၀၉ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပသော (၅)ကြိမ်မြောက်အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ၌ ရွှေတံဆိပ်ဆွတ်ခူး ရရှိခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပသော (၆)ကြိမ် မြောက် မသန်စွမ်းအားကစားပြိုင်ပွဲတွင် ငွေတံဆိပ်ဆွတ်ခူးခဲ့ကြောင်း၊ ယခု မြန်မာနိုင်ငံမှ ပထမဆုံးအကြိမ် လက်ခံကျင်းပလျက်ရှိသော (၇)ကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲတွင်လည်း ပထမရွှေတံဆိပ်ဆွတ်ခူးရရှိအောင် ကြိုးစားယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း အားကစားသမားတစ်ဦးက ပြောသည်။ **အချုပ်ပို (B)သို့ »**

အမျိုးသမီး မီတာ ၄၀၀ ဘီးတပ်အပြေး ဗိုလ်လုပွဲတွင် ပြိုင်ပွဲဝင်အားကစားသမားများ အကြိတ်အနယ် ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ - တင်စိုး

လုံတံပစ် F42-43 (အမျိုးသား) ပြိုင်ပွဲတွင် မြန်မာမှ အောင်ကြီး ယှဉ်ပြိုင်ဟန်။

ဓာတ်ပုံ - စိုးညွန့်

» အချုပ်ပို (A)မှ

အဆိုပါပြိုင်ပွဲတွင် မြန်မာနှင့် ကမ္ဘောဒီးယားအသင်းတို့ယှဉ်ပြိုင်ကစားကြရာတွင် မြန်မာအသင်းသည် ကမ္ဘောဒီးယားအသင်းကို ၃-၂ ဖြင့် အနိုင်ရရှိသွားသည်။ ထို့နောက် မွန်းလွဲပိုင်းတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြရာမြန်မာအသင်းသည် ထိုင်းအသင်းကို ၃-၀ ဖြင့် ထပ်မံ၍ အနိုင်ရရှိသွားကြောင်း သိရသည်။

၎င်းပြိုင်ပွဲများကို ဇန်နဝါရီ ၁၉ ရက်အထိ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကစားနည်းမှာ သာမန်ဘော်လီဘောအားကစားနည်း စည်းမျဉ်း၊ စည်းကမ်းများအတိုင်းဖြစ်ပြီး ကွင်းအနေအထားမှာ ပုံမှန်ကစားနည်းကွင်းထက်ကျဉ်း၍ ပိုက်နိမ့်ထားကြောင်း၊ ကစားသမားများကလည်း ထိုင်လျက်ကစားသွားကြောင်း သိရသည်။ ပြိုင်ဘက်အသင်းများသည် မသန်သော်လည်း စွမ်းပါသည်ဟူသော စိတ်ဓာတ်ဖြင့် ကြိုးစားယှဉ်ပြိုင်သွားကြသည်ကိုလည်း တွေ့ရသည်။

အမျိုးသား မီတာ ၄၀၀ အပြေးဗိုလ်လုပွဲ အကြိတ်အနယ်ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ - တင်စိုး

(၇) ကြိမ်မြောက် အာဆီယံမသန်စွမ်း အားကစားပြိုင်ပွဲ အမျိုးသမီး မီတာ ၁၀၀ အပြေးဗိုလ်လုပွဲစတင်တာလွှတ်စဉ်။

ဓာတ်ပုံ-တင်စိုး

ဘီးတပ်ဘတ်စကက်ဘောပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များဆက်လက်ကျင်းပ

သတင်း
ဇင်ဦး
ဓာတ်ပုံ
ကိုကိုစိုးညွန့်

ဘီးတပ်ဘတ်စကက်ဘောပြိုင်ပွဲတွင် မြန်မာအသင်းက ထိုင်းအသင်းဘက်သို့ ထိုးဖောက်ရန် ကြိုးပမ်းနေစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၆

(၇)ကြိမ်မြောက် အရှေ့တောင်အာရှ မသန်စွမ်းအားကစားပြိုင်ပွဲ ဘီးတပ် ဘတ်စကက်ဘောပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ ၃၀၀၀ ဘီရုံတွင် ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

အဆိုပါ ဘီးတပ်ဘတ်စကက်ဘော အားကစားနည်းသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး ယှဉ်ပြိုင်ကစားသော အားကစားနည်းဖြစ်ကြောင်း၊ (၇) ကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သောအသင်းသည် မြန်မာနိုင်ငံ၏ ပထမဦးဆုံး လက်ရွေးစင် ဘီးတပ်ဘတ်စကက်ဘောအသင်းဖြစ်ကြောင်း သိရသည်။ ၎င်းအားကစားနည်းတွင် ကစားနည်း၊ ကစားကွင်း၊ ခြင်းအမြင့်နှင့် ဥပဒေများမှာ အိုလံပစ် အားကစားနည်းနှင့် တူညီပြီး ကစားချိန် ၁၀ မိနစ် ၂ ပိုင်းကို ပထမပိုင်းအဖြစ်သတ်မှတ်ကာ ကျန် ၁၀ မိနစ် ၂ ပိုင်းကို ဒုတိယပိုင်းအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။ ထို့နောက် အားကစားသမားများ ဆေးအဆင့်သတ်မှတ်ချက်တွင် တစ်ဦးလျှင် ဆေးအဆင့် ၂ဒသမ၀ ရှိရမည်ဖြစ်ပြီး ဆေးအဆင့်များ စုစုပေါင်း ၁၄ ဒသမ ၀ ထက်မကျော်လွန်ရကြောင်း သိရသည်။ ထို့အပြင် ပိုလီယိုကစားသမားများအနေဖြင့် ဆေးအဆင့်သတ်မှတ်ချက်ကို အားကစားသမားများ၏ ကစားနိုင်စွမ်းရည်ဖြင့် သတ်မှတ်ကြောင်းလည်း သိရသည်။

အဆိုပါ ဘီးတပ်ဘတ်စကက်ဘော ဒုတိယနေ့ပွဲစဉ်များကို မွန်းလွဲ ၁ နာရီတွင် မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ စတင်ယှဉ်ပြိုင်ကြပြီး ပထမပိုင်းတွင် မြန်မာက ၁၂ မှတ်၊ ထိုင်းက ၄၄ မှတ်ဖြင့်လည်းကောင်း၊ ဒုတိယပိုင်းတွင် မြန်မာက ၂၇ မှတ်၊ ထိုင်းက ၇၉မှတ်ဖြင့် စုစုပေါင်းရမှတ် မြန်မာက ၃၉ မှတ်နှင့် ထိုင်းက ၁၂၃ မှတ်ဖြင့် ထိုင်းအသင်းမှ ရမှတ် ၈၄ မှတ်အသာဖြင့် အနိုင်ရရှိသွားကြောင်းသိရသည်။

ဆက်လက်ပြီး ဖိလစ်ပိုင်အသင်းနှင့် မလေးရှားအသင်းတို့ ညနေ ၃ နာရီတွင် ယှဉ်ပြိုင်ကစားကြသည်။ ဘီးတပ်ဘက်စကက်ဘော အကြိုဗိုလ်လုပွဲကို ဇန်နဝါရီ ၁၈ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၉ ရက် ညနေပိုင်းတွင် ကျင်းပမည်ဖြစ်ကြောင်းလည်း သိရသည်။

ပြည်တွင်းသတင်း

မသန်လည်းစွမ်း မစွမ်းလည်းသန်

⚜ မသန်လို့ မစွမ်း
မစွမ်းလို့ မသန်
ပြောကြပြန် ရှေးအခါက
အလေးမသာ ဘေးမှာထားလို့
စိတ်အားငယ် သူတို့ဘဝ
လွမ်းမျက်ရည်ကျ....။

⚜ ခုချိန်ခုခါ
လူ့ရွာ လူ့ကမ္ဘာတစ်ဝန်း
တစ်စိတ်ဝမ်း တူတူညီနဲ့
လူပီပီ လူဟူသည်
လူပါပဲ စိတ်ထဲမှာအတူထားလို့
စိတ်အား ဖွဲ့သန်သန်နဲ့
တန်ပြန်ကာ အားမာန်ခွင်းပါလို့
"မသန်လည်းစွမ်း မစွမ်းလည်းသန်"
ရှိသမျှစွမ်းအင်
ကမ္ဘာတစ်ခွင်သိစေဖို့
ဒို့ဟာလေ မဟာလူသားပါပဲ
စိတ်ထားအမြဲဆောင်
တွေ့မရှောင်ကာပ
အာဆီယံ အားကစားပြိုင်ပွဲ
ပါဝင်လို့ဆင်နွှဲ
အောင်ပွဲတွေကိုယ်စီထားဖို့
ဆောင်ကြစေ ညီနောင်များတို့
အားမာန်နဲ့နွှဲ....။ ။

(၇)ကြိမ်မြောက် မသန်စွမ်းအားကစားပြိုင်ပွဲကို ဂုဏ်ပြုလျက်...

သူဇာနွယ်(ဖျာပုံ)

အထက (၂) လသာ တင်းနစ်ကွင်းလွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၆

တင်းနစ်အားကစား ဖွံ့ဖြိုးတိုးတက်စေရန်၊ မြန်မာ့လက်ရွေးစင်တင်းနစ်အသင်း၌ အခြေခံနိုင်မည့် လက်စွမ်းလက်စရှိ မြန်မာလူငယ်တင်းနစ်အားကစားသမားများ ထွက်ပေါ်လာစေရန်၊ အထူးသဖြင့် ကျောင်းသူများ တင်းနစ်အားကစားကို ဝါသနာပါပြီး စိတ်ဝင်စားစွာဖြင့် တင်းနစ်အားကစားလောကသို့ ပါဝင်လာစေရန် ရည်ရွယ်လျက်ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း တင်းနစ်ကွင်းအဟောင်းကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်နှင့် Max Energy Co. တို့ ပူးပေါင်း၍ငွေကျပ် ၃၁၂၀၀၀၀အကုန်အကျခံကာ တိုးချဲ့ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ပြုပြင်ပြီးစီးသွားသော တင်းနစ်ကွင်းလွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက အဆိုပါကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဗိုလ်မှူးကြီး ဝင်းဆွေ (ငြိမ်း)၊ မြန်မာ့လက်ရွေးစင်တင်းနစ်အားကစားသမားဟောင်းဦးအမ်ဒင်းဂျာနှင့် အမှုဆောင်များ၊ လသာမြို့နယ် ပညာရေးမှူး၊ ကျောင်းအုပ် ဆရာမကြီးနှင့် ဆရာမများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် လသာမြို့နယ် ပညာရေးမှူးနှင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ ကိုယ်စား ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဝင်းဆွေ (ငြိမ်း) တို့က အမှာစကား ပြောကြားကာ အထက (၂) လသာ ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးအမ်ဒင်းဂျာက မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က လှူဒါန်းသော တင်းနစ်ဘောလုံးများကိုလည်းကောင်း၊ Max Energy Co. မှဒါရိုက်တာ ဦးကျော်ဇေမြင့်က တင်းနစ်ကစားကွင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကိုလည်းကောင်း ကျောင်းအုပ်ဆရာမကြီးထံ ပေးအပ်ကြသည်။ ထို့နောက် မြန်မာ့လက်ရွေးစင်အမျိုးသမီး တင်းနစ်အားကစားသမားများက လက်တွေ့သရုပ်ပြကစားကြပြီး အမှတ် (၃) အခြေခံပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) ကျောင်းပေါင်းစုံ တင်းနစ်လူရွေးပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပခုက္ကူမြို့ပေါ် ကျီးမနိုးဈေးတွင် ရောင်းဝယ်သူများ အဆင်ပြေ

ပခုက္ကူ ဇန်နဝါရီ ၁၆

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ လွတ်လပ်ရေးပန်းခြံအရှေ့ဘက်တွင် ဆောင်းရာသီကျီးမနိုးဈေးကို ဇန်နဝါရီ ၁၂ ရက် နံနက် ၅ နာရီက ဟင်းသီးဟင်းရွက်၊ အသီးအနှံရောင်းဝယ်သူများ၊ သပြေပန်းရောင်းဝယ်သူများဖြင့် အထူးစည်ကားနေကြောင်း သိရသည်။

နေ့စဉ် နံနက် ၂ နာရီမှစတင်လျက် ကျီးမနိုးဈေးသို့ ရောင်းချရန် ခြေကျင်၊ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးယာဉ်များဖြင့် သယ်ယူရောင်းချရာ နံနက် ၇ နာရီအထိ မြို့နယ်စည်ပင်သာယာရေးကော်မတီက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ ပြည်သူများဝယ်ယူစားသုံးမှု အဆင်ပြေချောမွေ့စေရေးအတွက် ကျီးမနိုးဈေးကို ခွင့်ပြုထားသည်။ ယင်းဈေးမှ ဝယ်ယူသူများမှာ အဖိုးနှုန်းချိုသာသည့်အပြင် လက်လီ၊ လက်ကားရောင်းချသူများအတွက်ပါ အဆင်ပြေတွက်ခြေကိုက်လျက်ရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကာလအတွင်း မြန်မာ့စီးပွားရေးဘဏ်မှ ဝန်ဆောင်မှုပေးနေ

နေပြည်တော် ဇန်နဝါရီ ၁၆

(၇)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲကျင်းပသည့် ကာလအတွင်း ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံတကာအားကစားသမားများ၊ အသင်းအုပ်ချုပ်သူများနှင့်နည်းပြများ၊ ပြည်တွင်းပြည်ပပွဲကြည့်ပရိသတ်များ၊ ဒေသနေပြည်သူများအား လွယ်ကူလျင်မြန်ထိရောက်သော ငွေကြေးဝန်ဆောင်မှုပေးရန်အတွက် မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲအပြင် ရွေ့လျားဝန်ဆောင်မှု (Mobile Exchange Service)ဖြင့်လည်း နေပြည်တော်မြို့တွင်း လူစည်ကားရာနေရာများသို့ ဇန်နဝါရီ ၁၃ ရက်မှစ၍ လှည့်လည်ဝန်ဆောင်မှုပေးလျက်ရှိသည်။ ရွေ့လျားဝန်ဆောင်မှုဖြင့် ဝန်ဆောင်မှုပေးရာ၌ တန်ဖိုးကြီးငွေစက္ကူများကို တန်ဖိုးငယ်ငွေစက္ကူများဖြင့် လဲလှယ်လိုသူများအား ဝန်ဆောင်မှုပေးခြင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ နေ့စဉ်ရည်ညွှန်းနှုန်းကို အခြေခံ၍ နိုင်ငံခြားငွေလဲလှယ်ပေးခြင်း ဝန်ဆောင်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ရွေ့လျားဝန်ဆောင်မှုပေးသည့် မော်တော်ယာဉ်ဖြင့် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားကွင်းအပြင် မြို့မဈေး၊ သပြေကုန်းဈေး၊ Junction Centre၊ Capital Hyper Market စသည့် လူစည်ကားရာနေရာများသို့ လှည့်လည်ဝန်ဆောင်မှုပေးလျက်ရှိရာ တန်ဖိုးကြီးငွေစက္ကူများကို တန်ဖိုးငယ်ငွေစက္ကူများဖြင့် လဲလှယ်ပေးသည့်တန်ဖိုးမှာ ယနေ့ထိ ငွေကျပ် ၇ ဒသမ ၅၉ သန်းရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိုက်ပျိုးရေးနှင့်မွေးမြူရေးအတွက် ယခုနှစ်တွင် မြစိမ်းရောင်စီမံချက်ရေးဆွဲကာ ကျေးရွာတစ်ထောင်ကျော်၌ အကောင်အထည်ဖော်ဆောင်ရွက်မည်

ရန်ကုန် ဇန်နဝါရီ ၁၆

စိုက်ပျိုးရေးနှင့်မွေးမြူရေးအတွက် ယခုစတင်မည့် ဘဏ္ဍာရေးနှစ်သစ်တွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် မြစိမ်းရောင်အမည်ရှိ စီမံချက်တစ်ခုရေးဆွဲလျက်ရှိပြီး ကျေးရွာတစ်ရွာလျှင် ငွေကျပ် သိန်းသုံးရာ သုံးစွဲသွားရန် လျာထားလျက်ရှိကြောင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးခန့်ဇော်က ပြောကြားလိုက်သည်။

"ကျွန်တော်တို့ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ ရွာတစ်ထောင်ကျော်လောက်ကို ပေးဖို့ မှန်းထားပါတယ်။ ဒီအစီအစဉ်က အခုမှစလုပ်မှာဆိုတော့ တစ်နိုင်ငံလုံးအတွက် အများကြီးမလုပ်နိုင်သေးပါဘူး။ ဘာကြောင့်လဲဆိုတော့ လုပ်ငန်းဆောင်ရွက်တဲ့နေရာမှာ လုပ်ငန်းအောင်မြင်ဖို့နဲ့ဆုံးရှုံးမှုတွေမဖြစ်ပေါ်ဖို့ ဘယ်လိုလူတွေကို ချေးငွေပေးမယ်၊ ဘယ်လိုပုံစံမျိုးနဲ့ချေးမယ်၊ ချေးငွေကို ဘယ်လိုပြန်လည်ရယူမယ်၊ ရန်ပုံငွေကို ဘယ်လိုထိန်းသိမ်းမယ်ဆိုတာတွေကိုတော့ အသေးစိတ်ပြန်လည်ရေးဆွဲရဦးမှာပါ။ အရင်းမပျောက်မတည်ငွေအနေနဲ့ ရင်းနှီးလုပ်ကိုင်နိုင်ဖို့ချေးသွားမယ်" ဟု ဒုတိယအင်ဂျင်နီယာချုပ် ဦးခန့်ဇော်က ပြောသည်။

မြစိမ်းရောင် စီမံကိန်းကို တိုင်းဒေသကြီး/ပြည်နယ် အနှံ့အပြားရှိ မြို့နယ် ၄၅ မြို့နယ်တွင် ရှိသောကျေးရွာပေါင်း ၁၁၀၀ ရွေးချယ်၍ ရှေ့ပြေးစီမံကိန်းအနေဖြင့် စတင်ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

"ကျွန်တော်တို့ဌာနရဲ့အဓိကရည်ရွယ်ချက်ကတော့ ဆင်းရဲနွမ်းပါးသူတွေကို အတိုးနှုန်း သက်သက်သာသာနဲ့ ငွေထုတ်ချေးပေးတာပါ။ ဒါမှလည်း ထုတ်လုပ်မှုလုပ်ငန်းတွေပိုမိုလုပ်ကိုင်နိုင်ပြီးတော့ မိသားစုဝင်ငွေ တိုးတက်လာနိုင်မှာပါ" ဟု မြစိမ်းရောင်စီမံကိန်းရေးဆွဲရာတွင် ပါဝင်သူတစ်ဦးကပြောသည်။

အရင်းမပျောက်လည်ပတ်ရန်ပုံငွေဆိုသည်မှာ ကျေးရွာတစ်ခု (သို့မဟုတ်) လူမှုအသိုက်အဝန်းတစ်ခုအတွင်း လည်ပတ်နေသော ရန်ပုံငွေဖြစ်ပြီး ယင်းရန်ပုံငွေကို ဘဏ္ဍာရေးအရင်းအမြစ်များမှ ငွေကြေးထောက်ပံ့မတည်ပေးမည်ဖြစ်ကာ ပြန်လည်ပေးဆပ်ရန် မလိုဟုဌာနမှ သိရသည်။ အဆိုပါရှေ့ပြေးစီမံကိန်းအတွက် လိုအပ်သော ဘဏ္ဍာငွေကို နိုင်ငံတော် ရန်ပုံငွေမှကျခံသွားမည်ဖြစ်သည်။ ကျေးရွာသူကျေးရွာသားများအနေဖြင့် နိုင်ငံတော်ရန်ပုံငွေအား အတိုးနှုန်းသက်သာစွာဖြင့် ချေးယူနိုင်မည်ဖြစ်ပြီး မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများတွင် အသုံးပြုနိုင်မည်ဟု ဦးခန့်ဇော်က ပြောကြားခဲ့ပြီး လူမှုရေးကိစ္စရပ်များတွင် အသုံးပြုရန်ခွင့်ပြုမည်မဟုတ်ဟု ထပ်မံသိရသည်။

လူထုဗဟိုပြု စီမံကိန်းသည် ကျေးလက်လူထုမှ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ကိုယ်တိုင်ရွေးချယ်၍ ကိုယ်တိုင်အကောင်အထည်ဖော်ဆောင်ကာ ကိုယ်တိုင်အကျိုးခံစားရန်အတွက် လူထုအခြေပြုချဉ်းကပ်မှုဖြင့် ဆောင်ရွက်သော စီမံကိန်းဖြစ်သည်။ တိုင်းဒေသကြီး၊ ပြည်နယ် (၁၄)ခုနှင့် နေပြည်တော်ရှိ မြို့နယ်များကိုစိစစ်ရွေးချယ်ကာ စုစုပေါင်း မြို့နယ် (၁၅)ခုတွင် လူထုဗဟိုပြုစီမံကိန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ-မြတ်သန္တာမောင်

နမ့်ဆန်မြို့၌ လက်ဖက်လုပ်ငန်းများကို နိုင်ငံခြားနည်းပညာများဖြင့် ဆောင်ရွက်ရန်သင်တန်းပို့ချ

ကျောက်မဲ ဇန်နဝါရီ ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နမ့်ဆန်မြို့၌ လက်ဖက်ထုတ်လုပ်သည့် နည်းပညာသင်တန်းကျောင်းကို ဇန်နဝါရီ ၁၇ ရက် နံနက် ၉ နာရီက မြို့မဂိုဏ်းချုပ်ကျောင်း သာသနာ့ပဓာနဓမ္မာရုံ၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း၊အဆိုပါ သင်တန်းကို ဂျာမနီနိုင်ငံ GTZ အဖွဲ့က ပညာရှင်များဖြစ်သော နီပေါနိုင်ငံသား SUBBA SHUSHAN နှင့် SUBBA SHARAD တို့ နှစ်ဦးသည် လက်ဖက်နည်းပညာများကို ပို့ချပေးမည်ဖြစ်သည်။ အဆိုပါ သင်တန်းတွင် လက်ဖက်တောင်သူ ၃၂ ဦးတက်ရောက်မည်ဖြစ်ပြီး သင်တန်းကာလမှာ တစ်ပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကြော်ငြာ


GOLDEN CITY
Myanmar's lifestyle
is set to improve
TODAY
National Landmark • Exclusively Yours
Launching soon
Royal treatment at our hotel
Platinum privilege club
International Office Building
Premium luxury shopping
Australian landscape design team
Comfortable luxury living space
Top global property management company
Modern classical fusion
Elite Community
French inspired Garden
Presented by Golden Land Real Estate Development Company Limited
Hotline:+95(0)1-8605111 +95(0)1-8605222
Golden Land Real Estate Development Co.,Ltd.
Address:Yankin Road,CMA Old building,Yankin Township,Yangon Myanmar
Http://www.glredel.com